
1994
တက္ကသိုလ်
နေလင်းအောင်
အလွမ်းစာရင်း
သွေးစာရင်း
၆-အုပ်တွဲသိုင်းစာစဉ်
2
ထိပ်ဖုံး၏ ကို့စုလင်
ALIEN-ချစ်စုလှိုင်
သိုင်းစာစဉ်များpage


ငွေလမင်းဝေဘာင်
အလွမ်းစာရင်း
သွေးစာရင်း
စာစဉ် ၂

တက္ကသိုလ်

# နေလင်းအောင်

---

## အလွမ်းခရီးသွားခရီး

စာစဉ်-၂

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး.... | (ဒို့အရေး) |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... | (ဒို့အရေး) |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... | (ဒို့အရေး) |

စည်းကမ်းလိုက်နာ အေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ အေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

မြိုမြင် စာအုပ်အငှားဆိုင် ရွှေနောင် စာအုပ်အမျိုးမျိုး ငှားရမ်းရယူရေး
ဂိုဝင်း ၁၅၀၀
ဆ-ဘ-ရ (၁)-မိတ္ထီလာ

## အခန်း (၂၀)

မြင်းဇောင်းကို မီးရှို့ခြင်း

ဝူတန်းဂိုဏ်းချုပ်ကြီး ချင်ကျောင်းကျုံသည် ယင်းသို့ရှည်လျားစွာ ရှင်းပြပြီး သက်ပြင်းချလိုက်၏။

'ကျုပ် ရှက်လဲရှက်၊ ဒေါသလဲထွက်၊ ခံလဲခံပြင်းလို့ မင်းကို သေသေချာချာ မကြည့်ဘဲ တိုက်ခိုက်မိတာကို အားနာလှပါတယ်'

ဘုံကျောင်းဖုက....

'ကိစ္စမရှိပါဘူး ဂိုဏ်းချုပ်ကြီး၊ အသင်မှားပြီး ဖြစ်ရတဲ့ ကိစ္စပဲ၊ အခု ဂိုဏ်းချုပ်ကြီးကို အဆိပ်မေ့ဆေးပေးပြီးလုသွားတဲ့ လူကို ရှာဖို့လိုတယ်'

ကျင်းကျားလင်ကလည်း....

'ဟုတ်ကဲ့၊ ကျွန်တော်လဲ တတ်စွမ်းသမျှ ကူညီပါ့မယ်'

ဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူသည် တုံကျင်းဖုနှင့် ကျင်းကျားလင်တို့က ကူညီမည်ဆိုသဖြင့် ထူးထူးခြားခြား အားတက်မိသည်။

တုံကျင်းဖုက....

'ဒီကိစ္စများ ဂိုဏ်းချုပ်ကြီးရယ်၊ ကျွန်တော်တို့ဟာ သိုင်းလောကသားတွေပါ၊ ပြန်လိုက်ရင် ပြန်ရရမှာပေါ့၊ ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ မလိုပါဘူး'

ချင်ကျင်းကျူက...

'ကျေးဇူးတင်ပါတယ်ဗျာ'

တုံကျင်းဖုက....

'ကျွန်တော်တို့သည့်ပြင်နေရာတော့ လိုက်ဖို့မလိုပါဘူး၊ ကျင်းကျား ခြံဝင်းကြီးက ကျယ်လွန်းတော့ ဒီထဲမှာပဲ ရှာရမယ်၊ ဒါပေမယ့် ကျွန်တော်တို့ သုံးယောက် လူခွဲပြီး ရှာကြတာပေါ့၊

'ဂိုဏ်းချုပ်ကြီးက ခြံဝင်း အရှေ့ဘက်ကိုရှာ၊ ကျွန်တော်က အလယ်ကိုရှာမယ်၊ ကျင်းကျားလင်က အနောက်ဘက်ကိုရှာ၊ ကျင်းကျားလင်... ဝမ်ရင်း ဆရာတော်ဆီက ရထားတဲ့ ဝါးကျည်တောက်အတွက် စိတ်အေးအေးသာထား.... ဟုတ်ပြီလား၊ ဒီဇာတ်လမ်းက အခုမှ ရှုပ်လာတာ'

'ဟုတ်ကဲ့ပါဗျာ'

'ကဲ.... သွားကြစို့'

သူတို့သုံးယောက်သည် သုံးနေရာခွဲ၍ ပြေးသွားကြ၏။



တုံကျင်းဖုနှင့် ဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူတို့မှာ ကိုယ်ဖော့ပညာ အလွန်ထက်မြက်ကြ၏။

သူတို့သည် တဒင်္ဂအတွင်း ပျောက်ကွယ်သွားကြသည်။

ကျင်းကျားလင်မှာမူ ကိုယ်ဖော့ပညာ မတတ်သဖြင့် အတွင်းအား သုံး၍ ပြေးရ၏။

သူသည် ခြံ၏အနောက်ဘက်၌ ရှာဖွေသည်။

မှသက်ဖွယ်ရာ လူတစ်ဦးတစ်ယောက်မျှ မတွေ့ရချေ။

ထို့ကြောင့်....

စိတ်ပျက်ပြီး သူ့အခန်းရှိရာသို့ ပြန်လာခဲ့သည်။

တုံကျင်းဖုနှင့် ဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူတို့ ရောက်မလာကြသေးသည်ကို တွေ့ရလေ၏။

'ငါတော့ ရှာလို့မတွေ့ဘူး၊ သူတို့တွေများ တွေ့နေပြီလား မသိဘူး'

သူသည် တွေးရင်း တုံကျင်းဖုတို့ကို စောင့်နေလိုက်သည်။

ထိုစဉ်

သူတို့ခြံဝင်းအတွင်းရှိ မြင်းဇောင်းများရှိရာမှ မီးတောက်မီးလျှံများ ထွက်လာသည်ကို တွေ့ရတော့သည်။

'ဟာ.... မီးလောင်ပြီ၊ အလိုအလျောက် လောင်တာလား၊ ရှို့တာများလား မသိဘူး'

သူသည် မီးလောင်ရာသို့ ပြေးရလေတော့သည်။

ထိုသို့ပြေးရာတွင် သူ့ရှေ့မှ မြင်းအကောင်တစ်ရာကျော် တဝုန်းဝုန်း နှင့် ပြေးချလာသည်ကို တွေ့ရလေ၏။

ကျင်းကျားလင်သည် ရုတ်တရက် ဘာလုပ်ရမှန်း မသိချေ။ နောက်မှသတိရပြီး ခေါင်းပေါ်မှ သစ်ကိုင်းတစ်ကိုင်းကို ဆွဲခိုလိုက်သည်။

မြင်းများသည် တဝုန်းဝုန်းဖြင့် သူ့အား ကျော်ဖြတ်သွားကြလေ၏။

သိုင်းသမားတစ်ယောက် မြင်းနင်း၍ သေသည်ဟု သိုင်းလောက၌ ကျော်မကောင်း ကြားမကောင်း ဖြစ်မည့်ဘေးမှ သီသီကလေး လွတ်ကင်းသွားသည်။

သူ့တစ်ကိုယ်လုံး ချွေးများ ရွှဲသွားပါသည်။

သူသည် မြင်းဇောင်းရှိရာသို့ ဆက်လက်ပြေးလွှားလာလေသည်။

မြင်းဇောင်း၌ ထိုးနှက်တိုက်ခိုက်သံများ ထွက်ပေါ်နေ၏။ အော်သံဆူသံများ ထွက်ပေါ်နေသည်။

မြင်းဇောင်း၌ တိုက်ပွဲဖြစ်နေသည်မှာ သေချာနေလေပြီ။

သူသည် မြင်းဇောင်းရှိရာသို့ ပြေးဝင်သည်။

အိမ်တော် အမှုထမ်းများကလည်း ရဲရဲဝံ့ဝံ့ တိုက်ခိုက်နေကြသည်။

ထိုအမှုထမ်းအားလုံးမှာ သိုင်းပညာတတ်သူများဖြစ်၍ ရန်သူနှစ်ယောက်ကို အကြိတ်အနယ် ယှဉ်ပြိုင်နေကြပေပြီ။

ထိုလူနှစ်ယောက်သည် မြင်းဇောင်းကို မီးရှို့ပြီး မြင်းများကို လွှတ်ပေးလိုက်သဖြင့် ဤသို့ တိုက်ခိုက်နေခြင်း ဖြစ်သည်။



သို့သော်...

ထိုလူနှစ်ယောက်မှာ အိမ်တော်အမှုထမ်းများကို လုံးဝမမှုကြပါ။

တစ်ယောက်က သံမဏိဓားဖြင့်လည်းကောင်း၊ တစ်ယောက်က ကြိုးတပ်သံလုံးဖြင့် လည်းကောင်း တိုက်ခိုက်နေကြရာ အိမ်တော် အမှုထမ်းများမှာ တစ်ဦးတစ်ယောက်မျှ သူတို့နားသို့ မကပ်နိုင်ဘဲ ရှိသည်။

ကျင်းကျားလင်သည် သူ၏ငယ်သားများ အကြားသို့တိုးဝင်သွား၏။

ထိုလူနှစ်ယောက်ကို တွေ့လိုက်သည်နှင့် ထိုလူနှစ်ယောက်မှာ နေ့လည်ဘက်က လာရောက်တိုက်ခိုက်သော ကွမ်းတုံသုံးပေ်အနက်မှ ကွမ်းတုံနှစ်ပေ်ဖြစ်ကြောင်း သိရှိရသည်။

သူတို့သည် သူတို့အကြောင်းနှင့် သူတို့ ရောက်လာပြီး ပြဿနာဖြစ်ရသော်လည်း ကျင်းကျားဂေဟာအဖို့ ပြဿနာရှာသူနှစ်ယောက်ဟုသာ မြင်ကြသည်။

'ရပ်လိုက်စမ်း....'

ကျင်းကျားလင်က အော်ဟစ် တားမြစ်လိုက်၏။

ငယ်သားများသည်သခင်လေးရောက်ရှိလာသည်ကိုမြင်သောအခါ အားတက်သွားကြသည်။

အသေအချာ ကြည့်သောအခါ ကျင်းကျားယိမဟုတ်ဘဲ ကျင်းကျားလင် ဖြစ်နေသဖြင့် ပြန်လည် စိတ်ဓာတ် ကျသွားသည်။

ကျင်းကျားလင်ကို သိုင်းပညာမတတ် ထင်ထားခဲ့သည် မဟုတ်ပါလော။

သူတို့သည် နေ့လယ်က ကျင်းကျားလင်၏ တိုက်ခိုက်မှုကို မြင်ခဲ့သူများ မဟုတ်ချေ။

'သခင်လေး…ဖယ်ပေး…ဖယ်ပေး'

အားလုံးက သူ့အား ဟန့်တားကြသည်။

ကွမ်းတုံသိုင်းနှစ်ဖော်သည် ကျင်းကျားလင်နှင့် တိုက်ခိုက်ဖူးသဖြင့် ယခုပြန်လည်ရင်ဆိုင်ရသောအခါ အံတင်းတင်းကြိတ်၍ ကျင်းကျားလင်အား ဆီးကြို တိုက်ခိုက်လေတော့သည်။

ကွမ်းတုံသိုင်းသုံးဖော်….

ကွမ်းတုံသိုင်းသုံးဖော်မှာ စုတ်တံဝိဇ္ဇာလုမ္ဗန်ပင်၊ မျက်နှာဝိုင်းဝိုင်း ဝေးသမား မုကန်နှင့် မျက်နှာမည်း ဓားသမားများ ကျားသစ် ထိန်းပါတို့ဖြစ်ကြသည်။

လုမ္ဗန်ပင်သည် အစ်ကိုကြီး၊ မုကန်ကား အစ်ကိုလတ်၊ တိန်းပါသည် ညီထွေးလေး ဖြစ်သည်။

သူတို့သည် တစ်အူတုံဆင်း ညီရင်း အစ်ကိုများကား မဟုတ်ချေ။

သွေးသောက် ညီအစ်ကိုများ ဖြစ်ကြ၏။

သွေးသောက် ညီအစ်ကိုများသည် ညီရင်းအစ်ကိုများထက် ချစ်ကြပေသည်။



သူတို့သုံးယောက်သည် တစ်ယောက်နှင့် တစ်ယောက်မခွဲကြဘဲ အမြဲတတွဲတွဲ လှုပ်ရှားနေကြလေရာ ကွမ်းတုံနယ်တစ်ဝိုက်တွင် လျှမ်းလျှမ်းတောက် ကျော်ကြားလာပြီး ကွမ်းတုံသိုင်းသုံးဖော်ဟု ကျော်ကြား လာကြလေသည်။

ယခုရက်ပိုင်းများတွင်စုတ်တံဝိဇ္ဇာလုမ္ဗန်ပင်သည်သူတို့အား အကြောင်းမကြားဘဲ အလွန်လျှို့ဝှက်သည့် ကိစ္စတစ်ခုကြောင့် ချွမ်းဆေး နယ်ထဲသို့ ဝင်ရောက်ခဲ့၏။

ကျင်းကျား ဂေဟာသို့ လုမ္ဗန်ပင် ထွက်လာခဲ့သည်။

မုကန်နှင့် ထိန်းပါတို့သည်ထိုသတင်းကို ကြားသိလေသည်။

သူတို့အစ်ကိုကြီးသည် အလွန်အရေးကြီးနေသဖြင့် သူတို့အား အကြောင်း မကြားသွားခြင်းဖြစ်သည်ကို သိရှိသွားကြသည်။

နောက်ပိုင်း၌ သူတို့သည် အစ်ကိုကြီး လုမ္ဗန်ပင်သွားရာသို့ လိုက်လာခဲ့ကြသည်။

သူတို့အစ်ကိုကြီး လုမ္ဗန်ပင်သည် ကျင်းကျားဂေဟာသို့ သွားသည်ဆိုသော သတင်းကို သူတို့ ရရှိပြီးဖြစ်ကြသည်။

ထို့ကြောင့် သူတို့သည် ကျင်းကျားဂေဟာသို့လိုက်ခဲ့ကြခြင်း ဖြစ်သည်။

ရောက်လာသောအခါ သူတို့ အဆင်မပြေကြတော့ချေ။

ဘဏ္ဍာစိုးတို့ဟုတ်နှင့်တွေ့ပြီး တိုက်ခိုက်သည်အထိ ဖြစ်ခဲ့ရသည်။

သူတို့သည် ကျင်းကျားဂေဟာမှ ကျင်းကျားလင်နှင့်တိုက်ခိုက်ခဲ့ရသည်။

အခြား သိုင်းသမားများ ပါဝင်လာသည်ကို တွေ့သောအခါ သူတို့သည် ကျောင်းကျားဂေဟာကို မနိုင်မှန်း သိလာတော့သည်။

ထို့ကြောင့် သူတို့ တပ်ဆုတ်ပြန်သွားကြ၏။

သို့သော်....အခဲကား မကျေကြချေ။

သူတို့သည် ကျောင်းကျားဂေဟာကို လက်စားပြန်ချေ ရန် စောင့်ထားခဲ့ကြသည်။

ယခု....

ညဉ့်အချိန်မတော် ရောက်ရှိလာကြပြီး လက်စားချေကြခြင်း ဖြစ်သည်။

သူတို့သည် မြင်းဇောင်းကို မီးရှို့ကာ မြင်းများကိုလွှတ်လိုက်ကြသည်။

ထိုအခါ မြင်းထိန်းဆယ်ယောက်တို့နှင့် ကွမ်းတုံနှစ်ဖော်တို့ တိုက်ခိုက်ကြတော့သည်။

မုကန်နှင့် ထိန်းပါတို့သည် ကျောင်းကျားလင်ဝင်ရောက်လာသောအခါ ဝမ်းသာသွားကြ၏။

သူတို့သည် လက်စားချေ တိုက်ခိုက်ရတော့မည် မဟုတ်ပါလော။

အိမ်တော်အမှုထမ်း မြင်းထိန်းတို့က အောင်ပွဲမြစ်ကြသော်လည်း ကျောင်းကျားလင်သည် ဂရုမစိုက်ချေ။

ထိန်ပါးသည် သံကြိုးတပ် သံလုံးဖြင့် တိုက်ခိုက်လေတော့သည်။



သံကြိုးတပ်သံလုံးသည် အရှိန်ပြင်းစွာဖြင့် ကျောင်းကျားလင်ထံသို့ ဝင်ရောက်လာလေသည်။

ကျောင်းကျားလင်မှာ ဝင်လာသော်လည်းလက်ထဲ၌ မည်သည့်လက်နက်မှ မပါချေ။

သူ့မျက်နှာသို့ သံကြိုးတပ်သံလုံး ဝင်လာသောအခါမည်သို့ ကာကွယ်ရမည်ကို မစဉ်းစားတတ်အောင် ဖြစ်နေလေသည်။

အကယ်တွင်လည်း သူစဉ်းစားချိန်မရပါ။

ထို့ကြောင့် သူသည် မိုးတောင်လက်၂ါး သိုင်းကွက်ဖြင့် ခုခံလိုက်၏။

မိုးတောင်လက်ဝါး သိုင်းကွက်သည် အလွန်ထူးဆန်းသော သိုင်းကွက်ဖြစ်သည်။

လက်ဝဲဘက်မှ သံလုံးသည် မိုးတောင်လက်ဝါး သိုင်းကွက်မြင်တွေ့သောအခါ ပြန်ကန်ထွက်သွားသည်။

ထိုအခါ လက်ယာဘက်မှ သံလုံးဖြင့် ရိုက်ချပြန်တော့သည်။

လက်ယာဘက်မှ သံလုံးလည်းပြန်ကန်ထွက်သွား ပြန်လေ၏။

ထိန်းပါသည် အလွန် အံ့ဩသွား၏။

သူသည် အလယ်မှ သံကြိုးကိုကိုင်ကာ သံလုံးနှစ်လုံးဖြင့် ကျောင်းကျားလင်ထံသို့ ပစ်လွှတ်လိုက်လေတော့သည်။

ကျောင်းကျားလင်သည် ထိတ်လန့်သွားလေသည်။

သူ့ထံသို့ သံလုံးနှစ်လုံးစလုံး တစ်ပြိုင်နက် ဝင်လာခဲ့ပြီ မဟုတ်ပါလား။

သူသည် ကမန်းကတန်း နောက်ဆုတ်လိုက်ပြီး လက်နှစ်ဘက်ကို ယမ်းကာ မိုးအောက်မြေပြင် သိုင်းကွက်ဖြင့် တုန့်ပြန်လေ၏။

သံလုံးနှစ်လုံးသည် ထူးဆန်းစွာ အချင်းချင်းတိုက်ပြီး ပြန်ကန်ထွက်သွားလေ၏။

ပြန်ကန်ထွက်သွားသော သံလုံးများမှာ အရှိန်ပြင်းထန်လှစွာ ထိန်းပါထံသို့ ဝင်သွားလေ၏။

မမျှော်လင့်သော သံလုံးများကြောင့် ထိန်းပါသည် ကြက်သေသေသွားသည်။

သို့သော်....

မုကန်သည် အချိန်မီပြေးဝင်လာပြီး လက်ဝါးနှင့် ရိုက်ချလိုက်သည်။

'ဝုန်း... ဝုန်း'

သံလုံးနှစ်လုံးသည် အောက်သို့ ပြုတ်ကျသွားလေ၏။

မုကန်သည် ထိန်းပါ၏အသက်ကို အချိန်မီ ကယ်တင်နိုင်ခဲ့သော်လည်း၊ သူ၏လက်နှစ်ဘက်မှာ ထုံကျဉ်သွားသည်။

မုကန်နှင့် ထိန်းပါတို့သည် အချင်းချင်း ကြည့်မိကြသည်။



အိမ်တော်အမှုထမ်း၊ မြင်းထိန်းများသည် တွေ့ရသော မြင်ကွင်းကို အလွန်အံ့ဩသွား၏။

သူတို့သည် ကျောင်းကျားလင်ကို သိုင်းပညာမတတ်ဟု ထင်မြင်ထားခဲ့ရာမှ ရန်သူနှစ်ဦးအား အနိုင်ယူလိုက်သည်ကို တွေ့ရသောအခါ လက်ခုပ်လက်ဝါးတီး၍ ဆူညံစွာ ဩဘာပေးကြလေသည်။

'သခင်လေးကွ....သခင်လေး'

'ချပေး....ရန်သူတွေ ဒါမှပြေးကြမှာ'

အသံများ ဆူညံနေသည်။

ထိုအခါ....

မားသမား မုကန်မှာ ခံပြင်းလာတော့သည်။

'ကျား....'

သူသည် မာန်သွင်း၊ အော်ဟစ်ကာ ကျောင်းကျားလင်အား တိုက်ခိုက်၏။

ကျောင်းကျားလင်မှာ ပထမတိုက်ခိုက်စဉ်က သူ၏သိုင်းပညာအပေါ် သိပ်မယုံခဲ့ချေ။

နေ့လည်ပိုင်းကလည်း အပြည့်အဝ မတိုက်ခိုက်ခဲ့ရသဖြင့် သူ့ သိုင်းပညာကို သိပ်မယုံခဲ့ချေ။

ယခုသော်....

သူ သိုင်းပညာကို သူ ယူ သွားခဲ့ချေပြီ။

ထို့ကြောင့်....

သူသည် စိတ်ဓာတ်တက်ကြွလာသည်။

သူသည် ဤသို့ တွေးလိုက်သည်။

'ငါတိုက်လိုက်တဲ့ သိုင်းကွက်သုံးကွက်ဟာ မိုးနတ်သားရဲ့ မိုးသိုင်း သုံးကွက်ပဲ၊ အခု မြေနတ်သားရဲ့ မြေသိုင်း လေးကွက်ကို စမ်းသပ်ကြည့်ရဦးမယ်'

သူသည် ထိုသို့ တွေးလိုက်ပြီးသဖြင့် ခြေလှမ်းပြင်ကာ ကိုယ်နေဟန်ထား ပြောင်းလိုက်သည်။

ထိုအချိန်တွင် မုကန်းသည် ပြန်လည် ရောက်ရှိလာပေပြီ။

ကျင်းကျားလင်သည် ကိုယ်တစ်ခြမ်း စောင်းလိုက်သည်။

ဦးခေါင်းနှင့်ကိုယ် အထက်ပိုင်းကို နောက်သို့ အနည်းငယ်လှန်ပြီး ရှောင်လိုက်သည်။

ထို့နောက် လက်ဝါးစောင်းဖြင့် မုကန်း၏ ဓားကိုင်လက်ကို ခုတ်ချလိုက်လေသည်။

'ချွမ်း....'

မုကန်၏ ဓားသည် မြေပေါ်သို့လွင့်စဉ် ကျသွားလေသည်။

မုကန် ထိတ်လန့်သွားသည်။

သူ တိုက်ခိုက်လိုက်သော ဓားကွက်မှာ ထိပ်တန်း ဓားကွက်ဖြစ်သည်။



တော်ရုံတန်ရုံ သိုင်းသမားဆိုလျှင် ဇက်ပြတ်သွားနိုင်သည်။

ယခု....

ကျင်းကျားလင်က သူ၏လက်မှဓားကို လွတ်ကျ သွားစေခဲ့လေပြီ။

မုကန်သည် ထိတ်လန့်သွားသည်။

သူသည် နောက်သို့ ဆုတ်သွားသည်။

ကျင်းကျားလင်သည် သူ့ကိုယ်သူ ပို၍ ယုံကြည်မှု ရှိသွားသည်။

ထိုအချိန်တွင် မုကန်းရော ထိန်းပါပါ ကျင်းကျားလင်ကို ကြောက်ရွံ့နေကြလေပြီ။

ကျင်းကျားလင်သည် မြေနတ်သား၏သိုင်း လေးကွက်ထဲမှ နေဝင်ဆည်းဆာ သိုင်းကွက်ကို အသုံးပြုလိုက်ခြင်း ဖြစ်သည်။

တစ်ဘက်ရန်သူလက်ထဲမှ ဓား လွတ်ကျသွားသည်ကို မြင်သောအခါ သူသည် ဝမ်းသာမဆုံး ဖြစ်သွားတော့သည်။

သို့သော်....

ဝမ်းသာမှုကို သူ့မျက်နှာပေါ်တွင် မပေါ်စေရပါ။

ကျင်းကျားလင်သည် မုကန်းနှင့် ထိန်ပါတို့ကို မေးလိုက်သည်။

'မြင်းဇောင်းကို ခင်ဗျားတို့ မီးရှို့တာလား'

ကျင်းကျားလင်၏အသံသည် တည်ကြည်နေသည်။

အဘယ်ကြောင့် မီးရှို့သည်ကို အမှန်အတိုင်း သိလိုက်နေသည်။

ထိုရန်သူ နှစ်ယောက်သည် နေ့လည်ကတည်းက သူနှင့် တိုက်ခိုက်ခဲ့ဖူးသည် မဟုတ်ပါလော။

အိမ်တော် အမှုထမ်း မြင်းထိန်းများသည် သူတို့၏ သခင်လေးနောက်မှ အားရ ကျေနပ်စွာ ရယ်ပြီး စောင့်ဆိုင်း ကြည့်ရှု နေကြလေသည်။

....o....

အခန်း (၂၁)

## မြင်းများကို ထိန်းသိမ်းပေးခြင်း

ထိန်းပါသည် ဒေါသ အမျက်ခြောင်းခြောင်း ထွက်နေ၏။

'မင်းက သိရက်နဲ့ မေးတာလား၊ ဟုတ်တယ်....ငါတို့ မီးရှို့လိုက်တာပဲ၊ မင်း ဘာလုပ်မလဲ'

ကျင်းကျင်းလင်သည် စာပေသမား တစ်ယောက်ဖြစ်ရာ အမြော်အမြင် ကြီးမားသည်။

သူသည် လူငယ်ဖြစ်သော်လည်း စိတ်နောက်ကိုယ်ပါ မလုပ်ချေ။

ထိန်းပါသည် ကျင်းကျားလင်အား ခပ်ရိုင်းရိုင်းပင် ပြောလိုက်လေသည်။

ထိုအခါ ကျောင်းကျားလင် အေးဆေးစွာ ပြောသည်။

'ခင်ဗျားတို့နဲ့ ကျုပ်တို့ ဘာရန်ငြိုးမှ မရှိခဲ့ပါဘူး၊ ခင်ဗျားတို့ နေ့လယ်ကလဲ လာတိုက်တယ်၊ အခုလဲ မြင်းဇောင်းကိုမီးရှို့ပြီး မြင်းတွေကို လွှတ်ပစ်တယ်၊ ဒါပေမယ့် ခင်ဗျားတို့ ထင်သလို မြင်းတွေဟာ အပြင်ကို ထွက်မပြေးပါဘူး၊ မြင်းတွေကို စည်းရိုး ခတ်ထားတယ်ဗျ၊ မြင်းတွေဟာ ဒီစည်းရိုးထဲမှာပဲ ပြေးနေမယ်'

မုကန်းနှင့်ထိန်းပါတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြလေသည်။

ထိန်းပါက ခါးထောက်ပြီး စိတ်မကျေပွဲထပ်နွှဲရန် တောင်းဆိုလိုက်သည်။

'ဒီမှာ...မင်းကို ငါတို့က အထင်သေးမိလို့ ခံလိုက်ရတာ၊ တစ်ပွဲတစ်လမ်း စမ်းကြရအောင်'

မုကန်းသည် သူ၏ဓားကို ကောက်ယူလိုက်သည်။

'ဟုတ်တယ်....ငါတို့နှစ်ယောက် မင်းဆီကို လာတယ်ဆိုတာကို မင်း စဉ်းစားကြည့်ပေါ့၊ ငါတို့ သေမှာ မကြောက်လို့ ကျမင်းအဖေ ကျောင်းခဝရင် ကိုယ်တိုင်လာတောင် ငါတို့ ရင်ဆိုင်မှာပဲ၊ ဒါပေမယ့် ငါတို့ သိချင်တဲ့ကိစ္စတစ်ခုကိုတော့ ရှင်းရှင်းလင်းလင်း သိချင်တယ်'

'ဘာကိစ္စ သိချင်တာလဲ'

ကျောင်းကျားလင်က မေးလိုက်သည်။

မုကန်းက....

'ငါတို့အစ်ကိုကြီး လုမ္ဗန်ပင် ဒီကို လာသလား'



ကျောင်းကျားလင်က....

'ဒီမေးခွန်းကို ကျုပ်တို့ ဘဏ္ဍာစိုး တို့ဟုတ်က ရှင်းပြခဲ့ပြီးပြီပဲ'

လုမ္ဗန်ပင် လာစဉ်အခါက အိမ်တော်အမှုထမ်း မြင်းထိန်း ငါးယောက်ခန့် ရှိနေကြသည်။

သူတို့သည် ခြံဝင်းရှေ့မှ မီးပုံးများ ချိတ်ဆွဲနေကြသည်။

သူတို့သည် လုမ္ဗန်ပင်လာသည်ကို သိရှိကြသည်။

လုမ္ဗန်ပင်နှင့် ဘဏ္ဍာစိုးတို့ဟုတ် စကား ပြောနေကြသည်ကိုလည်း သိရှိကြသည်။

ထို့ကြောင့် သူတို့ သည်အကြောင်းကို ပြောလိုသဖြင့် တစ်ယောက်က ကျောင်းကျားလင်အား ခေါ်လိုက်သည်။

'သခင်လေး....'

သို့သော်....

ထိန်းပါသည် သူ့အား စကားပြောခွင့်မပေးပါ။

အသံကျယ်လောင်စွာဖြင့် စကားကို ဖြတ်၍ ပြောလိုက်သည်။

'ဒီမှာအစ်ကို ...မုကန်း၊ ဒီကောင်တွေနဲ့ စကားပြောနေချိန် မရှိတော့ဘူး၊ အခုလုပ်ရမှာက သူတို့နဲ့ သူသေကိုယ်သေ တိုက်ခိုက်ဖို့ပဲ၊ တခြားနည်းလမ်း မရှိတော့ဘူး၊ အခု ကျုပ်တို့ လာတာကလဲ အသေခံ တိုက်ဖို့ပဲ မဟုတ်သား'

မုကန်းက ပြောလိုက်သည်။

'မင်းပြောတာမှန်တယ်'

မုကန်းသည် လျှင်မြန်စွာ ဓားဖြင့် တိုက်ခိုက်လိုက်သည်။

ထိန်းပါကလည်း သံဆူးကြိုးတပ်သံလုံးနှစ်လုံးဖြင့် တိုက်ခိုက်သည်။

ကျင်းကျားလင် တစ်ယောက်တည်းကို နှစ်ယောက်က ဝင်ရောက် တိုက်ခိုက်ကြခြင်းဖြစ်သည်။

ထိုအခါ....

ယယ်သားများသည် ကြည့်မနေနိုင်တော့ချေ။

ရန်သူများ၏ တိုက်ခိုက်မှုကို ဝင်ရောက်ကာကွယ် ကြလေသည်။

သူတို့သည် ရဲစွမ်းသတ္တိရှိကြပေသည်။

သို့သော်....

ယယ်သားများ၏ သိုင်းပညာမှာ ထိန်းပါတို့နှင့် ကွာခြားလှပါသည်။

ထိန်းပါတို့ တကာယ်တမ်း အပြင်းအထန်ဆုံး တိုက်ကွက်နှင့် တိုက်သောအခါ ယယ်သား နှစ်ယောက်မှာ မခံနိုင်တော့ချေ။

'အား...'

'အီး...'

သူ၏ အမှုထမ်းနှစ်ယောက် လဲကျသေဆုံး သွားသောအခါ ကျင်းကျားလင် ဒေါသထွက်သွားပါသည်။

သူသည် လက်ဝါးနှစ်ဘက်ဖြင့် ရိုက်ချလိုက်လေ၏။ မိုးအောက်မြေပြင်သိုင်းကွက်ကို သုံးလိုက်ခြင်းတည်း။



မိုးအောက်မြေပြင်သိုင်းကွက်၌ ကွက်ပြောင်းများစွာရှိလေရာ ယခု တိုက်လိုက်သည့်တိုက်ကွက်သည် ပထမတိုက်ကွက်နှင့် မတူချေ။

မုကန်းနှင့်ထိန်းပါတို့သည် အားသအလဲ ရှောင်တိမ်းကြရသည်။

ထို့နောက်....

သူတို့သည် ဓားနှင့်လည်းကောင်း၊ သံကြိုးတပ် သံလုံးနှင့်လည်းကောင်း ပြန်လည်တိုက်ခိုက်ကြ၏။

မုကန်းသည်မြေလှိမ့်သိုင်းကွက်ကိုသုံး၍ လျှပ်တစ်ပြက် ဓားနှင့် ခုတ်ချလိုက်၏။

ကျင်းကျားလင်သည် မုကန်း၏ဓားချက်ကို ရှောင်တိမ်းခြင်းမပြုဘဲ နောက်ထပ် သိုင်းကွက်တစ်ကွက်ဖြင့် အသုံးပြုတိုက်ခိုက်လိုက်သည်။

ထိုသိုင်းကွက်အမည်မှာ ပန်းပေါင်းဝေဆာ သိုင်းကွက်ဖြစ်သည်။

မုကန်းနှင့် ထိန်းပါတို့သည် ကျင်းကျားလင် သိုင်းကွက်တစ်ကွက် ထုတ်လိုက်တိုင်း နောက်သို့ ကမန်းကတန်း ဆုတ်ပေးကြရသည်။

ထိုစဉ်....

'ဝေါ...ဝေါ...ဝေါ'

'ဝေါ...ဝေါ...ဝေါ'

တဝေါဝေါနှင့် မြည်ဟည်းသံကြီး ပေါ်လာသည်။ မြေပြင် ငလိုလို ဖောင်ပြိုသံလိုလို ထင်မှတ်ရသည်။

ကျောင်းကျားလင် အံ့ဩသွား၏။

'ဘာသံပါလိမ့်'

မုကန်းနှင့် ထိန်းပါတို့၏ တိုက်ခိုက်မှုလည်း ရပ်ဆိုင်းသွားသည်။

'ဘယ်လိုဖြစ်တာလဲ၊ ဒီနားမှာ တောင်ပြိုရအောင် တောင်လဲ မရှိပါဘူး'

မုကန်းနှင့် ထိန်းပါတို့ တွေးနေကြသည်။ လက်အောက်ငယ်သား မြင်းထိန်းများလည်း ထိတ်လန့်နေကြသည်။

မည်သည့်အသံမှန်း သူတို့လည်း မဝေခွဲနိုင်ပေ။

မကြာမီ သူတို့သည် အကြောင်းရင်းမှန်ကို သိကြလေတော့သည်။

မြင်းဇောင်းမှလွတ်သွားသည့် မြင်းတစ်ရာခန့်သည် အထိန်းအကွပ်မရှိဘဲ အရှိန်ပြင်းထန်စွာ ပြေးလာကြခြင်း ပေတည်း။

အားလုံး ထိတ်လန့်တုန်လှုပ်သွားသည်။ ငယ်သားများသည် လွတ်ရာသို့ ပြေးထွက်သွားကြလေ၏။

ကျောင်းကျားလင်သည် ဘေးဘက်သို့ ပြေးထွက်ရလေတော့၏။

အခြေအနေမှာ ကမ္ဘာပျက်သကဲ့သို့ ဖြစ်နေသည်။



လက်အောက် ငယ်သားတစ်ယောက်မှာ လွတ်အောင် မပြေးနိုင်သဖြင့် မြင်းများ၏ ခွာအောက်သို့ ရောက်ရှိ သွားလေတော့သည်။

မြင်းများသည် ရေလွှမ်းမိုးသည့်ပမာ ခြံဝင် ထဲ၌ တစ်ဘုန်ထိုး ပြေးလွှားနေကြ၏။

ခြံစည်းရိုးခတ်ထားသဖြင့် မြင်းများသည် ခြံပြင်သို့ မထွက်နိုင်ဘဲ ခြံထဲ၌ လှည့်ပတ်ပြေးလွှားနေခြင်း ဖြစ်သည်။

အရှိန်အဟုန်ဖြင့် ပြေးလာသော မြင်းများကို မည်သည့် မြင်းထိန်းကမျှ မထိန်းသိမ်းနိုင်ပါ။

ထိန်းသိမ်းရန် ကြိုးစားသည်နှင့် မြင်းနင်းခံရမည်သာ ဖြစ်ပါသည်။

ထိုအခါ...

မိန်းကလေးနှစ်ယောက်သည် အမှောင်ထဲ၌ ဘွားခနဲ ပေါ်လာလေ၏။

ထိုအခါ၌ ညှိသည်တော်များနှင့် ကျောင်းကျားခြံဝင်းအတွင်း ရောက်နေသော သိုင်းသမားအားလုံးသည် ကျောင်းကျားဂေဟာ၏ အနောက်ဘက် မြင်းခြံသို့ ရောက်ရှိနေကြပေပြီ။ သူတို့သည် မြင်းများတရကြမ်း ပြေးလွှားနေသည်ကို အံ့ဩစွာ ကြည့်မိကြလေ၏။

မိန်းကလေးနှစ်ယောက်သည် သူမတို့ထံ ပြေးလွှားလာနေသည့် မြင်းများကို စူးစိုက်ကြည့်နေကြသည်။

'ဟေ့....မိန်းကလေး၊ မြန်မြန်ပြေး....မြန်မြန်ပြေး'

'ဒီမိန်းကလေးတော့ မြင်းနင်းခံရတော့မှာပဲ'

သိုင်းသမားများသည် အမျိုးမျိုးအော်ဟစ်ကြလေ၏။

သို့သော်....

မိန်းကလေးများက အော်ဟစ် သတိပေးသံများကို မကြားပေ။

တဖြည်းဖြည်း နီးလာသော မြင်းများကိုသာ စူးစိုက်ကြည့်နေသည်။

မြင်းများ သူတို့အနီးရောက်သည်နှင့် သူတို့သည် လေထဲသို့ လွှားခနဲ ခုန်တက်သွားသည်။

သူတို့သည် ကျွမ်းကျင်ပိုင်နိုင်စွာ မြင်းများ၏ ကျောက်ကုန်းပေါ်သို့ ရောက်ရှိသွားလေ၏။

သူတို့သည် မြင်းများ၏ လည်ဆံမွေးများကို ဆုပ်ကိုင်ပြီး မြင်းများကိုထိန်းသည်။

သူတို့ လုပ်နည်းလုပ်ဟန်မှာ မှန်သည်။

သူတို့နှစ်ယောက် ခုန်တက်သည့် မြင်းများမှာ ဦးဆောင်ပြေးလွှားနေသည့် မြင်းများဖြစ်၍ ထိုမြင်းနှစ်ကောင်ကို ထိန်းချုပ်နိုင်လျှင် ကျန်မြင်းများကိုလည်း ထိန်းချုပ် နိုင်ပေလိမ့်မည်။

ရှေ့ဆုံးမှ မြင်းနှစ်ကောင်ကို ထိန်းချုပ် နေသော်လည်း ထိုမြင်းများကို ငြိမ်သက်ရပ်ဆိုင်းသွားအောင် မလုပ်နိုင်သေးပါ။



ပြေးနေဆဲ ရှိပါသေးသည်။

ထိုမြင်းခြံကြီး၏ တစ်ဘက်မှာလည်း ခြံဝင်းတစ်ခုပင် ဖြစ်ပါသည်။

ခြံဝင်းနှစ်ခုကို တံခါးတစ်ချပ်ဖြင့် ပိတ်ဆို့ထားပါသည်။ တစ်ဘက်တွင်လည်း ခြံဝင်းပင် ဖြစ်ပါသည်။

မြင်းများသည် ထိုခြံဝင်းတံခါးဆီသို့ ဦးတည်၍ ပြေးလွှားနေကြပါသည်။

မြင်းထိန်းများသည် မြင်းများပြေးလွှားသွားရာ နောက်သို့ အော်ဟစ်ပြေးလွှား၍ လိုက်သွားကြပါသည်။

ခြံနှစ်ခြံကို ဆက်ထားသည့် တံခါးသည် ပိတ်ထားသည်ကိုမြင်တွေ့သောအခါ မိန်းကလေးနှစ်ဦးက တစ်ပြိုင်နက် အော်ဟစ်လိုက်ကြ၏။

'ခြံတံခါးဖွင့်'

သို့သော်....

မည်သူမျှ ခြံတံခါး မဖွင့်ရဲဘဲ ရှိကြသည်။

ခြံတံခါးဖွင့်သူသည် မြင်းများ၏ အနင်းကို ခံရမည်မှာ မုချတည်း။

'ခြံတံခါးဖွင့်... ခြံတံခါးဖွင့်၊ မြင်းတွေက အဲဒီကိုပဲ ဦးတည်နေတယ်'

မိန်းကလေးများက အဆက်မပြတ် အော်နေသည်။ မြင်းများသည် တဖြည်းဖြည်းနှင့် ခြံတံခါးနှင့် နီးကပ်လာပါသည်။

ထိုအခါ...

မြင်းထိန်းတစ်ယောက်သည် ပြေးထွက်လာ၏။

ထိုသူကား သူရဲကောင်းတည်း။

မည်သူမှ မလုပ်ဝံ့သောအလုပ်ကို လုပ်သူဖြစ်သည်။

သူသည် ဝါးတံခါးကို ခတ်ထားသည့် သံကြိုးကို လက်ဖြင့် ခုတ်ချလိုက်သည်။

သံကြိုးမှာ ရစ်ပတ်ထားရုံမျှသာ ချည်ပတ် ထားလေရာ အောက်သို့ ပြုတ်ကျသွားလေ၏။

သို့သော်

သူ ခြံတံခါးကို တွန်းဖွင့်လိုက်သည်နှင့် မြင်းများသည် တဝေါဝေါနှင့် ပြေးလာကြတော့သည်။

သူ မရှောင်နိုင်တော့ပါ။

မြင်းများသည် သူ့ကို နင်းသွားကြလေတော့သည်။

ထိုသူ အသက်ရှင်မည်ကို မည်သူကမျှ မတွေးရဲတော့ချေ။

တစ်ဘက် ခြံဝင်းကြီးသည် အလွန် ကျယ်ဝန်းလှ၏။

မိန်းကလေး နှစ်ယောက်တို့သည် မြင်းကြီးများကို ပွတ်သပ်ချော့မော့ကြသည်။

'ကျွတ်... ကျွတ်....ကျွတ်....'



သူတို့၏ စိတ်သင်သံသည် ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

သူတို့သည် မြင်းများကို ချော့နေခြင်း ဖြစ်သည်။

မြင်းများသည် ခြံဝင်းထဲ၌ သုံးပတ်ခန့် ပြေးပြီးမှ အပြေးရပ်သွားကြသည်။

ထိုအခါ မြင်းထိန်းများ ပြေးလာကြပြီး သူတို့၏ မြင်းများကို ဆွဲယူကြလေသည်။

မိန်းကလေးနှစ်ယောက်ကား ယိုမိန်နှင့် ယိုလန်တို့ ဖြစ်ကြလေသည်။

သူတို့သည် မြင်းများနှင့် ရင်းနှီး ကျွမ်းဝင်သူများ ဖြစ်ကြသည်။

ထို့ကြောင့် မြင်းများကို ကျွမ်းကျင် ပိုင်နိုင်စွာ ကိုင်တွယ်ထိန်းသိမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ညွှန့်သည် သိုင်းသမားများသည် မိန်းကလေး နှစ်ယောက်၏ ရဲစွမ်းသတ္တိနှင့် မြင်းများကို ပိုင်နိုင်စွာ ကိုင်တွယ်နိုင်ပုံကို ချီးကျူးကြလေသည်။

ယင်းသို့ ဖြစ်ရခြင်းမှာ တရားခံ နှစ်ယောက်ကြောင့် ဖြစ်သည်။

မုကာန်းနှင့် ထိန်းပါတို့ ဖမ်းခြင်းတည်း။

ကျင်းကျားလင်သည် မုကာန်းနှင့် ထိန်းပါတို့အား ရှာဖွေလေသည်။

သူတို့အား ကောင်းစွာ ဆုံးမရပေမည်။

သူတို့ လာရောက် တိုက်ခိုက်သည့်အတွက် လက်အောက် ငယ်သားနှစ်ဦး ကျဆုံးရပြီး တစ်ဦး မြင်းနင်းခံရပြီး သေဆုံးသွားသည်။

သို့သော်....

ထိုနှစ်ယောက်ကို ရှာဖွေ မတွေ့ရတော့ပေ။

သူတို့နှစ်ယောက် ရှောင်တိမ်း သွားကြလေပြီ။

....၀....

## အခန်း (၂၂)

### လက်တစ်ဘက်ပြတ် အဘိုးအို

သူတို့သည် မြင်းဇောင်းများကို လောင်ကျွမ်းနေသည့် မီးများကို ငြိမ်းသတ်ရသည်။

မြင်းများကို ယာယီ အဆောင်များ ဆောက်ပေးရသည်။

ဘဏ္ဍာစိုး တို့ဟုတ်သည် အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းသည်။

ကျင်းကျားယိနှင့် ကျင်းကျားလင်တို့က ဖခင်ကိုယ်စား ကြွရောက်လာသော ဧည့်သည်များအား ကျေးဇူးတင်စကားနှင့် ယခုကဲ့သို့ မပျော်လင့်သော စိတ်အနှောင့်အယှက် ဖြစ်ရခြင်းတို့အတွက် တောင်းပန် ပြောဆိုပါသည်။

'ကဲ... ဧည့်သည်တော်များ....အရှေ့ အဆောင်သို့ ကြွပါ ခင်များ၊ မကြာခင်လဲ မိုးလင်းတော့မှာ ဖြစ်တဲ့အတွက် ကျွန် တော်က အမဲသားဟင်းများနဲ့ အရက်များ ဆက်လက် ဧည့်ခံ ပါရစေ'

ဧည့်သည်တော်များမှာ သိုင်းသမားများဖြစ်၍ ဤကဲ့သို့ အဖြစ်မျိုးမှာ သူတို့အတွက် မဆန်းလှပါ။

ဤထက် ထူးခြားသော အဖြစ်မျိုးကိုပင် သူတို့ ကြုံတွေ့ဖူး ကြပါသည်။

သူတို့ အံ့သြနေသည်မှာ ခြံဝင်းတစ်ခုလုံး အုတ်အော် သောင်းနင်း ဖြစ်နေပ လျက် ခြံကြီးသခင် ကျင်းဝေရင် ထွက် မလာခြင်းကို အံ့သြနေခြင်းတည်း။

သူတို့သည် အရှေ့ဘက် အဆောင်များသို့ လျှောက်လာပြီး တီးတိုး ပြောဆိုကြလေ၏။

ကျင်းဝေရင် ထွက်မလာသည်ကို တီးတိုး ပြောဆိုကြခြင်း ဖြစ်သည်။

အားလုံးသည် စားပွဲ ကုလားထိုင်များ၌ ထိုင်ပြီး အရက် များ၊ ဖျော်ရည်များ၊ ဟင်းလျာများကို စားသောက်ကြ သည်။

ကျင်ကျားလင်သည် ဧည့်ပရိသတ်များအား လှည့်၍ မေး မြန်း ဧည့်ခံရင်း ယိုမိန်နှင့် ယိုလန်တို့ စားပွဲရှိရာသို့ ရောက်လာ လေ၏။



သူသည် လက်ဖမိုး အစုံယှက်၍ ဂါရဝပြုလိုက်သည်။

'ဒီနေ့ အခြေအနေကို ထိန်းသိမ်းနိုင်တာ အစ်မလေးနဲ့ ညီမ လေးတို့ရဲ့ ကျေးဇူးတွေကြောင့်ပါပဲ၊ ကျင်းကျားဂေဟာနဲ့ ဖေဖေ့ကိုယ်စား အစ်မလေးနဲ့ ညီမလေးကို ကျေးဇူးတင် ပါတယ်'

ယိုမိန်နှင့် ယိုလန်တို့သည် ကျင်းကျားလင်ကို အကူအညီ ပေးလိုကြသူများ ဖြစ်သည်။

ယခုကဲ့သို့ ကူညီလိုက်ရပြီး ထိုကူညီမှုအတွက် ကျင်း ကျားလင်က ကျေးဇူးတင်စကား လာပြောသောအခါ ဝမ်း သာမဆုံး ဖြစ်နေကြသည်။

'အစ်မလေးနဲ့ ညီမလေးတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ အရက် တစ်ခွက်တော့ သောက်ရမယ်၊ ကျွန်တော် အရက်သောက် လေ့ မရှိပါဘူးဗျာ'

သူသည် ယိုမိန်နှင့် ယိုလန်တို့အတွက် ဂုဏ်ပြုအရက် တစ် ခွက်ကို ငှဲ၍ သောက်ပြလေသည်။

သူသည် အရက်ကို မော့သောက်ရင်း ဂိုဏ်းချုပ်ကြီး ချင် ကျင်းကျူနှင့် တုံကျင်းဖုတို့အား သတိရမိလေသည်။

သူတို့နှစ်ယောက် ရောက်မလာသေးပါလား။

သူတို့သည် သူ့အစ်ကို ကျင်းကျားယိကို ကြည့်လိုက်သည်။

ကျင်းကျားယိသည် အခြား ပုဂ္ဂိုလ်များနှင့် စကား ပြော ဆိုနေသည်ကို တွေ့ရသည်။

ထိုအချိန်တွင် လက်တစ်ဘက်ပြတ်နေသော အဘိုးအို တစ်ယောက်က အရက်ခွက်အား စားပွဲပေါ်ခပ်ကြမ်းကြမ်း ဆောင့်ချလိုက်ရင်း ဒေါသကြီးစွာ ပြောလေတော့သည်။

'ထွီး...ငါတို့က ဒီအရည်ကို သောက်ချင်လို့ လာတာ မဟုတ်ဘူးကွ၊ ကျင်းဝေရင်ဟာ အခုအထိ ထွက်မလာသေးဘူး၊ ညည့်မခံသေးဘူး၊ ဘာဖြစ်လို့လဲ၊ သူဟာ တော်တော်ကိန်းကြီး ခန်းကြီးနိုင်နေလို့လား'

ထိုအဘိုးအိုသည် ရုပ်ရည် ခန့်ငြားခြင်း လုံးဝ မရှိပါ။

သို့သော်....

သူ၏အသံသည် လွန်စွာ ကျယ်လောင် လှလေသည်။

သူနှင့် စားပွဲတစ်လုံးတည်းတွင် ထိုင်နေသော ရှောင်လင်ယောင်းမှ ဝမ်ရင်းဆရာတော်က ညင်သာစွာ ပြောပြလေသည်။

'ဒကာကြီး....မဟာမိတ် ခေါင်းဆောင်ကြီးဟာ နေထိုင်မကောင်းလို့ ထွက်ပြီး....'

ဆရာတော်က ကျင်းဝေရင်သည် နေထိုင် မကောင်းသဖြင့် ထွက်ပြီး ညည့် မခံနိုင်တာပါဟုပြောရန် ရည်ရွယ်ခြင်း ဖြစ်သည်။

သို့သော်....

လက်တစ်ဘက်ပြတ် အဘိုးအိုသည် စားပွဲကို လက်ဝါးဖြင့် ရိုက်ချလိုက်လေ၏။



'ဝုန်း....'

စားပွဲသည် အက်ကွဲသွားပြီး ပန်းကန်များ လွင့်စဉ် ထွက်သွားသည်။

သူသည် ပြတ်နေသော လက်တစ်ဘက်ကို မြှောက်ပြလိုက်သည်။

'ဒီမှာတွေ့လား၊ လက်တစ်ဘက်ပြတ်နေတာကို၊ သူ ဘယ်လောက်ပဲ နေမကောင်း ဖြစ်နေပါစေ၊ ကျုပ်နဲ့သူ ဟောဒီ လက်ပြတ်တဲ့ အထိ ရင်းနှီးခင်မင်မှုကို သူဟာ မမေ့သင့်ပါဘူး၊ ကျုပ်ကိုလဲ ဒီလောက် မစိမ်းကားသင့်ဘူး'

ဧည့်သည်တော်များထဲ၌ ထိုအဘိုးအိုကို မှတ်မိသူများ ရှိသည်။

သိုင်းသမားအချို့သည် တီးတိုးပြောကြ၏။

'ဒီလူကို ကျုပ်သိပါတယ်'

ထိုသိုင်းသမားနှင့် တစ်ဝိုင်းတည်းထိုင်သူက မေးလေ၏။

'ဒီလူ ဘယ်သူလဲ'

'လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက ကျန်းနန်နယ်ဘက်မှာ ကျော်ကြားခဲ့တဲ့ မီးမျက်လုံးနဂါး ဟောင်အိပ်ပိန်လေ'

'ဟာ... ဒါဆိုရင် သူ့နာမည်ကို ကြားဖူးတယ်၊ သူ့လက် တစ်ဘက်ပြတ်သွားတာ ကျင်းဝေရင်ကြောင့်လို့ ပြောတယ် ဟုတ်သလား မသိဘူး'

'ဟုတ်တာပေါ့၊ ဒါကြောင့် သူ အခုလို ခရီးအဝေးကြီးက တမင် ရောက်လာခဲ့တာ၊ သူနဲ့ ကျင်းဝေရင်က မိတ်ဆွေရင်း တွေ မဟုတ်လား'

ထိုစားပွဲဝိုင်း၌ရှိလူများ တီးတိုးပြောနေစဉ် အခြားသိုင်းသမားတစ်ယောက်က မတ်တတ်ထ၍ မကျေမနပ် ပြောဆိုလာတော့၏။

'အဘဟောင်ပြောတာ မှန်တယ်၊ ကျုပ်တို့ မိုင်ပေါင်းများစွာ အဝေးကနေ မွေးနေ့ပွဲတက်လာတာ၊ အခက်အခဲတွေရှိနေရက်နဲ့ သူ့ မွေးနေ့ပွဲကို တက်ခဲ့ကြတယ်၊ ဒါကိုထောက်ထားပြီး သူဟာ ကျုပ်တို့ကို ထွက်တွေ့သင့်တယ်'

ထိုလူ၏ မကျေမနပ် ပြောဆိုလာသောစကားကြောင့် တက်ရောက်လာသူ သိုင်းသမားများမှာ လှုပ်လှုပ်ရွရွ ဖြစ်လာကြတော့၏။

ဝေဖန် ပြောဆိုသော အသံများ ဆူညံလာတော့၏။

ဝမ်ရင်းဆရာတော်သည် အခြေအနေ တဖြည်းဖြည်း ဆိုးဝါးလာသည်ကို တွေ့သောအခါ ကြားဝင်ဖြန်ဖြေရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

ဟောင်အိပိန်က ကျင်းကျားယီကို အော်ဟစ် မေးမြန်းလိုက်သည်။

'ဒီမှာ အိမ်ရှင်လေး၊ မင်းအဖေဟာ ငါတို့ကို ခုထိထွက်မတွေ့သေးဘူး၊ ငါတို့ကို မိတ်ဆွေအဖြစ် သဘောမထားလို့ များလား၊ ဒါမှမဟုတ် အထင်သေးလို့ များလား၊ ဒါကို ရှင်းရှင်းလင်းလင်း ပြောကွာ၊ အဲဒါ သိရရင် ချက်ချင်း ငါတို့ ပြန်သွားမယ်'



ကျင်းကျားယီသည် လက်ဖမိုး အစုံယှက်၍ ဦးညွှတ်လေသည်။

'ဘာလို့ ပြန်ရမှာလဲ ခင်ဗျာ၊ ကျွန်တော့် ဖခင်ဟာ နေမကောင်းလို့ ဦးလေးတို့ကို ထွက်မတွေ့နိုင်တာပါ'

ဟောင်အိပိန်က မဲ့ပြုံးပြုံးလိုက်သည်။

'မင်းရဲ့အဖေ နေထိုင်မကောင်းလို့ ဧည့်သည်တွေကို ထွက်မတွေ့နိုင်ဘူးဆိုရင် ငါတို့က ဘာဒီမှာထိုင်ပြီး အနှောင့်အယှက်ပေးစရာလိုတော့မလဲ၊ ငါတို့ ပြန်ပါတော့မယ်၊ မင်းအဖေကိုသာ ပြောလိုက်ပါတော့၊ ငါတို့ လာသွားတယ်လို့'

သူ၏စကားအဆုံးတွင် သူသည် ခြံတံခါးအဝသို့ လျှောက်သွားတော့၏။

အခြားသော့သည် သိုင်းသမားများလည်း ဆက်လက်နေထိုင်ရန် စိတ်မပါတော့ချေ။

သူတို့သည်း ထွက်ခွာသွားရန် ထရပ်ကြလေတော့၏။

ထိုအချိန်တွင် ဘဏ္ဍာစိုးတို့ဟုတ်သည် ရှေ့သို့ ထွက်လာလေ၏။

သူသည် စောင်ထွက်ခွာနေပြီဖြစ်သည့် ဟောင်အိပိန်၏ပခုံးပေါ်သို့ လက်တစ်ဘက် တင်လိုက်၏။

မျက်နှာကမူ အလွန်ချိုလှစွာထား၍ ပြော၏။

'ဒေါသ မကြီးပါနဲ့ ခင်ဗျာ၊ ကျွန်တော် ဘဏ္ဍာစိုးတို့ဟုတ်ပါ၊ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်၊ မွေးနေ့ပွဲကျင်းပလို့ ပြီးတဲ့အထိတော့ နေပါခင်ဗျာ'

သူသည် စကားအသုံးအနှုန်း ချိုမြစွာ ပြောဆိုသုံးနှုန်းနေသော်လည်း အမှန်ကတော့ သူသည် ပခုံးပေါ်လက်တင်၍ အတွင်းအားဖြင့် ဟောင်အိပိန်၏ သွေးကြောများကို ချုပ်ကိုင်လိုက်ခြင်း ဖြစ်ပေ၏။

ဟောင်အိပိန်သည် ကွက်ခနဲ မျက်နှာပျက်သွား၏။

သူသည် အံ့ဩထိတ်လန့်စွာဖြင့် တို့ဟုတ်အား လှည့်ကြည့်မိသည်။

'ဘဏ္ဍာစိုး... မင်းက ငါ့ကို....'

တို့ဟုတ်သည် လက်ပြန်ရုတ်လိုက်၏။

သို့သော်....

သူသည် ဟောင်အိပိန်၏ အကြောကို ကိုင်လိုက်ပြီးလေပြီ။

တို့ဟုတ်သည် ရှိသေလေးစားစွာဖြင့် ဂါရဝပြုလိုက်သည်။

'ကျေးဇူးပြုပြီး ပြန်ထိုင်ပါခင်ဗျာ'

သူ၏စကားမှာ ချိုမြနေသော်လည်း ဟောင်အိပိန်ကိုအမိန့်ပေးနေခြင်းဖြစ်ပါသည်။

ဧည့်သည်တော် သိုင်းသမားများမှာ စိတ်မအီမသာခံစားမိကြသည်။

ဘဏ္ဍာစိုးဆိုသည်မှာ ဧည့်သည်များ အရေးကိစ္စတွင် လုံးဝပါဝင်ရန် မလိုပေ။

သူသည် ဧည့်သည်များ လိုအပ်သမျှကို ဖြည့်စွက်ပေးရန်သာ တာဝန်ရှိသည်။

ယခု

သူက ဧည့်သည်အား တားမြစ်နေချေပြီ။



သူတို့သည် ဒေါသကြီးလှသော ဟောင်အိပိန်ကို ကြည့်လိုက်၏။

ဟောင်အိပိန်သည် ဘဏ္ဍာစိုးတို့ဟုတ်အား ပြင်းပြင်းထန်ထန် ဆုံးမမည်ဟု ထင်လိုက်မိ၏။

သို့သော်....

ထူးခြားစွာ ဟောင်အိပိန်က မည်သို့မျှ မတုံ့ပြန်ချေ။

သူသည် ရှိုးရှိုးကျိုးကျိုးဖြင့် သူ့စားပွဲရှိရာသို့ ပြန်လျှောက်သွားပြီး စကားတစ်ခွန်းမျှမပြောဘဲ ပြန်ထိုင်ချလိုက်လေတော့သည်။

ရာပေါင်းများစွာသော မျက်လုံးများသည် လုံးဝနားမလည်နိုင်ဘဲ ဖြစ်သွားကြ၏။

သို့သော်....

ဝမ်ရင်း ဆရာတော်ကတော့ ကောင်းစွာနားလည်လိုက်လေသည်။

ဆရာတော်က ပြုံးလိုက်သည်။

ထို့နောက် အသံကိုအားလုံးကြားအောင် မြှင့်ပြောလိုက်သည်။

'ဟား....ဟား....ဟား....ကျင်းကျားဂေဟာမှာ အခုလို ထိပ်တန်းသိုင်းသမားတွေ ရှိနေတယ်ဆိုတာ ကျုပ် နည်းနည်းလေးမှ မျှော်လင့်ထားခဲ့တာ မဟုတ်ပါဘူး'

အိမ်ရှေ့တော်ရှိ ဘဏ္ဍာစိုးက ဧည့်သည်တော်အား အကြောကိုင်ပြီး ယခုလို အကြပ်ကိုင်ဆိုင်ခိုင်းခြင်းမှာ ဧည့်သည် အားလုံးကို စော်ကားခြင်းပင် မဟုတ်ပါလား။

ဝမ်ရင်ဆရာတော်သည် ထိုအချက်ကို သိသဖြင့် ဤအချက်ကို ပေါ်လွင်အောင် ပြောနေခြင်း ဖြစ်သည်။

'ခုနက ဘဏ္ဍာစိုး အသုံးပြုလိုက်တဲ့ တိတ်တခိုးလက်ဝါးဟာ တော်တော်ထက်မြက်တဲ့ ပညာပါ၊ ကျုပ် လေးစားပါတယ် ဗျာ'

တို့ဟုတ်သည် မျက်နှာသေကြီးဖြင့်....

'ဆရာတော်က ဘယ်ဆိုးလို့လဲ၊ လေးစားပါတယ်'

သူသည် ဆရာတော်အား သားရဲတိရစ္ဆာန် တစ်ကောင်၏ ရက်စက်ကြမ်းကြုတ်သော အကြည့်ဖြင့် စူးရှစွာ ကြည့်လိုက်သည်။

ဝမ်ရင်းဆရာတော်သည် ထိုအကြည့်ကို မြင်၏။

သိ၏။

သို့သော်....

သူသည် မမြင်ချင်ယောင် ဆောင်လိုက်၏။

ဟောင်အိပိန်၏ ပခုံးအား လက်ဝါးဖြင့် လှမ်းပုတ်လိုက်လေ၏။

'ဒကာကြီး... အခုလို ပြန်မသွားဘဲ နေခဲ့တာကို ကျုပ်သိပါတယ်ဗျာ'

ဟောင်အိပိန်သည် ဝမ်ရင်းဆရာတော်ကို ကျေးဇူးတင်သွားသည်။

အဘယ်ကြောင့်ဆိုသော်...

ဆရာတော် ပခုံးကို လှမ်းပုတ်ခြင်းမှာ အကြောင်းမဲ့မဟုတ် သောကြောင့်တည်း။



ဆရာတော်သည် ဟောင်အိပိန်၏ ပိတ်နေသော သွေးကြောများကို ပြန်ဖွင့်ပေးခြင်း ဖြစ်လေသတည်း။

ဟောင်အိပိန်သည် လက်တစ်ဘက် ပြတ်နေသဖြင့် လက်တစ်ဘက်ဖြင့်သာ လက်အုပ်ချီရလေသည်။

'ကျေးဇူးတင်ပါတယ် ဆရာတော်'

သူ၏ မျက်လုံးအစုံလည်း ဒေါသကြောင့် နီရဲလာ၏။

သူသည် ဘဏ္ဍာစိုး၊ တို့ဟုတ် အပေါ် လွန်စွာ ဒေါသထွက်နေသည်။

သူသည် ထရပ်ပြီး ဘဏ္ဍာစိုး တို့ဟုတ် ရှိရာသို့ တစ်လှမ်းချင်း သွားလေ၏။

'ဘဏ္ဍာစိုး ...မင်းက ပညာကို လျှိုထားတာကိုး၊ ဟဲ-ဟဲ-ဟဲ-နောက်ထပ် တစ်ကွက် နှစ်ကွက်လောက် အစွမ်းပြမ်းပါဦး ကွာ....'

တို့ဟုတ်၏ မျက်လုံးများသည် ဓားနှစ်လက်ပမာ စူးရှလှသည်။

သူ့အကြည့်သည် တစ်ဘက်လူ၏ ရင်ထဲ အသည်းထဲသို့ ထိုးဖောက်လိုက်သည့်ပမာ ကြည့်ရှုနေ၏။

သူကလည်း ဟောင်အိပိန်ထံသို့ တစ်လှမ်းချင်း လျှောက်လာ၏။

သူတို့သည် ခြေလှမ်း ငါးလှမ်းခန့် အကွာတွင် ရပ်လိုက်ကြ၏။

အခြေအနေသည် ပေါက်ကွဲတော့မည့် အခြေအနေ ဖြစ်သည်။

ထိုအချိန်တွင် လူတစ်ယောက်၏ တဟားဟားရယ်မောသံကို ကြားလိုက်ရတော့သည်။

'ဟား....ဟား....ဟား'

ဧည့်သည်တော်များသည် ထိုလူအား လှမ်းကြည့်မိကြ၏။ ထိုလူမှာ မျက်နှာတစ်ထောင် ချီပို ဖြစ်ကြောင်း တွေ့ရှိကြရသည်။ သိုင်းသမားများသည် ခေါင်းယမ်းမိကြ၏။

အဘယ်ကြောင့်ဆိုသော် မျက်နှာတစ်ထောင် ချီပို ပါလာပြီဆိုလျှင် ပြဿနာ ကြီးထွားလာမည်ကို သိရှိကြသောကြောင့် ဖြစ်သည်။

ချီပိုသည် မီးစနှင့်တူသူ ဖြစ်သည် မဟုတ်ပါလော။

သူသည် ပြဿနာဖြစ်တိုင်း အတို့အထောင်သာ ပြုလုပ်တတ်သူ ဖြစ်သည်။

'ဒီမှာ အဘဟောင်....ခွေးကိုရိုက်ချင်ရင် ခွေးရှင်မျက်နှာကို ထောက်ရမယ့် စကား ရှိသေးတယ် မဟုတ်လားဗျာ'

'ဘဏ္ဍာစိုးလို လူစားမျိုးနဲ့ ရန်ဖြစ်ရင် အဘဟောင် ဘယ်လို အဆင့်အတန်းမျိုး ဖြစ်သွားမလဲ'

ဟောင်အိပိန်က မဲ့ပြုံး ပြုံးလိုက်သည်။

'ခင်ဗျားရဲ့ သဘောက ဒီအတိုင်း ကျုပ်ကို အလျှော့ပေးရမယ် ဆိုပါတော့'

ချီပိုက ပြုံး၍ ပြောသည်။

'အဘဟောင်အဆင့်နဲ့ဆိုင်ရင် နည်းနည်းပါးပါး ခံလိုက်ရတာကို မှုစရာသဘောမထားသင့်ပါဘူး၊ သဘောထားပြည့်ဝရမှာပေါ့၊ မဟုတ်ဘူးလား'



သူ့စကားသည် လှုပ်အလယ်၌ ဟောင်အိပိန်၏ အရှက်ကို ခွဲလိုက်ခြင်းသာ ဖြစ်သည်။

ဟောင်အိပိန်သည် ဒေါသအမျက်ခြောင်းခြောင်း ထွက်လာလေ၏။

သူက ဒေါသတကြီးဖြင့် ပြောဆိုလိုက်၏။

'ခိုးကြောင်ခိုးဝှက် တိုက်ခိုက်တယ်ဆိုတာ အလွန်အောက်တန်းကျတဲ့ လုပ်ရပ်ပါ၊ မင်းလို သိက္ခာမရှိတဲ့ လူကပဲ သူ့ကို ထောက်ခံမှာ၊ ဘယ်အထက်လမ်းသိုင်းသမားကမှ မထောက်ခံဘူး၊ ငါ ဘယ်လောက်ပဲ ညံ့ညံ့ မင်း သူနဲ့ပေါင်းပြီး တိုက်တာတောင် ငါက မမှုသေးဘူးကွ'

သူသည် မျက်နှာတစ်ထောင် ချီပိုကိုပါ စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။

ချီပိုက ခေါင်းယမ်းသည်။

'ကျုပ်ကို ဆွဲမထည့်ပါနဲ့ဗျာ၊ ကျုပ်က သိုင်းပညာဒီလောက်ကောင်းတာမှ မဟုတ်တာ၊ ခင်ဗျားရဲ့ နဂါးကွက်ပျောက်သိုင်းကွက်ကို ကျုပ်က ခံစားဖို့ ဒီလောက် ကုသိုလ်ကံ မကောင်းသေးပါဘူး၊ ကျုပ်က စေတနာနဲ့ ပြောတာပါ၊ စေတနာကို စေတနာလို့ မမြင်ရင် ကျုပ်မပြောခဲ့သလိုပဲ မှတ်လိုက်ပါဗျာ'

ထွက်သွားရန် ခြေလှမ်းပြင်နေကြသော သိုင်းသမားများသည် ဟောင်အိပိန်၊ တို့ဟုတ်နှင့် မျက်နှာတစ်ထောင် ချီပိုတို့၏ တိုက်ပွဲကို စိတ်ဝင်စားကြသဖြင့် ပြန်လှည့်လာကြ၏။

ဟောင်အိပိန်သည် သည်းမခံနိုင်တော့ပေ။

'ဟေ့....ချီပို၊ မင်း ငါ့အကြောင်း သိစေရမယ်'

ဟောင်အိပိန်သည် ချိုပုအား တိုက်ခိုက်ရန် ရှေ့သို့ တိုးလိုက်လေ၏။

ထိုစဉ် လေပြင်းတစ်ချက် တိုက်ခတ်လိုက်ရာ ညှော်ခန်းထဲတွင် ထွန်းညှိထားသော မီးအားလုံး ငြိမ်းသွားပြီး မှောင်အတိကျသွားလေတော့၏။

....o....

အခန်း (၂၃)

**လူသတ်ကောင်**

ခန်းမကြီး တစ်ခုလုံး ရှုတ်ရှက်သဲသဲ ဖြစ်သွားတော့၏။

ခန်းမထဲရှိ သိုင်းသမားများမှာ သိုင်းလောက အကျော်အမော်များ ဖြစ်ကြသည်။

ယခုကဲ့သို့ လေပြင်းတစ်ချက် တိုက်ခတ်ပြီး အမှောင်ကျသွားစေခြင်းမှာ တစ်စုံတစ်ယောက်က ပြုလုပ်ခြင်းသာ ဖြစ်လိမ့်မည်ဟု သိရှိရိပ်မိကြသည်။

ထို့ကြောင့် အားလုံးသည် သတိထားကြ၏။ ကိုယ့်ကိုယ်ကိုကာကွယ်ထားကြသည်။

ထိုအချိန်တွင် လူတစ်ယောက်က အမှောင်ထဲမှ အော်လိုက်သည်။

'မီးထွန်းလေဗျာ၊ မြန်မြန်ထွန်း'

ထိုအသံကြားသောအခါ အိတ်ထဲမှာ မီးခြစ်အသင့်ပါသော သိုင်းသမားများသည် မီးခြစ်ကို တရှဲရှဲဖြင့် ခြစ်ကာ မီးထွန်းညှိကြသည်။

မီးတောက်များ ဟိုမှသည်မှ ပေါ်ထွက်လာ၏။ မကြာမီ အခန်းထဲ၌ မီးရောင်များ ပြန်လင်းလာတော့သည်။

အန္တရာယ်မဖြစ်ကြသော သိုင်းသမားများသည် ကိုယ့်အနီးမှ မှန်အိမ်များ၊ ဖယောင်းတိုင်များကို မီးများ ထွန်းညှိလိုက်ကြသည်။

သိုင်းအကျော်အမော်များသည် အခန်းထဲမှ မီးများကို ငြိမ်းသွားအောင် ပြုလုပ်သူကို စဉ်းစားနေကြ၏။

'အား....'

လူတစ်ယောက်၏ ထိတ်လန့်တကြား အော်သံကို ကြားရသည်။

သိုင်းသမားများသည် ထိုလူကို ဝိုင်းကြည့်ကြ၏။ သူသည် မြေကွက်လပ်ကို ကြည့်ပြီး အော်နေခြင်း ဖြစ်သည်။ လူများသည် မြေကွက်လပ်ကို ကြည့်လိုက်မိကြ၏။

ကြမ်းပြင်ပေါ်၌ လက်တစ်ဘက်ပြတ် အဘိုးအိုသည် လဲကျလျက် ရှိနေသည်။



ထိုလူမှာ ဟောင်အိပိန် ဖြစ်သည်။

ပီ၍ အံ့သြဖွယ် ကောင်းသည်မှာ ဘဏ္ဍာစိုး တိုဟုတ်နှင့် မျက်နှာတစ်ထောင် ချီပုတို့မှာ သူတို့၏ မူလနေရာများ၌ မလှုပ်မယှက် ရပ်နေသည်ကို တွေ့ရလေသည်။

ဝမ်ရှင်း ဆရာတော်သည် ဟောင်အိပိန် လဲကျနေသည့် နေရာသို့ လျှောက်လာပြီး စစ်ဆေးကြည့်ရှုသည်။ ထို့နောက် ဆရာတော်သည် ဖြည်းညင်းစွာ မတ်တတ်ထရပ်၏။ ထို့နောက် လက်အုပ်ချီလိုက်သည်။ သူ့နှုတ်မှ အော်မိတိုဖုံ ရွတ်ဆိုလိုက်လေသည်။

ထိုအချိန်တွင် လူတစ်ယောက်က ခြေလှမ်းကျဲကျဲဖြင့် လမ်းလျှောက်လာသည်။

ထိုသူမှာ နဂါးအာမခံဌာနပိုင်ရှင် နဂါးနှစ်ကောင် စီးကျွန်ဖြစ်သည်။

သူနှင့် ဟောင်အိပိန်သည် အလွန်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြသည်။

ဟောင်အိပိန် အလိုရှိသမျှကို စီးကျွန်က ရက်ရက်ရောရော ကူညီသည်။

ဟောင်အိပိန်ကလည်း အကူအညီကို အရမ်းမတောင်းပေ။ စည်းနှင့် ကမ်းနှင့်တောင်းသည်။

ဟောင်အိပိန်ကို စီးကျွန်က အရမ်းခင်မင်သည်။

သူသည် ဝမ်ရှင်းဆရာတော်အား အလောတကြီး မေးလိုက်သည်။

'ဆရာတော်....တပည့်တော်ရဲ့မိတ်ဆွေ ဘယ်လိုဖြစ်သွားပါသလဲ ဘုရား'

ဝမ်ရင်းဆရာတော်သည် စီးကျွန်အား ဖြည်းညင်းစွာလှည့်ကြည့်သည်။

'သူ....သေပြီ'

တိုတောင်းသော စကားတစ်ခွန်း။

ဆရာတော်သည် ထိုတစ်ခွန်းသာ ပြောလေ၏။

စီးကျွန်သည် သူ့ဦးခေါင်းအား မိုးကြိုးပစ်လိုက်သကဲ့သို့ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွား၏။

မူးမိုက်သလို ဖြစ်သွားသည်။ ဟောင်အိပိန်သည် မဟုတ်မခံ သိုင်းသမားဖြစ်သည်။

ယခုတော့ သေလေပြီ။

သူသည် မယုံကြည်နိုင်စွာဖြင့် သေဆုံးနေသော ဟောင်အိပိန်ကို ထင်မံစစ်ဆေးလေ၏။

သူသည် မျက်ရည်များ ဝဲလာသည်။

သူသည် သိုင်းပညာတတ်မြောက်သော်လည်း သိုင်းလောက၌ ကျင်လည်လှုပ်ရှားနေသော သိုင်းသမားများကဲ့သို့ စိတ်ခတ် မရင့်ကျက်သေးပေ။

သူ၏ အဓိကလုပ်ငန်းမှာ နဂါးအာမခံဌာန၏ ပို့ဆောင်ရေးလုပ်ငန်းများသာ ဖြစ်ပေသည်။

ထို့နောက် စီးကျွန်သည် ဘဏ္ဍာစိုးတို့ဟုတ်ဘက်သို့ မျက်နှာမူကာ လျှောက်သွား၏။

'ဒါဟာ မင်းလက်ချက်ပဲ'



သူသည် မလှုပ်မယှက်ရပ်နေသော ဘဏ္ဍာစိုးတို့ဟုတ်၏ ငယ်ထိပ်ပေါ်သို့ ရိုက်ချလိုက်၏။

'မလုပ်နဲ့'

ဝမ်ရင်းဆရာတော်က စီးကျွန်၏လက်ကို ဖမ်းဆွဲလိုက်လေသည်။

စီးကျွန်က ဒေါသထွက်ပြီး ဆရာတော်အား ပြန်အော်သည်။

'ဆရာတော်က ဘာကြောင့် တားရတာလဲ'

ဝမ်ရင်းဆရာတော်က....

'ဒကာကြီး သတိမထားမိဘူးလား'

'ဘာကို သတိထားမိရမှာလဲ'

'သူတို့ကို တစ်စုံတစ်ယောက် သွေးကြောပိတ်သွားတယ်'

စီးကျွန်သည် အံ့ဩစွာ ကြည့်လိုက်၏။

မှန်သည်။ တစ်စုံတစ်ယောက်က တို့ဟုတ်ကို သွေးကြောပိတ်သွားပေသည်။

ထိုတစ်စုံတစ်ယောက်သည် ဟောင်အိပိန်ကို သတ်ဖြတ်ပြီး တို့ဟုတ်ကိုတော့ သွေးကြောပိတ်ရုံ ပိတ်သွားသဖြင့် အောက်လမ်းဂိုဏ်း သိုင်းသမားလောဟု တွေးရန် အကြောင်းရှိလေသည်။

စီးကျွန်က ဝမ်ရင်းဆရာတော်အား လက်အုပ်ချီ၍ တောင်းပန်လေသည်။

'ခွင့်လွှတ်ပါ ဘုရား.... တပည့်တော် မှားသွားပါတယ်' အားလုံးသောလူများသည် အတွေးအမျိုးမျိုး တွေးတောကြလေတော့၏။

ထို့နောက် ထိတ်လန့်လာကြသည်။

တစ်အချိန်အတွင်း၌ အခန်းတွင်းရှိ မီးအားလုံးကို ငြိမ်းအောင်ပြုလုပ်နိုင်သော၊ ထိပ်တန်းသိုင်းသမား တစ်ယောက်ကို အသေသတ်နိုင်သော၊ ထိပ်သီးသိုင်းသမားကို သွေးကြောပိတ်နိုင်သော ပုဂ္ဂိုလ်သည် သိုင်းပညာ၌ မခန့်မှန်းနိုင်လောက်အောင် အဆင့်မြင့်ရမည်ဟု နားလည်ကြလေ၏။

ထိုလျှို့ဝှက်သော ပုဂ္ဂိုလ်သည် မည်သူ ဖြစ်သနည်း။

ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကုန်သည်။

အတွေးကိုယ်စီနှင့် ဖြစ်နေကြပြီ မဟုတ်ပါလား။

လူတိုင်း၏ရင်ထဲ၌ တူညီသော မေးခွန်းတစ်ခု ပေါ်ပေါက်လာကြသည်။

'သိုင်းလောကမှာ ဒီလောက်ကြောက်စရာ ကောင်းတဲ့သိုင်းပညာရပ် ရှိပါသေးသလား'

ခန်းမကျယ်ကြီးထဲတွင် ဧည့်သည်များ ရာချီရှိနေပါသည်။

သူတို့အားလုံးသည် ကိုယ်တွေ့မျက်မြင် ဖြစ်နေသဖြင့် မယုံလျှင် မဖြစ်ကြတော့ပါ။

မီးအိမ်များ ငြိမ်းသွားပြီး မီးများပြန်လင်းသည့်ကာလမှာ မကြာလိုက်ပါ။



တစ်ဒင်္ဂမျှသော အချိန်ကလေးဖြစ်ပါသည်။

ထိုအချိန်ကလေး၌ သိုင်းသမားသုံးယောက်ကို လုပ်ကြံသွားနိုင်သည်မှာ ထိုသူ၏ သိုင်းပညာအဆင့် မည်မျှမြင့်သည်ကို ပြသနေသည်။

အထူးသဖြင့် ဤခန်းမကြီးအတွင်းသို့ ရောက်ရှိနေသော သိုင်းသမားများမှာ သာမန်သိုင်းသမားများ မဟုတ်ကြပါ။ သာမန်သိုင်းသမား အနည်းအကျဉ်းသာ ပါပါသည်။

ထိပ်သီးသိုင်းသမားများ အလွန်များပြားပါသည်။

သို့သော်....

ထိုလုပ်ကြံသွားသော သိုင်းသမားကို လူရိပ်မျှပင် မတွေ့လိုက်ကြရပါ။

ဧည့်သည်များသည် အတွေးကိုယ်စီဖြင့် ငေးမော နေကြ၏။

ထိုစဉ်....

ဝမ်ရင်းဆရာတော်က တို့ဟုတ်၏ သွေးကြောများကို လက်ဝါးဖြင့်ပုတ်၍ ဖွင့်ပေးလိုက်လေ၏။

တို့ဟုတ်သည် သွေးကြောပွင့်သွားသည်နှင့် စကားတစ်ခွန်းမျှ မပြောတော့ဘဲ အခန်းထဲမှ ပြေးလွှား ထွက်သွားတော့သည်။

အခန်းထဲရှိ လူအားလုံး၏ စားရေးသောက်ရေးမှာ သူနှင့် မသက်ဆိုင်တော့သယောင်ပင်တည်း။

ချိပုသည် တို့ဟုတ်နောက်မှ ပြေးလိုက်ရန် ဟန်ပြင်လိုက်သည်။

ဝမ်ရင်းဆရာတော်က ဟန့်တားလိုက်၏။

'ထကာကြီး ဘယ်သွားမလို့လဲ'

ချိပုက ဒေါ်သာကြီး ပြန်ဖြေသည်။

'ဟို လူယုတ်မာနောက် လိုက်မလို့ဘုရား'

ဝမ်ရှင်းဆရာတော်က အဓိပ္ပာယ်ရှိစွာ ပြုံးရင်း....

'ထကာကြီးရဲ့ မျက်လုံးအမြင် သိပ်ကောင်းတာပဲ၊ ဒါနဲ့ အဲဒီလူ ဘယ်လိုပုံပန်းရှိတယ်ဆိုတာ တွေ့လိုက်ရဲ့လား'

ချိပုက....

'တွေ့တော့ ဘယ်တွေ့ပါမလဲ၊ စိတ်ထဲမှန်းပြီး ပြောလိုက်တာပဲ'

ဝမ်ရှင်းဆရာတော်မှာ ပါးစပ်ပိတ်ထားလိုက်ရသည်။

မျက်နှာတစ်ဆောင် ချိပုသည် မဲ့ပြုံးပြုံးလိုက်ပြီးနောက် ဧည့်ခန်းအပြင်သို့ ပြေးလွှားထွက်သွားလေတော့၏၊

သူသည် အခန်းဝမှ အပြင်သို့အထွက် လူတစ်ယောက်က အခန်းဝမှအဝင် တိုက်မိမည်ကဲ့သို့ ဖြစ်သွားသည်။

ထိပ်တန်းသိုင်းသမားများဖြစ်၍ အချိန်မီ ရှောင်တိမ်းနိုင်ကြသည်။

ချိပုက ကမန်းကတန်း ရှောင်တိမ်းပြီး ဒေါသနှင့် ပြောလိုက်၏။

'ခင်ဗျား ဘယ်လိုလူလဲဗျ'

သူသည် ထိုလူကို ကြည့်လိုက်၏။

ထို့နောက်....

စကားလမ်းကြောင်း ပြောင်းသွားသည်။

'ဩော်... မိတ်ဆွေကြီး တုံကျင်းဖုကိုး'



ခြေသံမှမ်းကဲ့ကဲ့ဖြင့် ဝင်ရောက်လာသူမှာ တုံကျင်းဖုဖြစ်သည်။

တုံကျင်းဖုကိုတော့ဖြင့် ချိပုသည် မလေးမစား မလုပ်ဝံ့ပေ။ ဤသို့ဆိုလျှင် တုံကျင်းဖု၏ သိုင်းပညာအားခြအနေကို သိလောက်ပေသည်။

တုံကျင်းဖု၏မျက်နှာသည် သုန်မှုန်နေ၏။ သုန်မှုန်နေသော တုံကျင်းဖု၏မျက်နှာကိုကြည့်၍ ချိပုသည် မျက်နှာချိုသွေးလိုက်ရလေ၏။

သူ၏လက်ထဲတွင် ဝမ်ရှင်းဆရာတော်က ကျွင်းကျားလဝ်အား ပေးထားသည့် ဝါးကျည်တောက်အား ကိုင်ထားလေ၏။

သူသည် ချိပုအား စကားပင်မပြောဘဲ အခန်းထဲ ဝင်သွားသည်။

ချိပုသည် အခန်းထဲမှ ထွက်သွားလေတော့၏။

တုံကျင်းဖုလည်း အခန်းထဲသို့ ဝင်လေ၏။

သူသည် ဝမ်ရှင်းဆရာတော်ထံသို့ ချဉ်းကပ်သွားလေသည်။

ကျွင်းကျားလဝ်သည် သူ၏ဝါးကျည်တောက်ကို တွေ့သောအခါ ဝမ်းသာသွားလေ၏။

သူသည် ကမန်းကတန်းထ၍ တုံကျင်းဖုနှင့် ဝမ်ရှင်းဆရာတော်ထံသို့ သွားလေတော့၏။

ဝမ်ရှင်းဆရာတော်သည် တုံကျင်းဖု၏လက်ထဲမှ ဝါးကျည်တောက်ကို တွေ့သောအခါ ကောင်းစွာ မှတ်မိလေ၏။

'ဒီဝါးကျည်တောက်ဟာ ကျုပ်ပစ္စည်းမဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

တုံကျင်းဖုက လျှောက်ထား၏။

ထိုဝါးကျည်တောက်သည် ကျင်းကျားလင်လက်ထဲ မရှိဘဲ တုံကျင်းဖု၏လက်ထဲ ရောက်နေသဖြင့် အံ့ဩသွားလေ၏။

'ဒီဝါးကျည်တောက်ကို....'

'ဟုတ်တယ်၊ ဆရာတော်က ကျင်းကျားလင်ကို ပေးလိုက်တဲ့ ဝါးကျည်တောက်ပါ'

'တကာကြီးလက်ထဲကို ဘယ်လိုရောက်နေသလဲ'

တုံကျင်းဖုသည် ဝါးကျည်တောက်အား ကျင်းကျားလင်ကို လှမ်းပေးလိုက်၏။

တုံကျင်းဖုသည် အံ့တင်းတင်းကြိတ်လိုက်၏။

'ဆရာတော်၊ ဝူတန်းဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူ အသက်စွန့်ခဲ့ရပါပြီ'

ကျင်းကျားလင်မှာ ထိတ်လန့်သွား၏။

'ဝူတန်းဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူ ဟုတ်လား'

တုံကျင်းဖုသည် ဝမ်းနည်း ကြေကွဲစွာဖြင့် ခေါင်းညိတ်လိုက်လေ၏။

သူသည် စိတ်လှုပ်ရှားမှုကို ထိန်းသိမ်းလိုက်ပြီး....

'ချင်ဖုန်းရသေ့....ချင်ဖုန်းရသေ့၊ သူ ဒီအနီးနားမှာ ရှိပါသလားဗျာ',



တုံကျင်းဖုက တီးတိုးမေးလေ၏။

တုံကျင်းဖုက တီးတိုးမေးသော်လည်း ချင်ဖုန်းရသေ့သည် ကြားလေ၏။ သူသည် သူတို့၏ တစ်ဘက်ရှိ စားပွဲခုံ၌ ထိုင်နေ၏။

'ရှိပါတယ်၊ ဘာကိစ္စရှိလို့လဲဗျ'

ချင်ဖုန်းရသေ့သည် ထလာလေ၏။ တုံကျင်းဖုထံသို့ လျှောက်လာလေသည်။

တုံကျင်းဖုက ဝမ်းနည်းစွာ ပြောသည်။

'ချင်ဖုန်းရသေ့၊ အနောက်ဘက်ခြံကို လိုက်သွားပါ၊ ဝူတန်းဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူရဲ့အလောင်းကို လိုက်သယ်ပါ ခင်ဗျာ'

ချင်ဖုန်းရသေ့သည် ထိတ်ခနဲ ဖြစ်သွားလေသည်။ သူသည် အကျိုးအကြောင်း မေးမြန်းမနေတော့ပေ။

အခန်းထဲမှ သုတ်သုတ် သုတ်သုတ်နှင့် ထွက်သွားလေသည်။

ဝမ်ရင်းဆရာတော်သည် ကျင်းကျားလင်၏ လက်ထဲမှ ဝါးကျည်တောက်ကို ယူကြည့်လိုက်ရာ ဝါးကျည်တောက်ထဲ၌ ဘာပစ္စည်းမှ မတွေ့တော့ချေ။

သူသည် တုံကျင်းဖုအား ကြည့်လိုက်လေသည်။

'ဘယ်လို ဖြစ်တာလဲ တကာကြီး'

တုံကျင်းဖုသည် လူပုံအလယ်တွင် မပြောလိုကြောင်း မျက်ရိပ်ပြလိုက်လေ၏။

ဝမ်ရင်းဆရာတော်သည် တုံကျင်းဖုအား မျက်ရိပ်ပြခြင်းအား ရိပ်မိသည်။

ထို့ကြောင့်....
ပါးစပ်ပိတ်သွားလေ၏။

တုံကျင်းဖုသည် လူသူကင်းဝေးရာ ခြံထဲသို့ထွက်သွားမည်ဟု ရည်ရွယ်ပြီး လှည့်ထွက်သွားလေတော့၏။

'ဦးလေး....ဦးလေး....ခဏနေပါဦး'

တုံကျင်းဖုသည် နောက်သို့ လှည့်ကြည့်လိုက်သည်။ ယိုမိန်နှင့် ယိုလန်တို့ကို တွေ့သောအခါ ရပ်စောင့်နေ၏။

'ယိုမိန်....ယိုလန်၊ ဘာပြောမလို့လဲ'

ယိုမိန်က....

'ဦးလေး....ဦးလေးတို့ အပြင်မှာ ဖြစ်ပျက်နေသလိုပဲ အတွင်းမှာလဲ ဖြစ်ပျက်နေတာပဲ၊ အခန်းထဲမှာလဲ လူတစ်ယောက် သေဆုံးခဲ့ပါတယ်'

'ဟင်....ဘယ်လိုဖြစ်တာလဲ'

တုံကျင်းဖု လန့်သွားသည်။

သူသည် အထဲမှ အဖြစ်အပျက်ကို လုံးဝမသိချေ။

ယိုမိန်က အထဲမှ အဖြစ်အပျက်ကို အစအဆုံး ပြောပြလေ၏။

တုံကျင်းဖု နှုတ်ဆိတ်သွားသည်။ ငြိမ်ပြီး စဉ်းစားတောနေလေသည်။



သူ၏ ဦးခေါင်း ချာချာလည်နေပြီ ဖြစ်သည်။

မည်သူသည် မည်သည့် ရည်ရွယ်ချက်ဖြင့် ဤသို့ ပြုလုပ်နေသနည်း။

ပဟေဠိတစ်ပုဒ်ကို အဖြေထုတ်ရသကဲ့သို့ ရှိနေသည်ဟု တုံကျင်းဖု တွေးနေလေ၏။

....o....

## အခန်း (၂၄)

ပေါက်ကွဲသွားသော အခြေအနေ

တုံကျင်းဖုသည် ဘဏ္ဍာစိုး တို့ဟုတ်ကို သံသယ ဖြစ်နေခဲ့လေ၏။

ထို့ကြောင့် ဘဏ္ဍာစိုး တို့ဟုတ်ကိုသာ စောင့်ကြည့်နေခဲ့မိသည်။

ယခုမူ ထိုအယူအဆကို ဖယ်ရှားလိုက်ရတော့သည်။ အဘယ်ကြောင့်ဆိုသော် တို့ဟုတ်သည် အခန်းထဲ၌ တစ်စုံတစ်ယောက်၏ သွေးကြောပိတ်ခြင်းကို ခံလိုက်ရသည် မဟုတ်ပါလော။ တို့ဟုတ်သည် အစစအရာရာ ဦးဆောင်နေသူဖြစ်လျှင် သူ မည်သို့မျှ သွေးကြောပိတ်ခံရသူ မဖြစ်နိုင်ချေ။



ယခု ဦးဆောင်သူသည် အခန်းထဲသို့ တံခါးမရှိ ဓားမရှိ ထွက်သွားလာနေချေပြီ။

သူ့ဦးခေါင်းထဲသို့ ကျင်းကျားယိ ရောက်ရှိလာလေ၏။ ဝူတန်းဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူသည် သီးသန့်အခန်းထဲ၌ ကျင်းကျားယိနှင့် အမှန်တကယ် တွေ့ဆုံခဲ့လေ၏။

သို့သော်...

ခန်းမဆောင်ထဲရှိ သိုင်းအကျော်အမော် အားလုံးက ကျင်းကျားယိ ဤခန်းမဆောင်မှ တစ်ဖဝါးမခွာကြောင်း သက်သေခံကြသည်။

ဤသို့ဆိုလျှင် ကျင်းကျားယိ နှစ်ကိုယ်ခွဲနိုင်သလော။ ကျင်းကျားယိ ကိုယ်ပွားရှိနေပေသည်။

ယခု ကျင်းကျားယိ နှစ်ယောက် ရှိနေနိုင်ခဲ့လျှင် ဘဏ္ဍာစိုး တို့ဟုတ်သည်လည်း နှစ်ယောက် ရှိမနေနိုင်ပါသလော။

နှစ်ယောက် ရှိနေနိုင်သည်ဟု သူတွေးလေ၏။

သူ ဤသို့ တွေးလိုက်မိသည်နှင့် တုံကျင်းဖု၏ မျက်နှာပေါ်၌ ရက်စက်သော အပြုံးတစ်ခု ပေါ်လာလေ၏။

'လာ....လာ ယိုမိန်နဲ့ ယိုလန်၊ စေ စောက ငါ ဒီသတင်းကို မသိဘူး၊ အခန်းထဲ ပြန်သွားကြရအောင်၊ ဒီအတိုင်းဆိုရင် အခန်းထဲမှာ တစ်ခုခု ဖြစ်လိမ့်ဦးမယ်လို့ ငါထင်တယ်'

တုံကျင်းဖု၊ ယိုမိန်နှင့် ယိုလန်တို့သည် ခန်းမဆောင် ရှိရာသို့ ပြန်လျှောက်ကြလေတော့၏။

ဝမ်ရှင်းဆရာတော်က အံ့အားသင့်စွာ မေးလိုက်၏။

'ကောကြီး....ကျုပ်လိုက်လာမှာပေါ့၊ ဘာဖြစ်လို့ ပြန်လာရတာလဲ'

တုံ့ကျင်းဖုက ဆရာတော် တိတ်တိတ်နေပါဟု အချက်ပြလိုက်သည်။

ဝမ်ရှင်းဆရာတော်သည် နှုတ်ပိတ်သွား၏။

တုံ့ကျင်းဖုက အခန်းထဲ မျက်လုံး တစ်ချက် ဝေ့ကြည့်လိုက်ပြီး....

'စောစောက အခန်းဝမှာ မျက်နှာတစ်ထောင် ချီပုကို တွေ့လိုက်တယ်၊ အခု အဲဒီလူမရှိတော့ဘူး မဟုတ်လား'

ဝမ်ရှင်းဆရာတော်က ဖြေလိုက်သည်။

'မရှိတော့ဘူး'

'ဒီလူလဲ မသက်မရောဂေါင်းတဲ့ လူတွေထဲမှာ ပါတယ်'

ထိုအခါ နဂါးနှစ်ကောင်အာမခံဌာနမှ စီးကျွန်က ထရပ်ပြီး မေးလာသည်။

'ဝူတန်းဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူ ဘယ်လိုများဖြစ်တာလဲဗျာ၊ ကျေးဇူးပြုပြီး ပြောစမ်းပါဦး'

တုံ့ကျင်းဖုက....

'ကိုယ်နဲ့မဆိုင်တာကို မမေးတာ အကောင်းဆုံးပါပဲ'

စီးကျွန် ပည် မကျေမနပ်ဖြင့် ပြန်လည် ထိုင်ချလိုက်ရလေတော့သည်။



ထိုအခါ စီးကျွန်အနီးတွင် ထိုင်နေသော လူတစ်ယောက်က ထရပ်ပြီး ပြောပြန်သည်။

'ကိုယ်နဲ့ မဆိုင်ဘူးလို့ မပြောပါနဲ့၊ ဒီခြံဝင်းထဲမှာ လူငါးယောက် ခြောက်ယောက် သေပြီးသွားပြီ၊ တော်ကြာ ကိုယ်လဲ မပါနိုင်ဘူးလို့ မပြောနိုင်ဘူး၊ အဲဒါ ကိုယ်နဲ့ မဆိုင်ဘူးလို့ ခင်ဗျားက ပြောဦးမလို့လား'

သူသည် ပတ်ခန်းကျင်ကို တစ်ချက်ကြည့်ပြီး ဆက်ပြောလေ၏။

'နောက်တစ်ခါ သေမင်းဟာ ဘယ်သူ့ရွေးဦးမလဲဆိုတာ ဘယ်သူမှ မသိနိုင်သေးဘူး၊ ခင်ဗျား သိထားတာတွေကို မပြောဘဲ ထိန်ချန်ထားရင် မကောင်းပါဘူး၊ အားလုံးကို ပြောသင့်ပါတယ်'

ထိုလူမှာ အသက်ငါးဆယ်ခန့် ရှိသည်၊
ယခုနှစ်တွင် နာမည်ထွက်လာသော သိုင်းသမား ဖြစ်သည်။
သူ၏ အမည်မှာ တိကျွန်လုံ ဖြစ်သည်။

တုံ့ကျင်းဖုက....

'ခင်ဗျားနဲ့ကျုပ်ဟာ အပြင်လူတွေ ဖြစ်ပါတယ်၊ ဒါကြောင့် မဆိုင်တာကို ကျုပ်တို့ ဝင်မပြောသင့်ပါဘူး'

တိကျွန်လုံက ခေါင်းယမ်းလိုက်၏။

'ခင်ဗျားအနေနဲ့ ကျုပ်ကို ဒီကိစ္စကို ဝင်မစွက်သင့်ဘူးလို့ ပြောတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် အမှုတစ်ခုကို ရင်ဆိုင်

တွေ့ဆုံပြီးမှတော့ အမှုမပြီးမချင်း ကျုပ်က လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး'

'ဒါကတော့ ခင်ဗျားသဘောပါပဲ၊ ခင်ဗျားဘာသာစွက်ချင်ရင်စွက် မစွက်ချင်နေ ကျုပ်ဘာမှ မပြောလိုပါဘူး'

တုံကျင်းဖုက ပြောလိုက်၏။

သူတို့ စကားပြောနေစဉ် ဝမ်ရင်းဆရာတော်သည် တစ်စုံတစ်ယောက်ကို တွေ့လိုက်ဟန်ဖြင့် အပြင်သို့ ထသွားလေ၏။

တုံကျင်းဖုသည် တီကျန်လုံနှင့် စကားဆက်ပြော နေလိုက်သည်။

တီကျန်လုံက....

'ဒီအခန်းထဲမှာရှိတဲ့ လူအားလုံး ဘယ်သူသေမယ် မသေဘူးဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ ဒီတော့ ကျုပ်လဲ သေလူဖြစ်ချင်ဖြစ်မှာပဲ ဒီတော့ ကျုပ်လဲ ဒီအမှုထဲ ဝင်ပါရတော့မှာပဲ'

တုံကျင်းဖုသည် ခပ်မဆိုတ် နေလေ၏။

ထိုစဉ် အခန်းအပြင်မှ ကိတ်လန့်တကြား အော်ဟစ် လိုက်သောအသံ တစ်သံကို ကြားလိုက်ရ၏။

တုံကျင်းဖုသည် ရှေ့ဆုံးမှ ပြေးထွက်သွား၏။

သူ့နောက်မှ အခြားဧည့်သည် သိုင်းသမားများ ပြေးလိုက်သွားကြသည်။



သူတို့အပြင်ကို ရောက်သည်နှင့် ကျောက်လှေကားတစ်ပေါ်၌ ဘုန်းတော်ကြီးတစ်ပါး လဲကျနေသည်ကို တွေ့ရလေ၏။

'ဝမ်ရင်း ဆရာတော်'

တုံကျင်းဖု နှုတ်မှ ရေရွတ်လိုက်မိ၏။

မှန်ပါသည်။

လှေကားထစ်ပေါ်၌ လဲကျနေသူမှာ ဝမ်ရင်းဆရာတော်ဖြစ်ပါသည်။

ပြေးလာသော ဧည့်သည်သိုင်းသမားများသည် အကြီးအကျယ် တုန်လှုပ် သွားလေ၏။

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

တုံကျင်းဖုသည် ဒူးထောက် ထိုင်ချရင်း၊ ဝမ်ရင်းဆရာတော်အား စစ်ဆေးကြည့်ရှုလိုက်၏။

ဝမ်ရင်းဆရာတော်မှာ နှလုံးသွေးကြောပြတ်၍ သေဆုံးနေခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

လူသတ်ကောင်သည် ဆရာတော်အား ရင်ဆိုင်တိုက်ခိုက်ခြင်းဖြစ်ပုံမရချေ။

ပြင်းထန်သော လက်ဝါးရိုက်ချက်ဖြင့် နောက်မှ အလစ်ဝင်တိုက်ခြင်း ဖြစ်ပုံရသည်။

ဆရာတော်သည် မှောက်ရက်လဲကျပြီး ပျံလွန်တော်မူခြင်းဖြစ်သည်။

လူသတ်ကောင်သည် အလွန်တရာ ပြင်းထန်သော လက်ဝါး ရိုက်ချက်ဖြင့် တစ်ချက်လွှတ် ရိုက်ခဲ့ခြင်း ဖြစ်သည်။

ဆရာတော်သည် မည်သို့မျှ ပြန်လှန်ခုခံနိုင်ခြင်း မရှိဘဲ ခံလိုက်ရခြင်းပေတည်း။

တုံကျင်းဖုသည် အလွန်တရာ ထိတ်လန့်သွား၏။

ဆရာတော်၏ သိုင်းပညာအဆင့်သည် ရှောင်လင်ကျောင်းတိုင် ဆရာတော်ပြီးလျှင် အဆင့်အမြင့်ဆုံး ဖြစ်သည်။

ဤသို့ နှယ်နှယ်ရရ ပုဂ္ဂိုလ် မဟုတ်သော ပညာရှင်အား နောက်ကျောမှ တိုက်တဆိတ် လုပ်ကြံနိုင်ခြင်းမှာ တော်ရုံတန်ရုံ သိုင်းပညာရှင် မဟုတ်နိုင်ပေ။

သူသည် စိတ်ဓာတ်ကျစွာ သက်ပြင်းချလိုက်မိ၏။

'အခြေအနေကတော့ မကောင်းတော့ဘူး၊ ငမ်ရင်း ဆရာတော်နဲ့ ဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူတို့လို ပုဂ္ဂိုလ်မျိုးတွေတောင် အချိန်မရွေး သေနိုင်တော့ ငါလိုလူတော့ ပြောစရာ မရှိဘူး၊ သိုင်းလောကကြီးလဲ ဘေးဆိုးအန္တရာယ်ဆိုးနဲ့ တွေ့ရတော့မယ် ထင်ပါရဲ့'

ညွှန့်သည်တော်များကား မည်သူမျှ စကားမပြောနိုင်တော့ပေ။

ခေါင်းငိုက်စိုက် ကျနေကြတော့သည်။

တိကျန်လုံက မျက်မှောင်ကြုတ်ပြီး မေးလိုက်၏။

'ဘယ်လိုဖြစ်တာလဲဗျ၊ အကြောင်းစုံကို ပြောပြစမ်းပါ'



အခြား ညွှန့်သည် သိုင်းသမားတစ်ယောက်က လည်း မေးလေ၏။

'ကျုပ်တို့တော့ ဦးနှောက် ခြောက်ကုန်ပါပြီခင်ဗျား၊ ဘာတွေဖြစ်နေမှန်းကို မသိတော့ဘူး ခင်ဗျားသိရင် တဆိတ်လောက် ပြောပြပါဗျာ'

တုံကျင်းဖုက

'ကျုပ်လဲ အခြေအနေအားလုံးကို သဲသဲကွဲကွဲ မသိသေးဘူးဗျ၊ အဲဒီတော့ ကျုပ်လဲ ဘာမှ တိတိကျကျ မပြောနိုင်သေးဘူး'

တိကျလုံသည် သိုင်းသမား ညွှန့်သည်တော်များ ဘက်သို့ လှည့်လိုက်သည်။

'ကျုပ်တို့ အခုလို ဒေသအသီးသီးက ဝေးလံသီခေါင်တဲ့ အရပ်တွေဆီက အပင်ပန်းခံပြီး ရောက်လာကြတာက မဟာမိတ်ခေါင်းဆောင်ကြီးရဲ့ မွေးနေ့မင်္ဂလာပွဲအတွက် လာပြီး ဂါရဝပြုကြတာဖြစ်ပါတယ်၊ အခုတော့ ကျုပ်တို့ဟာက အခုဘဲ သေမလား၊ ဘယ်တော့ သေမလဲဆိုတာကိုဘဲ တထိတ်ထိတ် တလန့်လန့် ဖြစ်နေကြရတယ်၊ ကျုပ်တို့ ဒီကို လာတာ ဒီလို ခံစားကြဖို့လား၊ ဒါကြောင့် ဒီကျင်းကျားဂေဟာမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မဟာမိတ်ခေါင်းဆောင်ကြီးကို ကိုယ်တိုင်သွားမေးကြတာ ကောင်းမယ်ထင်တယ်'

'ဟုတ်တယ်....ဟုတ်တယ်....ကျုပ်တို့ သွားမေးကြမယ်'

'ဟုတ်တယ်...ဘာဖြစ်မှန်းမသိဘဲ အခြေအနေကို ကျုပ်တို့ မလိုချင်ဘူး သွားမေးကြမယ်'

ညော်သည်တော်များသည် သူ့ထက်ငါ အလုအယက် ညော်ခန်းထဲမှ ပြေးထွက်သွားကြတော့၏။

'ကျုပ်တို့ သွားမေးမယ်၊ ကျုပ်တို့ သွားမေးမယ်'

တိကျန်လုံသည် ညော်သည်အားတုံးက သူ့စကားကို လက်ခံကြသဖြင့် လွန်စွာ ကျေနပ်သွား၏။

သူသည် လူအုပ်ကြားထဲသို့ တိုးဝင်ကာ အနောက်ဘက်အဆောင်ရှိ ကျင်းဝေရင်ရှိရာ အဆောင်သို့ လိုက်ပါသွားလေသည်။

ကျင်းကျားယိမှာ လွန်စွာ ထိတ်လန့် တုန်လှုပ်သွားလေသည်။

သူသည် ညော်သည်များကိုလည်း မထားနိုင်တော့ပေ။

ညော်သည်တော်များသည် ဒီခရပမာ တစ်စုတစ်စည်းတည်း ထွက်ခွာသွားကြပေပြီ။

ထို့ကြောင့်....

သူသည်လည်း ညော်ခတော်များ နောက်မှ လိုက်သွားရလေသည်။

တစ်ချိန်လုံး ကြောင်ကြည့်နေသော ကျင်းကျားလင်က တုံကျင်းဖုကို မေးလိုက်လေသည်။

'ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲဗျာ'

တုံကျင်းဖုက....

'ငါထင်ထားတဲ့အတိုင်း ပြောရမယ်ဆိုရင်တော့ အခြေအနေဟာ အတော်ကလေး ဆိုးဝါးလာပါပြီ၊ မင်းရဲ့ဖခင်လဲ



အန္တရာယ်ကျရောက်နေပြီလို့ ငါထင်တယ်၊ ကဲ....ငါတို့လဲ ဒီအတိုင်း ရပ်နေလို့မဖြစ်ဘူး၊ သူတို့နောက်ကို လိုက်ကြရဦးမယ်၊ ကဲ....လိုက်ကြစို့....'

တုံကျင်းဖု၊ ကျင်းကျားလင် ယိုမိန်နှင့် ယိုလန်တို့သည် လူအုပ်ကြီးနောက်သို့ ပြေးလိုက်ကြလေတော့သည်။

....o....

အခန်း(၂၅)

ညှေ့သည်များ၏ ဒေါသ

လရောင်သည် ဝိုးတဝါးဖြန့်ဆင်းနေ၏။ လရောင်သည် ထိန်ထိန်လင်းနေသည် မဟုတ်ချေ။

ထို့ကြောင့်....

အဆောက်အအုံများ၊ သစ်ပင်များမှာ ဝိုးဘဝါးသာ မြင်နေရသည်။

ကျောင်းကျောင်းခြံဝင်း တစ်ခုလုံး အခြေအနေ ဆိုးဝါးနေပြီ ဖြစ်ရာ ညှေ့သည်များ အနောက်အဆောင်သို့ လရောင်ဝိုးဘဝါး အောက်မှ သွားရောက်နေကြပြီ ဖြစ်သည်။





ကျောင်းကျောင်းလင်သည် လူအုပ်ကြီး နောက်မှ အပြေးလိုက်သွားပြီး လူအုပ်ကြီးကို ကျော်တက်လိုက်၏။

ထို့နောက်

တီကျန်လုံရှိရာသို့ တိုးသွားလေ၏။

'ဒီမှာ မိတ်ဆွေ ကျွန်တော်အဖေဟာ အတော့်ကို နေမကောင်း ဖြစ်နေတာပါ၊ အခုလို လူစုလူဝေးကြီးနဲ့ ဝင်သွားရင် တစ်စုံတစ်ခု ဖြစ်မှာ စိုးရိမ်ရပါတယ်၊ ဒါကြောင့်...'

တီကျန်လုံက....

'ဒါကတော့ ကျုပ်လဲ မတတ်နိုင်ဘူး၊ အနှောင့်အယှက် မဖြစ်စေချင် ခင်ဗျားအဖေကို ကြိုတင်ပြီး အကြောင်းကြားပေါ့'

ကျောင်းကျောင်းလင်မှာ စိုးရိမ်ပူပန်နေသည်။

'ဘယ်လို ကြိုတင်အကြောင်းကြားမလဲဗျာ၊ မိုးပဲလင်းတော့မယ်၊ မနက်ကျမှ ကျွန်တော့် အဖေကို တွေ့ကြပါခင်ဗျာ၊ မနက်ကျတော့ ကျွန်တော် ပြောသွားလိုက်ပါမယ်'

တီကျန်လုံက မကျေမနပ် ဖြစ်လာသည်။

'တွေ့ရုံလေးနဲ့တော့ ဘာမှမဖြစ်ပါဘူးဗျာ၊ အဖြစ်တစ်ခုရှိရင်လဲ ကျုပ်ပဲ အပြစ်ခံပါမယ်'

သူ့နောက်မှ သိုင်းသမားများက ဆူပူကြသည်။

'ဟေ့....ခေါင်းဆောင်ကြီးကို အခုပဲ ဝင်တွေ့မယ်'

'မလိုချင်ဘူး၊ ဘာဖြစ်နေတယ်၊ ညာဖြစ်နေတယ် ပြောတာတွေဟာ အသာကာ'

'တို့တွေ့ရမှ ဖြစ်မယ်'

တီကျန်လုံ၏ နောက်မှ သိုင်းသမားများသည် တစ်ယောက် တစ်ပေါက် ပြောကြလေ၏။

ကျောင်းကျားလင်သည် ထိုလူအုပ်ကြီးကို မည်သို့မျှ ထိန်း၍ မရတော့သဖြင့် တောင်းပန်လိုက်ရသည်။

'ဒီလိုဆိုရင် ခဏကလေး စောင့်ပါ၊ ကျုပ်အရင် သွားပြီး အကြောင်းကြားလိုက်ပါရစေ'

'ကောင်းပြီ၊ခင်ဗျား သွားအကြောင်းကြားရင် အကောင်းဆုံးပေါ့၊ ကျုပ်တို့ စောင့်နေမယ်'

တီကျန်လုံက ပြောလိုက်သည်။

ကျောင်းကျားလင်သည် ခေါင်းညိတ်ပြီး အဆောက်အအုံထဲသို့ ပြေးဝင်သွားတော့၏။

ညှေသည်များသည် မကျေမနပ် ပြောဆိုရင် စောင့်ကျ ရစ်ကြသည်။

တုံကျင်းဖုနှင့် ယိုမိန်၊ ယိုလန်တို့သည် လူအုပ်ကြီးနောက်မှ လျှောက်လာကြသည်။

ယိုမိန်က...

'ဦးလေး...ဒီလူအုပ်ကြီးကို ဘယ်လို ထိန်းမလဲဟင်'

'ဘယ်လိုမှ မထိန်းတတ်ဘူး၊ သိုင်းသမားတွေ စည်းလုံး ညီညွတ်ရင် ဘာမှ တားလို့မရဘူးဆိုတာ ကျောင်းကျားလင် သိဖို့ကောင်းတယ်၊ စောင့်ကြည့်ရဦးမှာပေါ့လေ'

တုံကျင်းဖုက ပြန်ပြောလိုက်၏။



ထိုအချိန်တွင်....

ကျောင်းကျားယီသည် အဆောင်ထဲမှ ထွက်လာလေတော့ သည်။

သူက သိုင်းသမားအားလုံးကို ဦးညွှတ် ဂါရဝ ပြုလိုက်လေ သည်။

'ညှေသည်တော်များ ခင်ဗျား.... ဖေဖေ အိပ်ပျော်နေပါ တယ်၊ ဒါကြောင့် မိုးလင်းတော့မှပဲ တွေ့ပါလို့ တောင်းပန် ပါတယ်၊ မကြာခင်ဘဲ မိုးလင်းတော့မှာပါခင်ဗျာ၊ စောင့်ရလဲ ကောပါ'

တီကျန်လုံက ခေါင်းမာစွာ ပြောသည်။

'အိပ်ပျော်နေတာ ဘာဖြစ်သလဲ၊နှိုးလိုက်ပေါ့၊ဒါကြောင့် မိုးလင်းမှ တွေ့ပါ၊ ဘာညာဆိုတာ မလိုချင်ဘူး၊ သူ တစ်ညလုံး အိပ်နေခဲ့တာပဲ၊ အိပ်ဒရးဝလောက်ရောပေါ့၊ နှိုးလိုက်ပါ....'

'ဖေဖေက နေမကောင်းဘူးခင်ဗျား'

'တစ်ညလုံး တစ်နေ့လုံး အိပ်ရင် တော်လောက်ပါပြီ၊ နှိုး လိုက်ပါတော့ကွာ၊ အိပ်ချည်းနေရင်လဲ မကောင်းပါဘူး ကွာ'

အချို့သိုင်းသမားများက ပြောကြလေ၏။

အချို့ သိုင်းသမားများက....

'ခေါင်းဆောင်ကြီးကို နှိုးလိုက်ပါ၊ တို့တစ်တွေ တွေ့ပြီး ရင် ပြန်မယ်'

'ဟုတ်တယ်....ဟုတ်တယ်....ခေါင်းဆောင်ကြီးနဲ့ တွေ့ပြီးရင် တို့ ပြန်မယ်'

သိုင်းသမားများက ဆူဆူညံညံဖြင့် ထောက်ခံကြလေသည်။

ထိုအချိန်တွင် အမျိုးသမီးကြီးတစ်ယောက် ထွက်လာလေသည်။

'ဘယ်သူတွေလဲဟေ့... ဒီ အဆောက်အအုံရှေ့မှာ ဆူညံဆူညံ လုပ်နေတာ'

ညှော်သည်တော်များ အံ့ဩသွား၏။

မည်သူသည် သူတို့အား အော်ငေါက် တားမြစ် နိုင်ပါသနည်း။

သူတို့သည် လှမ်းကြည့်လိုက်၏။

သူတို့ တွေ့လိုက်ရသော အမျိုးသမီးကြီးအား ဖန်ကျင်းတောင်ကြား၌ တိုက်ပွဲဖြစ်ရာတွင် ခင်ပွန်း၊ သားများနှင့်အတူ တိုက်ပွဲဝင်ခဲ့သော စိန်ယဉ်ရှားတည်း။

စိန်ယဉ်ရှား ထွက်လာသည်နှင့် အသံအားလုံး တိတ်ဆိတ်သွားလေ၏။

တိကျန်လုံသည် ရှေ့သို့ထွက်ကာ လက်ဖမိုးယှက်၍ ဂါရဝပြုလေ၏။

စိန်ယဉ်ရှားနှင့် တိကျန်လုံတို့မှာ သက်တူရွယ်တူခန့် ရှိမည်။

'မတွေ့ရတာတောင် အတော် ကြာပါပေါ့လား စိန်ယဉ်ရှား'

စိန်ယဉ်ရှားက ပြုံးလိုက်သည်။



'မိတ်ဆွေကြီး တိကျန်လုံကိုး'

'ဟုတ်ပါတယ်....ကျုပ်နဲ့ ဒီက ညှော်သည်တော်တွေအားလုံး ခေါင်းဆောင်ကြီးရဲ့ မွေးနေ့အတွက် ရောက်လာကြပါတယ်'

'ဩော်....ညှော်သည်တော်များကို ကျေးဇူး တင်ပါတယ်၊ ဒါပေမယ့် ကျွန်မခင်ပွန်းတော့ နေမကောင်း ဖြစ်နေတဲ့အတွက် ထွက်ပြီး ညှော်မခံနိုင်တာပါ၊ ကျွန်မလဲ အားနာပါတယ်ရှင်၊ အဲဒီအတွက် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်'

သူမက အေးအေးစွာ စကားပြောလိုက်သည်။

ညှော်ပရိသတ်ကြီးသည် ငြိမ်သက် သွားလေတော့သည်။

တိကျန်လုံက....

'ဒါနဲ့....ခေါင်းဆောင်ကြီးရဲ့ ကျန်းမာရေး အခြေအနေ'

စိန်ယဉ်ရှားက ကြားဖြတ်၍ ပြောလိုက်၏။

'သူ ဆေးသောက်ပြီး အိပ်ပျော်နေပါတယ်၊ အခြေအနေက အတော် တိုးတက်လာပါတယ်၊ ဒါကြောင့် နက်ဖြန်မွန်းတည့်အချိန်လောက်မှာ ညှော်သည်တော်တွေနဲ့အတူတူ စားသောက်ကြပြီး စကားစမြည် ပြောဆိုနိုင်မှာပါ၊ အခုတော့....'

စိန်ယဉ်ရှားသည် အထက် ကောင်းကင်ပြင်ကြီးကို ကြည့်လိုက်သည်။

'မိုးတောင် လင်းတော့မှာပါလား၊ အမှောင်ဆုံး အချိန်ကိုတောင် ကျော်လွန်သွားပြီပဲ'

သူမသည် တီးတိုး ရေရွတ်လိုက်ပြီး...

'ညှော်သည်တော်များကို တစ်ခုတော့ တောင်းပန်ချင်ပါတယ်ရှင်၊ အခု မိုးလင်းခါနီးပါပြီ၊ ကျွန်မခင်ပွန်းဟာလဲ ဆေး

သောက်ပြီး အိပ်ပျော်နေလို့ နိုးရင် နိုးမှာမဟုတ်ပါဘူး၊ ဒီတော့ကာ နက်ဖြန် မွန်းတည့်ကျမှပဲ ကျွန်မခင်ပွန်းနဲ့ရင်းရင်းနှီးနှီး စကားပြောကြပါလို့ တောင်းပန်ပါတယ်'

သူမသည် ချိုသာစွာ ပြောဆိုသော်လည်း သူမ ပြောသည့်အတိုင်း ဖြစ်ရမည်ဆိုသော သန္နိဋ္ဌာန်လေးသံ ပါနေသည်။

ထိုအခါ နဂါးအာမခံ သယ်ယူပို့ဆောင်ရေးပိုင်ရှင် စီးကျွန် ရှေ့သို့ထွက်ပြီး ပြောလိုက်သည်။

'ကျုပ် ပြောစရာတစ်ခု ရှိပါတယ်'

စိန်ယဉ်ရှား မျက်မှောင်ကုပ်သွားသည်။

သူမသည် စီးကျွန်ကို စူးရှစွာ ကြည့်လိုက်သည်။

'အမိန့်ရှိပါ'

သူမက သံပြတ်နှင့် ပြောလိုက်လေ၏။

စီးကျွန်က....

'ကနေ့ည ခင်ဗျားတို့ ကျင်းကျွားခြံဝင်းထဲမှာ လူတွေသောက်သောက်လဲ သေကြကြတယ်၊ ဧည့်သည်တော်တွေနဲ့ ခင်ဗျားတို့ရဲ့မြင်းထိန်းတွေ သေကြတာပဲ၊ အဲဒါဟာအင်မတန်အရုပ်ဆိုးပါတယ်၊ ခင်ဗျားရဲ့ ခင်ပွန်းဖြစ်တဲ့ ခေါင်းဆောင်ကြီး ကျင်းဝေရင်ဟာ ဒီအဖြစ်အပျက်တွေကို သိပါသလား ခင်ဗျား'

စိန်ယဉ်ရှား ကြောင်သွားသည်။

သူသည် ဤအကြောင်းများကို လုံးဝမသိပေ။

ထို့ကြောင့် ကျင်းကျွားယိကို လှည့်ကြည့် လိုက်လေသည်။



'မင်း ဘာဖြစ်လို့ အဲဒီအကြောင်းတွေကို ငါ့ကို မပြောသလဲ'

ဟူသည့် အပြစ်တင်သည့် အကြည့်ဖြစ်သည်။

ကျင်းကျွားယိသည် ခေါင်းငုံ့နေလေသည်။

စိန်ယဉ်ရှားက ပရိသတ်ထုကိုကြည့်ပြီး....

'အဲဒီကိစ္စကို ကျွန်မ သိသင့်သလောက် သိထားပါတယ်၊ ကျွန်မရဲ့ခင်ပွန်းကိုတော့ ပြောမပြဖြစ်သေးပါဘူး၊ သူက နေမကောင်းနေသူ မဟုတ်လား၊ အခုကိစ္စဟာ မသမာသူတွေရဲ့ လုပ်ရပ်ဖြစ်ပါတယ်၊ ဘဏ္ဍာစိုးကို ဒီလိုမဖြစ်အောင် ထိန်းသိမ်းဖို့ မှာကြားလိုက်ပါပြီ'

ဧည့်သည်တော်များသည် စိန်ယဉ်ရှား၏အဖြေကို မကျေနပ်ကြချေ။

ပေါ့ပေါ့တန်တန် ဖြေလိုက်ခြင်းဟု ယူဆကြသည်။

ဤ ကျင်းကျွားဂေဟာတွင် မြင်းဇောင်း မီးရှို့မှု ဖြစ်ပြီး မြင်းထိန်းသုံးယောက်သေသည်။

ကွမ်းတုံနှစ်ဖော်ဖြစ်သည့် မုကန်းနှင့် ထိန်းပါတို့၏ လက်ချက်ကြောင့် ဖြစ်သည်။

ဤသည်ကို ထားတော့။

မုကန်းနှင့် ထိန်းပါတို့က ရုတ်တရက် တိုက်ခိုက်သောကြောင့် ဖြစ်သည်။

မည်သူသတ်မှန်းမသိရဘဲ သေသွားသော ထိန်သီး သိုင်းသမားကြီး သုံးယောက်ရှိသည်။

ထိုသူတို့မှာ ဝူတန်းဂိုဏ်းချုပ်ကြီး ချင်ကျင်းကျု၊ ရှောင်လင်ကျောင်းမှ ဝမ်ရင်းဆရာတော်နှင့် မီးနဂါးဟောင်အိပိန်တို့ ဖြစ်ကြသည်။

သေသူသုံးယောက်မှာ အထက်လမ်း သိုင်းသမားချည်း ဖြစ်ကြသည်။

ထိုပုဂ္ဂိုလ်သုံးယောက်စလုံးမှာ ထိုင်းလောက၌ ကျော်ကြားသော ပုဂ္ဂိုလ်များချည်း ဖြစ်ကြသည်။

ဝူတန်းဂိုဏ်းချုပ်ကြီး ချင်ကျင်းကျုမှာ မည်မျှကျော်ကြားသော ပုဂ္ဂိုလ်ကြီး ဖြစ်ပါသနည်း။

ဝူတန်းဂိုဏ်းချုပ်ကြီးလို ပုဂ္ဂိုလ်မျိုးမှာ ဤ ကျင်းကျားခြင်းထဲ၌ သေသွားရပေသည်။

ဝမ်ရင်းဆရာတော်ကိုကြည့်ပါဦး....။

ဝမ်ရင်းဆရာတော်မှာ ရှောင်လင်ကျောင်းထိုင် တင်းအိဆရာတော်ပြီးလျှင် အကျော်ကြားဆုံး ပုဂ္ဂိုလ်ဖြစ်သည်။

ဤပုဂ္ဂိုလ်လည်း သေဆုံးရပေသည်။

မီးနဂါးဟောင်အိပိန်မှာ စိတ်တို စိတ်ဆတ်သော ပုဂ္ဂိုလ်ဖြစ်သော်လည်း အထက်လမ်းဂိုဏ်းသား သိုင်းသမားသာ ဖြစ်ပါသည်။



ဤသို့ ကျော်ကြားသော ပုဂ္ဂိုလ်သုံးယောက် သေဆုံးရခြင်းမှာ သိုင်းလောက၏ ကြီးစွာသော ဆုံးရှုံးမှု ဖြစ်သည်။

ဖန်ကျင်းကောင် တိုက်ပွဲမှာပင် ဤသို့ထိပ်သီးများ ဆုံးပါးခဲ့ရပေပြီ။

ဤဆုံးရှုံးမှုကို စိန်ယဉ်ရှားက ပေါ့ပေါ့တန်တန် သဘောထားသော်လည်း ညွှေ့သည်များက ပေါ့ပေါ့တန်တန် သဘောမထားနိုင်ပေ။

တိကျန်လုံက....

'စီးကျန်ပြောတဲ့ သေတဲ့သိုင်းသမားတွေထဲမှာ ဘယ်သူတွေပါသလဲဆိုတာ ခင်ဗျား သိသလား'

စိန်ယဉ်ရှားသည် တစ်ခွန်းမပြောဘဲ လှမ်းကြည့်နေသည်။

'ဝူတန်းဂိုဏ်းချုပ်ကြီး၊ ဝမ်ရင်းဆရာတော်နဲ့ နဂါးမီးတို့ သုံးယောက်ဖြစ်ပါတယ်'

တိကျန်လုံက ပြောလိုက်၏။

စိန်ယဉ်ရှား၏ မျက်လုံးထဲ၌ အံ့ဩသော အရိပ်အယောင်များ ယှက်သန်းသွားသည်။

သို့သော် ဘာမျှတော့ မပြောပေ။

ညွှေ့သည်တော်များသည် အေးစက်စက်အကြည့်ဖြင့် စိန်ယဉ်ရှားကို ပြန်ကြည့်နေကြလေ၏။

စိန်ယဉ်ရှားသည် ညွှေ့သည်များအကြည့်ကို သဘောပေါက်သည်။

စိန်ထင်ရှားက လက်ဖမိုးအစုံ ယှက်၍ ဦးညွတ်ဂါရဝပြု လိုက်လေသည်။

'ကျွန်မကို နားခွင့်ပြုပါဦး'

ကျင်းကျားယိသည် သူမကိုတွဲခေါ်ပြီး အပေါ်ထပ်သို့တက် သွားလေသည်။

....o....

## အခန်း ( ၂၆ )

### ချောင်းနားထောင်သူ

မိုးသောက်သောအခါ မကျေမနပ်ဖြစ်နေသော သိုင်းသမား အချို့သည် ကျင်းကျားခြံဝင်းအတွင်းမှ ထွက်ခွာသွားကြလေ တော့သည်။

သူတို့သည် ညက စိန်ယင်ရှားဖြေသည့် အဖြေကို မကျေနပ် ကြပေ။

သို့သော်....

ညှော်သည်တော် အများစုကတော့ မွန်းတည့်အချိန်အထိ ဆက်လက်စောင့်စားပြီး ခေါင်းဆောင်ကြီး ကျင်းဝေရင်နှင့် တွေ့ဆုံလို၏။

ခြံဝင်းအတွင်းမှ အခြေအနေများကို မေးမြန်းလိုက်ကြလေသည်။

တုံကျင်းဖု၊ ယိုမိန်၊ ယိုလန်နှင့် ကျင်းကျားလင်တို့သည် ဧည့်သည်ဆောင်သို့ ပြန်လာကြ၏။

ကျင်းကျားလင်သည် သူ့မိခင်၏ ဟန်အမူအရာ၊ ပြောပုံဆိုပုံကိုကြည့်ကာ အလွန်အံ့သြနေမိ၏။

မိဘနှစ်ပါးသည် အလွန်သဘောကောင်းကြသည်။

ယဉ်ကျေးသိမ်မွေ့ကြသည်။

ရန်သူနှင့်တွေ့လျှင် တင်းမာခက်ထန်သလောက်ရန်သူမဟုတ်သောသူများကို သိမ်မွေ့ပျော့ပျောင်းစွာ ဆက်ဆံကြသည်။

ယခု သူ့မိခင်နှင့် ရက်သတ္တနှစ်ပတ်မျှ မတွေ့လိုက်ရဘဲရှိသည်နှင့် သူ့မိခင်၏ အမူအရာ ပြောင်းလဲနေသည်ကို သူတွေ့လိုက်ရပေပြီ။

အဘယ်ကြောင့် ဤသို့ ပြောင်းလဲသွားရပါသနည်း။

ကျင်းကျားလင်သည် စဉ်းစားမရသဖြင့် သက်ပြင်းရှည်ကြီးသာ ချမိသည်။

သူက တုံကျင်းဖုအား မေးမြန်းလိုက်မိ၏။

'ဦးလေး....ဝူတာန်းဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူဟာ ဘယ်လို သေဆုံးသွားရတာလဲ၊ ပြောပြပါဦး ခင်ဗျာ'

တုံကျင်းဖုက ယုံလန်ထံသို့ တစ်ချက်ကြည့်လိုက်၏။ ယုံလန်ထိုအကြည့်ကို သိသည်။

ထို့ကြောင့် သူမက ချက်ချင်းထကာ တံခါးထပိတ်လိုက်သည်။



တုံကျင်းဖုသည် အခန်းထဲသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။

ဧည့်သည်များသည် အရှေ့ဆောင်နှင့် အလယ်ဆောင်များသို့ ပြန်သွားကြပြီ။

ဤအထဲမှ အချို့သိုင်းသမားများသည် မကျေနပ်ချက်များဖြင့် သူတို့ နေရပ်သို့ပြန်သွားကြလေပြီ။

သူတို့အနောက်ဆောင်၌ တည်းခိုနေသော ဝူတာန်းဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူနှင့် ဂမ်ရင်းဆရာတော်လည်း သေဆုံးသွားပြီ။

ယခု ဧည့်ဆောင်ထဲ၌ ယုံမိန်၊ ယုံလန်နှင့်ကျင်းကျားလင်တို့သာ ရှိကြသည်။

လျှို့ဝှက်စကားပြောလျှင် ပြောကောင်းသော အချိန်ပင်ဖြစ်သည်။

တုံကျင်းဖုသည် ကုလားထိုင်၌ နောက်မှီထိုင်ချလိုက်ပြီး–

'ဂိုဏ်းချုပ်ကြီး သေဆုံးရတဲ့ အကြောင်းရင်းကို အသေးစိတ် မပြောလိုတော့ပါဘူး၊ သူ့ကို မျက်နှာဖုံးစွပ် လူတစ်ယောက် အလစ်သက်ဝါးနဲ့ ရိုက်လိုက်လို့ တစ်ချက်တည်းနဲ့သေဆုံးသွားရတာပါ၊ တကယ်ပြင်းထန်တဲ့ လက်ဝါးရိုက်ချက်ပါ'

ကျင်းကျားလင်က....

'ဝူတာန်းဂိုဏ်းချုပ်ကြီးလို ပုဂ္ဂိုလ်မျိုးကို တစ်ချက်တည်းနဲ့ ရိုက်သတ်နိုင်တာဟာ တော်တော်ကို ပြင်းထန်တဲ့ လက်ဝါးရိုက်ချက်ပဲနော်'

'ဒါပေါ့၊ တကယ်လို့ နောက်ထပ် မျက်နှာဖုံးစုပ် တစ်ယောက် ရောက်မလာဘူးဆိုရင် ကျုပ်လဲပဲ ဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူ နောက်ကို လိုက်သွားရမှာပါပဲ'

ယုမိန်၊ ယုလန်နှင့် ကျင်းကျားလင်တို့ ရင်ထဲထိတ်သွားကြသည်။

ယုမိန်က....

'အဲဒီလူ ဘယ်သူလဲဆိုတာကို ဦးလေး သိသလား၊ သူဟာ ထိပ်သီးသိုင်းသမား တစ်ယောက်ဆိုတော့ ဦးလေးသိမှာပေါ့'

တုံကျင်းဖုက ခေါင်းယမ်းလိုက်၏။

'မသိပါဘူးကွာ'

ကျင်းကျားလင်က....

'ဒီလူဟာ ချိုင်းဖြူဆိုင်းကျမ်းကို လုယူရှိသွားပြီပဲ၊ ဘာကြောင့် သူဟာ ဒီခြံဝင်းထဲက ထွက်မသွားနိုင်ရသေးတာလဲ၊ ဒီပြင်အကြောင်းများ ရှိနေသေးလို့လား'

တုံကျင်းဖုက ခေါင်းညိတ်၏။

'ဟုတ်တယ်၊ ငါလဲ ဒီအတိုင်းပဲ စဉ်းစားမိတယ်'

သူသည် မျက်မှောင်ကုပ်ပြီး စကားဆက်လိုက်သည်။

'တကယ်ဆိုရင် သူ ဒီခြံထဲရောက်လာတာဟာ ချိုင်းဖြူဆိုင်းကျမ်းကို လိုချင်လို့ပဲ မဟုတ်လား၊ အဲဒီသိုင်းကျမ်း အစိတ်အပိုင်းတွေကိုလဲ သူရပြီ၊ ဒါဆိုရင် သူ ထွက်သွားဖို့ပဲရှိတော့တာပေါ့၊ ဒါပေမယ့် သူ ထွက်မသွားဘူး၊ တကယ် ထိပ်သီးသိုင်းသမားကြီးတွေကို လိုက်သတ်နေတယ်၊ စဉ်းစားစရာ အင်မတန်ကောင်းတယ်'



ကျင်းကျားလင်က....

'ဒီလူဟာ ဘဏ္ဍာစိုး တို့ဟုတ်များ ဖြစ်နေမလား'

တုံကျင်းဖုက ခေါင်းယမ်းလိုက်၏။

'ကျုပ် ပထမတုန်းက စဉ်းစားမိတော့ သူပဲ၊ သူ့ကို တရားခံအဖြစ် စဉ်းစားမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ စရောက်ကတည်းက သူဟာ သံသယဖြစ်စရာ ကောင်းတဲ့ အပြုအမူတွေကို အလုပ်ဆုံးသူ ဖြစ်နေလို့ပဲ'

'နောက်တော့ကော...'

ကျင်းကျားလင်က မေးလိုက်၏။

'ဒါပေမယ့် သူဟာ အကြောပိတ် ခံလိုက်ရကတည်းက ကျုပ်ဟာ အဲဒီအယူအဆကို စွန့်လွှတ်လိုက်တယ်၊ သူ့အပေါ် သံသယ မရှိတော့ဘူး'

တုံကျင်းဖုက သူ့တွေးခေါ်ချက်ကို ပြောပြနေ၏။

ကျင်းကျားလင်က...

'ဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူ၊ မယ်ရင်းဆရာတော်နဲ့ မီးနဂါး ဟောင်အိပ်တို့ကို သတ်သွားတဲ့လူဟာ တစ်ယောက်တည်းလား၊ ဘာရည်ရွယ်ချက်နဲ့ သတ်တာလဲ'

တုံကျင်းဖုက လေးလေး နက်နက် စဉ်းစားပြီး ပြောသည်။

'သူတို့ကို ဘာရည်ရွယ်ချက်နဲ့ သတ်တယ်ဆိုတာကို ကျုပ်တော့ စဉ်းစားလို့ မရသေးဘူး၊ သူတို့သုံးယောက်ရဲ့ဒဏ်ရာကို ကြည့်လိုက်တော့ လူတစ်ယောက်တည်း သတ်သွားတဲ့ လက္ခဏာကို တွေ့ရတယ်'

ယိုလန် မျက်မှောင်ကုပ်သွား၏။

'ဒီသိုင်းလောကမှာ ကိုက်ကျုပ်ကြီး ချင်ကျင်းကျူလိုလူ၊ ဝမ်ရင်းဆရာတော်လိုပုဂ္ဂိုလ်၊ မီးနဂါးဟောင်အိပ်ပိန့်လို လူမျိုးကို လွယ်လွယ်ကူကူနဲ့ သတ်သွားနိုင်တဲ့လူ ရှိနေသေးတာကို အတော်အံ့သြစရာ ကောင်းနေတယ်'

တုံကျင်းဖုက...

'အဲဒီလို မပြောနဲ့လေ၊ ဒီဆယ့်နှစ်နှစ်အတွင်း သိုင်းလောကမှာ အဆင့်အမြင့်ဆုံး သိုင်းသမားတွေ ဘယ်လိုပေါ်ထွန်းခဲ့တယ် ဆိုတာ နင်တို့ မပြောနိုင်၊ မသိနိုင်ပါဘူး'

ယိုလန်က ခေါင်းယမ်းလိုက်၏။

'ကျွန်မတို့ အသက်နှစ်ဆယ် မပြည့်သေးပါဘူး၊ လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်က ကိစ္စကို ကျွန်မတို့ ဘယ်သိနိုင်ပါ့မလဲ'

တုံကျင်းဖုက...

'နင်တို့တော့ မကြုံတွေ့နိုင်ဘူးပေါ့၊ ဒါပေမယ့် ကြားဖူးနားဝရှိရင်တော့ သိနိုင်ပါတယ်'

'ဦးလေး နည်းနည်း ပါးပါးလောက် အစဖော်ပေးပါလား၊ ကျွန်မတို့ သိချင်သိမှာပါ'

'ကောင်းပြီ၊ နင်တို့ကို အစဖော်ပေးမယ်၊ အဲဒီ သိုင်းသမားတွေဟာ ဘွဲ့နှစ်ထပ်ရှိတဲ့ သူတွေချည်းပဲ၊ ကဲ...နင်တို့ သိကြပြီလား'

ယိုလန် သည် အနည်းငယ်စဉ်းစားပြီး...

'ဦးလေး ကျွန်မသိပြီလို့ ထင်တယ်'

တုံကျင်းဖုသည် ယိုမိန်အား ကြည့်လိုက်၏။



'နင်ကော...'

ယိုမိန်ကသည်း ခေါင်းညိတ်၏။

'ဟုတ်ကဲ့ ကျွန်မလဲ သိပြီလို့ ထင်ပါတယ် ဦးလေး'

တုံကျင်းဖုသည် ပျော်နေပ်သွားလေ၏။

'အင်း...တယ် ဟုတ်ပါလား၊ ဒါဖြင့်...ပြောစမ်း'

ယိုမိန်က ပြောလိုက်သည်။

'သက်ခြွေသေမင်းပေးပဲ့ဟောက် မဟုတ်လား ဦးလေး'

'ဟား ဟား...ဟား...တယ်ဟုတ်ပါလား၊ ငါ့တူမတွေက ချက်ဆိုနားခွက်က မီးတောက်ကြတဲ့ လူတွေချည်းပါလား၊ တော်တယ်...တော်တယ်၊ သူတို့နာမည်တွေကိုကော ပြောပြနိုင်ပါ့မလား'

ယိုမိန်က ခေါင်းညိတ်၏။

'ဟုတ်ကဲ့...ပြောပြနိုင်ပါတယ်'

'ဒါဖြင့်...ပြောစမ်း'

'သူတို့က သက်ခြွေသုံ့ကျင်တန်ခုရှမ်း၊ သက်ခြွေမှော်ခင်းကုန်စွန်ချီ၊ သက်ခြွေခင်းသားတော၊ မုပိုတုံ၊ သေမင်းဂဏ်ဝါး ကိုယန်ကူတို့ မဟုတ်လား ဦးလေး'

တုံကျင်းဖုသည် လွန်စွာ သဘောကျ ပျော်နေပ်သွားလေ၏။

သူတို့သည် ဆယ့်ခုနစ်နှစ်မပြည့် မကျော်သေးသော သူများ ဖြစ်သည်။

'တော်တယ်...မင်းတို့ သိပ်တော်တယ်၊ အဲဒီလို မှတ်မှတ်သားသား ရှိမှပေါ့'

ယိုလန်က ဝင်မေးလိုက်၏။

'ဒါဖြင့်....သူတို့လေးယောက်ထဲက ဘယ်သူက ဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူကို သတ်သွားတာလဲ'

'ဦးလေးအနေနဲ့ကတော့ တခြားလူလို့ မထင်ဘူး၊ သေမင်းလက်ဝါး အိုယန်ကုရဲ့လက်ချက်လို့ပဲ ထင်တယ်၊ ချင်ကျင်းကျူကို လက်ဝါးနဲ့ ရိုက်သတ်တာကို ဦးလေးမြင်တယ်၊ မီးနဂါးဟောင်အိပ်ပိန့်နဲ့ ဝမ်ရှင်းဆရာတော်လဲ လက်ဝါးရိုက်ချက်တွေနဲ့ သေသွားတာပဲ'

ယုံလန်က....

'ကျွန်မတော့ ဒီအချက်ကို လက်မခံချင်ဘူး ဦးလေး'

တုံကျင်းဖုံ မျက်မှောင်ကုပ်ပြီး မေးလိုက်သည်။

'ဘာဖြစ်လို့လဲ'

ယိုလန်က....

'အိုယန်ကုဟာ အသက်ကြီးလှပြီပဲ၊ အခုလောက် အသက်ရှည်မနေတော့ဘူးလို့ ကျွန်မထင်တယ်၊ အခုဆိုရင် သေသွားလောက်ပါပြီ၊ သူ ဒီခြံဝင်းထဲ မရောက်နိုင်ပါဘူး၊ ရောက်ပြီး သူ မသေဘူးဆဲ ထားဦး၊ သူ့ သိုင်းပညာရပ်ဟာ အုံမခန်းတုံတက်နေပါပြီ၊ သူ့ကိုအနိုင်တိုက်နိုင်မယ့်လူ မရှိတော့ပါဘူး၊ သူက ဂျိုင်းပြူသိုင်း မင်းကို လုယူပြီး ဘာလုပ်မလို့လဲ'

တုံကျင်းဖုက သက်ပြင်းချလိုက်၏။

'ငါလဲ ဒီအတိုင်းပဲ တွေးမိပါတယ်၊ ဒါပေမယ့် လက်ရှိသိုင်းလောကမှာ ချင်ကျင်းကျူလိုပုဂ္ဂိုလ်မျိုးကို လက်ဝါးနဲ့တစ်ချက်တည်း အသေရိုက်သတ်နိုင်တဲ့လူမျိုးက မရှိတော့လို့ပါ'



သူသည် အသံကိုနှိပ်လိုက်၏။

'ဒီကိစ္စကို ပေါ့ပေါ့တန်တန် ယူဆလို့ မရဘူး၊ ဒါပေမယ့် ငါ့သံသယအဖြစ်ဆုံး လူတစ်ယောက်တော့ ရှိတယ်'

ကျင်းကျားလင်က စိတ်ဝင်စားစွာ မေးလိုက်၏။

'သူ....ဘယ်သူလဲ'

တုံကျင်းဖုက ပြောလိုက်၏။

'မျက်နှာတစ်ထောင်သိုင်းသမား ချိုပုံ'

ယိုမိန်က ခေါင်းညိတ်လိုက်၏။

'ချိုပုဟာ အင်မတန်လျှို့ဝှက်တဲ့ သူတစ်ယောက်၊ သူ့ကိုယ်သူ မဖော်ချင်လို့ဘဲ၊ မျက်နှာတုအမျိုးမျိုးကို တပ်ပြီးရုပ်ဖျက်နေခဲ့တာပေါ့၊ ဒါပေမယ့် အခုတော့ ချိုပုဆိုပြီး လူပုံအလယ်မှာ ပေါ်လာခဲ့ပြီ၊ ဒါကြောင့် ကျွန်မလဲ သူ့ကိုသံသယ ဖြစ်မိပါတယ်'

တုံကျင်းဖုက ပြုံးလိုက်သည်။

'ဒါက ပထမလူကွ၊ ဒုတိယသံသယဖြစ်စရာလူ ရှိသေးတယ်'

ယိုလန်က စိတ်ပင်စားစွာ မေးလိုက်သည်။

'ဘယ်သူလဲ ဦးလေး'

တုံကျင်းဖုက....

'ဘယ်သူရှိရမလဲ၊ မြတင်းပေါက်က ချောင်းနားထောင်နေတဲ့ မိတ်ဆွေပေါ့'

တုံကျင်းဖုသည် ပြောပြောဆိုဆို တစ်ဟုန်ထိုး ပြေးသွားပြီး တံခါးကို တွန်းဖွင့်လိုက်၏။

'ဝုန်း...'

သူ့ ခန္ဓာကိုယ်သည် ပြတင်းပေါက်မှ တိုးထွက်သွား၏။ သူ့ မြေပြင်သို့ ခြေထောက်ချနိုင်မီ လူရိပ်တစ်ရိပ်သည် ရိပ်ခနဲ ပြေးထွက်သွားလေတော့၏။

'ရပ်လိုက်...'

တုံကျင်းဖုသည် ပြေးလိုက်သွားသည်။

ထိုလူရိပ်သည် တုံကျင်းဖုအား ပြေးမလွတ်နိုင်မှန်း သိသဖြင့် ရပ်တန့်လိုက်ပြီး လှည့်ရင်ဆိုင်လေ၏။

မျက်နှာခေါင်းစွပ် လူတစ်ယောက် ဖြစ်နေလေ၏။

ထိုသူသည် ခန္ဓာကိုယ် တုတ်ခိုင်သည်။

တုံကျင်းဖုသည် သတိအလွန်ကြီးသူ ဖြစ်၏။

ထိုသူအား တွေ့လိုက်ရသော အခါ ဒါပေါ့ တန်တန် သဘောမသေးဖွဲ့ချေ။

ထိုသူနှင့် လက်နှစ်လှမ်းအကွာ၌ ရပ်လိုက်သည်။

'ဟား...ဟား...ဟား ခင်ဗျား ဘယ်သူလဲ ဆိုတာ ကျုပ် မှတ်မိနေပါပြီ၊ ခင်ဗျား ခေါင်းစွပ်ကြီး စွပ်ထားလဲ အပိုပါပဲ'

မျက်နှာခေါင်းစွပ်နှင့်လူက မဲ့ပြုံး ပြုံးလိုက်၏။

သို့သော် တုံကျင်းဖု မသိနိုင်ပါ၊



'ဘယ်သူလဲ...ခင်ဗျားသိရင် ပြောစမ်း'

'ဘဏ္ဍာဖိုး တို့ဟုတ်လေ၊ ခင်ဗျားကို ကျုပ်မှတ်မိနေပါပြီ၊ ခင်ဗျား ဘယ်လောက် ရုပ်ဖျက်ရုပ်ဖျက် အပိုပါပဲ'

ထိုခေါင်းစွပ်နက်သည် မျက်နှာပျက်သွား၏။

သို့သော်....

သူသည် ထိုအကြောင်းကို မပြောတော့ဘဲ လှည့်လွှဲ၍ ပြောဆိုလေသည်။

'ကျုပ် ချောင်းနားထောင်နေတာ ခင်ဗျားရဲ့ ဝေဖန်စကားတွေကို ကျုပ်ကြားခဲ့ရတယ်'

'တကယ်တော့ ချောင်းနားထောင်တယ် ဆိုတာ လူကြီး လူကောင်းတွေရဲ့ အလုပ်မဟုတ်ဘူးဗျ'

ထိုလူက တုံကျင်းဖု၏ စကားကို မကြားချင်ယောင်ဆောင် လျက် ဆက်ပြောနေ၏။

'ခင်ဗျားရဲ့ ဝေဖန်စကားတွေဟာ မသိတဲ့လူ ကြားရင် အထင်ကြီးစရာပါပဲ၊ ဒါပေမယ့် ကျုပ်ကတော့ ဒီလိုမထင်ပါဘူး၊ ခင်ဗျား ဝေဖန်ပြောကြားတဲ့ စကားတွေဟာ အဓိပ္ပာယ် မရှိတဲ့ စကားတွေလို့ ကျုပ်ပြောချင်တယ်'

တုံကျင်းဖုက ခြေကို တစ်လှမ်း တိုးလိုက်၏၊

ထိုအခါ ထိုသူက ခြေတစ်လှမ်း နောက်ဆုတ်သည်။

တုံကျင်းဖုက...

'ခင်ဗျားကို ကျုပ်မေးမယ်၊ ဘာကြောင့် ခင်ဗျားမျက်နှာကို မပြရဲတာလဲ'

မျက်နှာသစ်ခေါင်းဖွပ်နှင့်လူက....

'ခင်ဗျားက ကျုပ် ဘယ်သူလဲဆိုတာ သိပြီးနေပြီဆိုတော့ ကျုပ်မျက်နှာကို ချွတ်ပြဖို့ လိုသေးသလား'

သူသည် စကားဆုံးသည်နှင့် လှည့်ထွက် မြေး သွား တော့ သည်။

....င....

## အခန်း (၂၇)

### သူ့သန္နိဋ္ဌာန်

တုံကျင်းဖုသည် ထိုလူအား လိုက်ရန် ဟန်ပြင်လိုက်သ ၊ ထိုစဉ် လူရိပ်နှစ်ရိပ်သည် သူ၏ ဝဲယာဘေးနှစ်ဖက်မှ လျင်မြန်စွာ ကျော်ဖြတ်သွားကြသည်ကို မြင်လိုက်၏။

သူသည် ထိုလူရိပ်များကို သိလိုက်သည်။

ယိုမိန်နှင့် ယိုလန်တို့တည်း။

သူသည် ထိုလူတို့နောက်မှ ပြေးလိုက်သွားလေ၏။

တုံကျင်ဖု နောက်မှ လူရိပ်တစ်ရိပ် ပြေးလိုက်လာနေသည်။ တုံကျင်းဖုသည် ထိုလူရိပ်ကို သတိမပြုမိပေ။

ထိုသူကား ကျင်းကျားလင် ဖြစ်ပေသည်။

တုံကျင်းဖုဏ် ကိုယ်ဖော့ ပညာမှာ ထိပ်တန်းအဆင့် ရှိ၍ မကြာမီ ယိုမိန့်နှင့် ယိုလန်တို့ကို ဖြတ်ကျော်သွားလေ၏။

ကျင်းကျားလင်ကား နောက်ဆုံးမှသာ လိုက်နေရသည်။ သူတို့သည် ကျင်းကျားခြံဝင်း၏ အပြင်သို့ပင် ရောက်ရှိလာကြသည်။

ရှေ့မှ ခေါင်းစွပ်အနက်နှင့် လူကို သူမြင်ရပေပြီ။

တုံကျင်းဖုသည် ဝါးနှစ်ရိုက်ခန့်အကွာမှ ရပ်၍ ကြည့်လိုက်သည်။

ထိုလူသည် တုံကျင်းဖုကို ရပ်ကြည့်ပြီး ဆက်ပြေးပြန်သည်။ ထိုလူ၏ လျင်မြန်မှုမှာ အံ့ဖွယ်လိလို ဖြစ်သည်။ အဝေးမှကြည့်လျှင် သူ၏ ခြေထောက်များမှာ အံ့ဖွယ်လိလိ ဖြစ်သည်။

အဝေးမှကြည့်လျှင် မြေကြီးနှင့်ထိပင် ထိပါ့မလားဟု တွေးထင်ရသည်။

ထိုခေါင်းစွပ်နက်သည် တောင်ကုန်းတစ်ခုသို့ ပြေးတက်သွား၏။

တုံကျင်းဖုသည်း ပြေးတက်သည်။

ခဏအကြာတွင် ခေါင်းစွပ်နက်သည် တောင်ကုန်းထိပ်သို့ ရောက်ရှိသွား၏။

တုံကျင်းဖုလည်း ကျောက်တုံး ကျောက်ခဲများအကြားသို့ လိုက်ဝင်သွားသည်။

ခေါင်းစွပ်နက်သည် အမြင့်ဆုံး ကျောက်တုံးတစ်တုံးပေါ် ရပ်ကာ တုံကျင်းဖုကို မားမားမတ်မတ် ရပ်ကြည့်နေလေ၏။



မကြာမီ တုံကျင်းဖု ရောက်ရှိလာပြီး ထိုသူနှင့် ခပ်လှမ်းလှမ်း၌ ရပ်လိုက်လေ၏။

တုံကျင်းဖုက....

'ဒီမှာမိတ်ဆွေ ကျုပ်ကို ဒီကို ခေါ်လာတာ ဘာကိစ္စရှိလို့ပါလဲ၊ အကြောင်းတော့ ရှိမယ်နဲ့ တူပါတယ်'

'ဟား....ဟား... ဟား ...'

ခေါင်းစွပ်အနက်နှင့်လူက တဟားဟား ရယ်လိုက်၏။

'ခင်ဗျား မဆိုးဘူး'

'မိတ်ဆွေ ပြောမှာသာ ပြောပါဗျာ'

တုံကျင်းဖုသည် ထိုလူကို အကဲခတ်လိုက်၏။

ထိုလူသည် စောစောက ခေါင်းစွပ်နက်နှင့် လူမဟုတ်မှန်း သူသိလိုက်သည်။

မည်သည့် အချိန်က ပထမလူ၏နေရာ၌ ထိုခေါင်းစွပ်နက် ဝင်ပြေးလာသည်ကို သူမသိလိုက်ပေ။

'ခင်ဗျားကို ဒီကို ခေါ်လာတာ အကြောင်းရှိလို့ပေါ့ဗျာ'

ယခု တွေ့နေရသူသည် ပထမလူကဲ့သို့ မဟုတ်ပေ။

အသံမှာ အတွင်းအားဖြင့် လေးနက်နေသည်။

ပထမလူထက် သိုင်းပညာမှာ မယှဉ်သာအောင် ကွာလွန်ထက်မြက်ကြောင်း တုံကျင်းဖုသိသည်။

'ဘာအကြောင်းလဲ ပြောပါ'

တုံကျင်းဖုသည် ရွှေယပ်တောင်ကို ထုတ်လိုက်၏။

သူသည် ယပ်တောင်ကို ဖြန့်ကိုင်ပြီး အသင့်ပြင်ထား လိုက်သည်။

အတွင်းအားကိုလည်း စုစည်းလိုက်၏။

ခေါင်းစွပ်နက်က...

'ကျုပ်က ခင်ဗျားကိုလက်ဆောင်လေး ပေးချင်လို့ပါဗျာ၊ ခင်ဗျားဒီမှာ ခဏစောင့်ပါ'

သူသည် လှည့်ထွက်သွားရန် ပြင်သည်။

'ရပ်လိုက်'

တုံကျင်းဖုက ဟန့်တားလိုက်၏။

တုံကျင်းဖုသည် ခုန်ဝင်သွားပြီ ယပ်တောင်နှင့် ရိုက်ချလိုက်သည်။

'ဝုန်း....'

သူ၏ ရိုက်ချက်မှာ ပြင်းထန်လှ၏။

သို့သော်...

ထိုလူသည် မြူများဝေဆိုင်းနေသော ကျောက်တုံးများအကြား၌ ပျောက်သွား၏။

တုံကျင်းဖုံသည် ဟိုကြည့် သည်ကြည့်ဖြင့် ရှာ၏။

ထိုလူသည် ကျောက်တုံးများ အကြားမှ ပေါ်လာသည်။

'မိတ်ဆွေရဲ့ အတွင်းအားက အတော်ပြင်းထန် ပါကလား'

တုံကျင်းဖုသည် အံကိုတင်းတင်း ကြိတ်လိုက်ပြီး ရှိသမျှ အတွင်းအားကို သုံးကာ ယပ်တောင်ဖြင့် ရိုက်ချပြန်သည်။

'ဝုန်း...'

သူ၏ တိုက်ခိုက်မှုသည် ပြင်းထန်လှ၏။

ခေါင်းစွပ်နက်သည်အားရပါးရ နှယ်မောရင်း မြူနှင်းများ အကြား၌ ပျောက်သွား၏။



တုံကျင်းဖုသည် ရန်သူအား နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်လိုက်၏။

နှစ်ကြိမ်စလုံး ရန်သူအား မထိသဖြင့် သူသတိထားရပေပြီ။

ရန်သူသည် သိုင်းပညာ စွမ်းရည်တကယ် ကောင်းသည့်လူ ဖြစ်နေပြီ မဟုတ်ပါလား။

တစ်ဖက်လူက မြန်လည်တိုက်ခိုက် လာပေတော့မည်။

တုံကျင်းဖုံသည်ကိုယ်နေဟန်ထားကို သုံးမျိုးတိတိပြောင်းလဲပြီး သိုင်းကွက် ခင်းလိုက်သည်။

ထိုစဉ် မြူနှင်းများကြားမှ လူရိပ်တစ်ရိပ်သည် သူ့ထံသို့ ဝင်းတိုး လာလေ၏။

လူရိပ်သည် တုံကျင်းဖု ပြောင်းလဲမည့် ကိုယ်နေဟန်ထားကို ကြိုတင် သိနေသည့်အလား တုံကျင်းဖု၏ တိုက်ကွက်ကို ဂရုမစိုက်ဘဲ သူ့ခန္ဓာကိုယ်ဆီသို့ တည့်မတ်စွာ တိုးဝင်လာလေ၏။

တုံကျင်းဖုသည် နှယ်နှယ်ရရပုဂ္ဂိုလ်တစ်ယောက် မဟုတ်ပါ။

ထို့ပြင် သူသည် သတိကြီးသူ ဖြစ်ပါသည်။

သူ၏ သတိကြီးမှုကြောင့် သေဘေးက လွတ်ခဲ့သည့်အကြိမ် ပေါင်းမြောက်များစွာ ရှိပါသည်။

သူသည် လူရိပ် တိုးဝင်လာသည်နှင့် ရုတ်တရက် ဘေးသို့ ရှောင်တိမ်းလိုက်ပြီး ယပ်တောင်ဖြင့် လက်ပြန်ရိုက်ချ လိုက်ပါသည်။

ဝုန်း....'

ထိုလူရိပ်သည် ဘေးသို့လွင့်စဉ်သွား၏။

ထိုအချိန်တွင်....

ယုဝမိန်နှင့် ယုဝလန်တို့သည် ပြေးတက်လာသည်နှင့် တိုက်ဆိုင်သွားလေသည်။

ယုဝမိန်နှင့်ယုဝလန်တို့သည် သူတို့ဆီ ဝင်လာသောလူသည် ရန်သူလော၊ မိတ်ဆွေလော ဆိုသည်ကို မသိရသဖြင့် ထိတ်လန့်တကြား ရှောင်တိမ်းပေးကြလေ၏။

ထိုလူက ဒယီးဒယိုင်ဖြင့် ဆက်၍ ဆင်းပြေးသွားလေသည်။

တုံကျင်းဖုက အပြေးလိုက်လာ၏။

'အဲဒီလူကို တားထားစမ်း'

သို့သော်....

နောက်ကျသွားပေပြီ။

ယုဝမိန်နှင့် ယုဝလန်တို့မှာ ရှောင်တိမ်းပေးပြီး နေလေပြီ၊ ထိုလူမှာ သူ့အား လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်နေသဖြင့် ထိုလမ်းကြောင်းမှ ပြေးဆင်းသွားလေသည်။

ထိုအချိန်တွင်....

နောက်ဆုံးမှ ပြေးလိုက်လာသော ကျင်းကျားလင်သည် တောင်ကုန်းအထက်သို့ ပြေးတက်လာသည်နှင့် ထိုလူဆင်းပြေးလာ လမ်း၌ဆုံမိကြသည်။

တုံကျင်းဖုက လှမ်းအော်လိုက်သည်။

'အဲဒီလူကို တားထားလိုက်....'

ကျင်းကျားလင်က ပြေးဆင်းလာသည်ကို တွေ့သောအခါ မိုးတောင်လက်ဝါးဖြင့် ဆီး၍ ရိုက်လိုက်လေသည်။



'ဟွန်း....'

ထိုလူသည် မြေပေါ်သို့ မှောက်လျက် လဲကျသွားတော့သည်။

သူသည် ကျင်းကျားလင်၏ တိုက်ခိုက်မှုကို မည်သို့မျှ မတားဆီးနိုင်ပေ။

တုံကျင်းဖု၊ ယုဝမိန်နှင့် ယုဝလန်တို့သည် ဖပြေးအလွှားရောက်ရှိလာကြလေ၏။

ဆင်းပြေးလာသူက ကျင်းကျားလင်က အနိုင်နှင့် တိုက်ခိုက်နိုင်လိုက်သည်ကို မြင်သောအခါ တုံကျင်းဖုတို့မှာ ဝမ်းသာအားရဖြစ်သွားကြ၏။

သို့သော်....

ထိုလူမှာ မှောက်လျက်လဲနေသဖြင့် မျက်နှာကို မတွေ့ရဘဲ ဖြစ်နေသည်။

ယို့ကြောင့် ထိုလူမည်သူမည်ဝါဖြစ်သည်ကို မသိရဘဲဖြစ်နေပါသည်။

ကျင်းကျားလင်က ထိုလူအား ခြေထောက်ဖြင့် ထိုးကော်လှန်ရန် ဟန်ပြင်လိုက်သည်၊

ယုဝမိန်က ကမန်းကတန်း တားလိုက်၏။

'ခဏနေပါဦး မောင်လေး'

ကျင်းကျားလင် မျက်မှောင်ကုပ်သွား၏။

'ဘာလုပ်မလို့လဲ အစ်မလေး'

ယုဝမိန်က မြန်းလိုက်၏။

'ကျွန်မတို့အားလုံး ဒီလူ ဘယ်သူဖြစ်သလဲဆိုတာ စဉ်းစားကြဖို့ ပြောမလို့ပါ၊ ပဟေဠိတစ်ခုကို အဖြေညှိကြတာပေါ့၊ အခု ကျောင်းကျွန်းဂေဟာမှာ ပြဿနာအများကြီး ဖြစ်နေတယ် မဟုတ်လား၊ ဒီလူ ဘယ်သူလဲဆိုတာ အရေးကြီးတဲ့ ကိစ္စတစ်ခု ပါပဲ'

ကျောင်းကျွန်းလင်က....

'အဲ့မလေးတို့ကလဲဗျာ'

ယုမိန်က ရယ်လိုက်၏။

'စိတ်ချပါ၊ သူ ပြေးမလွတ်တော့ပါဘူး၊ ဒါကြောင့် ဒီလူ ဘယ်သူဖြစ်သလဲဆိုတာ ဘယ်သူပြောနိုင်မှာလဲ'

ကိုကျောင်းဖုံက ပြန်ပြောလိုက်၏။

'ဒီလူဟာ တိုးဟုတ်ဖြစ်ရမယ်လို့ ဦးလေး ပြောတယ်'

ယုမိန်က ကျောင်းကျွန်းလင်အား ကြည့်ပြီး မေးလိုက်လေသည်။

'မောင်လေးကရော ဘယ်သူလို့ ထင်သလဲ'

'ကျွန်တော်ကတော့ မထင်တတ်ဘူး'

'ယုလန်....ညီမလေးကရော ဘယ်သူလို့ ထင်သလဲ'

'ဘဏ္ဍာစိုး တိုးဟုတ်လို့ပဲ ထင်တယ်'

'ကဲ....မောင်လေး၊ ဒီလူကို ပက်လက်လှန်လိုက်ပါတော့'

ကျောင်းကျွန်းလင်သည် ထိုလူကို ခြေထောက်ဖြင့် ပက်လက်ဖြစ်အောင် ထိုးလှန်လိုက်၏။

ထိုလူမှာ ကျောင်းကျွန်းဂေဟာမှ ဘဏ္ဍာစိုး တိုးဟုတ် ဖြစ်နေလေ၏။



ကျောင်းကျွန်းလင်မှာ မည်သူဖြစ်မည်ဟု မထင်တတ်သဖြင့် သူ မထင်တတ်ကြောင်း ဖြေပြီး ဖြစ်သည်။

သို့သော်....

ယခု တိုးဟုတ်ဖြစ်နေသည်ကို တွေ့သောအခါ သူသည် ပါးစပ်ဟောင်းလောင်း ဖြစ်သွားလေတော့၏။

အလွန်သစ္စာရှိသည်ဟု ထင်ထားသော တိုးဟုတ်မှာ ယခုကဲ့သို့ ကျောင်းကျွန်းခြံဝင်းကြီး တစ်ခုလုံးကို ပြောင်းဆန်အောင်လုပ်နေသည်ကို သူ နားမလည်နိုင်ဘဲ ဖြစ်နေသည်။

ယုမိန်က ကိုကျောင်းဖုံအား ချီးကျူးလေသည်။

'ဦးလေးထင်ထားတဲ့အတိုင်း ထွေးထွက်အောင် မှန်နေပြီ ဒီလူဟာ ဘဏ္ဍာစိုးတိုးဟုတ်ပဲ'

ကိုကျောင်းဖုံသည် တိုးဟုတ်၏ မျက်နှာကို အသေအချာ ကြည့်နေ၏။

သူက ကျောင်းကျွန်းလင်က တစ်ကွက်တည်းနှင့် တိုက်ခိုက်လိုက်သောအခါ မည်သို့မျှ မခုခံနိုင်ဘဲ လဲကျသွားသည်ကိုတွေ့ရလေ၏။

တိုးဟုတ်၏သိုင်းပညာကို သူမြင်ပြီးဖြစ်သည်။

တိုးဟုတ်က ညံ့မျှမညံ့ချေ။

ထို့ပြင်....

တိုးဟုတ်ကို သူစောစောက မြင်တွေ့လိုက်ပါသည်။

ခေါင်းစွပ်နက်နှင့် ဖြစ်၏။

ယခု အဘယ်ကြောင့် ခေါင်းစွပ် မပါလာပါသနည်း။

ကိုကျောင်းဖုံ စဉ်းစားရတော့၏။

တစ်ဖန် ခွန်းလွန်ဂိုဏ်းမှ ချင်းချန်တု၊ ရဆော့ ချင်ဖုန်းတို့နှင့် သူတို့ ပထမဆုံး တို့ဟုတ်ကို တွေ့သောအခါ မျက်နှာသေကြီး ဖြင့် ဖြစ်ကြောင်း၊ ပြန်လည် သတိရလာ၏။

ထို့ပြင်...

မျက်နှာတစ်ထောင် သိုင်းသမား ချိပုက ကျောင်းကျား ဂေဟာအတွင်း ရောက်ရှိနေကြောင်းကိုလည်း ပြန်လည်သတိရလာသည်။

'မျက်နှာတစ်ထောင် သိုင်းသမား ဒီကိုရောက်လာတာဟာ အကြောင်းရှိလိမ့်မယ်၊ အခုဖြစ်ပျက်နေတဲ့ ကိစ္စတွေဟာ သူနဲ့ များ ပတ်သက်နေမလား မသိဘူး'

တုံကျွင်းဖုသည် တွေးရင်းတွေးရင်း ချိပုအပေါ် သံသယ ဝင်လာသည်။

'ယုမိလန်....ဒီလူရဲ့မျက်နှာဟာ မျက်နှာတုဖြစ်မယ်လို့ ထင်တယ်၊ သေသေချာချာ စစ်ဆေးကြည့်စမ်း'

တုံကျွင်းဖုက အရေးတကြီး ပြောလေ၏။

ယုမိမ်သည် တို့ဟုတ်၏မျက်နှာကို စမ်းသပ်၏။ နားထင် နောက်ဘက်ကို စမ်းသပ်သည်။

'ဟုတ်တယ်...ဦးလေး၊ သူ့ မျက်နှာတု တပ်ထားတယ်'

သူမက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ပြောသည်။

'အဲဒီလိုဆိုရင် အဲဒီမျက်နှာတုကို ဆွဲဖြုတ်လိုက်စမ်း'

ယုမိမ်သည် ထိုလူ၏မျက်နှာကို ခက်ခဲစွာ လှန်ချလိုက်ရေသည်။

ထိုလူ၏ ပကတိမျက်နှာ ပေါ်လာလေ၏။



တို့ဟုတ်၏မျက်နှာအား ဝိုင်းကြည့်နေကြသည်။

မျက်လုံးနှစ်လုံးမှာ ပြူးကျယ်သွားကြလေသည်။ သူတို့မင် တက်အံ့ဩနေသည်။

အကယ်၍ တစ်ယောက်ကသာ သူတို့အား ဤအချိန်၌ လုပ်ကြံလိုက်လျှင် မည်သူမျှ မသိဘဲ အလုပ်ကြံ ခံလိုက်ကြ ရမည် ဖြစ်သည်။

ကျွင်းကျားလင်က အံ့ဩစွာ ပြောသည်။

'ဟင်....သူ....သူ....ဘယ်လိုလုပ် ဒီကိစ္စထဲ ပါနေရတာလဲ'

ထိုအချိန်အတွင်း၌ မည်သူမျှ အသံမထွက်နိုင်ကြချေ။

တုံကျွင်းဖုသည် သက်ပြင်းချလေ၏။

'ငါတော့ ရှုးချင်လာပြီ'

တို့ဟုတ်၏ မျက်နှာတုကို တပ်ဆင်ထားသူမှာ နဂါးအာမခံ ဌာနပိုင်ရှင် စီးကျွန် ဖြစ်နေလေ၏။

တုံကျွင်းဖုသည် မတွေးဘဲအောင် ဖြစ်သွားသည်။ သူသည် တကယ် ရှုးချင်သွားပေသည်။

အဘယ်ကြောင့် တို့ဟုတ် မျက်နှာနှင့် စီးကျွန် ဖြစ်နေရသနည်း။

ထိုစဉ်...

တုံကျွင်းဖု၏ ဦးခေါင်းထဲ၌ အလင်းရောင် လက်ခနဲ ဖြစ်သွားလေ၏။

ကျွင်းကျားခြံဝင်းထဲ၌ သိုင်းပညာလည်း အလွန်အဆင့်မြင့်၊ ဥာဏ်နီဥာဏ်နက်လည်း အလွန်များလှသော လျှို့ဝှက် ရန်သူ တစ်ယောက် ရောက်ရှိနေသည်ကို တုံကျွင်းဖု သိလိုက်သည်။

ထိုလျှို့ဝှက် ရန်သူသည် မျက်နှာတု အမျိုးမျိုး အသုံးပြုပြီး အကြံအစည်ကြီးတစ်ခု ကြိတ်ကြံနေသည်မှာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာလေပြီ။

သူသည် ထိုအချက်ကို စဉ်းစားလိုက်မိသည်နှင့် တောင်ကုန်း ထက်သို့ အပြေးအလွှား ပြန်တက်တော့သည်။

'ဦးလေး....ဘယ်သွားမလို့လဲ'

ယိုလန်က အော်ဟစ်မေးလိုက်၏။

တုံကျင်းဖုက ပြန်မဖြေချေ။ တောင်ကုန်းထက်သို့သာ ပြန်လည် ပြေးလွှားနေသည်။

တောင်ကုန်းထိပ်တွင် မြူနှင်းများ ဝေနေသဖြင့် မှုန်မှိုင်းနေသည်။

တုံကျင်းဖုသည် အလွန်ခံပြင်းနေ၏။

'ဟေ့ လူ....ခင်ဗျားအကြံ ဒါအကုန်ပဲလား၊ ခင်ဗျား သတ္တိရှိတယ် မဟုတ်လား၊ ထွက်ခဲ့စမ်းပါ'

တုံကျင်းဖုသည် ကျောက်တုံးကြီးနောက်ကွယ်သို့ကြည့်၍ ပြောလိုက်သည်။

ထိုအခါ ကျောက်တုံးကြီးနောက်ကွယ်မှမျက်နှာခေါင်းစွပ် အနက် စွပ်ထားသူ လူတစ်ယောက် ထွက်လာသည်။ ခေါင်းစွပ် အတွင်း မျက်လုံးပေါက်နှစ်ပေါက်မှ မျက်လုံးများမှာ တဝင်းဝင်း တောက်ပနေသည်။

ထိုလူက....



'မင်းကိုယ် မင်း တော်တော် ဉာဏ်ကောင်းတယ်လို့ ထင်မှာပေါ့ ဟုတ်လား၊ ကဲ မင်း ဘာပြောချင်လို့ ဒီတောင်ကုန်းပေါ် ပြန်တက်လာတာလဲ'

တုံကျင်းဖုက....

'ခင်ဗျား ဘယ်သူလဲ'

ခေါင်းစွပ်အနက်နှင့်လူက ရယ်မောလိုက်၏။

'ငါ ဘယ်သူလဲ၊ ဟား....ဟား....ဟား'

ထိုလူသည် လှောင်ရယ် ရယ်နေလေ၏။

တုံကျင်းဖုက အေးစက်စွာ မေးလိုက်၏။

'ခင်ဗျား ဘယ်သူလဲ၊ ကျုပ်သိချင်တယ်'

'ငါ ဘယ်သူလဲဆိုတာကို မင်းပြောနိုင်မယ်ဆိုရင် ငါ့ကိုယ်ငါ သတ်သေလိုက်မယ်၊ အဲဒါ တကယ်ပြောတာကွ'

တုံကျင်းဖုမှာ ထိုလူ မည်သူဖြစ်သည်ကို လုံးဝ မခန့်မှန်းနိုင်ချေ။

ထို့ကြောင့် ပါးစပ်ပိတ်ထားလေ၏။

ထိုအခါ ခေါင်းစွပ်အနက်နှင့်လူက....

'မင်း မပြောနိုင်ဘူး မဟုတ်လား၊ ငါလဲ မပြောနိုင်ဘူး၊ ကဲ ငါ့မှာ အချိန်မရှိဘူး၊ ငါသွားတော့မယ်'

သူသည် ရယ်မောရင်း ပြေးထွက်သွားလေ၏။ မြူနှင်းများ အကြား၌ သူသည် လျင်မြန်စွာ ပျောက်ကွယ်သွားသည်။ ရယ်သံသာ ကျန်ရစ်ခဲ့လေ၏။

တုံကျင်းဖုသည် ထိုလူအား သိုင်းပညာနှင့် မနိုင်နိုင်သည်ကို သိသည်။

ထိုသူက မိမိအား နှုတ်မဆက်သွားသည်ကိုလည်း အံ့ဩနေမိသည်။

သူသည် ထိုလူ ပြေးဝင်သွားသော မြူနှင်းများထဲသို့ ကြည့်နေမိ၏။

'အော....ပြေး....ပြေး၊ ငါသေရင် သေ၊ မသေရင် မင်းဘယ်သူလဲဆိုတာ မသိ သိအောင် ငါဖော်ထုတ်သွားမယ်'

သူသည် ဤသို့ပင် သန္နိဋ္ဌာန် ချလိုက်လေသည်။

....o....

အခန်း (၂၈)

## ရှောင်လင်ကျောင်းထိုင် ဆရာတော်

ကျင်းကျားလင်သည် တောင်းကုန်းပေါ် ပြေးတက်လာပြီး ကြည့်လိုက်သောအခါ စိတ်ပျက်စွာ ခေါင်းငုံ့ရပ်နေသော တုံ ကျင်းဖုအား တွေ့လိုက်ရလေသည်။

သူသည် ရှေ့သို့ ချဉ်းကပ်ပြီး မေးလိုက်သည်။

'ဦးလေး....ရယ်သံသံ့ သဲ့ ကြားလိုက်တယ်၊ ဒီလူ ဘယ်သူလဲ ဆိုတာ ဦးလေး မသိဘူးလား'

တုံကျင်းဖုံသည် သိုင်းလောကၡ ကျင်လည်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်မျှ ရှိလေပြီ။

သူသည် ယခုကဲ့သို့ စိတ်ပျက်ခြင်း တစ်ကြိမ်တစ်ခါမျှ မကြုံဖူးခဲ့ပေ။

သူသည် စိတ်မာတင်းကျစွာ ခေါင်းယမ်းပြလိုက်သည်။

'ဒီလူဟာ သိုင်းပညာမှာ တစ်ဘက်ကမ်းခတ် တော်လှတယ်၊ ငါ့ကို သတ်မယ်ဆိုရင်တောင် သတ်သွားနိုင်တယ်၊ ဒီလူဟာ ဉာဏ်နီဉာဏ်နက်လဲ များလှတယ်၊ ကောက်ကျစ်စဉ်းလဲတယ်၊ မြေခွေးက အဘလို့ ခေါ်ရလောက်တဲ့ လူဖြစ်တယ်၊ သူ့ရဲ့ အကျင့်စရိုက်တွေကို ငါသိတယ်၊ ဒါပေမယ့် သူ ဘယ်သူလဲ ဆိုတာတော့ ငါမသိပါဘူး'

ကျင်းကျားလင်က....

'နဂါး အာမခံပိုင်ရှင် စီးကျန်ဟာ တို့ဟုတ်အဖြစ် ဟန်ဆောင်တဲ့လူ မဟုတ်ဘူးဆိုတာကို ကျွန်တော် ရိပ်မိပါတယ်၊ အခုပြေးသွားတဲ့လူဟာ တို့ဟုတ်အဖြစ် ဟန်ဆောင်တဲ့လူများ ဖြစ်နေမလား၊ သူသာ တို့ဟုတ်ဖြစ်နေရင်တော့ ဖေဖေဟာ....'

သူသည် စကား ဆက်မပြောဖြစ်တော့ချေ။

သူ့အဖေ အန္တရာယ်ကို သူ တွေ့သွားချေပြီ။

တုံကျင်းဖုသည် သူ့ကိုယ်သူ မာန်သွင်းလိုက်သည်။

အန္တရာယ်များကို ရင်ဆိုင်မည်။

သိုင်းသမားများ ဖြစ်စေ၊ လူသာမန်ဖြစ်စေ တစ်သက်တွင် တစ်ခါသာ သေဆုံးရစမြဲ ဖြစ်သည်။

နှစ်ခါ သေစမြဲ မရှိချေ။



တုံကျင်းဖုက....

'ကျင်းကျားလင် မစိုးရိမ်ပါနဲ့၊ ငါ့အထင်ပြောရရင် 'မင်းအဖေဟာ ဒီကနေ့ မွန်းတည့်ချိန်အထိ ဘာမှ မဖြစ်နိုင်ဘူး၊ ငါတို့ ခေါင်းအေးအေးထားပြီး ဒီပြဿနာကို ရင်ဆိုင်ကြမယ်'

ထိုအချိန်တွင် ယိုမိန်နှင့် ယိုလန်တို့ ရောက်ရှိ လာကြလေသည်။

သူတို့သည် မေးမြန်းရန် ပါးစပ်ပြင်လိုက်ကြ၏။

တုံကျင်းဖုက လက်ကာ ပြလိုက်သည်။

'ဘာမှ မမေးကြနဲ့တော့၊ နောက်ကျမှ ရှင်းပြမယ်'

သူတို့အားလုံး တောင်ကုန်းပေါ်မှ ဆင်းလာကြလေသည်။

တုံကျင်းဖုတို့လေးယောက် တောင်ကုန်းပေါ်မှ ဆင်းသွားပြီးနောက် မကြာမီ ကျောက်တုံးပေါ်သို့ မျက်နှာခေါင်းစွပ်နှင့်လူသည် တိတ်တဆိတ် ပြန်လည် ရောက်ရှိ လာပြန်သည်။

သူသည် လဲကျနေသော အလောင်းထဲမှ မျက်နှာတုကို ကောက်ယူပြီး အင်္ကျီအိတ်ထဲသို့ သေချာစွာ ကောက်ထည့်လိုက်သည်။

'ဟား...ဟား....ဟား....ငါကြံရင် ဘာခံနိုင်ဦးမှာလဲ'

သူသည် တဟားဟားဖြင့် ကြုံးဝါးရင်း ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

ထိုမျက်နှာခေါင်းစွပ်နှင့်လူ ထွက်ခွာသွားပြီး မကြာမီပင် ထိုလူ၏ အဆင်အပြင်မျိုးဖြင့် လူတစ်ယောက် ရောက်ရှိလာပြန်သည်။

ထိုသူသည် မျက်နှာခေါင်းစွပ်ကို တပ်ဆင်ထားသည်။

အကယ်၍ ထိုသူသာ ခန္ဓာကိုယ်ချင်း ခပ်ဆင်ဆင် ဖြစ်နေပါက ပထမာကို ဒုတိယလူဟု ပြောမည်ဖြစ်ပြီး ဒုတိယလူကိုလည်း ပထမလူဟု ပြောမည်သာ ဖြစ်ပေသည်။

ထိုသူသည် ကျောက်တုံးပေါ်၌ မားမားမတ်မတ် ရပ်နေပြီးနောက် အဝေးသို့ ရောက်ရှိသွားသည့် ပထမမျက်နှာ ခေါင်းစွပ်နှင့်လူ၏ နောက်ကျောကို ငေးကြည့်နေသည်။

ထို့နောက် ကောက်ကျစ်စွာ ပြုံးလိုက်သည်။

'ဟင်း....ဟင်း....ဟဗ်း....လုပ်ကြ လုပ်ကြ၊ မင်းတို့အပင်ပန်းခံပြီး လုပ်ကြ၊ ငါက ကြားက အချောင်ဝင်ယူလိုက်ရုံပဲ'

သူသည် သဘောကျစွာ ရယ်လိုက်၏။

ထို့နောက် ခေါင်းတဆတ်ဆတ် ညိတ်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးအား စိတ်ချမ်းမြည့်စွာ ကြည့်လိုက်သည်။

အစစအရာရာ လုပ်ငန်းစဉ် ချောမွေ့နေသူ တစ်ဦးအဖို့ အမှန်တကယ်ပင် စိတ်ချမ်းမြေ့နေပေမည်။

ထို့နောက် ထိုတောင်ကုန်းပေါ်မှ အေးဆေးစွာ ထွက်ခွာသွားတော့သည်။

နံနက်ခင်း၏ လေပြည်လေညင်းကား တသွင်သွင် တိုက်ခတ်လာလေ၏။

မြူနှင်းများလည်း ပြယ်သွားလေပြီ။

....o....



အရုဏ်ဦး နေရောင်ခြည်သည် လန်းဆန်း တက်ကြွလှ၏။

ကျင်းကျားခြံဝင်းသည် တစ်ညလုံး တုန်လှုပ် ချောက်ချားဘွယ်ရာ အဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီးနောက် ယနေ့သည် မဟာမိတ် ခေါင်းဆောင်ကြီး၏ မွေးနေ့မင်္ဂလာ ဖြစ်သဖြင့် မိုးလင်းလာသည်နှင့် ခြံဝင်းတစ်ခုလုံးမှာ လှုပ်လှုပ်ရှရှဖြင့် စည်ကားနေလေသည်။

အိမ်တော်ထိန်း တိုဟုတို ပျောက်ဆုံးသွားပြီ ဖြစ်သောကြောင့် ဧည့်သည်တော်များအား စနစ်တကျ ဧည့်ခံစေနိုန် ကျင်းကျားယံက တာဝန်ယူရလေသည်။

ဤသို့ လှုပ်လှုပ်ရှရှပြင်ဆင်နေစဉ် ခြံဝင်းအဝသို့ ဘုန်းတော်ကြီးတစ်ပါး ဆိုက်ရောက်လာ၏။

ထိုဘုန်းကြီးမှာ အခြားသူ မဟုတ်ပေ။

သိုင်းလောက၏ မီးရှူးတန်ဆောင် ရှောင်လင် ကျောင်းတော်၏ ဆရာတော် တင်းအိဖြစ်သည်။

တင်းအိ ဆရာတော် ဖုန်အလိမ်းလိမ်းနှင့် ဖြစ်နေသည်။

ညစ်ပတ် ပေရေနေသည်။

ဆရာတော်မှာ ရှည်လျားလှသော ခရီးရှည်ကြီးကို ဖြတ်သန်းလာရသဖြင့် ဤသို့ ညစ်ပေနေခြင်းဖြစ်သည်။

ဝေးလံလှသောခရီးမှ ရောက်ရှိလာခြင်းဖြစ်၍ ခြံဝင်းဝသို့ တင်းအိဆရာတော် ရောက်ပြီဆိုသည့် သတင်းကို ကြားလျှင်ကြားချင်း ကျင်းကျားယံသည် ကမန်းကတန်း ကြိုဆိုရန် ထိုက်ခန်းတွင်းမှ ပြေးထွက် လာလေတော့သည်။

ကျင်းကျားပါသည် ဆရာတော်အား ပင့်ဆောင်သွားလေသည်။

ညှိသည်တော် သိုင်းသမားများသည် ဆရာတော်အား တွေ့ဆုံရန် အလျိုလျို ရောက်ရှိသွားကြ၏။

သူတို့သည် ညတုန်းက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို တစ်ယောက်တစ်ပေါက် ပြောဆိုကြသည်။

ဝမ်ရှင်းဆရာတော် ပျံလွန်တော်မူသွားသည့် သတင်းကို ကြားလိုက်ရသောအခါ ဆရာတော်သည် ပုထုဇဉ်ဖြစ်သည့်အားလျော်စွာ စိတ်ထိခိုက်သွားလေသည်။

တုံကျင်းဖုံသည် ရှောင်လင်ကျောင်းထိုင် ဆရာတော် ကိုယ်တော်တိုင် ရောက်ရှိလာသည်ဟု ကြားသိရသောအခါ အပြေးအလွှား ရောက်ရှိလာလေ၏။

သူသည် ဆရာတော်အား ဦးညွှတ်ရှိခိုးပြီး....

'ဆရာတော် ခရီးပန်းလာပါဘယ်၊ အနောက်ဘက် အဆောင်မှာ ခေတ္တ အနားယူပါ ဘုရား၊ မွေးနေ့မင်္ဂလာက မွန်းတည့်မှာ ကျင်းပမှာဆိုတော့ မွန်းမတည့်ခင် အချိန်အထိတော့ ဆရာတော် အနားယူလို့ ရပါသေးတယ်'

သူသည် ဆရာတော်အား အနောက်ဘက် အဆောင်ရှိရာသို့ ခေါ်ပင့်သွား၏။

သူသည် သီးသန့်အခန်းထဲသို့ ရောက်သောအပါ သီးသန့်ခန်းတံခါးကို ပိတ်လိုက်သည်။



တင်းအိဆရာတော်က...

'ဒကာကြီးမှာ အရေးကြီးတဲ့စကား ပြောစရာရှိနေပြီနဲ့ တူတယ်'

တုံကျင်းဖုက လက်အုပ်ချီ၍ လျှောက်တင် လိုက်လေတော့သည်။

'မှန်ပါဘုရား....'

တင်းအိဆရာတော်က....

'ဒကာကြီး မလျှောက်စရာရှိရင် လျှောက်ပါ'

'ဝမ်ရှင်းဆရာတော် ပျံလွန်တော်မူသွားပါပြီ၊ သူ့မှာ ပါလာတဲ့ ဗျိုင်းဖြူသိုင်းကျမ်းလဲ အလုခံလိုက်ရတယ်ဘုရား၊ အဲဒီအကြောင်း သိုင်းသမားတွေ မသိစေချင်လို့ ဆရာတော်ကို ဒီမှာ ခေါ်ပြီး လျှောက်တင်ရတာပါ'

တင်းအိဆရာတော်သည် ဆက်ပြင်းချလိုက်လေ၏။

'ဒီလိုဖြစ်လိမ့်မယ်လို့ ကျုပ်ထင်ပြီးသားပါ၊ ဒါပေမယ့်.... ဝမ်ရှင်းဆရာတော် သေတဲ့အထိတော့ ဖြစ်မယ်မထင်ဘူး'

တုံကျင်းဖုက....

'ဆရာတော်က ဗျိုင်းဖြူ သိုင်းကျမ်းကို လုလိမ့်မယ်လို့ တွေးထင်ထားတယ်ပေါ့'

'ဟုတ်တယ်၊ ကျုပ်တွေးထားတယ်၊ ဝမ်ရှင်း ဆရာတော် ပျံလွန်တာကတော့ နာလှတယ်၊ ကျုပ်အသည်းထဲမှာ တဆတ်ဆတ် နာနေတယ်'

တုံကျင်းဖုက မေးလိုက်၏။

'ဗျိုင်းဖြူသိုင်းကျမ်း အလုခံရမယ်ဆိုတာကို ဆရာတော်က ဘယ်လိုလုပ် ကြိုသိနေတာလဲ ဘုရား....'

တင်းအိ ဆရာတော်က အနည်းငယ် စဉ်းစားလိုက်လေသည်။

စဉ်းစားပြီးမှ....

'ကျုပ်ပြောမယ့်စကားကို ဒကာကြီး ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးနိုင်မလား'

တုံကျင်းဖုက ခေါင်းညိတ်လိုက်သည်။

'ဒီအတွက် စိတ်ချပါဘုရား၊ တပည့်တော်ကို မယုံရင်လဲ မပြောပါနဲ့'

တင်းအိဆရာတော်က...

'အထင်မလွဲပါနဲ့ ဒကာကြီး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်ကြိုတင် ခန့်မှန်းမိပါတယ်၊ ဒါကြောင့် ဝမ်ရင်းဆရာတော်ကို ပစ္စည်းပေးပြီး အရင်လာခိုင်းတာ၊ ဒါဟာ တစ်ဘက် ရန်သူကို အာရုံလှည့်စားလိုက်တဲ့ သဘောပဲ'

တုံကျင်းဖု အံ့အားသင့်သွား၏။

'ဒီလိုဆိုရင် ဝါးကျည်တောက်ထဲမှာ ဗျိုင်းဖြူသိုင်းကျမ်း မပါလာဘူးပေါ့'

တင်းအိဆရာတော်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒီလိုပါ....ဝါးကျည်တောက်ထဲမှာ စာတစ်စောင် ရေးပြီး ထည့်ထားပါတယ်၊ စာထဲမှာတော့ အကျိုးအကြောင်း ရှင်းပြပြီး ဗျိုင်းဖြူသိုင်းကျမ်းကို ကျုပ်ကိုယ်တိုင် ယူလာပါမယ်လို့ ရေးထားပါတယ်'



'ဟာ....ဒါဆိုရင် ဝါးကျည်တောက်ကို လုသွားတဲ့ လူဟာ ဗျိုင်းဖြူသိုင်းကျမ်းကို ဆရာတော် ယူလာမယ်ဆိုတာ သိသွားမှာပေါ့၊ ဆရာတော်ဥစ္စာ ရှေ့ဖွင့် နောက်ဖွင့်ကြီးပဲ'

'ကျုပ်လဲ ဒါလောက် ဖြစ်လာလိမ့်မယ်လို့ မထင်မိဘူးလေ၊ ဒီရောက်တော့ ဆိုးဆိုးဝါးဝါးဖြစ်နေတာကို တွေ့ရတာ'

'အခု ဆရာတော် ဘာဆက်လုပ်မယ်လို့ ရည်ရွယ်ထားပါသလဲ ဘုရား'

တင်းအိဆရာတော်က ဖြတ်သားစွာ ပြောလိုက်သည်။

'ရှီသမျှ အားအင်ကို သုံးမယ်၊ ဝမ်ရင် ဆရာတော်ကိုသတ်တဲ့ တရားခံကို မမိ မိအောင်ဖမ်းမယ်'

'ဒါနဲ့ ဗျိုင်းဖြူသိုင်းကျမ်းတော့ ဆရာတော်ဆီမှာ ပါလာတယ် မဟုတ်လား ဘုရား'

တင်းအိဆရာတော်က ခေါင်းတဆတ်ဆတ်ညိတ်၏။

'ဗျိုင်းဖြူသိုင်းကျမ်းကို ကျုပ်က ကျင်းဝေရင်ကို မပေး မဖြစ် ပေးရတော့မှာပဲ'

'ဘာဖြစ်လို့ မပေးမဖြစ် ပေးရမှာလဲ ဘုရား'

'ကျုပ်က ပေးမယ်လို့ ကတိပေးထားလို့ပါ'

ဆရာတော်သည် သက်ပြင်းချရင်း ဆက်ပြောလေ၏။

'ကျင်းဝေရင်ဟာ အစုံအလင် မရှိတော့တဲ့ ဗျိုင်းဖြူသိုင်းကျမ်းကို ဘာကြောင့် တောင်းနေသလဲဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့မရဘူး'

တုံကျင်းဖုက အနည်းငယ်စဉ်းစားပြီး....

'တပည့်တော် စိတ်ထင်တော့ ဗျိုင်းဖြူသိုင်းကျမ်း ကိုးကျမ်းစလုံးဟာ ဒီကျောင်းကျွားခြံဝင်းထဲ ရောက်နေပြီလို့ ထင်ပါတယ် ဘုရား'

တင်းအီဆရာတော်က....

'ဒါဆိုရင် ကျောင်းဝေရင် သိရမှာပေါ့'

တုံကျင်းဖုက....

'ကျောင်းဝေရင်ဟာ အလွန်မှန်ကန်ဖြောင့်မတ်သူပါ၊ သဘောထား ပွင့်လင်းတဲ့လူပါ၊ နောက်ပြီး သူဟာ အသက်လဲ ကြီးပါပြီ၊ သူ့အဖို့ ဒီဗျိုင်းဖြူသိုင်းကျမ်းတွေဟာ အသုံးဝင်တော့မယ့် အရာတွေ မဟုတ်ပါဘူး'

တင်းအီဆရာတော်က စဉ်းစဉ်းစားစားဖြင့် ခေါင်းညိတ်၏။

'အင်း ဒါလဲ ဟုတ်တာပဲ'

တုံကျင်းဖုက လျှောက်ထားလိုက်၏။

'တပည့်တော်ရဲ့ စိတ်ထဲမှာ ဒီခြံဝင်းနောက်ကွယ်ကနေပြီး ကြိုးကိုင်ကြံစည်နေတဲ့ လူတစ်ယောက် ရှိလိမ့်မယ်လို့ ထင်မိပါတယ် ဘုရား'

တင်အီ ဆရာတော်မှာ ထိုစကားကို ကြားသောအခါ မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။

'ဘာကြောင့်လဲ ဒီလောက်ထိ ကျယ်ပြန့်လာတဲ့ ကိစ္စဆိုတော့ ...'

'ဒကာကြီး ဒီလောက်ဆိုတာ ကျုပ်ထက်စောပါတယ်၊ သိထားမြင်ထားတာတွေလဲ ကျုပ်ထက် များလိမ့်မယ်၊ ဘာတွေများ တွေ့ထားသလဲ'

တုံကျင်းဖုသည် ခြံဝင်းထဲ၌ ဖြစ်ပျက်ခဲ့သည်များကို အသေးစိတ် ပြောပြလိုက်လေတော့၏။



'ဒကာယ်လို့ ဒီကိစ္စမှာ ကျောင်းဝေရင်ကိုယ်တိုင် ဖြစ်နေရင် ဗျိုင်းဖြူသိုင်းကျမ်းကို ဆရာတော်ယူလာမယ်ဆိုတာ သိနေမှာ တော့ ဝမ်ရင်းဆရာတော်ကို အသေလုပ်ကြံမှာ မဟုတ်ပါဘူး'

တင်းအီဆရာတော်က ခေါင်းညိတ်၏။

'ဒါ ဟုတ်တယ်'

တုံကျင်းဖုက

'တပည့်တော်မှာ နားမလည်နိုင်တဲ့ သံသယနှစ်ခု ရှိပါတယ် ဘုရား'

'ဘာများလဲ ဒကာကြီး'

'ပထမချက်က မီးနဂါးကို လူပုံအလယ်မှာ သတ်သိုက်ပေမယ့် လူသတ်ကောင်ကို ဘယ်သူမှမမြင်ရဘူး၊ မီးနဂါး ဟောင်အိပိန်ကိုသတ်တာ ဘယ်လိုရည်ရွယ်ချက်ရှိလို့လဲ၊ ဒါမှမဟုတ် ဟောင်အိပိန်မှာလည်း ဗျိုင်းဖြူသိုင်းကျမ်း ရှိနေလို့လား၊ ဒါမှမဟုတ် ဗျိုင်းဖြူသိုင်းကျမ်း ရှိနေတဲ့လူတွေအားလုံးကို အသေသတ်မယ်လို့ သူကြံထားသလား'

သူက ဆက်ပြောသည်။

'ဒုတိယအချက်က မီးနဂါး၊ ဟောင်အိပိန်နဲ့ ကျောင်းဝေရင်ဟာ ရန်ငြိုးရှိခဲ့လို့လား၊ ဟောင်အိပိန်က လက်စားချေမယ့် အလုပ်မှာ ကျောင်းဝေရင်က လက်ဦးအောင် သတ်လိုက်တာလား'

တုံကျင်းဖုသည် ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'တပည့်တော် တွေးသားတဲ့အချက်တွေဟာ သေသေချာချာ စဉ်းစားကြည့်လိုက်မှ ကြောင်ဂျဲဖြစ်နိုင်တယ်၊ မဖြစ်လဲမဖြစ်နိုင်ပါဘူး'

တင်းအိ ဆရာတော်က စဉ်းစဉ်းစားစားဖြင့် ပြောလေသည်။

'ဒါတွေဟာ ခေါင်းစွပ်နက်နဲ့ အမြေအနေ ရှုပ်ထွေးသွားအောင်လုပ်တဲ့ ရည်ရွယ်ချက်ပဲဖြစ်နိုင်ပါတယ်'

တုံကျင်းဖက ခေါင်းညိတ်သည်။

'အဲဒီလိုလဲ ဖြစ်နိုင်ပါတယ်၊ နောက်တစ်ချက်က ဘက္ကာစိုးတို့ဟုတ်ပဲ၊ တို့ဟုတ်ဟာ ခေါင်းစွပ်နက် ဘယ်လိုမှမဖြစ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မီးတွေငြိမ်းသွားအောင် လုပ်တဲ့အချိန်မှာ တို့ဟုတ်ဟာ သွေးကြောပိတ် ခံနေရလို့ပဲ၊ တစ်ချိန်တည်းမှာပဲ မီးနဂါး ဟောင်အိပ်နဲ့လဲ အသတ်ခံရတယ်၊ အဲဒါကြောင့် ဟောင်အိပ်နဲ့ကို သတ်တဲ့လူဟာ တို့ဟုတ်မဖြစ်နိုင်ဘူး၊ တို့ဟုတ်က ခေါင်းစွပ်နက်လဲ မဖြစ်နိုင်ဘူး'

တင်းအိဆရာတော်သည် တုံကျင်းဖုပြောသည့် စကားများကို သေချာစွာ နားထောင်နေ၏။

တုံကျင်းဖုက...

'နောက်တစ်ချက်က ဂိုဏ်းချုပ်ကြီး ချင်ကျင်းကျူကို တစ်ယောက်ယောက်က အခန်းထဲကို လိမ်ပြီး ခေါ်သွားတယ်၊ ဒါပေမယ့် အဲဒီအချိန်မှာလဲ ကျင်းကျွားယီဟာ ဖာရှေ့ဆောင်က ညြှိခန်းထဲမှာ ရှိနေခဲ့တယ်၊ ဒါကြောင့် ကျင်းကျွားယီနှစ်ယောက် ဖြစ်နေတဲ့သဘောပဲ၊ နောက်တော့ တပည့်တော်တို့ရဲ့ ကျင်းကျွားခြံဝင်းရဲ့ အနောက်ဘက် တောင်ကုန်းပေါ်မှာ ခေါင်းစွပ်နက်နဲ့ တိုက်ခိုက်ကြပါတယ်၊ အဲဒီတိုက်ပွဲထဲမှာ တစ်ယောက်ယောက်က နဂါးအာမခံဌာနက စီးကျွန်ကို မျက်နှာဖုံးတပ်ပေးလိုက်တယ်၊ အဲဒီမျက်နှာဖုံးဟာ တို့ဟုတ်ရဲ့ မျက်နှာပဲ'

တင်းအိ ဆရာတော်မှာ ဘာမျှဝင်မပြောပေ။

တုံကျင်းဖုက ဆက်ပြော၏။

'ဒါကြောင့် ဒီအခန်းထဲမှာ ကျင်းကျွားယီနှစ်ယောက် ဖြစ်နေတယ်၊ ဒီလိုပဲ တို့ဟုတ်ဟာလဲ တစ်ယောက်တည်း မဟုတ်တော့ဘူး၊ ဘယ်သူ အစစ်လဲ၊ ဘယ်သူ အတုလဲ'

ဤမေးခွန်းများကို မျက်နှာဖုံးစ်ပွဲထောင် ချီပုကသာ ဖြေဆိုနိုင်ပါလိမ့်မည်။

လူမျက်နှာအစစ်နှင့် ခွဲခြားမရအောင်တူသော မျက်နှာဖုံးများကို ပြုလုပ်နိုင်သောသူဆို၍ သူတစ်ယောက်တည်းသာရှိလေသည်။

သို့သော်....

ချီပုအား ယမန်နေ့ညက တွေ့ပြီးနောက် လုံးဝမတွေ့ရတော့ပေ။

အခြားမျက်နှာဖုံးဖြင့် ဤခြံထဲ၌ ရောနှော နေထိုင်ပေတော့မည်။

သူတို့ ယခု ပျော်နေ ပြောဆိုနေစဉ် ကျုပ်းကျား လင်သည် ဘဏ္ဍာစိုးတို့ ဟုတ်အား လိုက်လံရှာဖွေနေတော့၏။

သို့သော် ...

သူသည် ခြံဝင်းတစ်ခုလုံး နေရာအနှံ့ လိုက်လံရှာဖွေသော်လည်း ဘဏ္ဍာစိုးတို့ဟုတ်အား ရှာဖွေမတွေ့တော့ချေ။

....၀....

## အခန်း (၂၉)

### ပေါင်းဆောင်ကြီး၏ရာဇဝင်

ပေါင်းဆောင်ကြီး၊ ကျင်းဝေရင်၏မွေးနေ့ ကျရောက်သောနေ့ဖြစ်သည်။

ထိုနေ့တွင် တင်းအိဆရာတော်သာမက သိုင်းအဖွဲ့ပေါင်းစုံမှ ကိုယ်စားလှယ်ကြီးငယ်မျိုးစုံတို့ ရောက်ရှိလာကြ၏။

ဟန်စန်းဂိုဏ်း၏ ဂိုဏ်းချုပ် မိုးကြိုးလက်မှန်ယုသည် ဂိုဏ်းသားရှစ်ဦးတို့ ဦးဆောင် ရောက်ရှိလာသည်။

တပည့်ရှစ်ဦးတွင် ကျား၊ မမျိုးစုံ ပါဝင်သည်။ မှန်ယု၏ တပည့်မ လိပ်ပြာမ ... နှစ်လက်ယိုယုနှင့် ဟယ်သာဝေး ဖုန်ရှောက်ချင်းတို့လည်း ပါဝင်ကြသည်။

မကြာမီ...

ဧည့်သည်တော်များ တစ်ဖွဲ့ဖွဲ့ရောက်လာကြရာ သိုင်းသမား ဧည့်သည်သုံးရာခန့်မျှ ဖြစ်သွားလေ၏။ မနက်စောစောက မကျေမနပ်ဖြစ်၍ ပြန်သွားသော သိုင်းသမားတစ်ရာခန့်သာ ဤခြံထဲ၌ ရှိနေလျှင် သိုင်းသမား ဧည့်သည် လေးရာကျော်မျှ ရှိသွားပေမည်။

ဧည့်သည်များသည် အချင်းချင်း မတွေ့ရသည်မှာ ကြာပြီဖြစ်သည့် အပေါင်းအသင်း ပေါင်းများ တွေ့ကြသောအခါ ဝမ်းသာအယ်လဲ နှုတ်ဆက်ကြသဖြင့် နှုတ်ဆက်သံများဖြင့် ဆူညံနေသည်။

သိုင်းပွဲတော်ကြီးတစ်ခု ကျင်းပသည့်အလား လူစုံတက်စုံဖြစ်နေသဖြင့် ပျော်ရွှင်စရာကြီးလို ဖြစ်နေသည်။

ပထမ ရောက်နေသည့် သိုင်းသမားများကတော့ မပျော်နိုင်ကြပေ။

သူတို့၏ မျက်နှာများတွင် စိုးရိမ်နေသည့် အရိပ်အယောင်များ ယှက်သန်းနေကြသည်။

ဆူညံစွာ နှုတ်ဆက်နေကြသော သိုင်းသမားများမှာ ကျင်းကျားခြံဝင်း၌ ဖြစ်ပေါ်နေသော အခြေအနေများကို မသိသူများ ဖြစ်သည်။

သူတို့သည် ယနေ့မှ ရောက်သူများဖြစ်၍ မိတ်ဆွေဟောင်းများကိုသာ နှုတ်ဆက်နေကြသည်။



ဤသို့ဖြင့်....

မွန်းတည့်လုလု အချိန်သို့ ရောက်ရှိလာလေ၏။ ဧည့်သည်ဟောင်းများမှာ ခေါင်းဆောင်ကြီး ကျင်းဝေရစ်ကို တကယ်ပဲတွေ့ရမည်လား။ အပြောပဲလားဆိုသည်ကို စောင့်ကြည့်ချင်စိတ်ဖြည့်သိပ်လာကြလေ၏။

ကိုဆိုဧည့်ခံရန် တာဝန်ရှိသည့် လူများသည် ဧည့်သည်တော်များအား အရှေ့ခန်းမဆောင်ကြီးသို့ ဖိတ်ခေါ်လာလေတော့သည်။

ပထမရောက်နှင့်ပြီးသည့် ဧည့်သည်တော်များလည်း ရောက်နှင့်နေကြပြီ။

ဧည့်သည် တော်များသည် အလျိုလျိုဖြင့် လွတ်နေသည့် ထိုင်ခုံများ၌ ဝင်ထိုင်ကြ၏။

ခန်းမကြီး တစ်ခုလုံး ဆူညံနေသည်။

သိုင်းသမားများသည် ဘူ့အုပ်စုနှင့်သူ စကားပြောနေကြသဖြင့် လူသုံးရာမျှရှိသေ ခန်းမကြီးမှာ ကျက်စီကျက်စီဖြင့် ဆူညံနေတော့၏။

သို့ရာတွင် တင်းအိုဆရာတော်၊ ဟုံကျင်းဖုနှင့် မိုးကြိုးလက်မှန်ယုတို့မှာမူ အထူးသီးသန့်စားပွဲတွင် နေရာချထားပေးခြင်းခံရသည်။

တင်းအိုဆရာတော်မှာ သမာဓိဝင်စားနေသကဲ့သို့ မျက်လုံးမှိတ်နေသည်။

မည်သည့်အရာ ကိုမျှ မကြည့်ချေ။

တုံကျင်းဖုမှာလည်း ခေါင်းဆောင်ကြီး ကျင်းဝေရင် ထွက်လာနိုင်သည့်ဘက်သို့သာ ဂရုစိုက် ကြည့်နေကြောင်း တွေ့ရလေသည်။

သူသည် ဧည့်သည်များကို လုံးဝစိတ်မဝင်စားချေ။

မိုးကြီးလက် မှန်ယူသည်သာ ရောက်နေနှင့်ပြီးသောဧည့်သည်များနှင့် ဝင်လာသော ဧည့်သည်များကို စိတ်ဝင်စားစွာ ကြည့်နေသည်။

ဧည့်သည်များသည် ပုံစံအမျိုးမျိုးနှင့်ဖြစ်၍ လွန်စွာ စိတ်ဝင်စားစရာ ကောင်းပေသည်။

တုံကျင်းဖုကတော့ ခန်းမကြီး၏ ခေါင်းရင်း၊ စင်မြင့်ကိုသာ အကဲခတ်နေသည်။

စင်မြင့်ပေါ်တွင် ကုလားထိုင်သုံးလုံး ချထားသည်။ မည်သူများ ထိုင်မည်ကိုမူ မသိချေ။

ပထမဆုံး ထိုင်မည့်သူမှာ ခေါင်းဆောင်ကြီး ကျင်းဝေရင် ဖြစ်လိမ့်မည်ဟု တုံကျင်းဖု တွေးသည်။

ဒုတိယထိုင်မည့်သူမှာ ခေါင်းဆောင်ကြီး၏ဇနီး စိန်ယဉ်ရှား ဖြစ်နိုင်သည်။

တတိယလူကိုတော့ သူမသိချေ။ ထိုတတိယလူသည် မည်သူဖြစ်မည်နည်း။

တုံကျင်းဖုသည် ကုလားထိုင်များကို ကြည့်ရင်း တွေးတောနေလေသည်။

မှန်းထားသည့်ချိန်တွင် အခန်းနားမှူးက ကြေညာလိုက်သည်၊



'မဟာမိတ်ခေါင်းဆောင်ကြီး ကြွလာပါပြီခင်ဗျား ...'

ဧည့်သည်တော်များသည် ချက်ချင်း ငြိမ်သက်သွားကြလေသည်။

သူတို့၏ မျက်လုံးများသည် ခေါင်းရင်းရှိ စင်မြင့်ဆီသို့ရောက်ရှိသွားလေသည်။

တံခါးပေါက် ပွင့်သွားသည်။ ကာရံထားသည့် လိုက်ကာသည် ဘေးသို့ ဖယ်ရှားသွားသည်။

ခေါင်းဆောင်ကြီး ကျင်းဝေရင်အား လူတစ်ယောက်က တွဲခေါ်လာသည်။

တုံကျင်းဖုသည် ထိုတွဲခေါ်လာသူကို မြင်သောအခါ အံ့အားကြီး သင့်သွားလေ၏၊

တွဲခေါ်လာသူကား တိုဟုတ်တည်း။

ကျင်းကျားလင်သည် တိုဟုတ်ကို လိုက်ရှာနေသူ ဖြစ်၏။ သူသည် ကျင်းကျားခြံဝင်းအတွင်း မည်သည့်နေရာ၌မျှ တိုဟုတ်ကို မတွေ့ခဲ့ချေ။

ယခု အရေးကြီးသည့်အချိန်မှ တိုဟုတ်ကို တွေ့ရလေပြီ။ ကျင်းကျားလင်သည် ဖြုန်းခနဲ ထလိုက်၏။

တုံကျင်းဖုက တီးတိုး သတိပေးလေ၏။

'ကျင်းကျားလင် သတိထားပါ၊ သူ့အခြေအနေကို စောင့်ကြည့်ရမယ်၊ မင်း ထကြွမ်းလိုက်ရင် သူ ဘာကြံစည်ထားသလဲ ဆိုတာ ငါတို့ သိရတော့မှာ မဟုတ်ဘူး'

ကျင်းကျားလင်သည် ဒေါသကို ချုပ်တည်းလျက် ပြန်ထိုင်လိုက်၏။

တိုတောင်းလှသော အချိန်ကာလ အတွင်း ကျော်ကြား ဂေဟာသခင် မဟာမိတ်ခေါင်းဆောင်ကြီး ကျင်းဝေရင်သည် အလွန်အိုစာသွားကြောင်း ကျင်းဝေရင်အား တွေ့မြင်ဖူးသူ သိုင်းသမားများက မြင်တွေ့သွားသည်။

ကျင်းဝေရင်၏ ဆံပင်များ၊ မုတ်ဆိတ်မွေးများကား ဆွတ်ဆွတ်ဖြူနေလေပြီ။

မျက်နှာမှာ ပိန်ကျသွား၏။

တစ်ချိန်က သိမ်းငှက်ကုတ်ခြစ်လိုက်သည့် မျက်လုံးများကား ဟောက်ပက်လျက် ရှိနေ၏။

ယခု တက်ရောက်လာသည့် သိုင်းသမားများထဲတွင် လွန်ခဲ့သည့် သုံးနှစ်ခန့်က ဖန်ကျင်းတောင်ကြား တိုက်ပွဲ၌ ဝင်ရောက်တိုက်ခိုက်ခဲ့သော သိုင်းသမားများ ထက်ဝက်ခန့် ပါသည်။ ထိုသိုင်းသမားများသည် ရှေးဟောင်း အဖြစ်အပျက်များကို ပြန်လည်သတိရပြီး ကျင်းဝေရင်အပေါ် အသိုလို ကြည်ညိုလေးစားလာလေ၏။

ကျင်းဝေရင်၏ နောက်တွင် စိန်ယာဥ်ရှား ပါလာသည်။ သူမသည် ဖြည်းညင်းစွာ လျှောက်လာရလေ၏။ သူမသည် ခြေတစ်ဖက် မကောင်းပုံရသည်။

ခေါင်းဆောင်ကြီး ကျင်းဝေရင်သာ အိုစာသည် မဟုတ်။ သူမသည်း အလွန်အိုစာသည်ကို သိုင်းသမားများ တွေ့ရှိရသည်။

တိုဘုတ်သည် ကျင်းဝေရင်အား တွဲခေါ်လာပြီး ကုလားထိုင်၌နေရာချထားပေး၏။



ကျင်းဝေရင်၏ ထိုင်ခုံမှာ ရှေ့ဆုံးမှ ဖြစ်သည်။ သူ့နောက်၌ စိန်ယာဥ်ရှား ထိုင်သည်။

တံကျင်းဖုသည် တတိယထိုင်ခုံအတွက် သခင်ဘာ ပေါက်သွားလေပြီ။

'ညတုန်းက ဖြစ်ပျက်ခဲ့တဲ့ ကိစ္စကို ဂိုဏ်းချုပ်ကြီး သိပါသလား'

ကျင်းဝေရင်း မျက်မှောင်ကုပ်သွားသည်။

'ခင်ဗျား ဘာဖြစ်လို့ ဒီစကားကို လာပြောရတာလဲ၊ ကျုပ်က ခင်ဗျားပြောမယ့် စကားထက် အရေးကြီးတဲ့စကားကို ပြောစရာရှိနေတယ်၊ ခင်ဗျားပြောမယ့်စကားက အသေးအမွှား၊ ကျုပ်ပြောမယ့်စကားက ကြီးကြီးမားမားဗျ...'

ကျင်းဝေရင်၏အသံက အေးစက်နေသည်။

တံကျင်းဖုံ ပါးစပ်ပိတ်သွား၏။

ကျင်းဝေရင်က အရေးကြီးသောစကား ပြောစရာရှိသည်ဟု ဆိုသောအခါ ဧည့်သည်တော်များသည် ကျင်းဝေရင်ထံ သာ အာရုံစူးစိုက်နေကြတော့သည်။

ကျင်းဝေရင်က အသံကိုမြှင့်၍ ပြောလိုက်၏။

'အခု သိုင်းလောကရဲ့ အကျော်အမော်များ၊ ထိပ်သီးများ စုဝေးရောက်ရှိလာတယ်လို့ ထင်ပါတယ်၊ ဒီလို စုစည်းဖို့ကိစ္စဟာ တော်တော်ခက်ခဲတဲ့ ကိစ္စပါ၊ လွန်ခဲ့တဲ့ သုံးနှစ်က ကျုပ်ကို မဟာမိတ် ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့ကြတာကိုလဲ

ကျေးဇူးတင်လို့ မဆုံးပါဘူး၊ အဲဒီအခါမှာ ကျုပ်ဟာ သိုင်းလောကအတွက် ဘာလုပ်ပေးရမလဲလို့ အမြဲစဉ်းစား နေပါတယ်'

သူသည် စကားဆက်၍ ပြောဆိုလိုက်၏။

'ကျုပ်ဟာ မျက်လုံးအလင်းဆုံးရှုံးနေရပေမယ့် သိုင်းလောကသားတွေ ဘယ်လိုအကျိုးရှိမလဲဆိုတာကို အမြဲစဉ်းစားခဲ့တယ်၊ သိုင်းလောကသားတွေက ကျုပ်ကို မဟာမိတ် ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့တယ်၊ အဲဒီကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ သိုင်းလောကကို ကျရောက်မယ့် ကြီးမားတဲ့ အန္တရာယ်တစ်ခုကို လဲ ပပျောက်အောင် ထမ်းဆောင်ပေးပါမယ်'

ညွှန်ပြသည်တော်များသည် သိုင်းလောက၌ ကျရောက်မည့် အန္တရာယ်ဟု ပြောသောအခါ လှုပ်လှုပ်ရွရွ ဖြစ်သွားလေတော့၏။

မည်သည့် အန္တရာယ်နည်း။

ကျောင်းဝေရင်က ထပ်မံပြောလေ၏။

'ကျုပ်က အလကားခြောက်လှန့်ပြီး ပြောဆိုနေတယ်လို့ မထင်ပါနဲ့၊ ညတုန်းက အဖြစ်အပျက်ကို ညွှန်ပြသည်တော်အတော်များများ သိကြပြီးဖြစ်ပါတယ်၊ ဂိုဏ်းချုပ်ကြီး ချင်ကျောင်းကျူ၊ ဝမ်ရှင်းဆရာတော်နဲ့ မိးနဂါး ဟောင်အိနဲ့တို့ အသတ်ခံရပါတယ်၊ ဒါကို ကျုပ်သိပြီးပါပြီ၊ သူတို့ ဘာကြောင့် အသတ်ခံရတယ်ဆိုတာကတော့ အားလုံး သိချင်မှ သိကြပါလိမ့်မယ်'



ညွှန်ပြသည်တော် သိုင်းသမားများသည် ကျောင်းဝေရင်၏စကားကို လွန်စွာ စိတ်ဝင်စားသွားကြ၏။

ယနေ့မှ ရောက်ရှိလာသော သိုင်းသမားများသည် ထို အကြောင်းများကို လုံးဝမသိရှိသောကြောင့် မျက်လုံးများ ပြူးသွားကြသည်။

ကျောင်းဝေရင်က ချောင်းတစ်ချက်ဟန့်ပြီး ဆက်ပြောလေ၏။

'သူတို့ ဘာကြောင့် အသတ်ခံရတယ်ဆိုတာ ညွှန်ပြသည်တော်များ သိရှိကြရဲ့လား'

အားလုံး ငြိမ်သက်နေကြသည်။

ကျောင်းဝေရင်က....

'သူတို့ဟာ ဗျိုင်းဖြူသိုင်းကျမ်းကြောင့် အသတ်ခံကြရတာပဲ'

အားလုံးလိုလို ဟာယ်ခနဲ ဖြစ်သွားကြ၏။

ဤကိစ္စကို ကျောင်းဝေရင် မသိရှိကြဟု ထင်မှတ်ခဲ့ကြသည်။ ယခုမှ ကျောင်းဝေရင် သိရှိနေသည်ကို အားလုံး သိရှိကြတော့သည်။

သိုင်းသမားများသည် မကျေမချမ်း ဖြစ်လာကြသည်။ အချင်းချင်း တီးတိုးတီးတိုး ပြောလာကြသည်။

ဤမျှ သိရှိထားပါလျက် ကျောင်းဝေရင်သည် အဘယ်ကြောင့် ငြိမ်နေရပါသနည်း။

ကျင်းဝေရင်က ဆက်လက်ပြော၏။

'ဗျိုင်းဖြူသိုင်းကျမ်းဟာ သိုင်းလောကသားတိုင်းက အလွန်မက်မောတဲ့ သိုင်းကျမ်းဖြစ်တာ မှန်ပေမယ့် ပြည့်ပြည့်စုံစုံ မရှိတော့တဲ့အတွက် စက္ကူစုတ်လောက်တောင် တန်ဖိုးမရှိတော့ပါဘူး၊ အဲဒီမပြည့်မစုံ ဗျိုင်းဖြူသိုင်းကျမ်း လက်ဝယ်ထားရှိတဲ့လူဟာ အကျိုးမရှိတဲ့အပြင် အသက်အန္တရာယ်ဖြစ်မှာတောင် စိုးရိမ်နေရပါတယ်၊ ဒါကြောင့်...'

သိုင်းသမား ဧည့်သည်များမှာ ကျက်စီ ကျက်စီ ဖြစ်လာကြသည်။

ကျင်းဝေရင်သည် နောက်ဆက်တွဲ စကားကို အော်ဟစ်၍ ပြောဆိုလိုက်သဖြင့် သူ့အသံသည် ဟိန်းထွက်သွားသည်။

'ဗျိုင်းဖြူသိုင်းကျမ်း လက်ဝယ်ရှိတဲ့ ပုဂ္ဂိုလ်အားလုံး ကျုပ်ဆီကို လာအပ်ပါလို့ ကျုပ်တောင်းဆိုပါတယ်'

ဧည့်သည်တော်များမှာ ထိန်းမနိုင် သိမ်းမရ ဖြစ်သွားတော့သည်။

တီကျန်လုံက ဆတ်ခနဲ ဖြစ်သွားပြီး မတ်တတ်ထရပ်လိုက်သည်။

သူက မဲ့ပြုံးပြုံးလိုက်သည်။

'ခေါင်းဆောင်ကြီးရဲ့ စကားက မာကြောလှချည်လား၊ ဘယ်လိုများ ပြောလိုက်တာလဲ'

'ကျုပ်စကားက ဘာများ မာကြောလို့လဲ၊ ဒီလိုမပြောရင် ဘယ်လို ပြောရမလဲ၊ ဗျိုင်းဖြူသိုင်းကျမ်းရှိတဲ့ ပုဂ္ဂိုလ်တွေ ကျုပ်ဆီလာအပ်နှံကြပါ'



'ဘယ်လိုလုပ် အပ်နှံကြမှာလဲ၊ အခု ကြွလာတဲ့ ပုဂ္ဂိုလ်တွေဟာ အသိဉာဏ်မရှိတဲ့ ကလေးငယ်တွေမှမဟုတ်တဲ့၊ ခေါင်းဆောင်ကြီးရဲ့ အကြံဉာဏ်ကို အားလုံးက သိရှိကြမှာပါ'

တီကျန်လုံက ပွင့်လင်းစွာ ပြောလိုက်၏။

သိုင်းကျမ်းအားလုံးကို ကျင်းဝေရင် ရသွားလျှင် ကျင်းဝေရင်သည် သိုင်းလောက ဧကရာဇ် ဖြစ်နိုင်သည် မဟုတ်ပါလော။

ထိုအကြံကို သိုင်းသမားများ သိရှိကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဧည့်သည်သိုင်းသမားများမှာ တီကျန်လုံ၏ ပြောစကားကို လွန်စွာ သဘောကျသွားလေ၏။

ကျင်းဝေရင်သည် တီကျန်လုံ ပြောသည့် စကားကို စိတ်မဆိုးချေ။

ဒေါသမထွက်ချေ။

သူက အေးဆေးစွာ ပြောသည်။

'ခင်ဗျား ပြောချင်ရာကို ပြောပါ၊ ကျုပ်ကလဲ ဂရုမစိုက်ပါဘူး၊ ကျုပ်ကတော့ ပြောတဲ့အတိုင်း ဖြစ်အောင် လုပ်မှာပဲ'

တီကျန်လုံက မဲ့ပြုံးပြုံးလိုက်သည်။

'ခေါင်းဆောင်ကြီးက စကားကို လွယ်လွယ်ပြောလိုက်တာကိုး၊ ဗျိုင်းဖြူသိုင်းကျမ်းရှိတဲ့ ဘယ်ပုဂ္ဂိုလ်မှ ခေါင်းဆောင်ကြီးဆီ အပ်မှာ မဟုတ်ပါဘူး၊ မအပ်ရင်ခေါင်းဆောင်ကြီး အဲဒီ သိုင်းကျမ်းတွေကို ဘယ်လိုရမှာလဲ၊ ခေါင်းဆောင်ကြီး ဘယ်လို ယူနိုင်မှာလဲ'

ကျောင်းဝေရှင်က မဲ့ပြုံးပြုံးလိုက်၏။

'ကျုပ်ပြောလိုက်မယ်၊ ကျုပ်ဆီကို ဂျင်းဖြူ သိုင်းကျမ်း ရောက်မလာသရွေ့ ကအော့ အခု ခန်းမထဲ ကြွရောက် နေတဲ့ ပုဂ္ဂိုလ်များကို တစ်ယောက်မှ ထွက်သွားခွင့်မပြုနိုင်ဘူး'

သူ့စကားကို ကြားသောအခါ ဧည့်သည်တော်များသည် ကြက်သေသေသွား၏။

ထို့နောက် ဒေါသမီးတောင် ပေါက် ကွဲကြလေတော့ သည်။

...ဝ...

## အခန်း (၃၀)

**သိုင်းကျမ်း တောင်းဆိုခြင်း**

ဒေါင်းဆောင်ကြီး ကျောင်းဒဝရှင်၏ စကားများသည် လွင် စွာ နိုင်ထက်စီးနင်း နိုင်လှသည်။

သိုင်းသမားများသည် ဒေါသတကြီးဖြင့် အုပ်စုလိုက် ဒေါသဖြစ်နေကြသည်။

စကားသံများမှာ ခန်းမကြီးတစ်ခုလုံး လျှံတက်လာသည်။

တိကျန့်လုံက အသံကိုမြှင့်၍ အော်လိုက်သည်။

'ဒေါင်းဆောင်ကြီးရဲ့ စကားအရဆိုလျှင် ဂျင်းဖြူ သိုင်းကျမ်းကို ဒေါင်းဆောင်ကြီးအနေနဲ့ ရကို ရ ရမယ်ဆိုပါတော့'

ကျင်းဝေရင်က....

'ကျုပ် ဘယ်တော့မှ စကားနှစ်ခွန်း မပြောဘူး'

တီကျန်လုံက ရယ်မောလိုက်သည်။

တီကျန်လုံ ရယ်မောသည်မှာ ထူးခြား၏။

တီကျန်လုံက....

'ခေါင်းဆောင်ကြီး ကျင်းဝေရင်ကို ကျုပ် စကား တစ်ခွန်းပြောမယ်'

'ပြောပါ...'

'ကျုပ်ဆီမှာလဲ ဗျိုင်းဖြူ သိုင်းကျမ်းတစ်ခု ပါလာပါတယ်၊ အဲဒါ ခေါင်းဆောင်ကြီး ရအောင် ယူနိုင်ပါ့မလား'

ကျင်းဝေရင်သည် မျက်စိ မမြင်နိုင်သော်လည်း တီကျန်လုံအား အထင်သေးသောအကြည့်ဖြင့် ကြည့်လိုက်သည်။

'ခင်ဗျား တီကျန်လုံ မဟုတ်လား'

'ဟုတ်တယ်....'

'တီကျန်လုံဆိုရင် ကျုပ်ကိုယ်တိုင် ယှဉ်ရဲလောက်အောင် အဆင့်ရှိသူ မဟုတ်ဘူး'

တီကျန်လုံ ခံပြင်းသွားသည်။

သို့သော်....

သူသည် ဒေါသကို မျိုသိပ်နိုင်စွမ်းရှိသည်။

သူသည် မဲ့ပြုံး ပြုံးရင်း....

'ခေါင်းဆောင်ကြီးက ဘယ်လိုလုပ်ချင်လို့လဲ'

ကျင်းဝေရင်က သူ့အနီးတွင် ရပ်နေသော ဘဏ္ဍာစိုး တို့ဟုတ်ဘက်သို့ လှည့်လိုက်၏။



'ဘဏ္ဍာစိုး....တို့ဟုတ်'

တို့ဟုတ်သည် ခေါင်းဆောင်ကြီး ကျင်းဝေရင့်ရှေ့သို့ လျှောက်လာပြီး ဦးညွှတ် ဂါရဝ ပြုလိုက်၏။

'ခေါင်းဆောင်ကြီး ...ကျွန်တော်ရှိပါတယ်'

ကျင်းဝေရင်က အေးစိမ့်သော လေသံဖြင့် ပြောလိုက်သည်။

'တီကျန်လုံ ကို မင်းရဲ့အစွမ်း ပြလိုက်စမ်း'

တီကျန်လုံသည် ဒေါသထွက်လာ၏။

သူ့အား စော်ကားနေသည်မှာ အဆုံးစွန်သို့ ရောက်သွားပြီဟု သူထင်သည်။

ဘယ့်နှဲ့...အိမ်တော်မှ ဘဏ္ဍာစိုးအား တိုက်ခိုက်ခိုင်းသည် ဆိုသည်မှာ အဆင့်နိမ့်ဆုံးသို့ ချပစ်လိုက်ခြင်းပင် မဟုတ်ပါလား။

သူသည် ရှေ့သို့ထွက်လိုက်၏။

'နေစမ်းပါဦး....ဒီက ညီသည်တော်တွေ အားလုံးက ခေါင်းဆောင်ကြီး ဘယ်လောက် အစွမ်းပြနိုင်သေးသလဲဆိုတာ စောင့်ကြည့် နေကြတာပါ၊ ခေါင်းဆောင်ကြီး ကိုယ်တိုင် အစွမ်းပြသင့်ပါတယ်၊ ကျုပ် ဘယ်လောက်ပဲညံ့ညံ့ ခေါင်းဆောင်ကြီးနဲ့တော့ ယှဉ်နိုင်ပါသေးတယ်'

သူသည် ခေါင်းဆောင်ကြီး ကျင်းဝေရင်အား ခပ်နှိမ်နှိမ် ကလေး စကားဆိုလိုက်သည်။

ကျင်းဝေရင်သည် မဲ့ပြုံး ပြုံးရင်း လက်ဘစ်ဘက်ပြောက် လိုက်၏။

ထိုအခါ ဘဏ္ဍာစိုး တို့ဟုတ်သည် တိကျန်လုံထံသို့ လျှပ်တစ်ပြက် ဝင်ရောက် တိုက်ခိုက်လိုက်လေ၏။

တိကျန်လုံက ခေသူမဟုတ်ပါ။

သူသည် ဘေးသို့ရှောင်တိမ်းရင်း ပြောလိုက်သည်။

'ဘယ့်နှယ်လဲ....သူရဲကောင်းကြီးရဲ့၊ ခြောင်းမြောင်း တိုက်ခိုက်တယ်ဆိုတာ ရှက်စရာပါ'

သူသည် ပြောပြောဆိုဆို လက်ဝါးနှက်ဘက်ဖြင့် မြှလည်ရိုက်ချ၏။

'ဝုန်း....'

သူ၏ရိုက်ချက်မှာ အချည်းအနှီးဖြစ်သွားသည်။

တို့ဟုတ်ကို မထိချေ။

အဘယ်ကြောင့်ဆိုသော် တို့ဟုတ်က သူ့ကို တိုက်ခိုက်လိုက်ခြင်းမှာ ဟန်ပြ တိုက်ခိုက်ခြင်း ဖြစ်သောကြောင့်တည်း။

သူသည် တိကျန်လုံကို ဟန်ပြ တိုက်ခိုက်ခြင်းသာဖြစ်၍ တိကျန်လုံ၏ တိုက်ကွက်ကို ရှောင်ရန်မလိုချေ။

သူသည် တိကျန်လုံ၏ရင်ဝသို့ ရိုက်ချလိုက်သည်။

'ဝုန်း....'

သို့သော်....

တိကျန်လုံမှာ အဆင့်မြင့် သိုင်းသမားဖြစ်ရာ တို့ဟုတ် ထင်သကဲ့သို့ ရင်ဝကို ရိုက်လိုက်နိုင်သည် မဟုတ်ချေ။

တိကျန်လုံသည် တို့ဟုတ်၏လက်ဝါးရိုက်ချက်ကို သူ့လက်ဝါးနှင့် ခုခံလိုက်နိုင်သည်။

လက်ဝါးလေးဘက်သည် ထိတွေ့သွားတော့သည်။



ယင်းသို့ ထိတွေ့လိုက်သည်နှင့် လက်ဝါး လေးဘက်သည် လုံးဝ ခွာမရတော့ဘဲ ပူးကပ်သွားသည်။

တို့ဟုတ်၏လက်ဝါးမှ ခြစ်ခြစ်တောက်ပူသော အပူငွေ့တစ်ခု ဖြစ်ပေါ်လာသည်။

တိကျန်လုံမှာ ထိုအခါမှ ထိတ်လန့်သွားသည်။

သူသည် ရန်သူအား အထင်သေးမိခဲ့သည် မဟုတ်ပါလား။

ယခု အထင်သေးထားသော ရန်သူက အစွမ်းပြနေ[illegible]ကြရ တို့ဟုတ်၏ လက်ဖဝါးမှ အပူငွေ့များသည် [illegible] ခြစ်ခြစ်တောက် ပူလောင်လာသည်။

တိကျန်လုံသည် တဖြည်းဖြည်း မခံမရပ်နိုင်ဖြစ်လာ၏။ လျှင်

သူသည် ဗအောဟ်ဟစ်မိစေရန် အံကို တင်းတင်း ကြိတ်ထားရလေ၏။

ခန်းမကြီးတစ်ခုလုံးမှ ဧည့်သည်တော်များသည် သည်းထိတ်ရင်ဖို ကြည့်နေကြရလေသည်။

သူတို့သည် မည်သူရှုံးသည်...မည်သူနိုင်မည်ကို မသိကြချေ။

အတွင်းအား ယှဉ်ပြိုင်ခြင်းမှာ သိုင်းပညာ ယှဉ်ပြိုင်ခြင်းတွင် အမြင့်ဆုံးဖြစ်သည်။

အခြား ယှဉ်ပြိုင်ခြင်းများတွင် အသက်ချမ်းသာရ ရနိုင်သော်လည်း အတွင်းအား ယှဉ်ပြိုင်ခြင်းမှာ အဆုံးတိုင် ယှဉ်ပြိုင်လျှင် တစ်ဦးဦးက သေဆုံးရပေမည်။

တစ်ခဏမျှ ကြာသောအခါ တိကျန်လုံမှာ မျက်နှာတစ်ခုလုံး နီရဲလာတော့သည်။

တစ်ကိုယ်လုံး ချွေးများ ထွက်လာ၏။

ထို့နောက် ချမ်းစိမ့်စိမ့် ဖြစ်လာတော့သည်။

ညွှန်သည်တော် သိုင်းသမားများသည် ကျင်းဝေရင်၏ အထက်စီးမှပြောသည့် စကားများကို မကြိုက်နှစ်သက်ကြသည့် အလျောက် တိကျန်လု ကို အနိုင်ရစေချင်ကြသည်။

သို့သော် တိကျန်လု မှာ အခြေအနေ တဖြည်းဖြည်း ဆိုး လာသည်။

သိုင်းသမားများသည် ရှုတ်ရှုတ်သဲသဲ ဖြစ်လာကြသည်။ ထို ဝိန်ယဉ်ရှား၏အသံ ထွက်ပေါ်လာ၏။

'တို့ဟုတ်....ကနေ့ဟာ မင်္ဂလာယူတဲ့နေ့ဖြစ်တယ်၊ သူ့ကို အသက်ချမ်းသာပေးလိုက်'

တို့ဟုတ်သည် ကျင်းဝေရင်အား လှမ်းကြည့်သည်။

ကျင်းဝေရင်သည် သူ့အား တို့ဟုတ်ကြည့်မည်ကို သိသဖြင့် အားလျော်စွာ ခေါင်းညိတ်ပြလေ၏။

ထိုအခါ တို့ဟုတ်သည် လက်နှစ်ဘက်ကို တွန်းထုတ်လိုက် သည်။

သူက အတွင်းအားအရာတွင် အသာစီးရနေသဖြင့် ဤသို့ တွန်းထုတ်နိုင်ခြင်းဖြစ်သည်။

'သွားစမ်း ...'

တိကျန်လုံမှာ ဝါးတစ်ရိုက်ခန့် လူများထိုင်နေသည့် နေရာ သို့ လွင့်စဉ်သွားတော့၏။



'ဝုန်း ...'

သူသည် ကြမ်းပြင်ပေါ်၌ မလှုပ်မယှက် လဲကျသွားလေ တော့၏။

ညွှန်သည်တော်အားလုံး ဆူညံညံ ဖြစ်ကုန်သည်။ အား လုံးသည် ဒေါသ ထွက်နေကြသည်။

ထိုအခါ ကျင်းဝေရင်၏အသံ ထွက်လာ၏။

'အားလုံး ငြိမ်ငြိမ်နေကြပါ၊ ကျုပ် ပြောစရာရှိပါသေး တယ်'

ညွှန်သည်တော်များက ဒေါသကို ချုပ်တည်း ထားကြရ လေ၏။

သိုင်းသမားအားလုံးက တိုက်ခိုက်ချင်နေကြလေပြီ။

အားလုံးသောသိုင်းသမားများ ညီညွတ်စွာတိုက်ခိုက်လျှင် ကျင်းဝေရင် အဘယ်မှာ ခံနိုင်ပါမည်နည်း။

ညွှန်သည်တော်များသည် သည်းခံ၍ နားထောင်နေကြလေ သည်။

ကျင်းဝေရင်က အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး....

'ရှောင်လင်ကျောင်းဆရာတော် ရောက်နေပြီလား၊ ကျုပ် သိချင်ပါတယ်'

တင်းအိဆရာတော်က ထိုင်ရာမှ ထလိုက်၏။

'ကျုပ် ဒီနေ့ပဲ ရောက်ပါတယ်'

တင်းအိဆရာတော်သည် ကျင်းဝေရင်နှင့် ရင်းနှီးသူဖြစ်လေ သည်။

ယခုသော်....

ကျင်းဝေရင်က စိမ်းကားစွာ စကားပြောသဖြင့် တင်းအိ ဆရာတော်က သည်း စိမ်းကားစွာ စကားပြောသည်။

ကျင်းဝေရင်သည် ခေါင်းညိတ်လိုက်၏။

သူက ရှောင်လင်ကျောင်းထိုင် ဆရာတော်၏ ခပ်မင်မှုကို မျက်နှာမထောက်ဘဲ ပြောလေ၏။

'ရှောင်လင်ကျောင်းတော်ဟာ သိုင်းလောကကို ဦးဆောင် ဦးရွက် ပြုနေတဲ့ဂိုဏ်းကြီးပါ၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးဟာ စံပြအနေနဲ့ ဗျိုင်းဖြူဂိုဏ်းကို စပြီး ပေးအပ်ပါ'

တင်းအိဆရာတော်မှာ တွေဝေသွား၏။

ဗျိုင်းဖြူသိုင်းကျမ်းကို ပေးသင့်သလား၊ မပေးသင့်ဘူး လားဆိုသည်ကို စဉ်းစားနေသည်။

ကျင်းဝေရင်က မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်သိပါတယ်၊ ရှောင်လင်ကျောင်းတော်ဟာ ကတိကို အသက်နဲ့ထပ်တူ လေးစားတယ်ဆိုတာ၊ ဒါကြောင့် ရှောင်လင် ဆရာတော် ကတိဖျက်လိမ့်မယ်လို့ ကျုပ်ဘယ်တော့မှ မယုံ ဘူး'

တင်းအိ ဆရာတော်သည် သိုင်းသမားများကို ကြည့်ရှုလိုက် သည်။

ဧည့်သည်တော်များက ဆရာတော်၏မျက်နှာကိုသာ ကြည့် နေကြ၏။

ဗျိုင်းဖြူသိုင်းကျမ်းကို ဆရာတော် ပေးမလား၊ မပေး ဘူးလားဟူ၍ စောင့်ကြည့်နေကြခြင်း ဖြစ်သည်။



သူတို့သည် ကျောင်းထိုင်ဆရာတော်က ကန့်ကွက်လိုက်သည် နှင့် အားလုံးက ကန့်ကွက်ကြမည် ဖြစ်သည်။

သို့သော်....

ဆရာတော်၏ အဖြေကို အားလုံးက စိတ်ပျက်သွားကြ လေ၏။

တင်းအိ ဆရာတော်က လေးလေးနက်နက် ပြောသည်။

'ကျုပ်ရဲ့ ဘဝတစ်သက်တာမှာ ဘယ်တော့မှ ကတိမပျက်ခဲ့ ပါဘူး၊ ဗျိုင်းဖြူသိုင်းကျမ်း ကျုပ်ဆီမှာ ပါလာပါတယ်၊ ဘက္ကာစိုးတို့ဟုတ် လက်ခံယူဖို့ ကြွခဲ့ပါ'

သူသည် ပြောပြောဆိုဆို ဗျိုင်းဖြူသိုင်းကျမ်းအား ထုတ် ယူလိုက်၏။

ဘက္ကာစိုးတို့ဟုတ်သည် အံ့အားသင့်သွား၏။

ဆရာတော်သည် သူ၏ ဗျိုင်းဖြူသိုင်းကျမ်းကို ဤမျှ လွယ်လွယ်ကူကူ ပေးလိမ့်မည် မထင်ချေ။

ယခု အလွယ်တကူ ထုတ်ပေးသည် ဆိုသောကြောင့် သူက တုန့်ဆိုင်းဆိုင်း ဖြစ်သွားလေတော့သည်။

တင်းအိ ဆရာတော်သည် ကိုဟုတ်၏ တွေဝေသော အမူ အရာကို တွေ့ရသဖြင့် ရယ်မောလိုက်လေ၏။

'ဘက္ကာစိုး····ဘာဖြစ်လို့ လက်မခံရတာလဲ၊လာပါ....လက်ခံ လှည့်ပါ'

တို့ဟုတ်မှာ အားတာ်ခွကျနေသည်၊

သူသည် တင်းအိဆရာတော်ထံ၌ အကြံအစည်တစ်ခုခုရှိမည် ဟု တွေးတောနေ၏။

သူသည် ကျင်းဝေရာအား လှမ်းကြည့်လိုက်သည်။

ကျင်းဝေရာက ခေါင်းညိတ်ပြနေသည်။

ဘဏ္ဍာစိုး တို့ဟုတ်သည် သတိကြီးစွာထား၍ ဆရာတော်ထံသို့ လျှောက်လာလေ၏။

သူသည် စင်မြင့်ပေါ်မှဆင်းလာသည်။

ဆရာတော်၏လက်ထဲမှ ဗျိုင်းဖြူသိုင်းကျမ်းအား ယူမည်ပြုလိုက်သည်။

ဆရာတော်သည် လျှပ်တစ်ပြက် လက်ဖြင့် တို့ဟုတ်၏မျက်နှာပေါ်၌ တပ်ဆင်ထားသည့် မျက်နှာဖုံးအား ဆွဲဖြုတ်ရန် ကြိုးစားလိုက်၏။

ဆရာတော်၏လက်တစ်ဘက်သည် တို့ဟုတ်၏မျက်နှာအနီး၌ ဝဲသွားသည်။

အဖြစ်အပျက်ကား အလွန်လျင်မြန်လှသည့် အဖြစ်အပျက်တည်း။

တင်းအိဆရာတော်၏ လှုပ်ရှားမှုမှာ အလွန့်အလွန်လျင်မြန်လှသည်။

သို့သော်....

တို့ဟုတ်မှာ သူ့ထက် ပို၍လျင်မြန်နေ၏။

သူသည် တင်းအိဆရာတော်လက်ထဲမှ ဗျိုင်းဖြူသိုင်းကျမ်းအား လှမ်းယူလိုက်ပြီး သူ့ဦးခေါင်းဆီသို့ဝဲလာသော တင်းအိဆရာတော်လက်ကို ရှောင်တိမ်းပေးလိုက်သည်။

တင်းအိဆရာတော်လက်ထဲမှ သိုင်းကျမ်းကို ထိကိုင်မိသောအခါ သူသည် ဆွဲယူလိုက်၏။



ထို့နောက်....

နောက်သို့ တစ်ပတ်ကျွမ်းပစ်ကာ စင်မြင့်ပေါ်သို့ ပြန်တက်သွားတော့သည်။

သူ၏လှုပ်ရှားမှုသုံးခုမှာ တစ်ပြိုင်နက် ပြီးဆုံးသွားလေ၏။

တင်းအိဆရာတော်မှာ ကြက်သေသေပြီး ရပ်ကြည့်နေမိ၏။

သူ၏လက်ထဲမှ ဗျိုင်းဖြူသိုင်းကျမ်းသည် ပါသွားပြီမဟုတ်ပါလော။

ဧည့်သည်တော် သိုင်းသမားများသည် ထိတ်လန့်တုန်လှုပ်သွားကြသည်။

သူတို့သည် ပါးစပ်ဟသွားကြကုန်သည်။

တို့ဟုတ်သည် စင်မြင့်ပေါ်မှ ဦးညွှတ်လိုက်၏။

'ကျေးဇူးတင်ပါတယ် ရှောင်လင်ဂိုဏ်းချုပ်ကြီး'

တင်းအိဆရာတော်သည် အလွန်ခံပြင်းနေသော်လည်း ဂိုဏ်းချုပ်ကြီးတစ်ပါးအနေဖြင့် ဆက်တိုက်ရန် မသင့်ဟုယူဆသဖြင့် ဆရာတော်သည် အေးစက်စွာ စိုက်ကြည့်နေလိုက်သည်။

'ဘဏ္ဍာစိုး တို့ဟုတ်ကို ငါအထင်သေးမိတာ မှားတယ်၊ သူဟာ ထိပ်တန်းအဆင့်မှာရှိတဲ့လူပါလား'

တစ်ချိန်လုံး ငြိမ်သက်စွာ စောင့်ကြည့်နေသည့် ကျင်းကျားလင်မှာလည်း မခံနိုင်တော့ပါ။

သူသည် ဧည့်သည်များနှင့် ရောနှောထိုင်နေရာမှ ထကာ ရှေ့သို့ထွက်သွား၏။

သူသည် တို့ဟုတ်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ကြိမ်းမောင်းလိုက်သည်။

'တို့ဟုတ်...မင်းက ရှောင်လင်ဂိုဏ်းချုပ်ကြီးကို မရှိမသေ မလေးမစားလုပ်ရအောင် မင်းက ဘာကောင်မို့လဲ၊ မင်း ပြန် တောင်းပန်လိုက်'

ကျင်းဝေရင်က....

'ကျားလင်...မင်းအလုပ် ဒီထဲမှာမရှိဘူး၊ မင်း အေးအေး ဆေးဆေးသာထိုင်နေ၊ ဘာမှဝင်မရှုပ်နဲ့'

ကျင်းကျားလင်က

'ကျွန်တော် ဒီပွဲကိုကြည့်နေတယ်၊ ဒီပွဲဟာ မဟုတ်တော့ဘူး၊ ဖေဖေ့ရဲ့ အပြုအမူတွေဟာ အလွန် စိတ်ပျက်ဖို့ကောင်းတယ်၊ အားလုံးကလဲ စိတ်ပျက်နေပြီ'

'ဘာကွ မင်းက ဘာပြောတာလဲ၊ ဘယ်သူစိတ်ပျက်ပျက် မပျက်ပျက် ငါက ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ'

ကျင်းဝေရင်က အသံကုန်အော်လိုက်၏။

သူ့အသံသည် ခန်းမထဲ၌ ဟိန်းထွက်သွားသည်။

ကျင်းကျားလင်က....

'ကျွန်တော် အမှန်အတိုင်းပြောပါမယ်ဖေဖေ၊ နားထောင်ကြပါ၊ ဖေဖေဟာ တစ်သက်လုံး ကောင်းမှုကုသိုလ်ပြုလာတဲ့ လူပဲ၊ အကူအညီလိုသူတွေကို အကူအညီပေးတယ်၊ အားနည်းသူတွေကို ကူညီတယ်၊ သိုင်းလောကရဲ့ လေးစားချစ်ခင်မှုကို ခံယူခဲ့ပါတယ်'

အားလုံး တိတ်ဆိတ်နေသည်။

ကျင်းကျားလင်က ဆက်ပြောလေ၏။



'ဒါကြောင့်လဲ ဖေဖေ့ကို သိုင်းလောကသားတွေအားလုံးက မဟာမိတ်ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့ကြတာမဟုတ်လား၊ အခုလို ငါတကောကောပြီးလုပ်လို့ကတော့ ဘယ်မဟာမိတ်ခေါင်းဆောင် တင်မြှောက်မှာလဲ၊ မဟာမိတ်ခေါင်းဆောင် တင်မြှောက်ခဲ့တုန်းကလဲ ဖေဖေ ဒီရာထူးကို မမက်မောခဲ့ပါဘူး၊ အခုကျမှ ဗျိုင်းဖြူသိုင်းကျမ်းဟာ တန်ဖိုးမရှိပါဘူး၊ ဒီဗျိုင်းဖြူသိုင်းကျမ်းကို မရမကတောင်းဆိုနေတော့ ဖေဖေ့အပေါ်မှာ သိုင်းလောကသားတွေက ကြည်ညိုကြပါဦးမလား'

ကျင်းဝေရင်သည် ဒေါသအမျက်ခြောင်းခြောင်း ထွက်လာတော့သည်။

'တိရစ္ဆာန်...အရာရာအစစ မင်းက ငါ့ကို ပြန်ဆုံးမနေတာလား၊ သားက အဖေကို ဆုံးမတယ်လို့ ဘယ်ရာဇဝင်မှာမှ မကြားဖူးဘူး'

ကျင်းကျားလင်သည် ဒူးထောက်ထိုင်လိုက်သည်။

သူသည် ဝမ်းနည်းလွန်းသဖြင့် မျက်ရည်များစီးကျနေတော့သည်။

'ဖေဖေနဲ့ မေမေတို့ စဉ်းစားပါဦး၊ ဖေဖေတို့ဟာ တစ်သက်လုံး နာမည်ကောင်းခဲ့တဲ့လူပါ၊ ဖေဖေဟာ အသက်လဲကြီးပါပြီ၊ မကြာခင်လဲ သေရတော့မှာပါ၊ ဖေဖေ့ရဲ့ အစဉ်အလာကောင်း ပျက်စီးသွားမှာကို ကျွန်တော် မကြည့်ရက်လို့ ပြောနေရတာပါ'

စိန်ယဉ်ရှားသည် ဒေါသတကြီးဖြင့် တောင်ဝှေးကို မြှောက်လိုက်သည်။

ကျောင်းကျားလင်၏ ဦးခေါင်းကို ရိုက်ချိုရန် ရည်ရွယ်ခြင်းဖြစ်သည်။

ကျောင်းကျားလင်မှာ ဝမ်းနည်းမဆုံး ဖြစ်နေသဖြင့် ရှိုက်ကြီးတငင် ငိုကြွေးမိတော့သည်။

မိခင် စိန်ယဉ်ရှားမှာ လွန်စွာ ဒေါသဖြစ်နေသည်။

သူသည် ကျောင်းကျားလင်အား ရိုက်ချရန် တကဲကဲ ဖြစ်နေသည်။

သိုင်းသမား ညီသည်တော်များမှာ ထိုအဖြစ်အပျက်ကို အားလုံး မြင်တွေ့နေရသည်။ ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားကြရသည်။

တောင်းပန်နေသော သားနှင့် တင်းမာနေသော မိဘများကို ကိုယ်တွေ့မျက်မြင် တွေ့နေရပြီ မဟုတ်ပါလား။

သိုင်းသမား အားလုံးသည် အကြောအချင်များ တောင့်တင်းနေကြသည်။

သူတို့သည် ရှေ့မှအဖြစ်အပျက်များကို တွေ့ပြီး တိုက်ခိုက်ရန် လိုအပ်ပါလျှင် အားလုံး ဝင်ရောက်တိုက်ခိုက်ကြမည် ဖြစ်ပေသည်။

ကျောင်းကျားလင်ကမူ သူ့အား ရိုက်သတ်က ရိုက်သတ်စေတော့ဟု စိတ်ဒုန်းဒုန်းချသားဟန်ဖြင့် ခေါင်းငုံ့နေလေသည်။

စိန်ယဉ်ရှားက....

'မင်းတော့ သေတော့မယ်၊ ငါ တော်တော် ဒေါသထွက်နေပြီ၊ မင်းကို ငါရိုက်သတ်မိတော့မယ်၊ သွားစမ်းကွာ၊ ထွက်သွားစမ်း'



ကျောင်းကျားလင်က ထွက်မသွားချေ။ ဒူးထောက် ခေါင်းငုံ့ပြီးသာ နေထိုင်လေသည်။

ထိုအခါ စိန်ယဉ်ရှားသည် ဒေါသကို မချုပ်တည်းနိုင်တော့ဟန်ဖြင့် တောင်ဝှေးကို မြှောက်လိုက်သည်။

ထိုအခါ တင်းအိုဆရာတော်က လက်ကာ၍ ဟန့်တားလိုက်လေ၏။

'ဒီမှာ စိန်ယဉ်ရှား....ကျုပ် တစ်ခုပြောမယ်၊ သေသေချာချာ နားထောင်ပါ'

'ပြောမှာသာ ပြောစမ်းပါ'

'ကျားဆိုတဲ့ သတ္တဝါဟာ အလွန်ရက်စက်လှတယ်၊ ဒါပေမယ့် ကျားဟာ သူ့ရဲ့ရင်သွေးကို ဘယ်တော့မှ ကိုက်သတ်မစားဘူး၊ ဒကာမကြီးဟာ လူသားတစ်ယောက်ပါ၊ လူသားချင်းဟာ ကရုဏာမေတ္တာတရားထားတဲ့ နေရာမှာ ဘယ်တိရစ္ဆာန်ကမှ မမီပါဘူး၊ အခုဟာက ဒကာမကြီးရဲ့သား၊ ရင်သွေးရင်နှစ်သား၊ စဉ်းစဉ်းစားစားလဲ လုပ်ပါလို့ ကျုပ်ပြောချင်တယ်'

စိန်ယဉ်ရှားက မဲ့ပြုံး ပြုံးလိုက်၏။

'ဆရာတော်....ဒီနေရာဟာ ရှောင်လင်ကျောင်းတော်မဟုတ်ဘူး ဆိုတာကို သတိထားပါ၊ ဆိုလိုတာက ဆရာတော် တရားဟောရမယ့် နေရာ မဟုတ်ဘူး ဆိုတာပဲ၊ တရားဟောချင်ရင် ရှောင်လင်ကျောင်းတော်ကို ပြန်ပါ'

တင်းအိုဆရာတော်သည် ဒေါသကို မချုပ်တည်းနိုင်တော့သဖြင့် အေးစက်စွာ ပြောလိုက်၏။

'ဒကာမကြီးရဲ့ စကားကို သေသေချာချာ စဉ်းစားပြီးမှ ပြောရင် ကောင်းလိမ့်မယ်'

ကျင်းကျားလင်သည် သူ့မိခင်၏ စကားများကို ကြားနေရသည်။

အလွန်စိတ်ပျက်လာသည်။ သူသည် ဒူးထောက် ထိုင်နေရာမှ ထလိုက်၏။

ထို့နောက် စကားတစ်ခွန်းမျှ မပြောတော့ဘဲ ခန်းမထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

စိန်ယဥ်ရှားကား မဲ့ပြုံး ပြုံးနေလေ၏။

....o....

အခန်း ( ၃၁ )

လှေထူး လှေဆန်း အန္တရာယ်

ကျင်းကျားလင်သည် မိဘနှစ်ပါး၏ အပြုအမူကို အလွန် စိတ်ပျက်မိသဖြင့် ခြံဝင်းထဲမှ ထွက်လာပြီးနောက် မရပ်မနားဘဲ ခရီး ဆက်လေတော့၏။

သူသည် မရပ်နားဘဲ ဆက်တိုက် လျှောက်သောအခါ လပေါင်းသုံးဆယ်ခန့် ခရီးပေါက်သွားလေ၏။

ကျင်းကျား ခြံဝင်းနှင့် သူ့ကား ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပေပြီ၊ ကျင်းကျား ခြံဝင်းသည်နောက်၌ ကျန်ရစ်ခဲ့လေပြီ။

သူသည် ကျောင်းကျောင်းဝင်း၌ အတော်ကြီး ခရီး ကွာဝေးသွားသောအခါမှ လမ်းဘေး ကျောက်တုံးတစ်တုံးပေါ် ထိုင်ချ အနားယူလိုက်သည်။

'ဖေဖေနဲ့မေမေတို့ဟာ မဟုတ်တဲ့ အလုပ်တွေ လုပ်နေကြတော့ ငါရှိရင်ကြိုက်မှာ မဟုတ်ဘူး၊ ငါကလဲ ကိုယ်ဒရှ.မှာ မဟုတ်တဲ့ အလုပ်တွေကို လုပ်နေရ● ကြည့်နေနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ငါမရှိမှ ကောင်းမယ်၊ ငါအိမ်ကို ပြန်မသွားတော့ဘူး'

သူ၏ မိဘများသည် လွန်ခဲ့သည့် နှစ်ပတ်ခန့်က ျာထိ သူ.ဘဲ၀တစ်လျောက်လုံး ကြင်နာ ယုရခဲ့ ြသည်။

ချစ်ချစ် ခင်ခင် ပြုစုယုယ ခဲ့ကြသည်။

သိုင်းပညာ သင်ရန်လည်း အကြိမ်ကြိမ် ချော့မော့ ခဲ့ကြသည်။

တာဝန် ကျေခဲ့သော မိဘများပင်တည်း။

ယခုသော် မိမိအား ရက်စက်စွာ ကြိမ်းမောင်း နေကြလေပြီ။

သူသည် ငယ်စဉ်အခါတုန်းက မိဘမေတ္တာ ရိပ်အောက်တွင် အေးချမ်းစွာ နေခဲ့ရ၏။ ,

သူသည် ထိုစဉ် ကာလများကို သတိရ တမ်းတကာ မျက်ရည်ကျမိလေသည်။

သူသည် အသက်ဆယ့်ခြောက်နှစ်မျှရှိသော လူငယ်လေး ဖြစ်သည်။

အိမ်က ထွက်လာပြီး သည့်နောက် သူ.တွင် မည်သည့် အသုံးဆောင် ပစ္စည်းမျှ မပါသည်ကို သတိရမိသည်။



ထို.ပြင် မည်သည့်အချပ်၌ နေထိုင်မည်နည်း။

သူသည် သူ့စိမ်းတရံခဲ့ဘိုတံ၌ ညအိပ်ညနေ ခရီးမသွားပေ။

ထို.ကြောင့် အိမ်မှ ထွက်လာပြီးနောက် သူနေထိုင်ရမည့် အိမ်ကို စဉ်းစား၍ မရဘဲ ရှိသည်။

သူသည် အတန်ကြာ တွေဝေစဉ်းစား နေလေ၏။

သူသည် သူ၏ အဘိုးကို သတိရလာလေ၏။

'ဘာဘဲဖြစ်ဖြစ် ငါ အဘိုးဆီကို သွားနေလို. ရသားပဲ'

သူသည် သူ. အဘိုးရှိရာ ချွန်ပေနယ် စိန်ကျွားရဲတိုက်ကို ဦးတည်၍ သွားလေတော့၏။

ကျင်ကျွားလင်သည် ယခု အသက်အရွယ်အထိ မကြောင့်မကြ မတောင်းမတ နေထိုင်လာသူ ဖြစ်သည်။

ငယ်စဉ်ကတည်းက မည်သည့် အလုပ်မျှ ပင်ပင် ပန်းပန်း မလုပ်ခဲ့ရချေ။

လက်ကြောမတင်း၊ ခြေကြောမတင်းသော လူငယ် တစ်ယောက်သာ ဖြစ်သည်။

အစစအရာရာ ပြည့်စုံသည့် သူဌေးသားဘဝပေကိုး။

ယခု သူသည် ခြေသလုံးအိမ်တိုင် ဘဝသို့ ရောက်ခဲ့ရပေပြီ။

ရွက်ကျပင်ပေါက် ဘဝမျိုးသို့ ရောက်သောအခါ ကျင်ကျွားလင်သည် စိုးရိမ်ကြောင့်ကြမှု ဖြစ်ပေါ်လာလေ၏။

စားရေး၊ နေရေးကိစ္စ အဝဝကို သူတွေးတော ပူပင်ရလေပြီ။

သူသည် လျှောက်ရင်း မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

ဝမ်းဗိုက်က ဆာလောင်လာသဖြင့် သူသည် အိတ်ထဲသို့ ပိုက်ဆံနှိုက်လိုက်သည်။

သူ့လက်မှာ ပိုက်ဆံတစ်ပြားတစ်ချပ်မျှကိုမှ မစမ်းမိပါ။
'အင်း၊ ဒုက္ခဘဲ ပိုက်ဆံလဲ တစ်ပြားတစ်ချပ်မှပါမလာဘူး'
သူသည် အကြံရခက်သွားလေသည်။

သို့သော်...

ဦးခေါင်း၌ ဝင်းခနဲ လင်းခနဲ တစ်ချက် ဖြစ်သွားသည်။
အဘယ်ကြောင့်ဆိုသော် သူ့လည်ပင်းမှ ရွှေဆွဲကြိုးကို သတိရမိသောကြောင့်တည်း။

ရွှေရှိလျှင် ငွေရှိသည့် အဖြစ်ကို သူသတိရမိ၏။

ဤရွှေဆွဲကြိုးကို ရောင်းချလိုက်လျှင် လိုအပ်သည့် ခရီးစရိတ် ရရှိမည် မဟုတ်ပါလား။

သူသည် ရွှေဆိုင်တစ်ဆိုင်သို့ ဝင်၍ သူ့ရွှေဆွဲကြိုးကို ရောင်းချလိုက်သည်။

သူ့ရွှေမှာ အကောင်းစား ရွှေဖြစ်သဖြင့် ထိုက်တန်သော ဈေးကို ရရှိလိုက်သည်။

လက်ထဲ၌ ငွေစက္ကူများ ရှိလာသောအခါ ကျင်းကျားလင်သည် ခပ်ရဲရဲဖြင့် လောကကြီးထဲသို့ တိုးဝင်လေတော့၏။

စိတ်ရဲလာသော ကျင်းကျားလင်သည် ဆက်၍ ခရီး ထွက်လာရာ နောက်ဆုံး ကျင်းလိမ် ဆိပ်ကမ်းဆီသို့ ရောက်လာလေတော့၏။



အချိန်သည် ညနေစောင်း လုလုအချိန် ပေတည်း။

ကျင်းကျားလင်သည် မြစ်ဆိပ်ဆီသို့ လှမ်းအကဲ ခတ်လိုက်သည်။

ထိုအခါ လူတစ်စုသည် ကမ်းပေါ်၌ ရပ်ရင်း ရေလယ်ဆီသို့ လက်ညှိုးညွှန်ကာ တစ်စုံတစ်ခုကို ပြောဆို ငြင်းခုန်နေကြသည်။

သူတို့သည် ရေလယ်မှ တစ်စုံတစ်ခုအကြောင်း ပြောဆို နေသည်မှာ သေချာနေပေပြီ။

သူသည် ယခုမှ ရောက်ရှိလာသူ ဖြစ်သည်။

သူတို့ ပြောနေသည့် အကြောင်းသည် သူနှင့်မည်သို့မျှမဆိုင်ဟု ယူဆပြီး တစ်ဘက်ကမ်းသို့သွားမည့် လှေသမ္ဗာန်များကို ရှာဖွေတော့သည်။

သူနှင့်မဆိုင်ဟု ထင်ထားသောအကြောင်းသည် သူနှင့် သက်ဆိုင်လာပေပြီတည်း။

သူသည် ဆိပ်ကမ်း၌ လှေတစ်စင်းမျှ ရှာဖွေမတွေ့ရချေ။
ထိုအခါ....

သူသည် စုစုအုပ်အုပ် ဖြစ်နေသည့် လူအုပ်အတွင်းသို့ ဝင်ရောက်စုံစမ်းရတော့သည်။

အဘယ်ကြောင့် ဆိပ်ကမ်း၌ လှေငယ်တစ်စင်းမျှ မရှိရသနည်း။

အဘယ်ကြောင့် စုစုအုံအုပ်ဖြင့် စကား ပြောနေရသနည်း။

သူ လူအုပ်ကြားထဲသို့ ဝင်လျှပ်ပင် မကြာမီ အဖြေတွေ့ရတော့သည်။

လူအုပ်ကြားထဲမှ အသက်မြောက်ဆယ်ခန့်ရှိသော အဘိုးအို တစ်ယောက်သည် မြင်ကွင်းမှုန် ဖြစ်နေရက် စိတ်အားထက်သန်စွာ ပြောဆိုနေပေသည်။

သူသည် လူငယ်များကို မခန့်မလေး ပြောဆိုနေသည်။

'မင်းတို့က ဘာသိလို့လဲ မင်းတို့ အသက်ကလေးတွေက ငယ်ငယ်ကလေး ရှိကြသေးတယ်၊ ဟောဒီ လှေထူးလှေဆန်းကို ငါ သုံးကြိမ်တိတိ တွေ့ခဲ့ပြီးပြီကွ၊ အဲ.. အခုအကြိမ်ပါ နဲ့ဆိုရင် ပေါ့ကွာ'

ကျင်းကူးလင်သည် လှေထူးလှေဆန်းဆိုသည့် စကားကို ကြားလိုက်သဖြင့် အဘိုးအိုညွှန်ပြသော မြစ်လယ်သို့ လှမ်းကြည့်လိုက်၏။

မြစ်လယ်တွင် လှေငယ် တစ်စင်းမှာ ကင်းရှင်းလျက် ရှိသော်လည်း အလွန်ခန့်ညားထည်ဝါသော လှေကြီးတစ်စင်းမှာမူ လှိုင်းအလှုပ် လှေလည်း တငြိမ့်ငြိမ့်လှုပ်လျက် တည်ရှိနေလေသည်။

ထိုလှေကြီးတွင် ရေလယ်၌ ကျောက်ချ ရပ်နား ထားပေသည်။

အဘိုးအိုသည် သူ့အတွေ့အကြုံကို ပြန်ပြောပြနေ၏။

ဒီလှေထူးလှေဆန်းဟာ ဆယ်နှစ်နှစ်မှာတစ်ကြိမ် ပေါ်လာတတ်တယ်၊ ဒီလှေဟာ ပေါ်လာရင် ရွှေင်ကျန်းတစ်ပိုက်မှာ ပေါ်လာတာပဲ၊ သူ ထွက်လာရင် လူငယ်လူရွယ်တွေလဲ ပျောက်ဆုံးသွားကြတာပဲ၊ နောက်ရက်ပိုင်းမှာ မြစ်ထဲမှာ သူတို့ရဲ့ ဗလာကျင်းတဲ့ အလောင်းတွေ မျောလာတာ တွေ့ရတော့တာပဲ၊



မင်းတို့တစ်တွေဟာ ငယ်ငယ်ရွယ်ရွယ် ကလေးတွေ ရှိကြသေးတယ်၊ အဲဒီအဖြစ်အပျက်တွေကို မင်းတို့ဘယ်လို တွေ့နိုင်မှာလဲ၊ တွေ့ချင်းတွေ့ရင် အိပ်ကမ်းမှာ လုပ်ကိုင်စားသောက်နေတဲ့ ငါ့ကပဲ တွေ့နိုင်မှာပေါ့'

လူအုပ်ထဲမှ လူငယ်တစ်ယောက်က မေးလိုက်သည်။

'လှေပေါ်မှာ ဘယ်သူတွေ ရှိနေလို့လဲ၊ ဒီလှေပေါ်က လူက လူငယ်လူရွယ်တွေကို ဘာကြောင့် သတ်တာလဲ'

အဘိုးအိုက ပြုံးလိုက်သည်။

အဘိုးအို၏အပြုံးမှာ အဓိပ္ပာယ်ရှိသည်။

'ဒီလှေပေါ်မှာ ဘယ်လို လူမျိုးတွေ ပါလာသလဲဆိုတာ ငါ ဘယ်သိမှာလဲ၊ အခု ငါပြောပြနေတာတွေဟာ သုံးကြိမ်သုံးခါ တိတိ၊ အဲ... အဲ... နှစ်ကြိမ်တွေ့ကြုံခဲ့တာတွေကို ပြန်ပြောပြနေတာ၊ ဒီတစ်ကြိမ်လဲ အဲဒီလိုပဲ ကြုံတွေ့ကြဦးမယ်လို့ ငါယုံတယ်၊ ငါကတော့ အသက်ကြီးနေပါပြီ အရေးမကြီးတော့ပါဘူး၊ သေလဲ ကိစ္စမရှိတော့ပါဘူး၊ ဒါပေမယ့် မင်းတို့အတွက်တော့ စိုးရိမ်ရတယ်လေ၊ မင်းတို့က ငယ်ရွယ်သူတွေကိုး'

ထိုလူငယ်က ခေါင်းသွက်သွက် ခါယမ်းလိုက်၏။

'ကျွန်တော် မယုံဘူးဗျာ၊ အဲဒီလှေပေါ်ကို တက်ကြည့်ဦးမယ်'

ထိုလူငယ် အဘယ်ကြောင့် ဤမျှ ရဲတင်းစွာ ပြောနေသနည်း။

သူသည် နောက်ကျော၌ ဓားတစ်လက် သိုင်းလွယ်ထားသည့် သိုင်းသမားတစ်ယောက် ဖြစ်နေသဖြင့် ဤမျှရဲဝံ့စွာ ပြောနေပုံရသည်။

ထိုအချိန်၌ သန်မာထွားကျိုင်းသော လူတစ်ယောက်သည် လူအုပ်ကို တွန်းဖယ်ဝင်ရောက်လာလေသည်။

သူသည် စောစောက ဓားကိုသိုင်းလွယ်ထားသည့် လူငယ်အား ဦးညွတ်ဂါရဝပြုလိုက်၏။

'ဌာနမှူး ခင်ဗျာ၊ ကျွန်တော် လေ့သမားတွေကို သွားပြီး ပြောပါတယ်၊ ဘယ်သူမှ ဟိုဘက်ကမ်းလိုက်ပို့ဝံ့တဲ့လူ မရှိကြပါဘူး၊ သူတို့ မသွားဝံ့ဘူးလို့ ငြင်းကြတယ်'

လူငယ်သည် မျက်မှောင်ကုပ်သွား၏။

'ခက်လိုက်တဲ့ လူတွေ၊ သူတို့က ဘာကြောင့် တစ်ဘက်ကမ်းကို မကူးဝံ့ကြတာလဲ'

ထိုလူက....

'သူတို့ အခု ဆယ်ရက်လောက်ရှိနေပြီ၊ လှေထူးလှေဆန်းကြီး ရောက်နေတဲ့ ဆယ်ရက်အတွင်းမှာ လှေတွေဟာ အဲဒီလှေထူးလှေဆန်းကြီးအနီးနားက ဖြတ်သန်းသွားလို့ မရဘူးလို့ ပြောနေကြတယ်၊ အဲဒီလှေကြီးနား ဖြတ်သွားတာနဲ့ သူတို့လှေတွေဟာ အလိုလို တိမ်းမှောက် သွားကြတယ်လို့ ပြောပါတယ်'

လူငယ်က စိတ်မရှည်စွာ ပြောလိုက်သည်။



'ဒါတွေ ဒါအားလုံး ကြားခဲ့ပြီးပြီ၊ ငါတို့ ကွမ်းအန်းမြို့ကို မနက်ဖြန်အရောက်သွားရမယ်၊ နက်ဖြန်ကို ရောက်မှဖြစ်မယ်၊ လှေမရလို့ မဖြစ်ဘူး၊ လှေကို မရရအောင် ငှားစမ်းပါ'

ထိုလူက ရင်ကော့လိုက်၏။

'ဌာနမှူးပေးတဲ့ တာဝန်ကို ကျွန်တော် မဖြစ်ဖြစ်အောင် ထမ်းဆောင်ပါမယ်၊ လှေတစ်စင်းကို မရရအောင် ကျွန်တော် ရှာဖွေပါမယ်'

လူငယ်သည် ဝမ်းသာအားရ ဖြစ်သွားသည်။ ထိုလူကိုလည်း စိတ်ချယုံကြည်သွားပုံရသည်။

'ဒါဖြင့် မြန်မြန်သွားပေါ့ကွာ'

ထိုလူလည်း လျင်မြန်စွာ ထွက်ခွာသွား၏။ ထိုလူအုပ်စုနှင့် စောစောက ပြောနေသည့် အဘိုးအိုလည်း အခြေအတင် ဆငြင်းပြောနေကြပြန်သည်။

မကြာမီ ...

စောစောက ထွက်သွားသည့် ကြံ့ခိုင်တောင့်တင်းသည့် လူသည် ပြန်လည်ရောက်ရှိလာလေ၏။

သူသည် လူငယ်အား ဦးညွတ်ဂါရဝ ပြုလိုက်ပြီ ....

'ဌာနမှူး အဆင်ပြေခဲ့ပါပြီ'

လူငယ်သည် ဝမ်းသာအားရ ဖြစ်သွား၏။

'ဝမ်းသာသကွာ၊ တို့နက်ဖြန် ကွမ်းအန်းမြို့ကို ရောက်ဖို့ အရေးကြီးသကွ၊ မင်း ဘယ်လို အဆင်ပြေလာခဲ့တာလဲ'

ထိုလူက....

'လှေတစ်စင်းကို ဝယ်လိုက်တာပါ၊ ဘယ်မှာမှ ငှားလို့မရပါဘူး၊ ကျွန်တော်လဲ မဖြစ်ဖြစ်အောင် လုပ်လိုက်တာပါ'

'ကိစ္စမရှိဘူး၊ ငါတို့ခရီးရောက်ဖို့ အရေးကြီးတယ်၊ လှေဖိုးဘယ်လောက်ပေးရမလဲ ပြော...'

'နှစ်ရာပြောပါတယ်၊ ကျွန်တော်က တစ်ရာ့ရှစ်ဆယ်နဲ့ ဝယ်ခဲ့ပါတယ်'

'ကိစ္စမရှိဘူး၊ ဟိုဘက်ကမ်းကူးနိုင်ဖို့က အဓိကပဲ ငွေတစ်ရာ့ရှစ်ဆယ်ပေးရတာ ပြဿနာမရှိဘူး၊ ရော့ပေးလိုက်....'

လူငယ်သည် ငွေထုပ်ကလေးများကို ထုတ်ပေးလိုက်လေသည်။

ထိုလူသည် ငွေထုပ်များကို လှမ်းယူလိုက်၏။

'ဒါပေမယ့်....'

လူငယ်မှာ စိတ်မရှည်တော့ပေ။

'လှေရပြီပဲ၊ ဘာလိုသေးလို့လဲ'

ထိုလူက အခြေအနေကို ရှင်းပြလိုက်၏။

'လှေလှော်မယ့်သူ မရှိဘဲ ဖြစ်နေတယ် ခင်ဗျ'

လူငယ် မျက်မှောင်ကြုတ်သွား၏။

'သူတို့ လိုက်ရမှာပေါ့၊ သူတို့က မလိုက်ဘူးလား'

ထိုလူက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့....လှေသမားအားလုံးက ဘယ်သူမှ မလိုက်ဘူးတဲ့ ခင်ဗျ'

လူငယ်သည် စိတ်ရှုပ်သွားသည်။



'မင်းကော....'

ထိုလူက ခေါင်းကို ခါယမ်းလိုက်၏။

'ကျွန်တော်လဲ လှေမလှော်တတ်ဘူး ခင်ဗျား'

ထိုစဉ်....

အသက်ဆယ့်ခုနစ်နှစ်ခန့်ရှိ လူငယ်လေးတစ်ယောက် သူတို့အနီးသို့ လျှောက်လာလေ၏။

'ကျွန်တော် တစ်ခုမေတ္တာရပ်ခံချင်ပါတယ်'

ဌာနမှူးဆိုသည့် လူငယ်က....

'ဘာမေတ္တာရပ်ခံချင်တာလဲ'

'ကျွန်တော်လဲ ဟိုဘက်ကမ်း ကူးမလို့ပါ'

'ဘာလဲ....မင်းကို ငါတို့က လိုက်ပို့ပေးရဦးမှာလား'

မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော့်ကိုသာ နောင်ကြီးတို့လှေနဲ့ လိုက်ခွင့်ပြုမယ်ဆိုရင် ကျွန်တော် တာဝန်ယူပြီး လှေကို လျှော်ခတ်သွားပေးပါမယ်လို့ ပြောမလို့ပါ၊ ကျွန်တော် လှေလှော်တတ်ပါတယ်'

ဌာနမှူး လူငယ်သည် ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

စောစောက ကြံ့ခိုင်တောင့်တင်းသည့် လူငယ်အား လှေသွားယူရန် ပြောလိုက်သည်။

'ငွေချေပြီးတော့ လှေယူခဲ့ပေတော့....'

ထို့နောက်....

သူသည် လူအုပ်ကြီး ရှိရာသို့ လှမ်းပြောလိုက်လေတော့သည်။

'ကျုပ်တို့ လှေဝယ်ပြီးပြီ၊ လှေလှော်တတ်တဲ့လူလဲ တွေ့ရပြီ၊ တစ်ဘက်ကမ်းကို လိုက်ချင်တဲ့လူရှိရင်လဲ လိုက်ခဲ့ပါ၊ ကျုပ်ပိုက်ဆံမယူပါဘူး၊ အခမဲ့ ပို့ပေးပါမယ်၊ ခင်ဗျားတို့ ဘာဘာ ညာညာ စကားတွေကို မကြောက်ဘူးဆိုရင်ပေါ့လေ'

ထိုစကားကို ကြားသောအခါ ထိုလူအုပ်ထဲမှ လူလေးငါးယောက်ကလည်း သူတို့လည်း တစ်ဘက်ကမ်းသို့ လိုက်ပါမည်ဖြစ်ကြောင်း ပြောဆိုကြလေ၏။

ထိုသို့ တစ်ဘက်ကမ်းသို့ လိုက်ပါမည့်သူများထဲတွင် ကျင်းဟျားလင်လည်း ပါဝင်လေသည်။

ထိုဌာနမှူး လူငယ်သည် တစ်ဘက်ကမ်းသို့ ကူးရန် သူ့လူများနှင့် အော်ဟစ်ပြင်ဆင်နေလေတော့သည်။

ထိုအခါ....

လှေထူးလှေဆန်း အကြောင်းကို ပြောဆိုသော အဘိုးအိုက ထိုဌာနမှူးဆိုသည့် လူငယ်ကို စိတ်လိုက်မာန်ပါ မလုပ်ရန် တားမြစ်လေသည်။

'ဒီမှာသူငယ်....ငါက ငါ့အတွေ့အကြုံတွေ ပြန်ပြောင်းပြောပြနေတာ အလကားပြောပြနေတာ မဟုတ်ဘူး၊ မင်းတို့လူငယ်တွေ ဆောင်ရန် ရှောင်ရန် ဖြစ်အောင် ပြောပြနေတာ၊ သင်ခန်းစာယူစမ်းပါ၊ စိတ်လိုက်မာန်ပါ မလုပ်စမ်းပါနဲ့'



ဌာနမှူးဆိုသည့် လူငယ်က ရယ်မောလိုက်သည်။

'အဘရဲ့ စေတနာကို လေးစားပါတယ်၊ ကျွန်တော့်မှာ တကယ်အရေးကြီးတဲ့ ကိစ္စရှိနေလို့ မကူးမဖြစ် ကူးရတာပါ၊ ကျွန်တော့် ကိစ္စကိုလဲ ဘယ်လောက်အရေးကြီးသလဲ မမေးနဲ့၊ ဒီတလောကလုံးမှာ အရေးကြီးဆုံးလို့ ပြောရမယ်၊ ဒါကြောင့်မို့ပါ၊ တော်ရုံတန်ရုံကိစ္စဆိုရင် ကျွန်တော် မသွားပါဘူး'

စောစောက ဌာနမှူး လူငယ် ခိုင်းလိုက်သည့် လူသည် လှေသမားတစ်ယောက်နှင့် လှေတစ်စင်းကို လှော်ခတ်လာသည့် လှေသမားကား လှေကို ဆိပ်ကမ်းသို့ လိုက်ပို့ခြင်း ဖြစ်ပုံရလေသည်။

လှေဦးတွင် စောစောက ဌာနမှူး လူငယ် စေခိုင်းလိုက်သည့် လူသည် မတ်တတ်ရပ် လိုက်ပါလာသည်။

'ဌာနမှူး....ကျွန်တော် လှေကို ယူလာခဲ့ပြီ၊ လှေဖိုးလဲ ငွေချေပြီးပြီ၊ ဒီလှေကို ဌာနမှူးတို့ ကြိုက်သလို အသုံးပြုပေတော့....'

'ကောင်းတယ်၊ ကဲ.... မင်းတို့ကမ်းပေါ်တက်ပေတော့၊ ဟိုဘက်ကမ်းကို သွားမယ့်ငါ့လူတွေနဲ့ ဒီဆိပ်ကမ်းက လူလေးငါးခြောက်ယောက် ဟိုဘက်ကမ်းကို လိုက်လိမ့်မယ်'

လှေသမားနှင့် ထိုလူလည်း ကမ်းပေါ်တက်ကြ၏။

ဌာနမှူးလူငယ်၊ လှေလှော်မည့်လူငယ်နှင့် လူငယ်ဆယ်ယောက်ခန့် စုစုပေါင်း လူဆယ့်နှစ်ဦးခန့်တို့သည် လှေဝမ်းထဲသို့ ဆင်းသက်ကြလေ၏။

အဘိုးအိုသည် ထိုလူငယ်များကို ကြည့်၍ သက်ပြင်းချလိုက်သည်။

'အင်း...ငါက စေတနာနဲ့ ပြောပြတာကို မင်းတို့က အကောင်းမထင်ဘော့လဲ မတတ်နိုင်ဘူးပေါ့၊ ငါက အနေသာကြီးပါ'

အဘိုးအိုသည် ဆိပ်ကမ်းမှ ထွက်ခွာသွားလေတော့၏။

—o—

## အခန်း (၃၂)

### ရွေးချယ်ခံရသူ

လှေငယ်ပေါ်သို့ ဌာနမှူးဆိုသော လူငယ် ခုန်တက်လိုက်သောအခါ သူ့လှုပ်ရှားမှုသည် ပေါ့ပါး၏။လှသည်ကို ကျင်းကျားလင် တွေ့ရ၏။

ထိုလူငယ်သည် ကိုယ်ဖော့ပညာ၌ မည့်လှကြောင်းကို ကျင်းကျားလင် အကဲခတ်မိသည်။

သူသည် ကိုယ်ဖော့ပ ာမတတ်သဖြင့် ထိုလူငယ်ကဲ့သို့ လှေပေါ် ခုန်မတက်နိုင်ချေ။

အများနည်းတူ လှေပေါ်သို့ ရိုးရိုးတန်းတန်းပင် တက်ကြရသည်။

လှေပေါ်တွင် အားလုံးစုစုပေါင်း ဆယ့်နှစ်ယောက်ဖြစ်လေသည်။

လှေလှော်မည့်လူငယ်သည် လှေကိုကမ်းမှ စတင်ခွာလေတော့၏။

လှေသည် မြစ်လယ်သို့ လှော်ခတ်လေ၏။

ညနေခင်း တိုက်ခတ်သော လေပြည်ကလေးသည် စိတ်ကို ကြည်နူးစေသည်။

စင်ရော် ငှက်ကလေးများသည် မြစ်အတွင်း၌ ဥဒဟို ပျံသန်းနေသည်။

မြစ်အတွင်း၌ လှေသမ္ဗာန်များ ကင်းရှင်းလျက် ရှိလေသည်။

မြစ်လယ်၌ ကျောက်ချထားသော ရွက်လှေကြီးမှာမူ ထီးထီးတည်ရှိသော ရဲတိုက်ကြီးတစ်တိုက်သဖွယ် တငြိမ့်ငြိမ့်လှုပ်လျက် ရှိနေ၏။

ရွက်လှေကြီးမှာ တကယ်လည်း ရဲတိုက်ကြီးနှင့် တူနေလေသည်။

အခင်းအကျင်း၊ အဆင်အပြင်များမှာ လွန်စွာ ခန့်ညားလှသည်။

မင်းစိုးရာဇာတို့၏ ရွက်လှေကြီးလား ဟုပင် အထင်မှားလောက်သည်။

လှေလှော်သော လူငယ်သည် အလွန် ကျွမ်းကျင်လှလေသည်။



လူဆယ့်နှစ်ယောက်ဖြစ်၍ လှေငယ်မှာ မြုပ်လုနီးပါးဖြစ်နေသော်လည်း၊ လူငယ်က လှေကို မမြုပ်အောင် ကျွမ်းကျင်စွာ လှော်ခတ်နိုင်၏။

လှေငယ်သည် တဖြည်းဖြည်း မြစ်လယ်က၌ ကျောက်ချထားသော လှေထူးဆန်းကြီးဆီသို့ တဖြည်းဖြည်း နီးကပ်လာလေသည်။

သူတို့သည် လှေကြီးကို ကျော်ဖြတ်သွားကြရမည် ဖြစ်လေသည်။

လှေငယ်ပေါ်၌ပါရှိသော လူအားလုံးသည် လှေထူးဆန်းကြီးကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေကြ၏။

လှေကြီးကလည်း အလွန်တရာ စိတ်ဝင်စားစရာ ကောင်းသည်။

လှေဦးကပင် သာမန်လှေနှင့်မတူ တင့်တယ်ထူးခြားနေ၏။ လှေဦးကို နဂါးဦးခေါင်းပုံ ထွင်းထုထား၏။

လှေ၏ လက်ယာဘက် ကုန်းပတ်ဘေး၌ ဒေါင်းတောင်ပံပုံ ပန်းပုထုထားသည်။

ရွက်လှေကြီး၏အလယ် ရွက်တိုင်၌ ကန့်လန့်ဖြတ်တန်း တစ်တန်းရှိ၏။

ထိုတန်းပေါ်၌ တြိဂံ အလံကလေးနှစ်ခုရှိသည်။

ထိုအလံများမှာ နီ၊ ဝါ၊ ဖြူ၊ ပြာ၊ မည်း၊ ခရမ်း၊ အစိမ်း စသည့် အရောင်များဖြစ်သည်။

အလံများမှာ လေထဲ၌ တဖျပ်ဖျပ်လွင့်မြူးနေသဖြင့် အလွန် ကြည့်ကောင်းလှသည်။

သို့သော်...

ရှက်လှေက မြင့်နေ ဖြင့် လှေပေါ်၌ မည်သည့်အရာရှိနေသည်ကိုပါ မမြင်ရပေ။

အားလုံးသော လူများသည် လှေကြီးကိုသာ ငေးကြည့်နေကြ၏။

ဌာနမှူး လူငယ်သည် သတိဝင်လာပြီး အော်ငေါက်လိုက်လေ၏။

'ဟေ့ မင်းဘာဖြစ်လို့ လှေငယ်ကို လှေကြီးဆီကို လှော်ခတ်နေရတာလဲ'

လှေလှော်သော လူငယ်က ဌာနမှူး လူငယ်အား မည်သို့မျှပြန်မပြောဘဲ ပြုံးပြုံး ပြုံးပြုံးနှင့် လှေကိုသာ လှော်ခတ်နေသည်။

သူ၏ဦးတည်ရာအရပ်မှာ လှေတူးဆန်းကြီးဆီသို့သာ ဖြစ်ပေ၏။

ထိုအခါ လှေပေါ်မှ လူအားလုံးသည် အခြေအနေမဟန်ပြီကို သိရှိလိုက်ကြလေသည်။

သို့သော်....

လူဆယ့်နှစ်ယောက်ဖြင့် ပြည့်ကျပ်နေသော လှေငယ်ပေါ်၌ မည်သို့ လုပ်ပါမည်နည်း။

လူငယ်အား တားဆီးလိုက်သည်နှင့် လှေမှောက်သွားမည်သာ ဖြစ်သည်။

လှေပေါ်၌ ပါလာသော လူများမှာ အသေမတန်များပေသည်။



ဌာနမှူးလူငယ်သည် သူ့ကိုယ်သူ ဒေါသထွက်မိ၏။

သူပင် ခေါ်လိုက်သည် မဟုတ်ပါလော။

တစ်ဘက်ကမ်းသို့ကူးမည့်လူများ လိုက်နိုင်သည်ဟု သူကပင် ဖိတ်ခေါ်ခဲ့သည် မဟုတ်ပါလော။

အားလုံး စိတ်ကယောက်ကယက် ဖြစ်သွားကြသည်။ သူတို့သည် လူငယ်အား ဟန့်တားလိုကြသည်။

သို့သော် မည်သူမျှ ထ၍ ဟန့်မတားဝံ့ဘဲ ရှိကြသည်။ထလိုက်သည်နှင့် လှေငယ် မှောက်သွားမည် မဟုတ်ပါလော။

ဌာနမှူး လူငယ်သည် ဓားကို ဆွဲထုတ်လိုက်၏။

'ရှမ်း...

သူသည် လှေဦးမှ ပုံပိုင်းသို့ သွားချပေမည်။

'ခင်ဗျားတို့ ဖြည်းဖြည်းချင်း ဖယ်ပေးကြ၊ ကျုပ် ဒီကောင်ကို တားမယ်'

ဌာနမှူး လူငယ်သည် လှေပေါ်၌ ထိုင်နေသူများကို ဖြည်းညင်းစွာ ကျော်ဖြတ်လေသည်။

တစ်တွဲ....နှစ်တွဲ...သုံးတွဲ....။

သူသည် ထိုင်နေသူ အတွဲသုံးတွဲကို ဖြတ်ကျော်မိသည်။ တဖြည်းဖြည်းနှင့် လှေလှော်ခတ်သူ လူငယ်နှင့် နီးကပ်လာပေပြီ။

သူသည် ဓားကို ဆလိုက်၏။

သူသည် လှေလှော်ခတ်သူ လူငယ်အား မိလိုက်သည်နှင့် ဓားနှင့် ခုတ်ချလိုက်တော့မည် ဖြစ်သည်။

သူသည် မိလုမိခပ် နေရာသို့ ရောက်ရှိလာ၏။

ဘောလုံးခံသူ လူငယ်သည် ဌာနမှူးလူငယ်ကို ရယ်ပြီး

"ကဲ ... ခင်ဗျားတို့အားလုံး ရေထဲသွားကြပေတော့"

သူသည် ပြောပြောဆိုဆိုဖြင့် လှေကို ဖိ၍စောင်းကာ ရေထဲသို့ ထိုးချသွားလေ၏။

လှေသည်း မှောက်သွားတော့သည်။

လှေပေါ်ရှိ ပါသူအားလုံး ရေထဲသို့ ထိုးကျသွားကြလေတော့၏။

...o...

ကျောင်းကျောင်းလဝ် သတိရလာ၏။

သူသည် မျက်လုံးဖွင့်ကြည့်လိုက်မိသည်။ ထိုအခါ သူသည် အံ့ဩထိတ်လန့်သွားတော့သည်။

မိမိနှင့်အတူ လှေပေါ် လိုက်စီးလာကြသော လူဆယ့်တစ်ဦးတို့မှာ အားလုံး လှေကြီးပေါ် ရောက်နေကြကြောင်း တွေ့လိုက်ရလေ၏။



ထူးဆန်းသော ရွက်လှေကြီး၏ အပြင်၌ ပြင်ဆင်ထားသည်မှာ အလွန်ဆန်းပြား ခမ်းနားသကဲ့သို့ လှေကြီး၏ အတွင်း၌ ခင်းကျင်းထားပုံမှာလည်း ကြီးကျယ်ခမ်းနားလှပါသည်။

လူဆယ့်တစ်ယောက်တို့မှာ ကြီးကျယ် ခမ်းနားမှုများကို အာရုံမစိုက်နိုင်ပါ။

သူတို့အားလုံးသည် လှေပေါ်၌ ရှိနေသော ပုဂ္ဂိုလ်ကိုသာ အာရုံစိုက်နေရပါသည်။

ရွက်လှေပေါ်၌ ဧည့်ခန်းကဲ့သို့သော အခန်းတစ်ခု ရှိသည်။ သူတို့ ဆယ့်တစ်ယောက်စလုံး ထိုဧည့်ခန်းထဲ ရောက်ရှိနေကြလေ၏။

အခန်း၏ထိပ်တွင် တိရစ္ဆာန်သားရေများ ဖုံးလွှမ်းခင်းကျင်းထားသည့် ကုလားထိုင်ပေါ်၌ ပါးရေနားရေများ တွန့်ပြီး ခေါင်းဖြူစွယ်ကျိုး ဖြစ်နေသည့် အဘွားအို တစ်ဦး ထိုင်နေလေ၏။

ထိုအဘွားအိုသည် အသက် တစ်ရာတတ်ဝန်းကျင် ရှိနေပေပြီ။

သူမ၏ လက်ဝဲဘက်တွင် ထိုင်ခုံသုံးလုံး ရှိ၏။

ထိုထိုင်ခုံများတွင်တော့ တိရစ္ဆာန် သားရေများ ခင်းကျင်းမထားပေ။

ထိုထိုင်ခုံသုံးလုံး၌ အသက် ခုနစ်ဆယ်၊ ရှစ်ဆယ်ခန့် ရှိသော အဘွား အို သုံးဦး ထိုင်နေသည်။

ထိုအဘွားအို သုံးဦးမှာ အိုစာသော်လည်း သန်သန်မာမာ ရှိပုံပေါ်သည်။

သူတို့၏ မျက်လုံးများသည် စူးရှ အေးစက်နေ၏။

အသက်တစ်ရာခန့်ရှိသော အဘွားအို၏ လက်ကျောက်တွင်မူ အလွန်တရာ အကျည်းတန်သော အမျိုးသမီးတစ်ဦး ထိုင်နေပြီး သူ့ဘေးတွင် အမျိုးသမီးနှစ်ယောက် ရပ်နေလေ၏။

ရပ်နေသူ နှစ်ယောက်အနက် တစ်ယောက်သည် အသက်လေးဆယ်ခန့်ရှိပြီး တစ်ယောက်မူ အလွန်ချောသည်။

ကျောင်းကျားလင်တို့သည် ထိုအမျိုးသမီးကို မျက်တောင်မခတ်ဘဲ ငေးကြည့်မိကြလေ၏။

ထိုင်နေသော အကျည်းတန်သည့် အမျိုးသမီးမှာမူ အလွန်ရုပ်ဆိုးလှ၏။

ကျောင်းကျားလင်တို့မှာ လက်ဖျားခါကြရလေသည်။ သူမသည် ဆံပင်ကို ဖားလျားချထားပြီး မျက်နှာမှာ လူသေအလောင်းနှင့် တူနေသည်။

သူ့ဘေး၌ရပ်နေသော အမျိုးသမီးနှစ်ယောက်မှာ အစောင့်အရှောက်များ ဖြစ်ဟန်တူသည်။

သူတို့နောက်၌ ရပ်နေသော မိန်းမလှ အယောက်နှစ်ဆယ်ခန့် ရှိသေး၏။

သူတို့သည် တိတ်ဆိတ် ငြိမ်သက်စွာဖြင့် ကြည့်နေကြသည်။

ထိုအမျိုးသမီး အယောက်နှစ်ဆယ်တို့မှာလည်း ရှိုက်ကြီးဖိုင်ငယ် အသွယ်သွယ်ဖြင့် အလွန်ချောမောကြလေ၏။

သူတို့ကို မည်သည့် ယောကျ်ားသားကမျှ မကြည့်ဘဲ မနေနိုင်ချေ။

တွေ့မြင်ရသူတိုင်း ရင်ခုန်ရမည် ဖြစ်၏။



ကျောင်းကျားလင်သည် လူးလှိမ့်ထရန် ကြိုးစားသော်လည်း အချည်းအနှီး ဖြစ်နေသည်။

သူ၏ ခြေလက်များ လှုပ်ရှား၍ မရဘဲ ရှိနေသည်။

လှုပ်ရှားမရသည်မှာ ရှိချေတော့။

သူသည် မေးမြန်းလိုက်လေသည်။

ထိုအခါ သူ အံ့ဩထိတ်လန့်သွားသည်။

သူ စကားပြော၍ မရတော့ချေ။

သူ့အသံ လုံးဝ ထွက်မလာချေ။

ကျောင်းကျားလင်သည် မိမိ၏အသံကြောင့် ကျန်ကျင်း သွေးကြောနေရာကို ပိတ်ထားကြောင်း သိရှိလိုက်သည်။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် ရုပ်ဆိုးဆိုး အမျိုးသမီးကိုသာ ကြည့်နေ၏။

အသက်တစ်ရာခန့်ရှိသော အဘွားအိုကြီးက စတင် စကားပြောလေ၏။

'ကဲ...ဟောဒီ ဆယ့်တစ်ယောက်ထဲက မင်းကြိုက်တာ ရွေးလိုက်'

ကုလားထိုင်ပေါ်၌ ထိုင်နေသော အကျည်းတန်သည့် အမျိုးသမီးသည် လူဆယ့်တစ်ယောက်အား သေချာစွာ ကြည့်လေသည်။

လူတိုင်း လူတိုင်းအား ခြေဆုံးခေါင်းဆုံး ကြည့်၍ စစ်ဆေးသည်။

ထို့နောက် ကျင်းကျားလင်အား လက်ညှိုး ထိုးပြလိုက်သည်။

အဘွားအိုကြီးက ခေါင်းညိတ်ပြီး လက်တစ်ချက် မြှောက်ပြလိုက်သည်။

ထိုအခါ လုပ်သော အမျိုးသမီးများသည် ရှေ့သို့ တွက်လာပြီး လဲကျနေသော လူဆယ်ယောက်အား အပြင်သို့ ဆွဲခေါ်သွားလေတော့သည်။

ကျင်းကျားလင်မှာ ထိုလူများအား ဘာလုပ်မည်လဲဟု နားစွင့်နေမိသည်။

ခဏမျှကြာသောအခါ တဘွမ်းဘွမ်းအသံ ကြားရလေ၏၊

လေးလံသော အရာဝတ္ထုပစ္စည်းများ ရေထဲကျသည့် အသံပင်တည်း။

ဤသို့ဆိုလျှင် သယ်ယူသွားသည့် လူဆယ်ယောက်ကို အကြောပိတ်ပြီး ရေထဲပစ်ချခြင်းသာ ဖြစ်ပေသည်။

အကြောပိတ်ထားသော လူများမှာ အာယမ်မှာလျှင် ရေကူးနိုင်ပါအံ့နည်း။

ရေနစ်၍ သေဆုံးကြရပေတော့မည်။

ကျင်းကျားလင်မှာ ထိုသူများအား မကယ်တင်နိုင်ခြင်းအတွက် လွန်စွာ စိတ်မကောင်း ဖြစ်သွားသည်။

ထို့နောက် လုပ်သော မိန်းကလေးများသည် ကျင်းကျားလင်အား လှေ၏ဝမ်းဗိုက်အတွင်းသို့ ဆွဲခေါ် သွားတော့သည်။



ထိုအချိန်တွင် လှပသော မိန်းကလေးနှစ်ယောက်သည် စိုရွှဲနေသော လူငယ်တစ်ယောက်အား ဆွဲခေါ်လာသည်ကို တွေ့ရသည်။

နှစ်ယောက် ဆွဲလာခြင်း ဖြစ်သည်။

ထိုလူမှာ သတိမေ့နေ၏။

ကျင်းကျားလင်သည် ထိုလူငယ်၏မျက်နှာကို တွေ့မြင်သည်နှင့် ဤလူငယ်အား တွေ့ဖူးကြောင်း အမှတ်ရလာသည်။

သို့သော်....

မည်သည့်နေရာ၌ တွေ့ခဲ့ဖူးသည်ကို စဉ်းစားမရဘဲ ရှိနေလေသည်။

ထိုစဉ် မိန်းကလေးနှစ်ယောက်သည် ထိုလူငယ်အား ဆွဲထူလိုက်ရာ လူငယ်၏ခေါင်းစည်းသည် ပြုတ်ကျသွားလေ၏။

ထိုလူငယ်သည် ယောကျ်ားလေးတစ်ယောက်မဟုတ်....

မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း တွေ့လိုက်ရတော့သည်။

'ဟင်....ယိုမိန်ပါလား၊ သူ....သူ ဘာဖြစ်လို့ ဒီကို ရောက်လာတာပါလိမ့်'

ကျင်းကျားလင်သည် ယိုလန်၏အစ်မ ယိုမိန်ကို ကောင်းစွာ သိရှိ၏။

ယခု...

ရေနစ် သတိမေ့နေသူမှာ ယိုမိန်ပင်တည်း။

မိန်းကလေးများသည် ယိုမိန်ကို ဆွဲတင်သွားကြ၏။

မကြာမီ ကျောင်းကျားသင်၏ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

'ယိုမိန်နဲ့ ယိုလန်တို့ဟာ ကျောင်းကျားဂေဟာမှာ ကျန်ရစ်ခဲ့ကြတာပဲ၊ အခု ယိုမိန် ဒီကို ရောက်လာတယ်၊ ငါ စဉ်းစားလို့ မရပါလား'

မိန်းမလှများသည် စဉ်းစားနေသော ကျောင်းကျားလင်အား ဆွဲခေါ်သွားကြ၏။

လှေဝမ်းထဲရှိ အခန်းတစ်ခန်း၊ အတွင်းသို့ ထည့်လိုက်ကြသည်။

ကွပ်ပျစ်တစ်လုံးပေါ်သို့ ပစ်တင်လိုက်ကြသည်။

'ရှင်...ဒီမှာ ကောင်းကောင်းနေ'

ကျောင်းကျားလင်မှာ စကားပြောလိုသော်လည်း စကားမပြောနိုင်အဲ ရှိသည်။

သူ့အား အကြောပိတ်သွားသည် မဟုတ်ပါလော။

လက်ဟန်ခြေဟန်နှင့် အချက်ပြလိုသော်လည်း အကြောပိတ်ထားသဖြင့် မပြုနိုင်ချေ။

မိန်းကလေးများသည် သူ့အား ပြုံးစေ့စေ့နှင့်ကြည့်ကာ အခန်းတွင်းမှ ထွက်ခွာနေ် ဟန်ပြင်လိုက်ကြသည်။

မိန်းမလှကလေးတစ်ဦးက



'ဘာကြည့်နေတာလဲ...မကြာခင် ရှင် နတ်ပြည် ရောက်မှာပါ၊ နတ်ပြည်ရောက်မှ ကျွန်မတို့ကို မမေ့မသွားနဲ့၊ ခစ်... ခစ်... ခစ်....'

မိန်းကလေးများသည် ရယ်မောကြလေ၏။

'ဂျိမ်း....'

သူတို့သည် အခန်းတံခါးကို ပိတ်ကာ ထွက်ခွာ သွားကြလေတော့သည်။

## အခန်း (၃၃)

### သေခံတွင်းမှ လွတ်မြောက်သူ

တော်ငန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်နေသည်။

ကျင်းကျားလင်သည် အခန်းတစ်ခုလုံးအား ကြည့်၍ အကဲခတ်လိုက်သည်။

အခန်း၏ အလယ်ဗဟိုအဘက်၌ မီးအိမ်တစ်လုံး ချိတ်ဆွဲထားသည်။

မီးထွန်းညှိထားသည်။

ထို့ကြောင့် အခန်းထဲ၌ လင်းနေသည်။

လေမည်မျှကြီးသည်ဆိုစေ လိုင်းပုတ်သည့် ဒဏ်ကို ခံနေရသဖြင့် လှေကြီးသည် အနည်းငယ် လူးနေသည်။



ထို့ကြောင့် မီးအိမ်သည်လည်း လှုပ်နေ၏။

ကျင်းကျားလင်မှာ မျက်လုံးက မြင်နိုင်သည့် အဘိုင်းအတာအထိသာ လျှောက်ကြည့်နေပြီး ကိုယ်လက်များ မလှုပ်ရှားနိုင်သဖြင့် ကျင်ပျစ်ပေါ်၌ ငြိမ်သက်စွာ လဲလျောင်းနေရသည်။

ကျင်းကျားလင်မှာ ခြေလက် မလှုပ်ရသဖြင့် စိတ်ဖြင့်သာ တွေးတောနေတော့သည်။

သူ့စိတ်ထဲ၌ ပထမဆုံးပေါ်လာသောအတွေးမှာ ဤ ထူးဆန်းသောလှေသည် မည်သူပိုင် လှေဖြစ်ပါသနည်း။

ဟူသည့် အတွေးပင် ဖြစ်ပါသည်။

သူသည် အတွေးအိုမျှားလည်း တွေ့ခဲ့ရသည်။

ယော်ရှယ် ချောမော လှပလွန်းလှသော အမျိုးသမီးငယ်များကိုလည်း တွေ့ရသည်။

ထိုအမျိုးသမီးများသည် မည်သူများ ဖြစ်ပါသနည်း။

ဤရွက်လှေပေါ်၌ ယောကျ်ားသား တစ်ဦးမျှမပါဘဲအမျိုးသမီးများသာ ရှိပါသလော။

ယခု သူတို့လှေထဲမှ ပါလာသူ ဆယ်တစ်ယောက်ကို ဖမ်းဆီး၍ မိမိအား ရွေးချယ်လိုက်ကြလေပြီ။

လှေလှော်ခတ်သည့် လူငယ်မှာ ဤလှေကြီးမှ ဖြစ်ပုံရ၍ ပါလာသူများမှာ ဆယ့်တစ်ယောက်သာ ရှိပေသည်။

ကျန်ဆယ်ယောက်အား ရေထဲပစ်ချပြီးအဆုံးစီရင် လိုက်ကြလေပြီ။

ကံဆိုးသူ ဆယ်ယောက်ပင်တည်း။

ထိုဆယ်ယောက်သည် ကမ်းစပ်၌ အဘိုးအို ပြောသကဲ့သို့ အလောင်းများအဖြစ်နှင့် ဤမြစ်ပြင်တစ်လျှောက် မြောပါနေကြရတော့မည်။

ဌာနမှူးလူငယ်သည် အဘိုးအိုစကားကို မယုံကြည်ဆုံးသူ ဖြစ်သည်။

ယခုတော့ အသက်နှင့်ရင်း၍ ယုံသွားရပေပြီ။

ကျောင်းကျားလင်သည် ထိုအဘိုးအို၏စကားများကို ပြန်လည်ကြားယောင်မိတော့သည်။

'ဒီလှေထူးလှေဆန်းဟာ ဆယ့်ငါးနှစ်မှာ တစ်ကြိမ်ပေါ်လာတတ်တယ်၊ ဒီလှေဟာ ပေါ်လာရင် ရှောင်ကျန်းတစ်ဝိုက်မှာ ပေါ်လာတာပဲ၊ သူထွက်လာရင် လူငယ်လူရွယ်တွေလဲ ပျောက်ဆုံးသွားကြတာပဲ၊ နောက်ပိုင်းရက်မှာ မြစ်ထဲမှာ သူတို့ရဲ့ ဗလာကျိုင်းတဲ့အလောင်းတွေ မျောလာတာတွေ့ရတော့တာပဲ'

ကျောင်းကျားလင် သက်ပြင်းချလိုက်မိလေ၏။

ရေထဲသို့ပစ်ချခြင်းခံရသော ဆယ်ယောက်မှာ ဆယ်လောင်းဖြစ်သွားမည်မှာ သေချာနေသည်။

ထိုအထဲ၌ မဟုတ်မခံဖြစ်သော ဌာနမှူးလူငယ်လည်း ပါသွားမည်မှာ သေချာသည်။

သူ့သိုင်းပညာလည်း သူ့အသက်ကို မကယ်နိုင်ချေတကား။

မိမိ၏ဘဝကံအကြောင်းကိုမူ မိမိမပြောနိုင်ချေ။

သူ အမျိုးမျိုး တွေးတောနေစဉ် အခန်းတံခါး ဖွင့်သံကို ကြားလိုက်ရလေ၏။



'ဂျလောက်'

စေတ်ရုံနက်တစ်ယောက်သည် အခန်းထဲသို့ ဝင်လာလေ၏။ မကြာမီ သူ့အနီးသို့ ရောက်ရှိလာသည်။

ကျောင်းကျားလင် ကြည့်လိုက်သောအခါ အလွန်အရုပ်ဆိုး အကျည်းတန်သော မိန်းမဖြစ်ကြောင်း တွေ့ရှိရလေ၏။

အကျည်းတန်သော အမျိုးသမီးသည် ကျောင်းကျားလင်အား ခြေဆုံးခေါင်းဆုံး အကဲခတ်နေလေ၏။

အမျိုးသမီးသည် ကွပ်ပျစ်ပေါ်တွင် ဖင်ပါးတစ်ခြမ်း စောင်း၍ ဝင်ထိုင်လိုက်၏။

ကျောင်းကျားလင်မှာ လူသေမျက်နှာနှင့် တူလှသော အမျိုးသမီး၏မျက်နှာကိုကြည့်ပြီး ရင်ထဲ ပျို့တက်လာ၏။

သို့သော်...

သူ မအန်နိုင်ချေ။

ထို့ကြောင့် မျက်လုံးပိတ်ထားလိုက်ရ၏။

အမျိုးသမီး၏အသံ ထွက်ပေါ်လာသည်။

'ရှင်ဘာကြောင့် မျက်လုံးပိတ်ထားရတာလဲ'

ထူးဆန်းလှပေသည်။

လူသေမျက်နှာကဲ့သို့ ရုပ်ဆိုးလှသော အမျိုးသမီး၏အသံမှာ ကရဝိက်သံလား၊ ကြိုးကြာသံလား ထင်မှတ်မှားရပေသည်။

လွန်စွာ နားဝင်ချိုလှသည်။

အသံနှင့်ရုပ်ရည် ကွာခြားလွန်းလှချေသည်တကား။

ကျောင်းကျားလင်သည် မျက်လုံးဖွင့်ကြည့်လိုက်ရ၏။

အကျည်းတန်သော အမျိုးသမီးက ပြုံးလိုက်၏။

သူမပြုံးလိုက်သောအခါ၌သည်း ပြုံးသည်ဆိုရုံမျှသာ ဖြစ်သည်။

'ဘာလဲ...ကျွန်မက ရုပ်ဆိုးနေလို့ သဘောမကျတာလား'

ကျောင်းကျားလင်သည် မျက်လုံးပြန်မှိတ်လိုက်၏။

အကျည်းတန်သော မိန်းကလေးက လက်သီးဖွဖွဆုပ်ကာ သူ့အား အသာအယာထုလိုက်သည်။

'မျက်လုံးဖွင့်ကြည့်စမ်း'

သူမသည် အမှတ်မထင် ပိတ်ထားသော သွေးကြောအား ထုလိုက်ရာ ကျောင်းကျားလင်သည် စကားပြောနိုင်သွားလေ၏။

သူ၏အကြောကို အကျည်းတန်သောမိန်းကလေးက ဖွင့်ပေးလိုက်သလို ဖြစ်သွားသည်။

ကျောင်းကျားလင်သည် အသံထွက်၍ အော်လိုက်၏။

'သွား....သွား....မင်းကို ငါမကြည့်ချင်ဘူး'

ကျောင်းကျားလင်သည် ထရန်ကြိုးစားလေသည်။

သို့သော်....

သူ့ခြေလက်များက မလှုပ်ရှားနိုင်ဘဲ ဖြစ်နေသည်။

အကျည်းတန်သော မိန်းကလေးက ကျောင်းကျားလင်ကိုကြည့်ပြီး မဲ့ပြုံးပြုံးနေ၏။

'ဘာလဲ....ကျွန်မက ရုပ်ဆိုးလို့ မကြည့်ချင်ဘူးပေါ့ ဟုတ်လား၊ ရုပ်ချောတဲ့လူတွေကို ခေါ်ပေးရမယ်ပေါ့ ဟုတ်လား'

သူမသည် ပြုံး၍ သျူမ၏နားထင်နောက်ကို စမ်းသပ်လိုက်သည်။

ထို့နောက်....



ပြီးနဲ့ မျက်နှာတုကို ခွာချလိုက်လေတော့၏။

ကျောင်းကျားလင်မှာ အံ့အားသင့်လွန်းသဖြင့် ကြက်သေသေသွားလေ၏။

သျူသည် ငေးမောကြည့်နေမိလေ၏။

အဘယ်ကြောင့်ဆိုသော်....

မျက်နှာတု နောက်ကွယ်မှ မျက်နှာပိုင်ရှင်သည် အံ့တုမရအောင် ချောမောလှပလွန်းသည့် မျက်နှာပိုင်ရှင် ဖြစ်နေသောကြောင့်တည်း။

သျူမသည် ကျောင်းကျားလင်၏ဟန်အမူအရာကို ကျေနပ်စွာကြည့်၍ ပြုံးလိုက်၏။

'ကဲ....ကျွန်မကို ထွက်သွားခိုင်းဦးမှာလား'

သျူမသည် ပြောရင်း သူမ၏ နူးညံ့ သွယ်ပြောင်းသော လက်ကလေးများဖြင့် ကျောင်းကျားလင်၏မျက်နှာအား အသာအယာ ပွတ်သပ်ပေးနေလေ၏။

နုထွေး ပျော့ပျောင်းသော လက်ချောင်းကလေးများဖြင့် ထိတွေ့လိုက်ရသောအခါ ကျောင်းကျားလင်သည် ရင်ခုန်လာ၏။ မျက်နှာနီရဲလာသည်။

သူ့တစ်ကိုယ်လုံး ရှိန်းတိန်း ဖိန်းတိန်း ဖြစ်လာ၏။

မိန်းကလေး၏ ခန္ဓာကိုယ်သည် သူ့ခန္ဓာ ကိုယ်ပေါ်သို့ တဖြည်းဖြည်း ဖိချလာလေ၏။

သူမ၏ နုထွေးသော နှုတ်ခမ်းကလေးဖြင့် ကျောင်းကျားလင်၏ နဖူးနှင့် ပါးပြင်ပေါ်သို့ စတင်နမ်းရှုံ့ လာတော့သည်။

ကျင်းကျားလင်မှာ အသက်ဆယ့်ခြောက်နှစ်သာ ရှိသည့် လူပျိုပေါက်ကလေး ဖြစ်သည်။

ဤခံစားမှုများကို တစ်သက်နှင့် တစ်ကိုယ် မခံစားဖူးချေ။

သူသည် ပတ်ဝန်းကျင်ကို မေ့လျော့သွားမည်ကဲ့သို့ဖြစ်သွားလေသည်။

ထိုအချိန်မှာပင် အသိဥာဏ် တစ်ခုသည် သူ့ဦးနှောက်ထဲသို့ တိုးဝေ့ ဝင်ရောက် လာလေသည်။

သူသည် ပျံ့လွင့်နေသော စိတ်များကို စုစည်းလိုက်ပြီး အသံကျယ်လောင်စွာဖြင့် အော်လိုက်သည်။

'သွားစမ်း အရှက်မရှိတဲ့ မိန်းမ'

မိန်းကလေးသည် လှုပ်ရှားနေရာမှ ရပ်တန့်သွားသည်။

သူမက ပျော့ပျောင်းသော လေသံဖြင့်....

'အစ်ကိုကလဲ မကြာခင် ကျွန်မတို့ လင်မယား ဖြစ်ကြတော့မှာပဲ၊ ဘာဖြစ်လို့ ဒီလို အော်ရတာလဲ'

ကျင်းကျားလင်က မဲ့ပြုံးပြုံးလိုက်သည်။

သူ၏ ခြေလက်များကတော့ လှုပ်ရှား၍ မရပါချေ။

'မင်းလို အရှက်မရှိတဲ့ မိန်းမကို ငါမလို ချင်ဘူး'

မိန်းကလေးသည် ကျင်းကျားလင်အား အတန်ကြာ ကြည့်သည်။

ထို့နောက် သက်ပြင်းချလေသည်။

'ရှင်က လူတစ်မျိုးပါလား'



သူမသည် နေသားတကျ ပြန်ထိုင်လိုက်သည်။

ကျင်းကျားလင်၏ ပိတ်နေသော သွေးကြောများကို ဖွင့်ပေးလိုက်သည်။

ကျင်းကျားလင်မှာ ယခု ခြေလက်များ လှုပ်နိုင်သဖြင့် ထရပ်လိုက်သည်။

မိန်းကလေးသည် စကားတစ်ခွန်းမျှ မပြောတော့ချေ။

ကျောက်ပျစ် တစ်နေရာတွင် တပ်ဆင်ထားသော ခလုတ်တစ်ခုကို နှိပ်လိုက်ရာ 'ဂျိမ်း' ဟူသောအသံကြီးနှင့်အတူ လူတစ်ယောက် ဝင်နိုင် ထွက်နိုင်သော အပေါက်တစ်ခု ပေါ်လာလေသည်။

မိန်းကလေးသည် ထိုအပေါက်အား ညွှန်ပြလိုက်သည်။

'ကဲ ရှင်သွားနိုင်ပါပြီ'

ကျင်းကျားလင်သည် မိန်းကလေးအား ကြောင်အမ်းအမ်း ကြည့်လိုက်သည်။

'ဒါပေမယ့် ရှင်ရေမကူးတတ်ရင်တော့ ကျွန်မလဲ ဘာမှ မတတ်နိုင်ဘူး'

ကျင်းကျားလင်သည် မိန်းကလေးအား နားမလည်နိုင်စွာ ကြည့်လိုက်၏။

'မင်းက ဘာဖြစ်လို့ ငါ့ကို အခုလို လွှတ်ပေးလိုက်ရတာလဲ'

မိန်းကလေးက ပြုံး၍....

'ကျွန်မက ရှင့်ကို လွှတ်ပေးတာ မဟုတ်ဘူး၊ ရှင်ကိုယ်ရှင် လွှတ်ပေးတာ'

ကျင်းကျားလင်မှာ အံ့ဩလွန်းသဖြင့် ခေါင်းတောင်သွားမိသည်။

'ဘာ....ဘာမှ ကျုပ် နားမလည်တော့ဘူး'

မိန်းကလေးက သက်ပြင်းချလိုက်သည်။

'အင်း... ရှင့်ကို ရှင်းပြရဦးတော့မှာပေါ့'

'ရှင်းပြပါ၊ ဒါမှ ကျုပ်နားလည်မှာ'

'ကျွန်မတို့ ဂိုဏ်းချုပ်ဟာ ငယ်ရွယ်စဉ်တုန်းက ယောကျ်ား တစ်ယောက်နဲ့ မေတ္တာမျှခဲ့တယ်၊ ကလေးတစ်ယောက် ရပြီးမှ အဲ့ဒီ ယောကျ်ားဟာ သစ္စာ ဖောက်သွားခဲ့တယ်'

'ဪ....ကျုပ်သိပြီ၊ ခင်ဗျားကို ယောကျ်ားတွေကို မြူ ဆွယ်ခိုင်းခဲ့တယ် ဆိုပါတော့'

'ဟုတ်ပါတယ်၊ ကျွန်မတို့ကို မြူဆွယ် ခိုင်းခဲ့ပါတယ်၊ တိမ်း [illegible] ညွတ်လာတဲ့ ယောကျ်ားဆိုရင်တော့ မလွယ်ပါဘူး၊ သေမှာ ပါပဲ၊ ကျွန်မတို့ဂိုဏ်းချုပ်က တိမ်းညွတ်တဲ့ ယောကျ်ားတွေကို သတ်ပစ်လို့ အမိန့်ပေးထားတာကိုး သူက ယောကျ်ားတိုင်းဟာ ဆိုင်တွေ့ရင် ခြေဆေးတတ်တဲ့ အမျိုးလို့ တစ်ယူသန် ဖြစ်နေ [illegible] တယ်ရှင်၊ အခု ကျွန်မရှင့်ကို တွေ့ရတော့ လောကမှာ ကိုယ့် သိက္ခာကို စောင့်ထိန်းနိုင်တဲ့ ယောကျ်ား ရှိပါသေးကလားဆိုတဲ့ အသိ ရသွားတယ်၊ ဒါကြောင့်မို့ ရှင့်ကို ပြန်လွှတ် လိုက်တာ ပါ'

ကျင်းကျားလင်သည် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏၊

'ကျေးဇူး တင်ပါတယ်၊ ဒါနဲ့ ခင်ဗျားနာမည်ကို သိပါရစေ ဗျာ'

မိန်းကလေးက ပြုံး၍....

'ချင်ကုလျှိုလို့ ခေါ်ပါတယ်'



ကျင်းကျားလင်သည် လက်ဖမိုးအစုံ ယှက်၍ ဂါရဝ ပြုလိုက် သည်။

'ခင်ဗျားရဲ့ ကျေးဇူးကို ကျုပ် မမေ့ပါဘူးဗျာ'

ချင်ကုလျှို၏ မျက်ဝန်းအစုံတွင် ရှန်းမြတောက်ပသော အလင်းရောင်များ ပေါ်လာသည်။

'အချိန်မနှောင်းမီ သွားပါတော့'

ကျင်းကျားလင်သည် အပေါက်ထဲသို့ ခုန်ဆင်းမည်အပြု တစ်စုံတစ်ခုကို သိရလိုက်သဖြင့် ခုန်မဆင်းသေးဘဲ ချင်ကုလျှို အား ပြန်လည်မေးမြန်းလေ၏။

'အခုလို ကျုပ်ကို လွှတ်ပေးလိုက်တာ၊ ခင်ဗျား အပြစ်များ ရမလားဟင်'

ချင်ကုလျှိုသည် ကျင်းကျားလင်၏ ကြင်နာမှု အပြည့်ပါ သော စကားကို ကြားလိုက်ရသောအခါ ခန္ဓာကိုယ်ကလေး သည် မသိမသာ တစ်ချက်တုန်ခါသွားလေ၏။ သူမသည် ပြုံး ၍ ခေါင်းယမ်းပြလေ၏။

'ကျွန်မအတွက်နဲ့ စိတ်မပူပါနဲ့'

'ဒါဖြင့်....ကျုပ်ကို သွားခွင့်ပြုပါ'

'ဩော် ဒါထက် ဒီလှေပေါ်က အကြောင်းတွေကို တခြား လူကို မပြောပါနဲ့နော်'

'စိတ်ချပါ မပြောပါဘူး'

ကျောင်းကျားလင်သည် သူမအား နောက်ဆုံးတစ်ချက်ကြည့်ပြီးနောက် အပေါက်ထဲသို့ ခုန်ချလိုက်လေတော့သည်။

ထိုအပေါက်သည် ရေထဲသို့ကျဆင်းသော အပေါက်ဖြစ်ရာ ကျောင်းကျားလင်သည် ရေထဲသို့ ဘွမ်းခနဲ ကျသွားလေတော့သည်။

ချင်ကုလျှံမှာ ရေထဲကျဆင်းသွားသော ကျောင်းကျားလင်ကို ငေးမောကြည့်နေမိလေ၏။

....o....

## အခန်း (၃၄)

### လော့ထူးဆန်း၏ဇာတ်ကြောင်း

နံနက်ခင်း....

နေလုံးကြီးသည် ရေပြင်ထက်မှ တစ်ဝက်ခန့် ထွက်ပေါ်နေ၏။

မြစ်ရေပြင်တစ်ပြင်လုံးသည်လည်း အနီရောင် ခြယ်သထားသလို ဖြစ်နေသည်။

မြစ်ကမ်းစပ် သဲသောင်ပြင်၌ လူငယ်တစ်ယောက် လဲကျနေလေ၏။

သူ့ကိုယ်ပေါ်၌ ဝတ်စားထားသည့် အဝတ်အစားများမှာ ရေများ စိုရွှဲနေပေသည်။

ထိုလူငယ်မှာ အခြားသူမဟုတ်ပါ။

လှေထူးလှေဆန်းပေါ်မှ အသက်ဘေးလွတ်မြောက်ခဲ့သော ကျင်းကျားလင်ပေတည်း။

သူသည် သေဘေးမရောက် သက်မပျောက်ဘဲ သဲသောင်ပေါ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

နေလုံးကြီးသည် နီရဲနေရာမှ တဖြည်းဖြည်း မြင့်တက်လာတော့သည်။

ပူမြင်းသော နေလုံးကြီးဆီမှ အလင်းရောင်သည် ကျင်းကျားလင် ကိုယ်ပေါ်သို့ ကျလာသဖြင့် ကျင်းကျားလင် သတိရလာလေ၏။

သူသည် ဘယ်ဘက်လက်ဖြင့် မျက်နှာပေါ်သို့ ကျနေသော နေရောင်ကို ကာလိုက်ပြီး ထထိုင်လိုက်သည်။

သူသည် မည်သည့်နေရာသို့ ရောက်ရှိနေလေသနည်း။ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

သူ၏ ကျောပေးထားသော နေရာတွင် စိမ်းလန်းစိုပြည်စွာ သစ်ပင်ဝါးပင်များ ပေါက်နေကြောင်း တွေ့ရှိရလေ၏။

ဝါးတောများသည် လေတိုက်တိုင်း တရှဲရှဲ ယိမ်းနွဲ့မြည်ဟည်းနေကြသည်။

မိမိသည် လှေထူးဆန်းကြီးပေါ်မှ ရေထဲသို့ ထိုးကျလာပြီးနောက် မြစ်ပြင်တစ်ကျောတွင် လက်ပစ်ကူးနေခဲ့ရသည်။

မြစ်တစ်ပြင်လုံး လှေငယ်တစ်စင်းဟူ၍ မရှိဘဲ ဟာလာ ဟင်းလင်း ဖြစ်နေသဖြင့် လက်ပန်းကျမတတ် ကူးခတ်နေခဲ့ရသည်။



မိမိသက်ပန်းကျလုသောအခါ တစ်စုံတစ်ယောက်က လှေထဲဆွဲတင်လိုက်သည်ကို သတိရလာ၏။

ထိုသို့ ဆွဲတင်ပြီးနောက် မိမိသည်လည်း သတိမေ့မြောသွားတော့သည်။

ယခု....

မိမိအား ဆယ်တင်သူ မည်သည့် အရပ်မှာနည်း။

ထိုအချိန်တွင် အစိမ်းရောင်ဝတ်စုံ ဝတ်ထားသော လူရိပ်တစ်ရိပ်သည် သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေသည်။

အဘိုးအိုတစ်ယောက်တည်း။

'မင်း သတိရလာပြီလား'

အဘိုးအိုသည် ကြင်နာစွာ မေးမြန်းလေ၏။

ကျင်းကျားလင်သည် ထိုအဘိုးအိုအား မှတ်မိသည်။

ဤအဘိုးအိုမှာ ဆိပ်ကမ်း၌ အာမခံဌာနမှ ဌာနမှူးလူငယ်အား တစ်ဘက်ကမ်း သို့မကူးရန် သတိပေး ဟန့်တားပြောဆိုခဲ့သော အဘိုးအိုပင် ဖြစ်လေ၏။

ကျင်းကျားလင်သည် မတ်တတ်ထရပ်လိုက်၏။

လက်ဖမိုးအစုံယှက်၍ အဘိုးအိုကို ဂါရဝပြုလိုက်သည်။

'ဘဘက ...'

အဘိုးအိုက ပြုံးလိုက်၏။

'ငါက မင်းတို့ လှေနဲ့ ထွက်သွားကတည်းက ဒီလှေ ထူးဆန်းကြီးရဲ့ အခြေအနေကို အကဲခတ်နေတာပါ'

ကျင်းကျားလင် မျက်မှောင်ကြုတ်သွား၏။

'ဒါဖြင့်....ကျွန်တော့်ကို အဘက ဘယ်လိုက်တာလား'

အဘိုးအိုက ခေါင်းညိတ်၏။

'ဟုတ်တယ်.... ငါကယ်လိုက်တာပါ၊ ငါက လှေထူးဆန်းကြီးရဲ့အခြေအနေကို စောင့်ကြပ်ကြည့်နေတုန်း မင်းကို ရေထဲမှာ မျောလာတာ တွေ့တာနဲ့ ကယ်လိုက်တာပဲ'

ကျောင်းကျားလင်က ဦးညွှတ် ဂါရဝ ပြုလိုက်လေသတည်း။

'အဘကို ကျေးဇူးတင်ပါတယ် ခင်ဗျာ'

အဘိုးအိုသည် သူ့အား အကဲခတ် ကြည့်လိုက်ပြီး....

'ကဲ....ကဲ....ဒီမှာ ထိုင်ပါဦး၊ နေပူစာလှုံရင်းပေါ့၊ မင်းရဲ့ အဝတ်တွေလဲ ခြောက်သွေ့သွားတာပေါ့'

'ဟုတ်ကဲ့....အဘ'

သူတို့သည် ကျောက်ဆောင်ကြီး တစ်ခုပေါ်တွင် ထိုင်လိုက်ကြသည်။

အဘိုးအိုသည် ကျောင်းကျားလင်အား ပြုံးကြည့်ပြီး ပြောသည်။

'ငါ့ကို ကျေးဇူးတင်တယ်ဆိုရင် ငါတစ်ခု တောင်းပန်ချင်တယ်'

'ဘာများလဲ'

'မင်း လှေပေါ်မှာ ကြုံတွေ့ခဲ့ပုံတွေကိုပဲ ပြောပြပါ၊ လှေပေါ်မှာ ဘယ်သူတွေ ရှိတယ်၊ ဘာလုပ်နေကြတယ်ဆိုတာတွေပေါ့ကွာ၊ မင်းမြင်ခဲ့ တွေ့ခဲ့တာတွေကို ပြန်ပြောပြပါလား၊ အဲဒါ ငါ့ကို ကျေးဇူးဆပ်ရာ ရောက်တာပေါ့'



'ဟုတ်ကဲ့ ...'

ကျောင်းကျားလင်သည် လွတ်ခနဲ ပြောပြီးမှ ပါးစပ်ပိတ်သွားလေတော့၏။

အဘယ်ကြောင့်ဆိုသော်....

ချင်ကုလျ အား လှေပေါ်မှ အဖြစ်အပျက်များကို မည်သူ့အားမျှ မပြောပါဟု သူ ကတိပြုခဲ့သောကြောင့်ပေတည်း။

'ကျွန်တော်.... ကျွန်တော်.... ဘာ.... ဘာမှ မတွေ့ခဲ့ပါဘူး ခင်ဗျား'

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်၏။

'လိမ်ရင်လဲ ယုံအောင် လိမ်ပါကွာ'

'ကျွန်တော်....လိမ်ပြောတာ မဟုတ်ပါဘူး'

'မင်း နုပါသေးတယ်ကွာ'

သူက သူ့စကားကို ဆက်ပြောလိုက်၏။

'ငါဟာ ဒီထူးဆန်းတဲ့ လှေနောက် လိုက်စုံစမ်းနေတာဆယ်နှစ်မကတော့ဘူးကွ၊ အခု ဒီလှေကြီးကို ငါ တွေ့ရတာဟာ တတိယအကြိမ်ပဲ၊ မင်းဟာ လှေမှောက်ပြီး လှေကြီးပေါ် ရောက်သွားတာကို ကျုပ်မြင်လိုက်ရတယ်၊ ဒါကြောင့် လှေပေါ်က အခြေအနေကို မင်းတစ်ယောက်တည်းပဲ သိရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းအရင် လှေပေါ်ရောက်သွားတဲ့ လူတွေလဲ ရှိကြပါတယ်၊ ဒါပေမယ့်....သူတို့ ပြန်ဆင်းလာတဲ့အခါ အသက်မပါကြတော့ဘူး၊ မင်းတစ်ယောက်ပဲ အသက်နဲ့ ခန္ဓာကိုယ်တွဲလျက် ပြန်ဆင်းလာခဲ့ဖူးတယ်'

ကျောင်းကျားလင် မျက်မှောင်ကြုတ်သွားလေ၏။

'အဘက ဘယ်နှစ်ကျော်အချိန်ကုန်ခံပြီး ဘာဖြစ်လို့ ဒီလှေကြီးကို စုံစမ်းနေရတာလဲ'

အဘိုးအိုက....

'ဒီလှေပိုင်ရှင် လိန်ယန် ကြောင့် ဆိုပါတော့ကွာ'

ကျင်းကျားလင်က မေးလိုက်၏။

'ဒီလှေကြီး ပိုင်ရှင်က လိန်ယန်တဲ့လား'

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်၊ ဒီလှေပိုင်ရှင်က လိန်ယန်ပါ'

'လိန်ယန်ကို အဘ သိသလား၊ သူက ဘယ်သူလဲ၊ သိုင်းလောကမှာ ဒီနာမည် မကြားဖူးသလိုဘဲ'

'လိန်ယန်မှာ တခြား နာမည်တစ်ခု ရှိသေးသကွ'

'ဘာများတဲ့လဲ'

'ဟိုလန်တောင်က မင်းသမီးလေးဆိုတဲ့ နာမည်ပဲ၊ သူ့နာမည်ကို ဘယ်ကြားဖူးမလဲ၊ သူက သိုင်းလောကထဲမှာ တစ်နှစ်လောက်ပဲ ပေါ်ထွက်လာပြီး ပျောက်ကွယ် သွားခဲ့တာကိုး...'

ကျင်းကျားလင် စိတ်ဝင်စားလာ၏။

'အဘက ဘာကြောင့် သူ့နောက်ကို လိုက်စုံစမ်းနေရတာလဲ...'

အဘိုးအိုက ပြုံးလိုက်သည်။

'ဒါကို ပြောရမယ်ဆိုရင် အတော် ရှည်ရှည်ဝေးဝေးတွေကို ပြောရမယ်၊ ဒါပေမယ့်.... မင်းလဲ ဗဟုသုတရစေဖို့ ငါပြောပြ



ပါမယ်၊ ဒီအကြောင်းကို ပြောရမယ်ဆိုရင် လိန်ယန်နဲ့ပင် ပတ်သက်တဲ့အကြောင်းက စပြောရမယ်'

ကျင်းကျားလင်က ခေါင်းညိတ်လိုက်၏။

'ကျေးဇူးတင်ပါတယ် အဘ ပြောပြပါ'

အဘိုးအိုက အနည်းငယ်စဉ်းစားပြီး လိန်ယန်အကြောင်း စတင်ပြောကြားလေတော့၏။

'ဟိုလန်တောင်မင်းသမီးလေးလိန်ယန်ဆိုတာ ဟိုလန်တောင် အရှင်သခင် လိန်ယုရိရဲ့ တစ်ဦးတည်းသော သမီးပါပဲ'

ကျင်းကျားလင်သည် အဘိုးအို ပြောမည့်စကားများက အလွန်အရေးကြီးကြောင်း နားလည်ထားသဖြင့် ဂရုတစိုက် နားထောင်နေသည်။

အဘိုးအိုက စကားဆက်၏။

'သိုင်းလောကမှာ သိုင်းဂိုဏ်းတွေ အမျိုးမျိုးရှိကြတယ်၊ သိုင်းပညာတွေကလဲ အမျိုးမျိုးပဲ၊ ဟိုလန်တောင် အရှင်လိန်ယုရိရဲ့ သိုင်းပညာဟာလဲ တစ်မူထူးခြားတယ်၊ သိုင်းလောကမှာလဲ နှစ်ပေါင်း အတော်ကြာ ကျော်ကြားခဲ့ပါတယ်၊ ဒါပေမယ့် တစ်နေ့ကျတော့ သိုင်းပြိုင်ပွဲတစ်ခုမှာ သူဟာ ဗျူဟိုင်းဖြူသိုင်းကိုးကွက်ကို ရှုံးနိမ့်သွားခဲ့တယ်'

ကျင်းကျားလင် မျက်မှောင်ကုပ်သွားလေ၏။

'လာပြန်ပြီ ဗျူဟိုင်းဖြူသိုင်းကျမ်း'

သူသည် ဗျူဟိုင်းဖြူသိုင်းကျမ်းအတွက် ဦးနှောက်ခြောက်ပြီး အိမ်မှထွက်လာခဲ့ခြင်းဖြစ်ရာ ယခု ဗျူဟိုင်းဖြူသိုင်းကျမ်း

အကြောင်း ထပ်မံကြားရသောအခါ ဦးခေါင်းများ နောက်ကျိသွားတော့၏။

အဘိုးအိုကမူ အခြေပျက်မှုပျက် ဖြစ်သွားသည့် ကျင်းကျားလင်ကို ဂရုမစိုက်မိပေ။

သူက ဆက်လက်ပြောကိုနေ၏။

'ဗျူဝင်းဖြူသိုင်းကိုးကွက်ကို ရှုံးနိမ့်သွားတော့ လိန်ယုရိတာ တော်တော်ခံပြင်းသွားတယ်၊ ဗျူဝင်းဖြူသိုင်းကိုးကွက်ကို ဘယ်လို အနိုင်ရမလဲဆိုတာ နည်းအမျိုးမျိုးနဲ့ ကြံဆခဲ့တယ်၊ သူ ရောဂါရပြီး သေဆုံးခါနီးမှာ သိုင်းမှတ်စုကျမ်းကို ရေးသားပြုစုခဲ့တယ်၊ သူဟာလဲ သေခါနီးပြီ၊ ဒီတော့ သူ မပြိုင်နိုင်မယ့်အတူတူ သမီးဖြစ်သူကတော့ ပြိုင်နိုင်ဦးမှာပဲလို့ ယူဆပြီး သမီးဖြစ်သူရဲ့လက်ထဲကို သိုင်းမှတ်စုကျမ်းကို ပေးခဲ့တယ်၊ ဒါတင်မကဘူး၊ ကိုးနဝင်းအားတိုးဆေးလုံးကိုလဲ ဖော်ပေးခဲ့တယ်'

ကျင်းကျားလင် သက်ပြင်းချလိုက်၏။

'ဒီအတိုင်းဆိုရင်တော့ လိန်ယုရိဟာ အတော်ဉာဏ်ကောင်းတဲ့ ပညာရှင်လို့ပဲ ဆိုရမှာပဲနော် အဘ'

အဘိုးအိုက ခေါင်းညိတ်၏။

'အေး... ဆိုနိုင်တာပေါ့၊ ဒါကြောင့်လဲ သိုင်းလောကမှာ ပြဿနာတွေ တက်ခဲ့ကြတာပေါ့ကွယ်'

'ဘာတွေများ ပြဿနာ ပေါ်ခဲ့လို့လဲ အဘ'

'ဟ... ပြဿနာတွေကတော့ တစ်ထွေးကြီးပေါ့၊ ဗျူဝင်းဖြူသိုင်းကိုးကျမ်းဟာ သိုင်းလောကသားတွေ အလွန်မက်မောတဲ့ သိုင်းကျမ်းဖြစ်တယ်၊ လိန်ယုရိရဲ့ သိုင်းမှတ်စုကျမ်းဟာလဲဗျူဝင်း



ဖြူသိုင်းကျမ်းကို အနိုင်ရနိုင်တဲ့ကျမ်းဆိုပြီး သိုင်းလောကသားတွေ သူ့ထက်ငါ လိုချင်ကြတော့တာပဲ၊ နောက်ပြီးကိုးနဝင်းအားတိုးဆေးလုံး....'

'အဲဒီဆေးလုံးက ဘာစွမ်းသလဲ'

'ဟာ... ဒီဆေးအစွမ်းကတော့ မပြောနဲ့၊ ဒီဆေးစားလိုက်သူဟာ ရှိရင်းစွဲအတွင်းအားထက် တစ်ဆထက်တယ်လို့ ဆိုတယ်၊ အတွင်းအား တစ်ဆရှိတဲ့လူ စားလိုက်ရင် နှစ်ဆ၊ နှစ်ဆရှိတဲ့လူ စားလိုက်ရင် လေးဆပေါ့ကွာ၊ ဒီလိုအစွမ်းရှိတဲ့ ဆေးမျိုးကို သိုင်းလောကသားတွေ လိုချင်ကြတာ ဘာဆန်းသလဲကွာ'

ကျင်းကျားလင်က ...

'အင်း...ဒီလိုဆိုတော့ လိန်ယန်အဖိုးအတော်စိုးရိမ်စရာအခြေအနေပေါ့၊ သူ့ကိုဝိုင်းနေတဲ့ သိုင်းသမားတွေက အများကြီးရှိနေမှာပဲ'

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

'အဲဒီအခါမှာ လိန်ယန်ကို ကာကွယ်စောင့်ရှောက်မယ့် သူရဲကောင်းတစ်ယောက် ပေါ်လာတယ်'

'အဲဒီသူရဲကောင်းက ဘယ်သူလဲ'

အဘိုးအိုက သက်ပြင်းချရင်း....

'သက်ခြေမင်းသားလေး မုဖုဈုံပါပဲ'

ကျင်းကျားလင်က ထိုသက်ခြေများအကြောင်းကို ယုံမိန်နှင့် ယုံလန်တို့ ပြောပြဖူးသည်ဟု ယူဆသည်။

ထိုသူများသည် အောက်လမ်းသိုင်းသမားများသာ ဖြစ်ပေသည်။

အဘိုးအိုက စကားဆက်လိုက်၏။

'အဲဒီ အသက်ချွမ်းသားလေးဟာ နှာမည်နဲ့လိုက်အောင် ခြောက်လအတွင်း လိန်ယန်အပေါ် ကျောချကြဲခဲ့ပြီး သိုင်းမှုတ်စကျမ်းကိုလဲ လိမ်ပြီး ယူသွားတယ်၊ လိန်ယန်က နေရာအနှံ့လိုက်ရှာသေးတယ်၊ နောက်ဆုံး သူလဲ သိုင်းလောကကနေ လုံးဝ ပျောက်ကွယ်သွားတယ်ကွယ်'

ကျောင်းကျားလင်သည် စိတ်ထားနူးညံ့သူ ဖြစ်သဖြင့် လိန်ယန်းအတွက် စိတ်မကောင်း ဖြစ်သွားလေ၏။

အဘိုးအိုက....

'အဲဒီလို သိုင်းလောကမှာ ဖြစ်ပျက်ခဲ့ပြီးတဲ့နောက် ဟောဒီ လှေထူဆန်းကြီး ပေါ်လာတာပဲ'

ကျောင်းကျားလင်က

'ဆိုင်ချင်မှ ဆိုင်မှာပေါ့ခင်ဗျာ'

'ဆိုင်တာပေါ့ကွ၊ ဆိုင်တယ်လို့ ထင်ရတဲ့ အချက်အလက်တွေကို ဒီလှေကြီးက ပြသလာတယ်၊ အဲ့ဒီလှေရောက်လာတိုင်း ယောကျ်ားတွေ အတော်များများ သေကြရတယ်၊ ဒီတော့ ဒီလှေထူးလှေဆန်းကြီးရဲ့ အရှင်သခင်ဟာ လိန်ယန် ဖြစ်မယ်လို့ ယူဆရတာပေါ့ကွာ၊ ဒါကြောင့် ငါဟာ သူ့နောက်ကို လိုက်စုံစမ်းနေရတာကွယ့်'

ကျောင်းကျားလင်က ခေါင်းယမ်းလိုက်သည်။

'ယောကျ်ားလေးတွေ သေတာနဲ့ပဲ လိန်ယန်းရဲ့ လှေလို့ ယူဆလို့ မရပါဘူးခင်ဗျာ၊ အခြား ခိုင်လုံတဲ့ အချက်တွေ တွေ့ဖို့လဲ လိုအပ်ပါတယ်'



အဘိုးအိုက ...

'ငါကတော့ ဒီတစ်ချက်တည်းနဲ့ လိန်ယန်ရဲ့လှေ ဖြစ်ရမယ်လို့ စွပ်စွဲတာပဲကွာ၊ ဒီလှေ ထွက်ပေါ်လာတိုင်း ယောကျ်ားလေးတွေ သေကြရတယ် မဟုတ်လား၊ ယောကျ်ားတွေကို လိုက်ပြီး လက်စားချေနေတယ်လို့ ငါတော့ ယူဆမိတာပဲ'

ကျောင်းကျားလင် သက်ပြင်းချမိလေ၏။

ယခုအတိုင်းဆိုလျှင် လိန်ယန်းသည် တစ်ဘက်စွန်းသို့ ရောက်နေသည်ပြီ။

ထိုစဉ် အဘိုးအိုက မေးလိုက်သည်။

'ကဲ...မင်း ဗဟုသုတ ဖြစ်အောင်တော့ ငါက ပြောပြီးပြီပဲ၊ မင်းအလှည့်ပဲ၊ ငါမေးထားတာတွေကို မင်းဖြေပေတော့'

ကျောင်းကျားလင်မှာ ချစ်ကုလျှံအား ကတိပေးထားသဖြင့် ပြန်လှန်ပြောပြရန် မသင့်ဟု ယူဆမိသည်။

'အဘ... လှေပေါ်မှာ ဖြစ်ပျက်ခဲ့တာတွေကို ကျွန်တော် ပြောရခက်ပါတယ်၊ ဒါကြောင့်မို့ ကျွန်တော် မပြောပါရစေနဲ့'

အဘိုးအိုက မဲ့ပြုံး ပြုံးလိုက်၏။

'လှေကြီးပေါ် ရောက်သွားတဲ့ လူမှန်သမျှ အားလုံး သေသွားကြတာချည်းပဲ၊ မင်းတစ်ယောက်တည်း အသက်နဲ့ ကိုယ်မြှပြီး ပြန်ထွက်လာနိုင်ခဲ့တယ်၊ အဲဒီတော့ ဒီလှေကြီးအကြောင်း မင်းမှ မသိရင် ဘယ်သူမှ မသိနိုင်ဘူးပေါ့'

ကျှင်းကျားလင်က ဝန်ခံ၏။

'ဟုတ်ပါတယ်၊ ကျွန်တော် ကြွင်ခဲ့ တွေ့ခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော် စကားတစ်ခွန်း ပြောခဲ့မိတဲ့အတွက် အဲဒါကို ကျွန်တော် ပြန်မပြောနိုင်ပါဘူးခင်ဗျာ'

ထိုအခါ အဘိုးအို၏ မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များ ပေါ်လာတော့၏။ သူသည် ကျှင်းကျားလင်ကို အေးစက်စွာ စိုက်ကြည့်နေ၏။

....o....

အခန်း (၃၅)

ရေပေါ် ပျံလွှား

အဘိုးအိုသည် ကျှင်းကျားလင်ကို မှုန်ကုပ်ကုပ် ကြည့်၍ ပြောလိုက်၏။

'ဟေ့ ကောင်....မင်းပြောမလား၊ ဒါမှမဟုတ် ငါက မင်းကို ပြောအောင် လုပ်ရမလား၊ အဲ့ဒီ နှစ်လမ်းထဲက တစ်လမ်းကို ရွေး'

ကျှင်းကျားလင်သည် အဘိုးအိုအား ကြည့်လိုက်၏။

'အဘ....ခင်ဗျား ဘယ်သူလဲဗျာ'

အဘိုးအိုက ရယ်မောလိုက်သည်။

'ရေပေါ်ပျံလွှား မုရ ဆိုတာကို မင်းကြားဖူးသလား'

ကျောင်းကျားလင် မျက်မှောင်ကုပ်၍ စဉ်းစားသည်။

သူသည် ရေပေါ်ပျံ့လွှား မုဂ္ဂ ဆိုသော နာမည်ကို မကြားဖူးပေ။

မုဂ္ဂက ခြိမ်းခြောက်လိုက်၏။

'မင်းပြော....မပြောရင် ငါ့ကို အဆိုးမဆိုနဲ့'

သူသည် ကျောင်းကျားလင်၏အနီးသို့ ချဉ်းကပ်သွားလေသည်။

ကျောင်းကျားလင်သည် နောက်ဆုတ်သွားလေ၏။

'ကျွန်တော့်ကို အဲဒီလို မခြိမ်းခြောက်ပါနဲ့'

'ခြိမ်းခြောက်တာ မဟုတ်ဘူး၊ ငါက တကယ်လုပ်မှာ'

'ခင်ဗျားလုပ်တိုင်း ခံရမှာလား'

'ကြည့်ကြသေးတာပေါ့'

ကျောင်းကျားလင်သည် တိုက်ရည်ခိုက်ရည် အတွေ့အကြုံ မရှိသေးသဖြင့် အဘိုးအိုမုဂ္ဂအား မည်သို့တိုက်ခိုက်ရမည်ကို စဉ်းစားမရဘဲ ရှိနေလေ၏။

ထိုစဉ်...

အဘိုးအိုမုဂ္ဂက ကျောင်းကျားလင်၏ပခုံးမှ ကျန်းကျိမ်နှံ့ သွေးကြောကို ကုတ်ဖမ်းလိုက်လေ၏။

'အား....'

ကျောင်းကျားလင်မှာ မည်သို့တိုက်ခိုက်ရမည်ကို တွေးနေစဉ် အဖမ်းခံလိုက်ရသည်။

နာကျင်မှုကြောင့် ကျောင်းကျားလင် လွှတ်ခနဲ အော်လိုက်မိလေ၏။



သံမဏိသံညှပ်ဖြင့် ဖမ်းညှပ်ထားသည့်အလား ခံစားနေရသဖြင့် ကျောင်းကျားလင်မှာ ဤသို့အော်ဟစ်မိခြင်းဖြစ်သည်။

ထိုစဉ်....

'လက်လွှတ်လိုက်စမ်း'

နောက်ဘက်သစ်ပင်များဆီမှ ခက်ထန်စွာ အော်လိုက်သည့် မိန်းကလေးတစ်ဦး၏အသံကို ကြားလိုက်ကြရသည်။

သဲသောင်ပြင်၌ သူတို့နှစ်ယောက်တည်းသာရှိသည်ဟု ယူဆနေသည့် အဘိုးအိုမုဂ္ဂနှင့် ကျောင်းကျားလင်တို့မှာ အံ့အားသင့်သည်။

ထို့ကြောင့်...

နှစ်ယောက် ပြိုင်တူ လှည့်ကြည့်မိကြသည်။

ဝါးရုံးတစ်ရုံရှေ့၌ အဖြူရောင်ဂါတ်စုံကို ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ရောက်ရှိနေလေ၏။

ထိုမိန်းကလေး မည်သည့်အချိန်ကရောက်နေသည်ကို မည်သူမျှ မသိကြချေ။

ထိုမိန်းကလေးမှာ အလွန်လှပ ချောရှင်းလှ၏။

မျက်ခုံးမွှေးများမှာ သုံးရက်လကွဲ့သို့ ဖြစ်နေသည်။

မျက်လုံးကလေးများက ကြယ်ပွင့်ကလေးများကဲ့သို့ တောက်ပလှသည်။

ဖြောင့်စင်းသော နှာခေါင်းကလေးမှာ ပေါ်လွင်နေသည်။

ပါးလွှာသော နှုတ်ခမ်းကလေးကား ပိရိသေသပ်လှပလှ၏။

မျက်နှာတပြင်လုံးမှာလည်း လှန်စွာ အဆင်ပြေ ချောမော လှသည်။

မြင်ရသူတိုင်း မည်သူမျှ မငေးဘဲ မနေနိုင်သည့် ရုပ်ရည် ဖြစ်သည်။

အဘိုးအိုရသည် ထိုမိန်းကလေးအား မည်သူဖြစ်သည်ကို မသိသော်လည်း၊ ကျင်းကျားလင်ကတော့ ကောင်းကောင်းသိ ပါသည်။

ထိုမိန်းကလေးသည် လှေကြီးပေါ်မှ သူ့အား လွှတ်ပေး လိုက်သည့် ချင်ကူးလျ ဖြစ်သည် မဟုတ်ပါလော။

မုရသည် မိမိဆယ်လံအတွင်း သစ်ရွက်ကြွေကျသည့်အသံကို ပင် ကြားနိုင်စွမ်းရှိသူဖြစ်သည်။

ယခုသော်....

ထိုမိန်းကလေးအနီးသို့ ရောက်နေသည့်တိုင် မိန်းကလေး၏ ခြေသံကို မကြားခဲ့ရသဖြင့် မိန်းကလေး၏သိုင်းပညာအဆင့်မှာ မိမိထက်မည့်ကြောင်း သူနားလည်လိုက်မိသည်။

အဘိုးအိုမုရက မေးလိုက်၏။

'မင်းနဲ့ အဲဒီသူငယ်က မိတ်ဆွေလား'

သူက ဤသို့မေးခြင်းမှာ မိန်းကလေးက လူငယ်အား ဖမ်း ထားခြင်းကို လွှတ်လိုက်ရန်ပြောခြင်းကြောင့် ဖြစ်ပေသည်။

ချင်ကူလျ သက်ပြင်းချလိုက်၏။

'ရှင်သိထားတာတွေက များလှချည်လား'

အဘိုးအိုမုရက ရယ်မောလေ၏။

'အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်'



ချင်ကူလျက လှမ်းအော်လိုက်သည်။

''လက်မလွှတ်သေးဘူးလား'

မုရက....

'မင်းရဲ့စကားကို နားထောင်ချင်ပါတယ်၊ ဒါပေမယ့်....'

ချင်ကူလျက မေးလိုက်၏

'ဒါပေမယ့် ဘာဖြစ်သလဲ'

မုရက....

'ကျုပ်မေးထားတဲ့စကားကို အခုထိ သူမဖြေသေးလို့ ဖမ်း ထားတာပါ၊ နို့မို့ဆိုရင် သူ့ကို မဖမ်းပါဘူး'

ချင်ကူလျ ဒေါသထွက်လာ၏။

''ရှင်က ပြောမရဆိုမရပါလား၊ ရှင့်လက်ကိုလွှတ်လိုက်စမ်း'

သူမသည် အော်ပေါက်ရင်း လျှပ်တစ်ပြက် လူက ဝင်လာ သည်။

သူမ၏လှုပ်ရှားမှုမှာ အလွန်လျင်မြန်သည်။

သူမသည် မုရကို လက်ဝါးဖြင့်ရိုက်လိုက်လေ၏။

မုရသည် ကျင်းကျားလင်ကို မလွှတ်၍ မဖြစ်တော့ပါ။

ထို့ကြောင့်....

လွှတ်လိုက်ပြီး လက်ဝါးနှစ်ဘက်ဖြင့် ရိုက်ချက်ကို ဆီး၍ ခံလိုက်လေ၏။

'ဒီလိုလုပ်လို့ ဘယ်ရ....'

'ဝုန်း....'

သူ၏စကားမဆုံးမီ သူ၏ခန္ဓာကိုယ်ကြီး လွင့်စဉ်ထွက်သွား လေတော့သည်။

သူသည် အတော်ကြီးကြီးစား၍ ထိန်းထိန်းသိမ်းသိမ်း ရပ်ရသည်။

ဒယီးဒယိုင်ဖြင့် ရပ်ပြီးနောက် သူသည် မိန်းကလေးအား မယုံကြည်နိုင်သကဲ့သို့ ကြည့်နေလေ၏။

ချင်ကုလျှံက မဲ့ပြုံးပြုံး၍ ကြည့်နေ၏။

'ရှင် သူ့ကိုမေးနေတယ်မဟုတ်လား'

'ဟုတ်တယ်၊ မေးနေတယ်'

အဘိုးအိုမုရသည် အံ့ဩသွား၏။

သူသည် အင်္ကျီအတွင်းမှ အလွန် လှပသေးငယ်သော ဘူးကလေးတစ်ဘူးကို ထုတ်ယူလိုက်၏။

ဘူးထဲမှ ဝင်းလက် တောက်ပသော အနီရောင် ဆေးလုံးကလေးကို ထုတ်လိုက်သည်။

မိန်းကလေးက ဆေးလုံးကို မြှောက်ပြလိုက်၏။

မုရသည် ကဲ့ဩစွာ လှမ်းကြည့်နေသည်။

'ရှင် ဒီဆေးလုံးကို သိလား'

မုရက ခေါင်းယမ်းလိုက်၏။

'ဒီဆေးလုံးဟာ ရှင်အလွန်မက်မောနေတဲ့ ကိုးနဝင်းဆေးလုံးပဲရှင့်'

မုရသည် သူ့မျက်စိကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားသည်။

သူသည် ဤဆေးလုံးကို ရရှိရန်အတွက် ဆယ်နှစ်ကျော်ကျော် ကြိုးစားခဲ့ရသည်။

ယခု....



သူ့မျက်စိရှေ့၌ အလွန်ကျော်ကြားသော ကိုးနဝင်းဆေးလုံးကို သူသည် မျက်ဝါးထင်ထင် တွေ့မြင်ရလေပြီ။

ဆယ်နှစ်ကျော် ကာလပတ်လုံး ထိုဆေးလုံးကို မျက်စိနှင့် တပ်အပ်မမြင်ခဲ့ရချေ။

ချင်ကုလျှံက ပြောသည်။

'ရှင်က ဒီဆေးလုံးကို အလွန်မက်မောပေမယ့် ကျွန်မကတော့ လုံးဝ မနှမြောပါဘူး၊ ကျွန်မ အခု တခြားလူတစ်ဦးကို လက်ဆောင်အဖြစ် ပေးလိုက်မယ်၊ မယုံရင်ကြည့်ပါ'

သူမသည် သူမအားငေးကြည့်နေသည့် ကျင်းကျားလင်အား လှမ်းပေးလိုက်သည်။

'ရော့-ကိုးနဝင်းဆေးလုံး၊ ရှင်အခုချက်ချင်းသောက်လိုက်၊ ကျွန်မပေးတယ်'

ကျင်းကျားလင်က ငြင်းပယ်လိုက်သည်။

'ဒါလောက်တန်ဖိုးရှိတဲ့ပစ္စည်းကို ကျွန်တော်မယူပါရစေနဲ့'

ချင်ကုလျှံ မကျေမနပ်ဖြစ်သွားသည်။

သူက စေတနာဖြင့်ပေးသည်။

ကျင် ကျားလင်က စေတနာဖြင့်ပေးသည်ကို ငြင်းပယ်သည် မဟုတ်ပါလော။

'ကျွန်မ သောက်ခိုင်းတာကို ရှင်က ဘာဖြစ်လို့ ငြင်းရတာလဲ၊ ရှင့်ကို အဆိပ်ခတ်သတ်မှာ စိုးလို့လား'

သူမသည် ဆေးလုံးကို ကျင်းကျားလင်၏ လက်ထဲသို့ ထိုးထည့် ပေးလိုက်သည်။

'သောက်ပါ၊ သောက်လိုက်ပါ'

ကျင်းကျားလင်သည် ဆေးလုံးကို ငေး၍ ကြည့်နေ၏။

မုရသည် အရေးတကြီး လှမ်းတားလေသည်။

'နေပါဦး'

သူသည် ဆေးလုံးကို လှမ်းကြည့်ပြီး....

'ဒီဆေးလုံးဟာ အတော်တန်ဖိုးကြီးတဲ့ ဆေးလုံးပါ၊ တော်ရုံတန်ရုံ လူတွေ ရှာလို့ လဲမရနိုင်ပါဘူး၊ ဒီလောက်တန်ဖိုးကြီးတဲ့ ဆေးလုံးကို အလဟဿ မဖြစ်ပါစေနဲ့ အလကားနေရင်း သူများတွေကို လျှောက်ကျွေး မနေပါနဲ့ကွာ'

ချင်ကုလျံ ရယ်မောလိုက်သည်။

'အလဟဿ ဖြစ်တယ်လို့ ဘယ်ခေါ်နိုင်မှာလဲ၊ ကျွန်မအိတ်ထဲက ပစ္စည်းကို ကျွန်မပေးချင်တဲ့လူကို ပေးတာပဲ၊ တန်ဖိုးရှိတယ်လို့တောင် ခေါ်နိုင်သေးတယ်'

မုရက....

'ဒါနဲ့ ငါမေးစမ်းပါရစေဦး၊ မင်းက ဘယ်မှာနေတာလဲ'

ချင်ကုလျံက....

'ရှင်က ထူးဆန်းတဲ့ လှေအကြောင်း သိချင်နေတယ် မဟုတ်လား'

'မိန်းကလေး မင်းက...'

ချင်ကုလျံ၏ လှပသော မျက်နှာကလေးသည် ရုတ်ခြည်း တင်းမာ ခက်ထန်လာသည်။

'ခုနက ကျွန်မဟာ ဝါးရုံတောထဲမှာ ရောက်နေတယ်၊ ရှင်တို့နှစ်ယောက်ကတော့ သဲသောင်ပြင်ပေါ်က ကျောက်တုံးပေါ်မှာ ထိုင်လို့ပေါ့၊ ရှင်က ကျွန်မတို့ သခင်မကြီး အကြောင်း



ပြောနေတာကို ကျွန်မကြားတယ်၊ ရှင့်ကို ကျေးဇူး တင်ရမှာပေါ့၊ ကျွန်မတို့ရဲ့ သခင်မကြီးရဲ့ အတွင်းရေးကို ကျွန်မတို့ လုံးဝ ပတ်ဝ မသိဘူးရှင့်၊ အခုတော့ ကျွန်မတို့ သိလိုက်ရပြီ'

သူမသည် ဆွေးမြေ့ ကြေကွဲစွာ ဆက်ပြောနေလေ၏။

'ကျွန်မတို့သခင်မကြီးရဲ့အဖြစ်အပျက်ဟာဆွေးမြေ့ ကြေကွဲစရာ အဖြစ်အပျက်ပေပဲ၊ ကျွန်မရှင့်ကို ရှင်းရှင်း ပြောလိုက်မယ်၊ ဒီလှေ ထူးဆန်းကြီး ပိုင်ရှင်ဟာ ရှင်ပြောတဲ့ ဟိုလန်တောင် ရွှေမင်းသမီး လေလီယန်ပါပဲ'

မုရမှာ ထိုစကားကို ကြားသောအခါ မျက်နှာ တစ်ခုလုံး ဖြူပတ်ဖြူလျော် ဖြစ်သွားလေတော့၏။

'အင်း....ကျုပ်ထင်တဲ့အတိုင်း ဖြစ်နေတာကိုး'

ချင်ကုလျံက မဲ့ပြုံး ပြုံးလိုက်သည်။

'အခု ရှင်သိထားတာတွေ များလွန်းနေပြီ'

သူမသည် ပြောပြောဆိုဆို လက်ဝါးနှင့် ရိုက်ချလိုက်သည်။

မုရသည် လက်ဝါးနှင့် ခုခံသော်လည်း ချင်ကုလျံ၏ တိုက်ခိုက်ချက်ကို မတားဆီးနိုင်ပါ။

သူသည် အဝေးသို့ လွင့်စဉ်သွားလေ၏။

'ဝုန်း....'

မုရသည် ကျောက်တုံးများ အကြားသို့ ကျသွားသည်။

ပြန်လည် မထနိုင်တော့ချေ။

ကျင်းကျားလင်မှာ ရင်ထိတ်သွား၏။

ရေပေါ် ပျံလွှား အတိုးအို မုရ၏ သိုင်းပညာမှာ နှယ်နှယ်ရရ မဟုတ်ပါ။

သိုင်းပညာ အဆင့်မြင့်သူ တစ်ဦး ဖြစ်ပါသည်။

ယခု ချင်ကုလျ၏ တိုက်ခိုက်မှုကို သူသည် လုံးဝ မခုခံနိုင်ချေ။

ကျောက်တုံးများ အကြားသို့ ကျသွားပြီး ပြန်မထလာနိုင်တော့ချေ။

ချင်ကုလျ၏ သိုင်းသမား စိတ်ဓာတ်ကိုလည်း ကျင်းကျားလင် မသိချေ။

ဤမျှ ချောမောလှပသော မိန်းကလေးက ဤမျှ ရက်စက်သော စိတ်ထားမျိုး မထားသင့်ဟု ကျင်းကျားလင် ထင်သည်။

သိုင်းသမားတို့ စိတ်ဓာတ်မှာ ရန်သူအား တွေ့လျှင် သတ်ဖြတ်မည်ဟု သည့်စိတ်ဓာတ်မျိုးသာ ရှိကြသည်။

ချင်ကုလျက...

'သူ့ကို အပိုင်းပိုင်း ခုတ်သတ်ဖို့ ကောင်းတယ်၊ ဒါပေမယ့် မသတ်တော့ပါဘူး'

ကျင်းကျားလင်မှာ ပါးစပ် ပိတ်ထားလိုက်ရသည်။

ချင်ကုလျက...

'ဆေးလုံးကို အမြန်ဆုံး သောက်လိုက်ပါ'

ကျင်းကျားလင်၊ ခေါင်းယမ်းလိုက်သည်။

'ဒီလောက် တန်ဖိုးရှိ ဆေးကို ကျွန်တော် မသောက်လိုပါဘူး'



ကျင်းကျားလင်က ဆေးလုံးကို ပြန်ပစ်ပေးလိုက်၏။ ချင်ကုလျမှာ ဆေးလုံးကို ပြန်ဖမ်းယူရလေသည်။

ချင်ကုလျက ဒေါသထွက်သံလေးနှင့် ပြောသည်။

'ရှင် သောက်ဆို သောက်ပါ၊ မသောက်ရင် ကျွန်မက အဆင်းတိုက်ရမှာလား'

ထိုအချိန်တွင်....

အော်ဟစ်သံတစ်သံသည် လွင့်ပျံ့လာ၏။

ထိုအသံကို ကြားသော ချင်ကုလျ နားစွင့်သည်။

သူမသည် ကွက်ခနဲ မျက်နှာပျက်သွား၏။

'ဒုက္ခပါပဲ'

'ဘာဖြစ်လို့လဲ'

ကျင်းကျားလင် မေးလိုက်၏။

ချင်ကုလျက....

'အဲဒါ ကျွန်မ အမေရဲ့ အသံရှင့်၊ လှေပေါ်မှာ သူ လိုက်ရှာတာ မတွေ့လို့ လှေအောက်ဆင်းလာတာနဲ့ တူတယ်၊ ဒီဆိပ်ကမ်းပတ်ဝန်းကျင်မှာ ရှိမယ်လို့ သူတွေးတယ်နဲ့ တူပါတယ်'

သူမသည် ပြောပြောဆိုဆို ဆေးလုံးကို လှမ်းပေးလိုက်ပြန်သည်။

'ရော့ပါ....ဆေးလုံးကို မြန်မြန်သောက်လိုက်စမ်းပါရှင့်....'

ကျင်းကျားလင်သည် လုံးဝ မသောက်ဘဲ ငြင်းပယ်လေသည်။

'ကျွန်တော် မသောက်ချင်ပါဘူး'

ချင်ကုလျက....

'ရှင် မသောက်ချင်ရင် ကျွန်မက အတင်းတိုက်မှာပဲ၊ ကျွန်မမှာ ရှင့်ကို အတင်းတိုက်နိုင်တဲ့ အစွမ်းရှိတယ်နော်'

'ကျွန်တော် မသောက်ချင်တဲ့ ဥစ္စာ၊ ဘာဖြစ်လို့ အတင်းတိုက်ရမှာလဲ ဆေးလုံး သူ့ဘာသာနေပါစေ'

'မရဘူး....ကျွန်မကတော့ တိုက်မှာပဲ'

သူမသည် ကျွင်းကျားလင်ဆီသို့ ပြေးသွားလေတော့သည်။

ကျွင်းကျားလင်မှာ သူ့ကို ဆေးတိုက်တော့မည် သိသဖြင့် ပြေးလွှားရှောင်တိမ်းတော့သည်။

ချင်ကုလျက ပြေးလိုက်သည်။

ကျွင်းကျားလင်က ရှောင်တိမ်း ပြေးလွှားသည်။ သူတို့မှာ လိုက်တမ်း ပြေးတမ်း ကစားသည်နှင့် တူနေတော့သည်။

ကျွင်းကျားလင်သည် သစ်ပင်များအကြား ဝင်ပြေးလေရာ ချင်ကုလျက သစ်ပင်များအကြား ပြေးလိုက်ရသည်။

ထိုအချိန်မှာပင်–

အော်နေသော အသံမှာလည်း တဖြည်းဖြည်း နီးကပ်လာလေသည်။

ထိုအော်သံကို ကြားသောအခါ ကျွင်းကျားလင် ခြေလှမ်းရပ်လိုက်သည်။



ချင်ကုလျလည်း ခြေလှမ်းရပ်သွား၏။

'ဝုန်း....'

'ဝုန်း....'

'ဝုန်း'

သစ်ပင်များ ကျိုးပြတ်သံ ကြားရသည်။

ကျိုးပြတ်သံများအဆုံးတွင် ပန်းနုရောင်အင်္ကျီဝတ်ဆင်ထားသော အမျိုးသမီး တစ်ယောက် သူတို့ရှေ့သို့ ရောက်ရှိလာလေသည်။

အမျိုးသမီးသည် အသက်လေးဆယ်ခန့်သာ ရှိသေးသည်။

သူမ၏ ရုပ်ရည်မှာ ဣန္ဒြေရှိလှပြီး လှန်စွာတည်ကြည်ခန့်ညားလှသည်။

ချင်ကုလျ၏ မိခင်ဖြစ်သည်ခြင်းဆိုကို ရုပ်ရည်ဖြင့် ပြောဆိုနိုင်သည်။

သူမ၏ မျက်နှာမှာ သုန်မှုန်နေသည်။ မျက်လုံးအစုံမှာ ဓားနှစ်လက်ပမာ စူးရှလှသည်။

သူမသည် ချင်ကုလျကို လိုက်ရှာနေသဖြင့် ဒေါသထွက်နေပုံရသည်။

သူမသည် ချင်ကုလျနှင့် ကျွင်းကျားလင်တို့ကို တွေ့သောအခါ အံ့အားသင့်သွားပုံရသည်။

ကျွင်းကျားလင်အား သူမက စူးရှစွာ ကြည့်လေ၏။

ချင်ကုလျသည် ထိုအမျိုးသမီးရှေ့တွင် ဒူးထောက် ထိုင်လိုက်၏။

'မေမေ....'

ချင်ကုလျှ ံက ခေါ်လိုက်လေ၏။

သူမ၏ အမေဟု စောစောကလည်း ပြောထားသဖြင့် ကျင်းကျားလင် မအံ့သြတော့ချေ။

သမီးချောသလို မအေလည်း ချောလှသည်ဟု ကျင်းကျားလင် တွေးနေမိလေ၏။

....o....

## အခန်း (၃၆)

### အဆုံးစွန်သော ကျူညံမှု

အမျိုးသမီးကြီးသည် ချင်ကုလျှ ံအားဒေါသထောင်းထောင်းထည့် မျက်လုံးများဖြင့် ကြည့်နေ၏။

'မေမေ....'

'ဘာ မေမေလဲ'

'သမီး ဘာများ အပြစ်ပြုလုပ်လို့ လဲ မေမေ'

'သခင်မကြီးက ဘာပြောလိုက်တယ်ဆိုတာ ညည်း သိရဲ့လား'

'ဘာများပြောလိုက်သလဲ မေမေ'

'မင်းဟာ အသက်ငယ်သေးတယ်တဲ့၊ ဒါကြောင့် မင်းကို အပြစ်ဒဏ်လျှော့ပေါ့ပေးမယ်လို့ ပြောလိုက်တယ်၊ ဒါကြောင့် ငါနောက်ကိုလိုက်ခဲ့၊ ဒါပေမယ့်...'

ချင်ကုလျှံက...

'ဒါပေမယ့် ဘာဖြစ်သလဲ'

အမျိုးသမီးကြီးက ကျောင်းကျွံးလင်ကို ကြည့်လိုက်သည်။

'သခင်မကြီးက မိန့်မှာလိုက်တယ်၊ သူ့ခေါင်းကို ဖြတ်ယူလာခဲ့တဲ့၊ အဲဒါ သခင်မကြီးရဲ့ အမိန့်ပဲ'

ကျောင်းကျွားလင် တုန်လှုပ်သွားသည်။

ချင်ကုလျှံက သူ့ခေါင်းကို ဖြတ်ယူမည်ဆိုလျှင် ယူနိုင်စွမ်းရှိပါသည်။

ဒါကို သူသိပါသည်။

ချင်ကုလျှံသည် ဒူးထောက် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

သူမက....

'မဖြစ်နိုင်တာ မေမေရယ်'

အမျိုးသမီးကြီး မျက်မှောင်ကုပ်သွားသည်။

သူမသည် သမီးဖြစ်သူအား မကြည်လင်စွာ ကြည့်လိုက်မိလေ၏။

'ညည်းက သခင်မကြီးရဲ့ အမိန့်ကို လွန်ဆန်ဝံ့လို့လား'

ချင်ကုလျှံက သက်ပြင်းချလိုက်သည်။



'မေမေ သခင်မကြီးရဲ့ အမိန့်ကို တိတိကျကျထမ်းဆောင်မလို့လားဟင်'

ချင်ကုလျှံ၏ မိခင်သည် သက်ပြင်းချလိုက်၏။

'မေမေ့မှာ ဒီတာဝန်ကို တိတိကျကျ ထမ်းဆောင်ဖို့ကလွဲလို့ ဘာများတတ်နိုင်သေးလို့လဲ သမီးရယ်'

'မေမေ....သမီးခေါင်းကိုသာဖြတ်ပြီး သခင်မကြီးဆီကိုသာ ပို့လိုက်ပါတော့၊ သမီး ခေါင်းဖြတ်ခံပါ့မယ် မေမေ၊ သူ့ကိုတော့ မထိပါနဲ့'

အမျိုးသမီးကြီးသည် ကောင်းကင်ကို မော့ကြည့်နေလေသည်။

သူမ အခက်ကြုံနေပေသည်။

သူမ မည်သို့ ဆုံးဖြတ်မည်နည်း။

သမီး၏ ဦးခေါင်းကိုပင် သခင်မကြီးထံ ဆက်သမည်လော။

အဖြစ်မှန်ကိုပင် သခင်မကြီးအား ပြောကြားရမည်လော။

သူမ ကောင်းကင်ကို မော့ကြည့်နေသည်မှာအချိန်အတော်ကြာသည်။

သူသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်လေ၏။

သူမသည် အံတင်းတင်း ကြိတ်လိုက်ပြီး....

'ကဲ....မင်းတို့ ဒီကနေ အမြန်ဆုံး ပြေးကြပေတော့'

ချင်ကုလျှံ အံ့အားသင့်သွားလေ၏။

'ဟင်....ဒီလိုဆို မေမေက သခင်မကြီးကို ဘယ်လိုပြောမလဲ ဟင်'

အမျိုးသမီးကြီးက သက်ပြင်းချရင်း....

'ဒီကိစ္စနဲ့ပတ်သက်ပြီး အာမျှမစိုးရိမ်ပါနဲ့ သမီးရယ်၊ မင်းလို ဆုံမကာ လျှောင်အိမ်ကို ဖောက်ထွက်ပြေးခဲ့တဲ့ သမီးတစ်ယောက် ရရှိတာကိုပဲ မေမေ ဝမ်းသာပါတယ်'

ချင်ကုလျှ ရင်ထဲ၌ နာကျင်သွား၏။

'မေမေရယ်'

သူမသည် ငိုကြွေးမိ တော့သည်။

ချင်ကုလျှ၏ မိခင်ကြီးသည်လည်း မျက်ရည်ကျလေ၏၊ သားအမိနှစ်ယောက်သည် ဖက်၍ ငိုကြွေးကြလေတော့သည်၊

အတန်ကြာ ငိုကြွေးပြီးမှ မိခင်ဖြစ်သူက သမီးဖြစ်သူ၏ ပခုံးကို ပုတ်လိုက်သည်။

'ကဲ....သမီး၊ အချိန်မရှိဘူး၊ သမီး၊ တော်ကြာ မေမေအချိန် ကြာသွားလို့ ဝူးကုလျှကိုလွှတ်လိုက်ရင်သမီးတို့ ပြေးမလွတ်ဘဲ နေဦးမယ်'

သူမသည် ပြောပြောဆိုဆို ချင်ကုလျှကို ကျင်းကျားလင် ထံသို့ တွန်းလွှတ်လိုက်၏။

ချင်ကုလျှမှာ ယိမ်းယိုင်၍ထွက်သွားရာ ကျင်းကျားလင်က ဖမ်းထိန်းထားပေးရလေသည်။



ချင်ကုလျှသည် မိခင်အား ဝမ်းနည်းစွာ ကြည့်လိုက်လေသည်။

ထို့နောက် ကျင်းကျားလင်၏ လက်ကိုဆွဲကာ ထွက်ခွာသွားလေတော့၏။

'ခဏနေဦး....'

အမျိုးသမီးက ဟန့်တားလိုက်၏။

ချင်ကုလျှသည် ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး မိခင်ကြီးအား လှည့်ကြည့်လိုက်၏။

မိခင်ကြီး စိတ်ပြောင်းသွားပြီဟု ထင်သည်။

'မေမေ....'

အမျိုးသမီးကြီးသည် ချင်ကုလျှကို လက်ခါပြလိုက်ပြီး ကျင်းကျားလင်ထံသို့ လျှောက်သွား၏။

သူမသည် ကျင်းကျားလင်အား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်လေသည်။

နွားဝယ်သူသည် နွားအား အသေအချာ စစ်ဆေးသကဲ့သို့ စစ်ဆေးသည်။

'ဒီမှာ သူငယ်....'

'ဟုတ်ကဲ့....မေးပါခင်ဗျာ'

'ငါမေးချင်တာက မင်းဟာ သူ့ကို စောင့်ရှောက် နိုင်ပါ့မလား ဆိုတာပဲ'

ကျင်းကျားလင်က....

'ကျွန်တော် သိုင်းပညာ အသင့်အတင့်တော့ တတ်ထားပါ တယ်ခင်ဗျာ'

အမျိုးသမီးကြီးက ခေါင်းယမ်းလိုက်သည်။

'မင်းတတ်ထားတဲ့ ပညာကို ငါသိပါတယ်၊ ငါတို့ လောပေါ်မှာရှိတဲ့ အိမ်ဖော်ကိုတောင် မင်း မနိုင်ဘဲ နိုင်ပါဘူး၊ ငါကြည့်ရတာ သိပ်မဟန်ပါဘူး၊ သမီးကတောင် မင်းကို ပေးရဦးမယ့်ကိန်းပဲ'

ကျောင်းကျားလဝ်မှာ မိုးမြေနတ်နှစ်ပါး၏ သိုင်းပညာကိုသာ သင်ဖူးခဲ့သည်။ ငယ်စဉ်က မည်သည့် သိုင်းပညာမျှ မသင်ခဲ့ဖူးချေ။

ထို့ကြောင့် အမျိုးသမီးက ပြစ်တင် ပြောဆိုသောအခါ ခေါင်းငုံ့၍ ခံရလေ၏။

ထိုအခါ ချင်ကုလျှံသည် လျှပ်တစ်ပြက် ကျောင်းကျားလဝ် အနီးသို့ ချဉ်းကပ်လာ၏။

ထို့နောက် လက်တစ်ဘက်ဖြင့် ပါးစပ်ဟစေပြီး ကျန်လက်တစ်ဘက်ဖြင့် ဆေးလုံးကို ပါးစပ်ထဲသို့ ထည့်လိုက်သည်။ လည်ပင်းကို ပွတ်ပြင်ပေးလိုက်ရာ ဆေးလုံးသည် လည်မျိုထဲသို့ ဝင်သွားလေသည်။

အလွန်မွှေးကြိုင်သော အနံ့များသည် သူ၏ ပါးစပ်ထဲမှ တစ်ဆင့် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသည်ဟု ထင်မှတ်ရသည်။ ကျောင်းကျားလဝ်၏ ဝမ်းဗိုက်ထဲ အနည်းငယ် ပူလောင်လာပြီး ထိုအပူငွေ့များ ခြေလက်များဆီသို့ တဖြည်းဖြည်း ပျံ့လွင့်သွားကြောင်း ခံစားလိုက်ရသည်။

အမျိုးသမီးကြီးက ပြုံးလိုက်၏။

'ခက်ပဲခက်ရချည့် သမီးရယ်'



သူမက ဆက်ပြောလိုက်၏။

'သိုင်းလောကမှာ ဒီဆေးကို လိုချင်လွန်းလို့ လိုက်နေတဲ့ လူတွေ ဒုနဲ့ဒေးပါ သမီးရယ်၊ သူ့ကို အတင်းကျွေးနေရသလား'

'သူက မစားဘူးလို့ ငြင်းနေတယ် မေ့မေရဲ့'

'ဪ....မင်းက ငြင်းနေတာကိုး၊ ဒါကို ငြင်းပုံထောက်ရင် မင်းဟာ စိတ်နှလုံးကောင်းရှိတဲ့လူလို့ ငါယူတယ်၊ မင်းကို ငါ ကူညီလိုက်မယ်'

ကျောင်းကျားလဝ် ဦးညွှတ်လိုက်၏။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

'ကျေးဇူးမတင်ပါနဲ့ကွယ်၊ ကူညီခွင့်ကြုံလို့ ကူညီရတယ်ပဲ မှတ်ပါ၊ ကဲ .. မင်း ငါ့ဆီလာစမ်း'

ကျောင်းကျားလဝ်သည် တုန့်ဆိုင်းသွား၏။

သို့သော်....

သူသည် ချင်ကုလျှံ၏ မိခင်ကြီးဆီသို့ တနားတန်းမတ်မတ် ပင် လျှောက်သွားလေ၏။

အမျိုးသမီးကြီးသည် ဖျတ်ခနဲ ပခုံးကို ကောက်ကိုင်လိုက်လေ၏။

ကျောင်းကျားလဝ်မှာ တုန့်ခနဲဖြစ်သွားပြီး ထို့နောက် သတိ လစ်သွားလေတော့သည်။

အချိန် မည်မျှကြာသွားသည် မသိ။

ကျောင်းကျားလင် သတိရသောအခါ မိမိမှာ ဝါးချွံတောထဲ၌ လှဲကျနေသည်ကို တွေ့ရလေ၏။

သူသည် ချင်ကုလျှံ၏ ရင်ခွင်ထဲ၌ သတိလစ်နေခြင်း ဖြစ်သည်။

သူသည် ချင်ကုလျှံကို အားနာသဖြင့် ကမန်းကတန်း ထလိုက်၏။

သူသည် ပတ်ခန်းကျင်ကို ကြည့်လိုက်သောအခါ သူနှင့် ဝါးတစ်ရိုက်ခန့်အကွာ၌ ချင်ကုလျှံ၏ မိခင်ကြီး တင်ပျဉ်ခွေထိုင်၍ အတွင်းအား လေ့ကျင့်နေသည်ကို တွေ့လိုက်ရသည်။ သူသည် မျက်စိကို စုံမှိတ်ထားပြီး မျက်နှာမှာ သွေးမရှိသလို ဖြူဖျော့နေသည်ကို တွေ့ရလေသည်။

ကျောင်းကျားလင်မှာ ချင်ကုလျှံကို မေးလိုက်၏။

'ခင်ဗျား အမေ ဘာဖြစ်သွားလို့လဲဟင်၊ ဘာဖြစ်သွားတာလဲ'

ချင်ကုလျှံက သက်ပြင်းချလိုက်သည်။

'မေမေက သူ့ရဲ့ အတွင်းအားတွေ အားလုံးကို ရှင့်ရဲ့ ခန္ဓာကိုယ်ထဲ ပို့ပေးလိုက်တာ'

ကျောင်းကျားလင် စိတ်မကောင်း ဖြစ်သွားသည်။

'ဒုက္ခပါပဲဗျာ၊ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ'

ကျောင်းကျားလင်မှာ စိတ်မကောင်းရုံသာရှိသည်။ ချင်ကုလျှံအထော့ မျက်ရည်များ စီးကျလာပါသည်။



'အဲဒါတွေကို မမေးပါနဲ့တော့၊ မေမေဟာအကြောင်းရှိလို့ ဒီလိုလုပ်တယ်လို့သာ အောက်မေ့ပါတော့၊ ရှင်ကသာ မေမေ့ရဲ့ စေတနာကို သိနားလည်ပါတော့'

ကျောင်းကျားလင်က....

'အခုလို ဖြစ်ရတာကို ကျုပ် စိတ်မကောင်းပါဘူး၊ သူ့ရဲ့ ကျေးဇူးကိုလဲ ကျုပ်ဘယ်တော့မှ မမေ့ပါဘူးဗျာ'

ချင်ကုလျှံက....

'ရှင်ဒီလို သိတတ်ရင် အကောင်းဆုံးပေါ့ရှင်၊ မေမေက သူ့စွန့်လွှတ်ရကျိုး နပ်တယ်လို့ ယူဆမှာပါ၊ လာ ကျွန်မတို့ သွားကြမယ်'

ချင်ကုလျှံက ရှေ့မှ ထွက်သွားသည်။

ကျောင်းကျားလင်ကလည်း နောက်မှ လိုက်သည်။

သူတို့နှစ်ယောက် အတန်ကြာ လျှောက်မိ ကြသောအခါ ကျောင်းကျားလင် ခြေလှမ်းများ ရပ်တန့် သွားလေ၏။

'နေပါဦးဗျ....'

ချင်ကုလျှံ၏ ခြေလှမ်းများ ရပ်တန့် သွားသည်။

'ဘာဖြစ်တာလဲရှင်'

'ဩော်....ခင်ဗျား့ရဲ့ မိခင်ကြီးကို ဒီအတိုင်း ပစ်ထားခဲ့လို့ မကောင်ဘူးလို့ ကျုပ် ထင်လို့ပါဗျာ'

ချင်ကုလျှံ ခေါင်းယမ်းလိုက်သည်။

'အဲ့ ဒီအတွက်တော့ ရှင်မပူပါနဲ့ရှင်၊ သူ ရှိဇို့ကို အတွင်းအားတွေ အကုန်ပေးလိုက်တယ်၊ ဒါပေမယ့် သူဟာ အတွင်းအား ပြန်လေ့ကျင့်နေထယ်၊ တစ်နာရီ ဒါမှမဟုတ် နှစ်နာရီလောက်

ကြာရင် သူအတွင်းအား လေ့ကျင့်တာပြီးဆုံး၊ သွားမှာပဲ၊ အဲ့ဒီအခါကျရင် သူ့အလိုရှိတဲ့နေရာကို သွားမှာပေါ့ရှင့်'

ကျောင်းကျားလင်သည် မိမိအခြေအနေကို သုံးသပ်လိုက်၏။

ယခုအချိန်၌သာ ယိုမိန်၊ ယိုလန်တို့နှင့် တွေ့လျှင် မည်သို့ ရှင်းပြရမည်ကို မသိတော့ချေ။

သူသည် စဉ်းစားလိုက်ပြီး....

'ကျွန်တော်တို့ ပြန်သွားကြည့်ရင် ကောင်းမယ်ထင်တယ်'

ချင်ကုလျို အံ့သြသွား၏။

'ဘာဖြစ်လို့လဲဟင်....'

ကျောင်းကျားလင်က....

'သူဟာ ကျွန်တော်တို့ကို အစွမ်းကုန် ကူညီလိုက်တဲ့သူ မဟုတ်လား၊ အဲ့ဒီတော့ သူ့ကို ဒီအတိုင်း ပစ်ထားခဲ့တာ မတရားဘူးလို့ ထင်တယ်၊ ဒါကြောင့် ကျွန်တော် ပြန်ကြည့်ချင်တာပါ'

ကျောင်းကျားလင်၏ စကားမှာ ကျိုးကြောင်း ဆီလျော်လှသည်။

သို့သော်....

သူမ၏ မိခင်ကြီးသည် အကြောင်းရှိ၍ သူမတို့ကို ထိုနေရာမှ လျင်မြန်စွာ ထွက်သွားခိုင်းခြင်းဖြစ်ကြောင်းကို သိသည်။

'မလိုပါဘူးရှင် မေမေဟာ သူ့ကိုယ်သူ ကာကွယ်စောင့်ရှောက်နိုင်ပါတယ်၊ သူ့အေးကိုလဲ သူသိပါတယ်၊ သူဟာ သူ့အတွက် အကောင်းဆုံး လုပ်သွားမှာပါ'



ကျောင်းကျားလင်က....

'မဟုတ်သေးပါဘူးဗျာ၊ ကျွန်တော်ကတော့ ပြန်ကို ကြည့်ချင်ပါသေးတယ်၊ နောက်ဆုံး သူထွက်သွားတဲ့ အချိန်အထိ စောင့်ကြည့်ချင်ပါသေးတယ်'

နောက်ဆုံး ချင်ကုလျို အလျှော့ပေးလိုက်လေသည်။

'ကဲ....ဒါဖြင့်လဲ သွားကြည့်လေ'

သူတို့နှစ်ယောက်သည် နောက်ကြောင်းသို့ ပြန်လှည့် ပြေးကြတော့သည်။

သူတို့သည် တောတန်းကလေးသို့ ပြန်လည် ရောက်ရှိလာကြသည်။

သူတို့ ရောက်ရှိသောအခါ ချင်ကုလျို မိခင်ကြီးကို မတွေ့ရတော့ချေ။

'ဟင်...ခင်ဗျားရဲ့ မိခင်ကြီး မရှိတော့ဘူး'

ကျောင်းကျားလင်က ပြောလိုက်သည်။

ချင်ကုလျိုက...

'သူ....ထသွားပြီနဲ့တူတယ်'

ကျောင်းကျားလင်သည် ရုတ်တရက် ရေပေါ်ပျံလွှား မှုရကို သတိရလိုက်သည်။

သူသည် ကျောက်တုံးများအကြားသို့ ပြေးလိုက်သည်။

ရှာဖွေကြည့်သောအခါ မတွေ့ရတော့ချေ။

'ဟင်....မှုရလဲ ပျောက်နေတယ်'

ချင်ကုလျ၏ မိခင်ကြီးသာမက ရေပေါ်ပျံလွှား မုရပါ ပျောက်ဆုံးနေကြောင်း ကျင်းကျားလင်ကို တွေ့ရှိရသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလေသည်။

ကျင်းကျားလင်သည် အတွေးဝေနေ၏။

အမျိုးသမီးကြီး အတွင်းအား လေ့ကျင့်နေစဉ် ရေပေါ် ပျံလွှား မုရသည် သတိရလာပြီး အတွင်းအား လေ့ကျင့်နေသူ ချင်ကုလျ၏ မိခင်ကြီးအား တိုက်ခိုက်လေသလားဟု ကျင်းကျားလင် တွေးတော မိလေသည်။

ထိုစဉ် ချင်ကုလျက....

'ကျွန်မလဲ မစဉ်းစားတတ်တော့ဘူး၊ ကျွန်မ အကြံရပြီ ရှင်ဒီမှာ ခဏနေဦး၊ ကျွန်မ သစ်ပင်ပေါ် တက်ကြည့်လိုက်ဦးမယ်'

သူမသည် ပြောပြောဆိုဆို အမြင့်ဆုံးသော သစ်ပင်တစ်ပင်ပေါ်သို့ တက်လေတော့၏။

သူမသည် လစ်ပင်ထိပ်ဖျားအထိ တက်ပြီး ကြည့်လေ၏။ သူမသည် ပတ်ဝန်းကျင်ကိုကြည့်ရာ လူသူတစ်ဦးတစ်ယောက်မျှ မတွေ့ရဘဲ ရှိလေ၏။

သူမ၏ မျက်လုံးများသည် ရုတ်တရက် မြစ်ကြောင်းဆီသို့ ရောက်ရှိသွား၏။

သူမ မျက်လုံးပြူးသွားသည်။



ထူးဆန်းသော လှေကြီးသည် မြစ်ကြောင်းအတိုင်း တရွေ့ရွေ့လာနေကြောင်း တွေ့လိုက်ရတော့သည်။

ထိုလှေကြီးထဲမှ ခေါင်းလောင်းသံများကိုလည်း ကြားကြရသည်။

'ဒေါင်—ဒေါင်....ဒေါင်'

'ဒင်....ဒင်....ဒင်....

လှေကြီးသည် တရွေ့ရွေ့လာနေဆဲဖြစ်သည်။

ချင်ကုလျသည် မျက်နှာပျက်သွားလေ၏။

သူမသည် သစ်ပင်အောက်သို့ အမန်းကတန်း ပြေး ဆင်းလိုက်သည်။

ကျင်းကျားလင်က....

'သူတို့ကို တွေ့သလား'

ချင်ကုလျက ခေါင်းခါလိုက်သည်။

'မေမေ လှေပေါ်ပြန်မရောက်သေးဘူး၊ သခင်မကြီးဟာ ခေါင်းလောင်းထိုးပြီး သတိပေးနေတယ်၊ မေမေတစ်ခုခု ဖြစ်နေပြီနဲ့တူတယ်၊ ကျွန်မတို့ လိုက်ကြည့်ကြရမယ်'

ကျင်းကျားလင်သည် ရင်ထိတ်သွား၏။

သူတို့နှစ်ယောက်သည် ဝါးရုံတောထဲမှ ပြေးလွှားထွက်ခွာသွားကြတော့၏။

ချင်ကုလျသည် သူမ၏မိခင်ကြီးကို ရှာဖွေရပေတော့မည်။

ကျင်းကျားလင်ကလည်း သူ့ကျေးဇူးရှင် ချင်ကုလျှံ၏ မိခင်ကြီးကို ပြုစုစောင့်ရှောက်ချင်ပါသည်။

ထို့ကြောင့်....

သူတို့နှစ်ယောက်သည် အချိန်မဆိုင်းဘဲ ပြေးလွှားထွက်ခွာသွားကြလေ၏။

....ဝ....

အခန်း (၃၇)

**သံယောဇဉ်**

ကျင်းကျားလင်နှင့် ချင်ကုလျှံတို့သည် တောတန်းကလေးအတွင်းမှ ထွက်ပြေးခဲ့ကြသည်။

သူတို့ ချင်ကုလျှံ၏ မိခင်ကြီးအား ရှာဖွေကြရပေသည်။

သူတို့သည် နေရာအနှံ့အပြား ပြေးလွှား ရှာဖွေကြသည်။ အမျိုးသမီးကြီး၏ အရိပ်အယောင်မျှကိုပင် မတွေ့ကြချေ။

ကျင်းကျားလင်မှာ ပြေးရင်း ပြေးရင်းက သူ ပေါ့ပါးစွာ ပြေးနိုင်နေသည်ကို သတိပြုမိလာလေ၏။

သူသည် ကိုယ်ဖော့ပညာ မတတ်ပါ။

သို့သော်....

သူသည် အလွန်ပေါ့ပါးစွာ ပြေးနိုင်နေ၏။ သူတို့ပြေးနေသည့် ခရီးမှာ မနီးလှပါ။

ခေါက်တုံ့ခေါက်ပြန် ပြေးနေသဖြင့် ခရီးဝေးလှသည်ဟု မထင်ရသော်လည်း ခရီးကတော့ မနီးလှပါ။

ထိုသို့ ပြေးနေသော်လည်း သူသည် မောဟိုက်ခြင်း မရှိသည်ကို တွေ့ရှိရ၏။

သူ အလွန်ဝမ်းသာသွား၏။

သူသည် ပျော်ရွှင်စွာဖြင့် ခြေလှမ်း ရပ်လိုက်သည်။
ချင်ကုလျှံသည် ရှေ့သို့လွန်သွားပြီးမှ နောက်သို့ပြန်လျှောက်လာရလေ၏။
'ဘာဖြစ်လို့ ရှင် အပြေးရပ်လိုက်တာလဲ'

ကျောင်းကျားလင်က....
'ကျွန်တော့်ကိုယ်ခန္ဓာ သိပ်ပြီး ထူးခြားနေတယ်၊ ခွန်အားလဲ တိုးနေတယ်၊ ပြေးလို့လွှားလို့လဲ တကယ်ကောင်းတယ်၊ အဲဒါကိုတွေ့တော့ ကျွန်တော် သိပ်အံ့သြမိတယ်'

ချင်ကုလျှံက ပြုံးလိုက်သည်။
'ဘာမှ အံ့သြစရာ မရှိပါဘူး၊ ရှင် အဖေ်မေ့နေတယ်နဲ့တူတယ်'
'ဘာများလဲဗျ'



'ကိုးနဝင် အားတိုးဆေးလေ၊ ရှင့်ကို ကိုးနဝင် အားတိုးဆေးတစ်လုံးတိုက်ကျွေးထားတယ်၊ ဒီလောက်တော့ ရှိမှာပေါ့ ရှင်၊ ဒီဆေး ယ်လောက် စွမ်းတယ်ဆိုတာကို ရေပေါ်ပျံ လွှားမှုရက ရှင့်ကို ပြောပြီးသားပဲ'

ကျောင်းကျားလင် သဘောပေါက်သွား၏။

'ဟုတ်သားပဲ'

ချင်ကုလျှံက စကားဆက်လိုက်၏။

'နောက်ပြီး မေမေက သူ့ရဲ့အတွင်းအားတွေကို ရှင့်ခန္ဓာကိုယ်ထဲပို့ပေးထားသေးတယ်'

ကျောင်းကျားလင်သည် ဝမ်းသာဝမ်းနည်း ဖြစ်သွားလေတော့သည်။

'ခင်ဗျားအမေ အခု ဘယ်ရောက်သွားမှန်း မသိတာကို ကျွန်တော် စိတ်မကောင်းပါဘူးဗျာ'

ချင်ကုလျှံက...
'သူ လှေပေါ် ပြန်တက်သွားသလား၊ ဒါပေမယ့် လှေပေါ် မပြန်ဝံ့လို့ တစ်နေရာရာ သွားပြီး ပုန်းနေသလားတော့ မသိဘူး၊ ဒါပေမယ့် လှေကြီးဆီက ခေါင်းလောင်းသံတော့ ကြားရတာကတော့ လှေပေါ်ကို မေမေ ပြန်မရောက်သေးဘူးဆိုတာကို ပြနေတာပဲ'
ကျောင်းကျားလင်က ရှင်းပြလေ၏။

ကျွန်တော် စိုးရိမ်တာက ဘယ်မျိုးဗျာ၊ မူရမသေတဲ့ ပြန် သတိရလာပြီး ခင်ဗျားအသာ ရန်ပြုတိုက်ခိုက်မှာကို စိုးရိမ် တာပါ'

ချင်ကုလျှ က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်...ရှင်ပြောတာလဲ တွေးစရာပါပဲ၊ ဒါပေမယ့် တွေးစရာတွေက တစ်ပုံကြီးပါ'

'ဘာများ တွေးစရာရှိလို့လဲ'

'သူ တစ်ခုခုဖြစ်ရင် သူ့အကြောင်းကို တွေ့ရမှာပေါ့၊ အခု တော့ မေမေ့ အကြောင်းကိုလဲ မတွေ့ရဘူး၊ ဘယ်လို ဖြစ်သလဲ မသိပါဘူး'

သူမသည် ပြောရင်း ဝမ်းနည်းလာသဖြင့် ရှိုက်မိသည်။

ကျင်းကျွားလင်က...

'မရှိုက်ပါနဲ့ဗျာ၊ ကျွန်တော်တို့ ခင်ဗျား အမေကို မတွေ့ တွေ့အောင် လိုက်ရှာကြတာပေါ့'

သူတို့နှစ်ယောက်သည် စကားပြောရင်း လျှောက်သွားကြ လေသည်။

ကျင်းကျွားလင်သည် ကျင်းကျွားဂေဟာ၌ ဖြစ်ပျက်ခဲ့သော အကြောင်းချင်းရာများကို သတိရလာလေ၏။

ကျင်းကျွားဂေဟာ၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ သည် သူ့ သိုင်းပညာ တတ်မြောက်သည်၊ မတတ်မြောက်သည် နှင့် ဘာမျှ မဆိုင်သော်လည်း သူ သိမ်ငယ်ခဲ့ရသည်ကတော့ အမှန်ပင် ဖြစ်သည်။



သူသည် ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရပြီးနောက် လက်ဝါးဖြင့် အနီး၌ရှိ သစ်ပင်ကြီးတစ်ပင်အား ရိုက်ချလိုက်လေ သည်။

'ဝုန်း....'

သစ်ပင်ကြီးသည် အခေါက်များ၊ အကြွာများ ကြွေပြုတ် သွားသည်။

သစ်ပင်ကြီးသည် ယိမ်းခါသွား၏။

ထိုအခါ ကျင်းကျွားလင်သည် ရုတ်တရက် ကြောင်အမ်း အမ်း ဖြစ်သွားလေသည်။

သူ၏မျက်လုံးများ အစုံသည် သူ၏ လက်နှစ်ဖက်စလုံးကို မယုံကြည်နိုင်စွာ ကြည့်နေမိလေ၏။

'ဖြောင်း....ဖြောင်း....ဖြောင်း....'

ချင်ကုလျှ က လက်ခုပ်တီးလိုက်လေသည်။

ချင်ကုလျှ အား မေးခြင်းဖြစ်သည်။

'ကဲ...တွေ့တယ်မဟုတ်လား၊ ကိုးနဝင်း အားတိုးဆေးလုံး ဘယ်လောက် စွမ်းတယ်ဆိုတာကို...'

ကျင်းကျွားလင် ခေါင်းညိတ်လေ၏။

'ဟုတ်တယ်....ကျွန်တော် အင်အားတွေ တိုးလာနေတယ်၊ ကျွန်တော် ယုံတောင် မယုံချင်ဘူး'

ချင်ကုလျှ က....

'အခု ရှင် အတွင်းအားတွေ အများကြီး တိုးတက်သွားပြီး ရှင်ဟာ သိုင်းလောကမှာ လူတစ်လုံး သူတစ်လုံး လုပ်နိုင်ပြီ'

'ခင်ဗျား တကယ်ပြောတာလားဟင်'

ကျောင်းကျားလင်က ဝမ်းသာ အားရ မေးလေ၏၊

ချင်ကုလျ က....
'တကယ် ပြောနေတာပေါ့'

ကျောင်ကျားလင်မှာ ထခုန်မတတ် ဖြစ်သွား၏။

သူသာ ဤသို့ အတွင်းအား တိုးတက်နေလျှင် ကျောင်းကျား ဂေဟာ အရေးအခင်း၌ သူသည် တစ်စုံတစ်ခု ထူးထူးခြားခြား ပြုလုပ်နိုင်ခွင့် ရှိပေမည်။

ကျောင်းကျားလင်သည် လက်သီးလက်ခမောင်းဟန်း၍ ထအော်ဟစ်လိုက်လေသည်။

'ငါ....အောင်မြင်ပြီကွ'

ချင်းကုလျ သည် လန့်သွားပြီး သူ့ကို ကြည့်လိုက်သည်၊ ထို့နောက် ပြုံး၍ ပြောလိုက်သည်။

'ရှင် ဘာ အောင်မြင်တာလဲ'

ကျောင်းကျားလင်သည် လက်သီး ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ကြွေးကြော်ပြလိုက်သည်။

'အခု အချိန်ကစပြီး ကျွန်တော်ဟာ ပျောင်းနွဲ့တဲ့ စာပေသမား မဟုတ်တော့ဘူး၊ သိုင်းလောကမှာ ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာတော့မယ်'

ချင်ကုလျ က....
'ရှင် အခု ရှင့်ကိုယ်ရှင် အတော် အဆင့်မြင့်လာပြီလို့ ထင်သလားဟင်'



'ဟုတ်တယ်လေ၊ ဟိုသစ်ပင်ကြီးကို ကြည့်စမ်း၊ တုန်လှုပ်သွားတာလဲ မြင်မှာပဲ'

'ဒါဖြင့် ရှင် ကျွန်မကို နိုင်လိမ့်မယ်လို့ ထင်သလားဟင်'

ကျောင်းကျားလင်သည် မည်သို့ပြန်ဖြေရမည်မှန်း မသိဘဲ ဖြစ်သွား၏။

ချင်ကုလျ က ပြုံး၍ ပြောလိုက်သည်။

'အခု ရှင် ခွန်အား အများကြီး တိုးတက်သွားပြီ၊ ဒီတော့ ကျွန်မတို့ စမ်းကြည့်ရအောင်၊ ကဲ ကျွန်မကိုထိအောင် ရိုက်ကြည့်စမ်းပါ'

ကျောင်းကျားလင် ခေါင်းယမ်း လိုက်သည်။

'မလုပ်ပါနဲ့ဗျာ၊ တော်ကြာ ခင်ဗျား ဒုက္ခ ရောက်သွားပါလိမ့်မယ်'

ချင်ကုလျ က....

'ဒီအတွက် မပူပါနဲ့၊ ကျွန်မကိုသာ ရိုက်စမ်းပါရှင်'

ကျောင်းကျားလင် ခေါင်းကို သွက်သွက် ခါယမ်းလိုက်သည်။
'သိုင်းပညာကို ပေါ့ပေါ့တန်တန် သဘော မထားပါနဲ့၊ တော်ကြာ ခြေလွန်လက်လွန် ဖြစ်သွားရင် မကောင်းပါဘူး'

ချင်ကုလျ က....
'ရှင့်ရဲ့ပညာကို စမ်းမကြည့်ရင် ဘယ်အဆင့် ရောက်နေတယ်ဆိုတာ ဘယ်လိုလုပ် သိနိုင်မလဲရှင်၊ ကိုယ့်ပညာ ဘယ်အဆင့် ရောက်နေတယ် ဆိုတာတော့ စမ်းသပ်ကြည့်ရမှာပေါ့'

ကျင်းကျားလင် တွေဝေသွား၏။

'ခင်ဗျားပြောတာ မှန်တာပဲ'

ချင်ကုလျှံက အေးအေးစွာ ပြော၏။

'ကဲ...ကျွန်မကို တိုက်ခိုက်ကြည့်စမ်း'

ကျင်းကျားလင်သည် ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ကျွန်တော် တိုက်မယ်၊ ခင်ဗျား ရှောင်ပေတော့'

သူသည် ထိုသို့ပြောပြီး အတွင်းအား ဆယ်ပုံ သုံးပုံခန့်ကို စုစည်းလိုက်ပြီး ချင်ကုလျှံကို တိုက်ခိုက်လိုက်၏။

ချင်ကုလျှံက ပြုံးလိုက်သည်။

'ဒီလိုမှပေါ့'

ကျင်းကျားလင်၏ လက်ဝါး နှစ်ဘက်သည် ချင်ကုလျှံ၏ ခန္ဓာကိုယ်ပေါ်သို့ ထိလုဆဲဆဲ အချိန်တွင် ချင်ကုလျှံသည် လှစ်ခနဲ ပျောက်သွားသည်။

ကျင်းကျားလင် အံ့အားသင့်သွားသည်။

'ကျွန်မ ဒီမှာ'

သူ့နောက်မှ ချင်ကုလျှံ၏ အသံ ပေါ်လာလေ၏။

သူသည် ချာခနဲ လှည့်ကြည့်လိုက်သောအခါ ချင်ကုလျှံ ပြုံး၍ ရပ်နေသည်ကို တွေ့မြင်ရတော့သည်။

ကျင်းကျားလင်သည် အနိုင်မခံ အရှုံးမပေးလိုသော စိတ်ဓာတ်များ ပေါ်ထွန်းလာ၏။



သူ့အား ချင်ကုလျှံက စိန်ခေါ်သည်ကို ရိပ်မိလာ၏။ သူသည် စကားတစ်ခွန်းမျှ မပြောဘဲ ချင်ကုလျှံအား တိုက်ခိုက်လိုက်သည်။

ထို့နောက်...

သူ၏လက်ဝါးများက ချင်ကုလျှံအား ထိခိုက်မည့် အချိန်တွင် ချင်ကုလျှံသည် ပျောက်ကွယ်သွားပြန်လေ၏။

သူသည် တိုက်ခိုက်နေရာမှ ပြောလိုက်သည်။

'ခင်ဗျားက ဒီလိုရှောင်တိမ်းနေတာကိုး၊ ဒီလိုရှောင်တိမ်းနေမှတော့ ဘယ်ထိပါမလဲဗျာ'

ချင်ကုလျှံက ပြုံးလိုက်သည်။

'ကောင်းပြီလေ၊ ဒီတစ်ခါတော့ ကျွန်မ မရှောင်တော့ဘူး...'

ကျင်းကျားလင်က ပြောလိုက်သည်။

'ဒါဖြင့် အသင့်ရှိပါစေ၊ ကျွန်တော် လာပြီ'

သူသည် ဆက်၍တိုက်ခိုက်လိုက်သည်။

ဤတစ်ကြိမ်တွင် ချင်ကုလျှံသည် ပြောသည့်အတိုင်း ရှောင်တိမ်းခြင်း မပြုပါ။

သူ့အစွမ်းဖြင့် ကျင်းကျားလင်ကို မရှောင်တိမ်းဘဲ ရပါသည်။

သူမသည် သူမအား တိုက်ခိုက်လာသော ကျင်းကျားလင်ကို ကြည့်ရှုလိုက်၏။

သူမသည် ပြန်လည် ခုခံလိုက်၏။

'ဝုန်း'

ကျင်းကျားလင်၏ပခုံးကို ချင်ကုလျ၏ လက်ဝါးနှစ်ဘက် ထိသွားသည်။

ကျင်းကျားလင် နောက်သို့ ခြေလှမ်း သုံးလေးလှမ်းမျှ ဆုတ်သွားရသည်။

ကျင်းကျားလင်မှာ အကြီးအကျယ် အံ့ဩသွားသည်။ သူ၏ တိုက်ခိုက်မှုမှာ မည်သို့မျှ မထိရောက် မအောင်မြင်ခဲ့ မဟုတ်ပါလား။

သူသည် ဒဏ်ရာမရသော်လည်း ယကြီးအကျယ် စိတ်ဓာတ် ကျသွားသည်။

ချင်ကုလျ က ပြုံး၍ ပြောဆိုလိုက်သည်။

'ရှင် ဘာမှ အားငယ်စရာ မရှိဘူး'

'ကျွန်တော် ဘာမှ မတတ်အဲ့ဗျာ'

'ကျွန်မက ရှင် ဘဝင်မြင့်သွားမှာစိုးလို့ သင်ခန်းစာ ပေးလိုက်တာ၊ တကယ်တော့ ရှင် ဘာမှ စိတ်ပျက်စရာမရှိဘူး၊ သိုင်းပညာ အခြေခံကောင်းလဲ ရထားတယ်၊ အတွင်းအား အခြေခံကောင်းလဲ ရထားတယ်၊ ရှင် သိုင်းပညာဆည်းပူးရင် တစ်နေ့ ရှင်က ကျွန်မထက် အများကြီး သာသွားမှာ'

ကျင်းကျားလင်သည် ချင်ကုလျ ကို ကြည့်လိုက်၏။

ချင်ကုလျ သည် သူ့ထက် သိုင်းပညာ အဆင့်များစွာ မြင့်သည်။



'ခင်ဗျား ကျွန်တော့်ကို သိုင်းပညာ သင်ပေးမလား ဟင်'

ချင်ကုလျ က ပြုံးလိုက်သည်။

'ကျွန်မက သင်ပေးဖို့ ဝန်မလေးပါဘူး၊ ဒါပေမယ့် သင်ပေးလိုက်တာနဲ့ ကျွန်မဟာ ရှင့်ဆရာ ဖြစ်သွားမှာရှင့်'

ကျင်းကျားလင် စိတ်ဓာတ်ကျပြီး ပြောလေ၏။

'ဩော်... ခင်ဗျာ က သင်မှ မပေးချင်တာကိုး'

ချင်ကုလျ ပြုံးလိုက်သည်။

'အဲဒီလို မပြောပါနဲ့၊ သင်ပေးတယ်လို့ သုံးနှုန်းမယ့်အစား ပညာချင်း ဖလှယ်တယ်လို့ သုံးနှုန်းတာ ပိုကောင်းပါတယ်၊ ရှင်နဲ့ ကျွန်မ ပညာချင်း ဖလှယ်ကြတာပေါ့'

ကျင်းကျားလင် ဝမ်းသာသွားသည်။

'ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် သိုင်းပညာ တိုးတက်ဖို့ အဓိကပါပဲ၊ ခင်ဗျားက ပညာဖလှယ်တာ ပိုကောင်းတယ်၊ သိုင်းပညာ သင်ပေးတယ်ဆိုရင် ဆရာတပည့် ဖြစ်သွားရော၊ ဆရာတပည့် တာဝန်ဝတ္တရားတွေဟာ သိပ်ကြီးလေးတယ်'

'ကောင်းပါပြီ၊ ကျွန်မတို့ ခရီးသွားရင်း သိုင်းပညာ ဖလှယ်ကြတာပေါ့၊ ဒါပေမယ့် ချမ်ပေနယ်ကိုတော့ တစ်ခေါက် မပြန်လို့ မရပါဘူး၊ ချမ်ပေနယ်မှာ တစ်ရက် နှစ်ရက်လောက်နေပြီးရင် ခင်ဗျားရဲ့အမေကို မိုးအောက်မြေပြင် အနှံ့ ကျွန်တော်တို့ လိုက်ရှာကြတာပေါ့'

ချစ်ကုလျှ သည် ယင်းစကားကို ကြားလိုက်ရသောအခါ ဝမ်းသာပီတိ ဖြစ်သွားလေ၏။

သူမသည် ကျောင်းကျားလင်အပေါ် သံယောဇဉ်ဖြစ်ခနမိပြီ မဟုတ်ပါလော။

....ပ....

## အခန်း(၃၈)

### လှည့်ကွက်

ကျောင်းကျားလင်သည် ချစ်ကုလျှ နှင့်အတူ ချမ်ပေနယ်သို့ ခရီးထွက်လာကြလေသည်။

သူတို့သည် စားရင်းသောက်ရင်း သိုင်းပညာဖလှယ်ရင်း ဖြင့် ခရီးထွက်လာကြသည်။

အလွန်ချောမောလှပသောမိန်းကလေးနှင့် ချောမောသော စာပေသမား လူငယ်ကလေးတို့မှာ လွန်စွာ ရွှေ့သွားနောက်လိုက် ညီကြပေသည်။

ဤသို့ဖြင့် ယင်စန်းမြို့သို့ ရောက်ရှိလာကြ၏။

သူတို့သည် ယင်စန်းမြို့တည်းခိုခန်း တစ်ယောက်တစ်ခန်း တည်းကြသည်။

ထိုစဉ် မမျှော်လင့်သော သတင်းတစ်ခုကို ကြားရလေသည်။

ထိုသတင်းမှာ စိန်ကျားရဲတိုက်အား သိုင်းလောကသား တစ်စုတို့က ဝင်ရောက်တိုက်ခိုက် သတ်ဖြတ်ကြသည့် သတင်းပေတည်း။

ရဲတိုက်အတွင်းမှ လူအားလုံး သေဆုံးကုန်သည်ဟု သတင်းများ ပျံ့လွင့်လျက်ရှိသည်။

ကျင်းကျားလင်က...

'သတင်းကတော့ သတင်းဆိုးပဲ၊ စိန်ကျားရဲတိုက်ဆိုတာ ကျွန်တော့်အတိုးရဲ့ ရဲတိုက်ပဲ၊ သတင်း ကြားရတာကတော့ မကောင်းလှဘူး၊ ဒီတည်းခိုခန်းမှာ အချိန်ဖြုန်းနေလို့ မဖြစ်တော့ဘူး၊ စိန်ကျားရဲတိုက်ဆီကို ဆက်သွားကြရအောင်'

ချင်ကုလျ့က....

'သွားလေ...သွားကြတာပေါ့'

သူတို့သည် တည်းခိုခန်း၌ ဆက်လက်တည်းခိုခြင်း မပြုတော့ဘဲ ချင်ကုလျှ့နှင့်အတူ စိန်ကျားရဲတိုက် တည်ရှိရာ ကျန်မင်းသို့ ခရီးဆက်ကြလေတော့၏။

အမှန်မှာ ကျင်းကျားလင် အိမ်မှထွက်ခဲ့ခြင်းမှာ အတိုးနေထိုင်ရာ စိန်ကျားရဲတိုက်သို့ သွားရောက်နေထိုင်ရန် ဖြစ်သေသည်။



သို့သော်....

သူသည် ခရီးလမ်းတန်း မကျွမ်းကျင်သဖြင့် စိန်ကျားရဲတိုက်သို့ ရက်တိုတိုနှင့် အမြန်ဆုံး ရောက်မသွားခဲ့ချေ။

သူသည် သွားရမည့် ခရီးလမ်းမှာ ရင်ကျိုးမှတစ်ဆင့် လုံမင်းကို ဖြတ်ရမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ကျန်မင်းကို သွားရမည် ဖြစ်သည်။

ထို့ကြောင့်....

အချိန်တိုတိုအတွင်း စိန်ကျားရဲတိုက်သို့ ရောက်မည်ဖြစ်ပေသည်။

ယခုသော်....

သူသည် လမ်းမကျွမ်းသဖြင့် ခရီးများ ကွေ့ဝိုက်သွားနေခဲ့ကာ လှေထူးဆန်းကြီးနှင့် ကြုံတွေ့ရခြင်း ဖြစ်တော့သည်။

ဤသို့ဖြစ်ရခြင်းမှာ သူ့ ကံကောင်းခြင်းပေတည်း။

အကယ်၍....

သူသာ လမ်းရိုးလမ်းဟောင်းအတိုင်းသွားပြီး စိန်ကျားရဲတိုက်သို့ ရောက်ရှိခဲ့ပါလျှင် သူလည်း မုချအသတ်ခံနေရမည်ဖြစ်ပေသည်။

ယခု သူသည် အသတ်မခံရတော့ချေ။

အသတ်မခံရသည့်ပြင် သိုင်းပညာ အတွင်းအားလည်း တိုးပွားလာခဲ့သဖြင့် သူကံကောင်းသည်ဟု ဆိုရချေမည်။

ထို့ပြင်....

အလွန်တရာ ချောမောလှပသော မိန်းမချော မိန်းမလှလေး တစ်ယောက်ကိုလည်း သူသည် အဖော်အဖြစ် ရရှိခဲ့ပေသည်၊

'ချင်ကုလျ ....ကျွန်တော့် အဘိုး ရဲတိုက် အတိုက်ခံရတယ် လို့ကြားတယ်၊ ဘယ်သိုင်းသမားတွေက တိုက်ခိုက်တာလဲဆို တာတော့ မသိဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သွားစုံစမ်းရမှာပဲ'

ချင်ကုလျက....

'စုံစမ်းရမှာပေါ့၊ အခြေအနေမှန်ကို သိအောင် စုံစမ်းရ မယ်'

သူတို့သည် စိန်ကျားရဲတိုက်သို့ မနားမနေ ချီတက်ကြတော့ သည်။

မကြာမီ ကျန်မင်းသို့ ရောက်ရှိပြီး စိန်ကျားရဲတိုက်သို့ ရောက်ရှိလာလေတော့၏။

ရဲတိုက်ကြီးအနီးသို့ ပေါက်လာသည့်တိုင် ရဲတိုက်မှ တစ်ဦး တစ်ယောက်မျှ ထွက်မလာကြချေ။

ကျင်းကျားလင်နှင့် ချင်ကုလျတို့သည် ရဲတိုက်တံခါးမကြီး ၏ ပိတ်ထားသဖြင့် ပြတင်းပေါက်များမှ ကျော်ဝင်သွားကြ သည်။

ခြံဝင်းတစ်ခုလုံး ခြောက်ချင်းချင်း နီရဲနေသည်ကို တွေ့ သည်။



ချင်းချင်းနီရဲသည် ဆိုသည်မှာ ထာဝယ် နီရဲနေခြင်း ဖြစ် သည်။

သူတို့သည် ဤရဲ ဒိုက်အတွင်း မည်မျှအပြင်းအထန် တိုက်ခိုက် ခဲ့သည်ကို မျှော်ယောင် တွေးမိကြ၏။

ကျင်းကျားလင်သည် အလွန် စိတ်ထိခိုက်မိသွား၏။

'ဘယ်သူဘယ်ဝါတွေ သေတယ်ဆိုတာလဲ မသိရဘူး၊ သေ တာတော့ ရဲတိုက်တစ်ခုလုံး တော်တော် သေကြတယ်လို့ ကြား တယ်'

သူသည် အတွင်းခန်းမကြီး သို့ ဝင်ရန်ခြေလှမ်းပြင်လိုက်ရာ ထိုခန်းမကြီးမှ လူတစ်ယောက် ထွက်လာသည်ကို တွေ့ရလေ သည်။

ရိပ်ခနဲ မြင်လိုက်ရသဖြင့် ကျင်းကျားလင် ရင်ထိတ်သွား သည်။

သူသည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်မိသည်။

'ဟင်... ဆရာတော်ပါလား'

သူသည် ရှောင်လင်ကျောင်းဆိုင်ဆရာတော်ဖြစ်သော တင်း အိ ဆရာတော်ကို တွေ့လိုက်ရသည်။

သူသည် ဒူးထောက်ထိုင်ရှိခိုးလိုက်ရ၏။

တင်းအိဆရာတော်သည် မမျှော်လင့်သော နေရာတွင် ကျင်းကျားလင်ကို တွေ့လိုက်ရသဖြင့် အလွန် ဝမ်းသာသွား သည်။

'ကျင်းကျားလင်ပါလား'

ကျင်းကျားလင်သည် ဆရာတော်အား ဦးခိုက်လေ၏။

'ဟုတ်ပါတယ် ဘုရား၊ ကျင်းကျားလင်ပါ ဘုရား... တပည့်တော်ရဲ့ဘိုးဘိုးကော ဘုရား....'

တင်းအိဆရာတော် သက်ပြင်းချလိုက်၏။

'သူ ဆုံးရှာပြီ'

ကျင်းကျားလင်သည် မိမိလမ်းခရီးတွင် ကြားခဲ့ရသော သတင်းသည် မှန်ကန်ကြောင်း သိလိုက်လေပြီ။

သူသည် ဝမ်းနည်းကြေကွဲမဆုံး ဖြစ်သွားရလေ၏။

'ဆရာတော် ရဲတိုက်တစ်ခုလုံး အတိုက်ခံရတာလား'

ဆရာတော်က ခေါင်းညိတ်၏။

'ရဲတိုက်တစ်ခုလုံး တစ်ယောက်မကျန် အသတ်ခံရတာပါ၊ အခု ရဲတိုက်ထဲမှာ တစ်ယောက်မှ အသက်ရှင်လျက် မရှိကြတော့ပါဘူး'

'ဩော်....'

ကျင်းကျားလင်သည် အခန်းတစ်ခန်းထဲသို့ ဝင်မည်အပြုတွင် တင်းအိဆရာတော်က သူ့အားဟန့်တားလိုက်၏။

'တကာလေး မဝင်ပါနဲ့'

'ဘာဖြစ်လို့လဲ ဘုရား'



'ဩော်....ဘာမှ မသိသေးတော့လို့ပါ၊ တကာလေး ကျင်းကျားဂေဟာက ထွက်လာပြီး ကျင်းကျားဂေဟာမှာ ဘာတွေဖြစ်ကျန်ရစ်သလဲဆိုတာ မမေးပါလား'

'တပည့်တော အလွန်စိတ်ပျက်ပါတယ် ဘုရား၊ တပည့်တော်ရဲ့ ဖေဖေနဲ့မေမေဟာ အရင်က အဲဒီလို မဟုတ်ကြပါဘူး၊ အခုတော့ လောဘ၊ ဒေါသတွေထွက်ပြီး ရန်စွယ်နဲ့ငေါငေါ ဖြစ်နေပါတယ်၊ ဒါနဲ့ ကျင်းကျားဂေဟာမှာ ဘာတွေများ ဖြစ်ပျက်ခဲ့ပါသလဲ ဘုရား'

တင်းအိဆရာတော်သည် သက်ပြင်းတစ်ချက်ချကာ....

'သိုင်းအကျော်အမော် အားလုံးက တကာလေးရဲ့ အဖေကို လက်လျော့အရှုံးပေးလိုက်ကြရပါတယ်'

ကျင်းကျားလင်မှာ အံ့သြလွန်းသဖြင့် ကြက်သေသေ သွားလေ၏။

ချင်ကုလျှံမှာ ကျင်းကျားဂေဟာမှ အကြောင်းကို ဘာမျှမသိသဖြင့် သူမသည် နားထောင်သမားသက်သက် ဖြစ်နေရ၏။ ဘာမျှ ဝင်၍စွက်ဖက် မမေးချေ။

တင်းအိဆရာတော်က....

'အဲဒီတုန်းက ဟန်စန်းဂိုဏ်းချုပ် မွန်ယုက ဝင်ပြီးဖြန်ဖြေပေးလို့ အဆင်ပြေသွားတာ'

'ဟန်စန်းဂိုဏ်းချုပ်က ဖြန့်ဖြေပေးတယ်၊ ဘယ်လိုဖြန့်ဖြေပေးတာလဲ'

တင်းအိဆရာတော်က ဆက်လက်ရှင်းပြ၏။

'မွန်ယုက ရှင်းပြတယ်လေ၊ ဗျူဂင်းဖြူသိုင်းကျမ်းဟာ အားလုံးနဲ့ တစ်ပါတည်း ပါလာမှာ မဟုတ်ပ ဘူး၊ ပါတဲ့လူလဲ ပါကြမယ်၊ မပါတဲ့လူလဲ မပါဘဲဖြစ်လိမ့်မယ်၊ ဒါကြောင့် အချိန်ပေးပါလို့ တောင်းခံလိုက်တယ်'

ကျင်းကျားလင်က....

'အဖေက အချိန်ပေးသလား ဘုရား'

တင်းအိဆရာတော်က....

'ဒကာကြီးရဲ့ ဖခင်က အချိန်ပေးလိုက်တယ်၊ မွန်ယုကသာ ဒီလိုဖြန့်ဖြေမပေးရင် အားလုံး တစ်ယောက်မှ အသက်ရှင်ရက် ထွက်နိုင်ကြမှာ မဟုတ်ဘူး၊ အားလုံးအသေပဲ'

ကျင်းကျားလင်က ခေါင်းယမ်းလိုက်၏။

'တပည့်တော်တော့ နားမလည်တော့ဘူး ဘုရား၊ ကျင်းကျားဂေဟာကိုလာတဲ့ သိုင်းပညာရှင်တွေဟာ ထိတ်ထိတ်ကျဲ တွေချည်းပါပဲ၊ အားလုံး သိုင်းပညာရှင် သုံးရာကျော်လောက်ရှိမယ်၊ ဒီသိုင်းပညာရှင်အားလုံး တစ်ပြိုင်နက် တိုက်ခိုက်ရင် ကျွန်တော့်အဖေ ဘာခံနိုင်လဲ'



တင်းအိဆရာတော် မျက်နှာတွင် ဒေါသ အရိပ်အယောင်များ ယှက်သန်းလာတော့၏။

သူသည် ပြတင်းပေါက်မှ အဝေးသို့ ကြည့်၍ ပြောလိုက်လေသည်။

'ကျုပ်လဲ ပထမတော့ ဒကာလေးလိုပဲ ယူဆတာပေါ့၊ ကျင်းကျား ဂေဟာထဲကို ရောက်နေတဲ့ သိုင်းသမားတွေက အများကြီးဆိုတော့ ဒကာလေးရဲ့ ခမည်းတော်ဟာ ကျုပ်တို့ကို လှန်ရဲလိမ့်မယ်လို့ မထင်ဘူး၊ သူဟာ ကျုပ်တို့ကို ခပ်တည်တည်ပဲ စီနံခေါ်နေတယ်၊ အင်း....သူ့ရဲ့ အကြံအစည်ကလဲ ပိုင်နေတယ်မဟုတ်လား'

ကျင်းကျားလင်က...

'တပည့်တော်ရဲ့ အဖေက ဘာများ အပိုင်ကိုင်ထားနိုင်လို့လဲ ဘုရား'

တင်းအိဆရာတော်က ခေါင်းညိတ်၏။

'ဒကာလေးရဲ့ အဖေဟာ မဟာမိတ်ခေါင်းဆောင်ကြီးပါ၊ သူ့ကို အားလုံးက ယုံကြည်တာပေါ့၊ အလွန်ယုတ်မာတဲ့ အကြံအစည် ပြုလိမ့်မယ်လို့ ဘယ်သူကမှ မယုံကြပါဘူး'

'အဖေက ဘယ်လို အကြံအစည်များ လုပ်ထားလို့လဲ ဘုရား'

ဆရာတော်က မဲ့ပြုံးပြုံးလိုက်၏။

'ပိုင်တယ်၊ လုပ်ထားပုံက အပိုင်ပဲ၊ အရက်ထဲမှာ အဆိပ်ခတ်ထားတယ်လေ'

ကျောင်းကျားလင်မှာ မယုံကြည်နိုင်ချေ။

'ဖေဖေ...ဒါလောက် ယုတ်မာမယ် မထင်ပါဘူး ဘုရား...'

'ဒါတော့...ဒကာလေး မပြောနဲ့ အပြစ်က ဖြစ်ပြီးပြီ'

'တပည့်တော်တော့ မယုံနိုင်လောက်အောင်ပါတဲ့ဘုရား'

'ဘဏ္ဍာစိုးဟာ ဒကာလေး ဖခင်ရဲ့ အမိန့်မရတဲ့ အရက်ထဲကို အဆိပ်မခတ်ဝံ့ပါဘူး'

'ညှော်သည်တွေ မရိပ်မိကြဘူးလား ဘုရား'

'ဘယ်ရိပ်မိကြမှာလဲ ဒကာလေးရဲ့ ဖခင်ဟာ အရက်ခွက်ကို ကောက်ကိုင်လိုက်တော့ အားလုံးကလဲ အရက်ခွက်တွေကို ကိုယ်စီကိုင်ကြရပါတယ်၊ ဒကာလေးရဲ့ ဖခင် အရက်ခွက်ကို ကောက်မော့လိုက်တော့ အားလုံးလိုလိုပဲ အရက်ခွက်တွေကိုမော့သောက်လိုက်ကြတယ်'

ကျောင်းကျားလင်သည် မှတ်မိလိုက်သည်။



'ဒီလိုဆိုရင် ဖေဖေရဲ့ ကြံတင်ကြံစည်မှု ဖြစ်တယ်ဆိုတာ သေချာသွားပြီပေါ့၊ ဒါပေမယ့်...ဖေဖေဟာ ဒီလို လူစားမျိုး မဟုတ်ဘူးဆိုတာတော့ တပည့်တော် သိပါတယ်၊ ဖေဖေဟာ ရိုးရိုး ဖြောင့်ဖြောင့် လူစားပါ'

တင်းအီဆရာတော်က ပြုံးလိုက်သည်။

'ဒါဟာ တစ်ချိန်တုန်းကတော့ ဟုတ်ပါတယ်၊ အခုတော့ မဟုတ်တော့ဘူး၊ တစ်ချိန်တုန်းက ကျုပ်တို့ဟာ သူ့ကို အင်မတန် လေးစားယုံကြည်ကြတာပဲ၊ မဟာမိတ် ခေါင်းဆောင်ကြီးတင်ထားတာပဲ ကြည့်လေ'

တင်းအီဆရာတော်က ဆက်ပြောလေ၏။

'ညှော်သည်သိုင်းသမားအားလုံးဟာ အဆိပ်ရေတွေ သောက်မိနေကြတာကို မသိကြပါဘူး၊ သာမန် အရက်တွေ ထည့်သောက်မိကြတယ်လို့ ထင်နေကြပါတယ်၊ ဒကာလေးရဲ့ အဖေဟာ အရက်ထဲမှာ အဆိပ်ခတ်ထားတဲ့ အကြောင်း၊ ဖြေဆေးမရရင် တစ်နာရီအတွင်းမှာ အူတွေပြတ်ပြီ သေဆုံးသွားမှာ ဖြစ်ကြောင်း ကြေညာလိုက်ပါတယ်'

ကျောင်းကျားလင် ခေါင်းကို သွက်သွက် ခါယမ်းလိုက်လေသည်။

'အရင်က ဖေဖေ့ဆီမှာ ဒီလိုအဆိပ်မျိုး မရှိပါဘူး'

'အရင်က မရှိပေမယ့်….အခုရှိနေတယ်လေ'

'အဲဒီတော့….'

'ဘာတတ်နိုင်တော့မှာလဲ၊ အားလုံး အဆိပ်မိနေကြတော့ ဗျိုင်းဖြူသိုင်းကျမ်းကို ခြောက်လအတွင်းမှာ အရောက်ပေးပို့ကြမယ်လို့ ကတိပေးကြရတာပေါ့'

ကျင်းကျားလင် ဝမ်းနည်းကြေကွဲသွားသည်။

တင်းအီဆရာတော်က ကျင်းကျားလင် မရှိတော့သည့်အချိန်အတွင်း ဖြစ်ပျက်ခဲ့သည်များကို ပြန်လှန်ပြောပြလေ၏။

'မဟာမိတ်ခေါင်းဆောင်က အရက်ထဲမှာ အဆိပ်ပါတယ်လို့ ကြေညာလိုက်တော့ အားလုံး ထိတ်လန့် ချောက်ချားသွားကြတာပေါ့၊ ဗျိုင်းဖြူသိုင်းကျမ်းပါလာတဲ့ လူတွေကတော့ အကြောင်းမဟုတ်ဘူး၊ ဗျိုင်းဖြူသိုင်းကျမ်း မပါတဲ့ လူတွေက အကြောင်းဖြစ်နေတယ်၊ ဒီမှာက အဆိပ် အရက်လဲ သောက်မိနေပြီ အားလုံး ဒုက္ခပေါ့၊ အဲဒီမှာတင် ဟန်စန်းဂိုဏ်းချုပ်မှူးယုက မေတ္တာရပ်ခံတယ်၊ သူ့ရဲ့အကြိတ် အနယ် ဆွေးနွေးပြီးမှ ခြောက်လရက်ချိန်းရတယ်'

ကျင်းကျားလင်သည် တင်းအီဆရာတော်၏ ပြောစကားကို စိတ်ရှုပ်စွာ နားထောင်နေ၏။



ချင်ကုလျံကမူ ဆရာတော်အား တစ်ခွန်းမျှ ဝင်မမေးဘဲ နားစိုက်ထောင်နေလေ၏။

တင်းအီဆရာတော်သည် ဆက်၍ ပြောလေသည်။

'သူတို့ ဆွေးနွေးတဲ့ ရလာဒ်ကတော့ ဧည့်ခန်းထဲမှာ ရှိတဲ့ ဧည့်သည်တော်များ အဆိပ်ဖြေဆေး ဆေးတစ်လုံးစီ ပေးဖို့ပါတဲ့၊ ပထမဆေးလုံးကို ပေးလိုက်မယ်၊ ဧည့်သည်တော်များဟာ ဒီဆေးကို သောက်ပြီး အဆိပ်ကို တားထားနိုင်မယ်၊ ဆေးလုံးတစ်လုံးကိုယ်စီကိုလဲ ဘဏ္ဍာစိုးက တိုက်စေဆော အားလုံးဆေးလုံးကို သောက်ကြတာပဲ၊ တစ်နာရီအတွင်းမှာ အူပြတ်ပြီး သေမယ်လို့ ဒကာလေးရဲ့ အဖေက ပြောထားတယ် မဟုတ်လား'

ကျင်းကျားလင်သည် ဆရာတော်ကို မမြင်သလို ဖြစ်လာသည်။

ဆရာတော်က….

'နောက်ထပ် ဆေးလုံးငါးလုံးစီပေးတယ်၊ နောက်တစ်လကြာရင် ဆေးတစ်လုံးစီ သောက်ကြရမယ်၊ ခြောက်လကြာလို့ ဗျိုင်းဖြူသိုင်းကျမ်း လာပေးတဲ့ အခါကျတော့ အဆိပ် လုံးဝပျောက်တဲ့ ဆေးကို ပေးမယ်လို့ ပြောတယ်၊ ဗျိုင်းဖြူသိုင်းကျမ်းကိုးခန်းစလုံးကို မပေးနိုင်ရင်တော့ သူက ဆေးလုံးကို ဆက်မပေးတော့ဘူးလို့ ပြောတယ်၊ သူဟာ ဧည့်သည်အားလုံးကို အတိအလင်း ပြောလိုက်တာပဲ….'

ကျင်းကျားလင် မျက်မှောင် ကုပ်သွားသည်။

'တပည့်တော် မရှင်းတာတစ်ခု မေးချင်ပါတယ် ဘုရား'

တင်းအိဆရာတော်က....

'မေးပါ....မေးပါ....'

'ဖေဖေနဲ့အတူ အားလုံးခွက်ကို ကိုင်သောက်တဲ့ အထဲမှာ တပည့်တော်လဲ ပါပါတယ်ဘုရား၊ အဲ ဒီအရက်ကို တပည့်တော်လဲ သောက်မိပါတယ်၊ အခု တပည့်တော်ဘာမှ မဖြစ်ပါလား ဘုရား....'

တင်းအိဆရာတော်က....

'ကျားဟာ ဘယ်လောက်ပဲ ရက်စက်ပေမယ့် ကိုယ့်ရင်သွေးကိုတော့ ကိုက်မစားပါဘူး၊ သူတို့ဟာ ဒကာလေးရဲ့ အရက်ခွက်ထဲကို ဘယ်အဆိပ် ထည့်ထားမလဲ၊ သူတို့ဟာ ဒကာလေး အပေါ်တော့ မရက်စက်ဘူးလေ'

တစ်ချိန်လုံး ငြိမ်သက်နေသော ချင်ကုလျှံက ကြားဝင်လျှောက်ထားလေသည်။

'ဆရာတော်ဘုရား၊ အဲ ဒီ အခြေအနေကို တပည့်တော်မ ရိပ်မိပါပြီ၊ ညှော်ခန်းဆောင်ထဲက ညှော်သည်အားလုံး အလိမ်ခံလိုက်ရတာပဲ ဘုရား'



'ဘာ....ဒကာမလေး ဘာပြောတယ်'

'ဘယ်လို အလိမ်ခံလိုက်ရတာလဲ'

တင်းအိဆရာတော် မေးအပြီးတွင် ကျင်းကျားလင်က ဝင်မေးလိုက်သည်။

ချင်ကုလျှံက ရှင်းပြ၏။

'ညှော်သည်တွေကို နားလှည့်ပါးရိုက် သွားတာပါပဲ၊ သူတို့ဟာ ဘယ်အရက်ထဲကိုမှ အဆိပ်ခတ်မထားပါဘူး၊ နောက်မှ ဖြေဆေးပေးမယ်ဆိုပြီး ပေးလိုက်တဲ့ ဆေးလုံးကမှ အဆိပ်ဆေးလုံးတွေ ဖြစ်ပါတယ်ဘုရား'

တင်းအိ ဆရာတော်သည် နဖူးကို လက်ဝါးနှင့် ရိုက်မိလေတော့၏။

ဆရာတော် သဘောပေါက်သွားလေပြီ။

'ဟုတ်သားပဲ၊ ကျုပ်တို့ အလိမ်ခံလိုက်ရပြီ'

ချင်ကုလျှံက ရှင်းပြ၏။

'ညှော်သည်တော်သုံးရာကျော်ဆိုတော့ နည်းတဲ့လူတွေမဟုတ်တာ၊ ဒီလူတွေသောက်မယ့် အရက်ထဲကို အဆိပ်ခတ် ဆိုတာ မလွယ်ပါဘူး၊ တခြားမဆိုင်ကဲ့လူတွေလဲ အဆိပ်မိသွား နိုင်တယ်၊ ဒါကြောင့် သူတို့ဟာ အရက်ထဲကို အဆိပ်မခတ်ပါဘူး၊ အဆိပ်ဆေးလုံးတွေသာ ပေးဝေတာပါ'

ဆရာတော်သည် အားလုံးအတွက် ယူကြုံးမရ ဖြစ်မိတော့သည်။

ဪ....လူညံ့ကွက်၊လူညံ့ကွက် သည်လူတွေကတော့ သူတို့လူညံ့ကွက်ထဲမှာ ဝင်မိနေတဲ့ ငါတို့တတွေကို ရယ်ချင်ချင်ဖြစ်နေမှာပဲလေဟု တွေးနေမိလေ၏။

....o....

# အခန်း (၄၉)

## မှုပြေသူများ၏ဒေါသ

ရဲတိုက်ကြီး၏ တစ်ဘက်ခန်းမှ လူအများ ထွက်လာကြလေသည်။

ထိုလူများသည် စိန်ကျားရဲတိုက် တိုက်ခိုက်ခံရခြင်းနှင့် ပတ်သက်သည့် သတင်းများကို မေးမြန်းစုံစမ်းရန် ရောက်ရှိလာသည့် သိုင်းသမားများ ဖြစ်ပေသည်။

တင်းအိဆရာတော်မှာ ထိုလူများထဲမှတစ်ပါးဖြစ်ပေသည်။

ထိုလူများထဲတွင် မဟာမိတ်ခေါင်းဆောင်ကြီး ကျင်းဝေရင်၏ မွေးနေ့ပွဲသို့ တက်ရောက်လာသူများလည်း ပါသည်။

အချို့ သိုင်းသမားများမှာ ကိုယ့်ရပ် ကိုယ့်ဌာနီ ပြန်သွားကြပြီ ဖြစ်သော်လည်း အချို့မှာ ဤသို့ သိုင်းလောက အရေးအခင်း ကိစ္စများကို ပါဝင်ကူညီ ဆောင်ရွက်ကြရန် ဥဒဟို လိုက်ပါခဲ့ကြပေသည်။

၎င်းတို့ထဲမှ အချို့သည် ကျင်းကျားလင်ကို တွေ့သောအခါ မဟာမိတ်ခေါင်းဆောင်ကြီး သူ့ဖခင်အား ဆ ကျင်သူ၊ဖခင်၏ လုပ်ရပ်အား မထောက်ခံသူအဖြစ် အသိအမှတ် ပြုကြသည်။

အချိန်ကျတော့ ကျင်းကျားဂေဟာမှ မိသားစုဝင် အဖြစ်သာ သတ်မှတ်ကြသည်။

ထိုပုဂ္ဂိုလ်များထဲတွင် တီကျန်လုံသည် ပါဝင်ပေသည်။

တစ်ဘက်ခန်းမှ လျှောက်လာသူများထဲတွင် တီကျန်လုံ ပါလာသည်။

သူသည် ကျင်းကျားလင်အား တွေ့ရသောအခါ ဒေါသ အရိပ်အယောင်များ ယှက်သန်းလာသည်။

သူသည် အမြင်မကြည်လင်သူများထဲတွင် ပါဝင်ပေသည်။

'ဩော် …မင်းကိုး …'

ကျင်းကျားလင်က ဦးညွှတ်ဂါရဝ ပြုလိုက်၏။

'ဦးတို့ အဆင်မပြေ ဖြစ်ခဲ့တာကို ကျွန်တော် ဝမ်းနည်းလို့ မဆုံးပါဘူး ခင်ဗျား'



တီကျန်လုံက....

'ဝမ်းနည်းတာတွေ၊ ဝမ်းသာတာတွေ မလိုချင်ဘူး၊ မင်းအဖေကိုယ်စား မင်းကို လက်စားချေရမှာပဲ'

သူသည် ပြောပြောဆိုဆို ကျင်းကျားလင်အား လက်ဝါးဖြင့် ရိုက်ချသည်။

ထိုအခါ တင်းအီဆရာတော်က ဟန့်တားလိုက်၏။

'မလုပ်နဲ့ ဒကာကြီး၊ သူက ဘာမှ မဆိုင်ဘူး'

တင်းအီဆရာတော်သည် တီကျန်လုံ၏ ရိုက်ချက်ကို ဝင်ရောက် ကာကွယ်လိုက်ရာ တီကျန်လုံမှာ နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်သွားရလေ၏။

သူသည် ဒယီးဒယိုင်ဖြင့်နောက်ဆုတ်သွားရသည်။

သူသည် တင်းအီဆရာတော်အား ဒေါသတကြီး လှမ်းကြည့်သည်။

'ဆရာတော်က ရန်သူကို ဝင်ကူတာလား'

တင်းအီဆရာတော်က လက်အုပ်ချီလျက် အေးအေး ဆေးဆေးပင် ပြောသည်။

'အထင်မလွဲပါနဲ့ ဒကာကြီး၊ ခြေမ မကောင်းရင် ခြေမ၊ လက်မ မကောင်းရင် လက်မပေါ့၊ အဖေမကောင်းတာနဲ့ သား

မကောင်းရဘူးဆိုတာ မရှိပါဘူး၊ ဒီလို ဝါးလုံးရှည်နဲ့ သိမ်းရမ်းတာမျိုးကို ကျုပ်မလိုချင်ပါဘူး၊ ဒီသူငယ်လေးဟာ သူ့အဖေနဲ့ ကလောက်ကဆဖြစ်ပြီး ကျောင်းကျောင်းဂေဟာထဲက ထွက်သွားတာလဲ အားလုံး အသိပါ'

တိကျွန်လုံက နှာခေါင်းရှုံ့လိုက်၏။

'အဖေ့အကြွေး သားက ဆပ်ရမယ်ဆိုတဲ့ သိုင်းလောကရဲ့ ထုံးစံကို ဆရာတော် မေ့နေပြီ ထင်ပါရဲ့'

ဆရာတော်က သက်ပြင်းချလိုက်၏။

'ဒကာကြီး မေ့နေတဲ့ အချက်ရှိတယ်၊ အဲ့ဒါကို ကျုပ်ထောက်ပြချင်တယ်'

တိကျွန်လုံက ရှုံ့ရှုံ့မဲ့မဲ့နှင့်....

'ဘာများလဲ ဆရာတော်'

'ကျုပ် ထောက်ပြချင်တာက ဒကာကြီးနဲ့ ရန်ကြွေးရှိနေတဲ့ သူ့ဖခင်ကြီးဟာလဲ သက်ရှိထင်ရှား ရှိနေတယ်၊ ရှိရုံတင်မကဘူး၊ ဒကာကြီးတို့ကိုတောင် ရက်ချိန်းပေးနေသေးတယ်၊ ဒကာကြီး အဲ့ဒီလူကို ရန်ကြွေး သွားဆပ်ပေါ့၊ အဖေရန်ကြွေး သားဆပ်ရမယ်ဆိုတဲ့ သိုင်းလောက ထုံးစံဟာ အဖေမရှိတော့တဲ့အခါ ဖြစ်စေ၊ ရှိတဲ့အဖေက ဘာမျှ မလုပ်နိုင်တော့တဲ့အခါ ဖြစ်စေ၊ ဒကာကြီး ပြောသလို အကျုံးဝင်ပါတယ်'



ဆရာတော်က သက်ပြင်းချရင်း ပြောသည်။

'ဒကာကြီး စိတ်မလောပါနဲ့၊ ဘယ်အရာမဆို ချင့်ချင့် ချိန်ချိန် လုပ်သင့်တယ်လို့ ကျုပ်ယူဆပါတယ်'

တိကျွန်လုံသည် အံကြိတ်၍ ပြောလိုက်သည်။

'ဆရာတော် ဘာတွေ ညာတွေ ရှည်ဝေးမနေပါနဲ့၊ အခု တပည့်တော်မေးမယ်၊ ပြတ်ပြတ်သားသား သာ ဖြေပါ၊ ဆရာတော်ဟာ သူ့ဘက်ပါမှာလား၊ တပည့်တော်ဘက် ပါမှာလား ဒါပဲပြောပ ါ'

တင်းအိဆရာတော် သက်ပြင်းချလေသည်။

ဆရာတော်သည် ဘာမျှ မပြောပေ။

ဆရာတော်သည် အခြေအနေကို ရှင်းပြလေ၏။

တိကျွန်လုံက ဆရာတော်၏ ရှင်းပြချက်ကို လက်မခံပေ။

အခြေအနေ အရပ်ရပ်ကို ကြည့်ရှုနေသူမှာ ချင်ကုလျှံ ဖြစ်၏။

ဆရာတော် ကျောင်းကျောင်းလင်တက်မှ ဝင်ရပ်တည်ပြန်လျှင်လည်း အခြေအနေမကောင်းကြောင်း ချင်ကုလျှံ ရိပ်မိသည်။

ထို့ကြောင့် ကြားဝင် လျှောက်တင်လိုက်ရ၏။

'ဆရာတော် ဘေးဖယ်နေပါဘုရား၊ ကျောင်းကျောင်းလင်နဲ့ တပည့်တော်မတို့ ရင်ဆိုင်ပါ့မယ်ဘုရား'

သူမ၏အသံသည် ဆွဲငင်ခေတ်ပါသည့်အလား အလွန်စည်းလုံးလှသဖြင့် သူ့အား လှည့်ကြည့်ကြသည်။

သိုင်းသမားအားလုံးကပင် သူမကို အကဲခတ်ကြည့်သည်။

သိုင်းဒေဝီတစ်ယောက် ဖြစ်သည်ကို အားလုံးက သိရှိကြလေသည်။

ဆရာတော်သည် တိကျန်လုံအား ဆက်လက်ဟန့်တား နေလျှင် အကျယ် အကျယ် မငြိမ်းဖွယ် ဖြစ်နေမည် ဖြစ်ကြောင်း သိရှိလိုက်သည်။

ထို့ကြောင့် ဆရာတော်သည် နောက် ဆုတ် သွားရလေတော့၏။

ကျင်းကျားလင်သည် ချင်ကုလျံ၏ သဘောကို နားလည်လေ၏။

သူသည် အတွင်းအားများ တိုးတက် ပြည့်စုံလာပြီ ဖြစ်၍ သူ့အား တိကျန်လုံနှင့် ရင်ဆိုင်စေလိုကြောင်း သူသိသည်။ ထို့ကြောင့် သူ၏အတွင်းအားများကို စုစည်းပြီး အသင့်ပြင်ဆင်ထားမိသည်။

တိကျန်လုံက လူအများအလယ်တွင် ရပ်ပြီး ကျင်းကျားလင်ကို စိန်ခေါ်လိုက်သည်။

'မင်းသတ္တိရှိရင် ထွက်ခဲ့'



ကျင်းကျားလင်သည် ချင်ကုလျံကို ကြည့်လိုက်၏။ ချင်ကုလျံက ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ ကျင်းကျားလင်သည် လူအများရှေ့သို့ ထွက်၍ ရပ်လိုက်သည်။

တိကျန်လုံက ရယ်မော၏။

'အဖေ့ အကြွေးကို သားက ဆပ်ရတာပဲ၊ ဒါဟာ သိုင်းလောကထုံးစံပဲ၊ ကဲ မင်းသတိထား'

သူက သတိပေးပြီး လက်ဝါးနှစ်ဘက်ဖြင့် တွန်းထုတ်လိုက်လေသည်။

သူ၏ တိုက်ကွက်သည် ဆန်းပြားပြီး အားပါလှသည်။

ကျင်းကျားလင်ကတော့ မိုးမြေနတ်သား နှစ်ပါး၏ သိုင်းကွက် ခုနစ်ကွက်သာ တတ်မြောက်ထားသဖြင့် သူ အမြဲ အနိုင်ရရှိခဲ့သော မိုးတောင်လက်ဝါး သိုင်းကွက်ကိုသာ သုံးလိုက်သည်။

'ဝုန်း....'

လက်ဝါးချင်းနှစ်ခု ထိသောအခါ ပြင်းထန်သောလေတိုးသံကြီး ပေါ်လာတော့သည်။

တိကျန်လုံသည် နောက်သို့ ငါးကိုက်ခန့် လွင့်စဉ်သွားပြီး ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်ကျသွားလေ၏။

ကျောင်းကျားလင်၏ တိုက်ကွက်မှာ ပြင်းထန်လှသည်။ တီကျန်လုံ၏ အဆင့်မှာ အတော်မြင့်သည်။

တီကျန်လုံကို လွင့်စဉ်သွားအောင် တိုက်နိုင်သည့်အတွက် ကျောင်းကျားလင်သည် အတော်ပင် အဆင့်မြင့်သွားလေပြီ။

တီကျန်လုံသည် မျက်နှာကြီး နီရဲသွားပြီး ပါးစောင်မှ သွေးများ ယိုစီးထွက်လာသည်။

ထိုအခါ တင်းအီဆရာတော်သည် လက်အုပ်ချီ ပိုက်ပြီးဘုရားတ လိုက်သည်။

ဆရာတော်၏ မျက်နှာ၌ စိုးရိမ်သည့် အရိပ်အယောင်များ ယှက်သမ်းနေသည်။

ရဲတိုက်၌ရှိနေကြသော သိုင်းသမားများမှာ ပါးစပ်ပိတ်ကုန်ကြသည်။

တီကျန်လုံသည် ထိပ်သီးသိုင်းသမားကြီး ဖြစ်၍ ထိုသိုင်းသမားကြီးအား ဖင်ထိုင် လဲကျသွားအောင် တိုက်နိုင်သည့် ကျောင်းကျားလင်၏ စွမ်းရည်အား အထင်မသေးဝံ့တော့ချေ။

ချင်ကုလျံက ပြောလိုက်သည်။

'ကဲ...ဘယ်လိုပဲ ရှောင်ပေမယ့် သူက စိန်ခေါ်လို့ တိုက်ရတာ၊ ကဲ....အခု စိန်ခေါ်တဲ့လူ ရှိသေးသလား'



တစ်ယောက်မျှ စိန်မခေါ်ဝံ့ကြတော့ပါ။

တင်းအီဆရာတော်သည်လည်း ကျောင်းကျားလင်ဘက်မှ ရှိနေသည်ကို ရိပ်မိကြသည် မဟုတ်ပါလော။

တီကျန်လုံသည် ဒယာဒယိုင်ဖြင့် ထလာလေ၏။ သူသည် လွန်စွာ ဒေါသထွက်နေသည်။

ကျောင်းကျားလင်ကို ရှုံးသွားရသည်ထက် ဤမြကို ခွဲ၍ မြေမျိုခံသွားရသည်ကမှ သူ့အတွက် တော်ဦးမည်ဟု သူ ထင်သည်။

'ဒီကနေ့ ရောချင် သေသွားပါစေ၊ မင်းနဲ့ ငါနဲ့တော့တွေ့ပြီ၊ တစ်ယောက်ယောက်ကတော့ သေရမှာပဲ'

သူသည် ကြုံးဝါးရင်း ကျောင်းကျားလင်နှင့် ရင်ဆိုင်လိုက်လေ၏။

တင်းအီဆရာတော်သည် ကျောင်းကျားလင်နှင့် တီကျန်လုံတို့ နှစ်ယောက်ကြားထဲသို့ ခုန်ဝင်လိုက်သည်။

'ရန်ကို ရန်ချင်း မတုန့်နှင်းကြပါနဲ့ ဒကာကြီးတို့'

တီကျန်လုံက ဒေါသတကြီးဖြင့် ခြေတစ်ချက် ဆောင့်လိုက်လေသည်။

'ဆရာတော်ဟာ ဂိုဏ်းချုပ်ကြီး တစ်ယောက် ဖြစ်လျက်နဲ့ ရန်သူဘက်က ရပ်တာ တပည့်တော် ဘယ်တော့မှ မခံနိုင်ဘူး'

သူသည် ပြောပြောဆိုဆို ကျန်ရှိသော လူများနှင့်မကျေမနပ် ထွက်ခွာသွားလေတော့သည်။

တ ဒးအိဆရာတော်မှာ တိကျန်လုံက မိမိအပေါ် အထင်လွဲသွားကြောင်း သိလေ၏။

'ဒကာကြီး....ခဏနေပါဦး'

သို့သော်....

တိကျန်လုံက လုံးဝ လှည့်မကြည့်ဘဲ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားတော့၏။

ကျင်းကျားလင်မှာ တိကျန်လုံအပေါ် အနိုင်ရလိုက်သဖြင့် ဝမ်းသာခြင်းမရှိပါ။

တင်းအိဆရာတော်က ..

'ဒကာလေး... ဒကာလေးရဲ့ သိုင်းပညာကိုတော့ အရင်က မမြင်ဖူးခဲ့ပါဘူး၊ ဒါပေမယ့် ဒကာလေး အတော်အစွမ်းထက်တာပဲ၊ တိကျန်လုံဟာ မဆိုးဘူးနော်'

ကျင်းကျားလင်က....

'တိကျန်လုံကို နိုင်တဲ့အတွက် တပည့်တော် ဝမ်းမသာပါဘူး ဘုရား၊ စိတ်ထဲမှာ လေးတောင်လေးလံမိပါတယ်'

တင်းအိဆရာတော်က လေးနက်စွာပြောသည်။



'ဒကာလေး....အခုအချိန်မှာ ဒကာလေးရဲ့ဖခင်က သိုင်းလောကသား အားလုံးကို ချုပ်ကိုင်ထားနိုင်ပေမယ့် အများရဲ့အမြင်မှာတော့ ကျင်းကျားဂေဟာကို အားလုံးက ရန်သူလို့ သတ်မှတ်သွားပါပြီ၊ ရန်သူလို့ သတ်မှတ်တာလဲ သိုင်းလောကသားတွေကို အပြစ်တင်စရာမရှိပါဘူး၊ မဟာမိတ်ခေါင်းဆောင်ကြီး ကျင်းဝေရင်းဟာ သိုင်းလောကသားတွေကို ရန်သူလို ဆက်ဆံခဲ့တာကိုး၊ အခုကြည့် ဒကာလေးတို့ရဲ့ဆွေမျိုးညာတိတွေ အတိုက်ခံရပြီ၊ စိန်ကျားရဲတိုက် လုပ်ကြံခံရတာကိုကြည့်၊ ဒါဟာ နမူနာဖြစ်တယ်လို့ ယူဆရမှာပဲ၊ ဒါကြောင့် ဒကာလေး တစ်ယောက်တည်း သွားလာလှုပ်ရှားတဲ့အခါမှာ သတိထားရမယ်'

ကျင်းကျားလင်မှာ ခေါင်းညိတ်လိုက်လေ၏။

ဆရာတော်က ဆက်ပြောသည်။

'သိုင်းလောကသား အများစုဟာ ဒကာလေးတို့ကို ရှင်းရှင်းလင်းလင်းမမြင်ကြဘူး အမြင်မကြည်လင်ကြဘူး၊ အဖေဆိုးတာနဲ့ သားဆိုးတာကို ခွဲခြားမမြင်ကြဘူး'

ကျင်းကျားလင်က....

'တပည့်တော် အိမ်ကဆင်းလာတာ ဆရာတော်အသိပါ၊ တပည့်တော်အဖေအမေရဲ့ လုပ်ရပ်တွေကို တပည့်တော် လက်မခံနိုင်ပါဘူးဘုရား'

ဆရာတော်က ခေါင်းညိတ်၏။

'အင်း–ကျုပ်သိပါတယ်၊ ဒါပေမယ့် ကျုပ်သိသလို သူများ တွေက မသိကြဘူး၊ အဲဒါခက်တယ်'

ကျောင်းကျားလင် ဝမ်းနည်းလာပြီး မျက်ရည်ကျလာမိ၏။

'တပည့်တော်ရဲ့ဘိုးဘိုးကို ဘယ်သူသတ်သွားတယ် ဆိုတာ အမိန့်ရှိပါဘုရား'

တင်း ဆရာတော်သည် သက်ပြင်းချလိုက်မိသည်။

'အမှန်ပြောရရင် စိန်ကျားရဲ့တိုက်ဟာ ရေမြေ့ရဲ့တိုက်ကြီး ပါ၊ ဒကာလေးရဲ့ဘိုးဘိုးဟာ သိုင်းလောကက အနားယူသွား တာ ကြာလှပါပြီ'

ကျောင်းကျားလင်က....

'အဲဒါတွေ တပည့်တော်မသိပါဘူးဘုရား၊ အရင်က တပည့် တော်ဟာ သိုင်းပညာကိုမှ စိတ်မဝင်စားခဲ့ဘူး၊ အဲဒီတော့ ဖေဖေ၊ မေမေ၊ ဘိုးဘိုးတို့ကို တပည့်တော် စိတ်မဝင်စားခဲ့ပါ ဘူး ဘုရား'

'အင်း....ကျုပ်ဟာ ဒကာလေးကို သိုင်းပညာ သင်ပေးဖို့ ပထမဦးဆုံး ပြောခဲ့သူပဲပေါ့၊ အခု ဒကာလေးဟာ သိုင်းပညာ တွေကို ဘယ်သူတွေဆီမှာ သင်ယူခဲ့သလဲ'



'မိုးနတ်သားနဲ့ မြေနတ်သားဆီမှာပါ'

'အင်း...သူတို့ဟာ ကျော်ကြားခဲ့တဲ့ သိုင်းသမားတွေပဲ'

'တပည့်တော်ရဲ့ဘိုးဘိုးကို ဘယ်သူသတ်သွားသလဲဆိုတာကို မိန့်တော်မူပါဦးဘုရား'

ဆရာတော်က ခေါင်းညိတ်လိုက်၏။

'ကျုပ်နဲ့ တိကျန်လုံဟာ ဒီစိန်ကျားရဲ့တိုက်ကို ရောက်လာခဲ့ ကြတယ်၊ ဒီကိုလာတဲ့ရည်ရွယ်ချက်က ဒကာလေးရဲ့ဖခင်နဲ့ သိုင်း လောကသားတွေရဲ့ ပဋိပက္ခကို ဖြန်ဖြေပေးပါလို့ ဒကာလေးရဲ့ ဘိုးဘိုးကို လာပြောတာပါပဲ၊ အဲ–ကျုပ်တို့ရောက်တော့ ဒကာ လေးရဲ့ ဘိုးဘိုးဟာ သေနေပါပြီ'

ကျောင်းကျားလင်က

'တပည့်တော်ရဲ့ ဘိုးဘိုးကို သတ်သွားသူရဲ့ အရိပ်အယောင် ကလေးကိုတောင် မမြင်လိုက်ဘူးလားဘုရား'

'ဒါပေမယ့် ဒီကို ကျုပ်တို့ထက်စောရောက်တဲ့လူတွေ ရှိနေ တယ်၊ အဲဒါတွေကတော့ ဟန်စန်းဂိုဏ်းကလူတွေပဲ'

ကျောင်းကျားလင် မျက်မှောင်ကြုတ်သွားမိ၏။

'ဒါဖြင့်ရင် ဘိုးဘိုးကို သတ်သွားတာ ဟန်စန်းက လူတွေ လို့ ဆိုလိုတာလားဘုရား'

တင်းအိဆရာတော်က ခေါင်းယမ်းလိုက်၏။

'ကျုပ် မျက်မြင်ကိုယ်တွေ့ မဟုတ်တော့ ဘယ်သူ ခုတ်သွားတယ်ဆိုတာ ကျုပ် အတိအကျ မပြောနိုင်ပါဘူး၊ အဲ ဟန်စန်းဂိုဏ်းက သတ်တယ်လို့လဲ ကျုပ်မပြောဘူး၊ နံရံပေါ်မှာ ဟန်စန်းဂိုဏ်းရဲ့ အမှတ်အသားကို တွေ့ရတယ်၊ အဲဒီတော့ ဟန်စန်းဂိုဏ်းဟာ စိန်ကျားရဲ့ဘိုက် ပိုင်ရှင် သခင်ကြီးနဲ့ တစ်ခုခုတော့ အဆက်အစပ် ရှိလိမ့်မယ်လို့ ထင်ရပါတယ်'

ကျင်းကျားလင်သည် စကားဆုံးအောင်ပင် နားမထောင်တော့ဘဲ ခန်းမကြီးထဲသို့ ဝင်ပြေးလေတော့၏။

ခန်းမကြီးထဲ၌ တည်းခင်းထားသော စားပွဲပေါ်တွင် ထမင်းဟင်း အကြွင်းအကျန်များကို တွေ့မြင်နေရသေးသည်။ ဇွန်း၊ ခွက်၊ ပန်းကန် တို့များမှာလည်း ပြန့်ကြဲနေလေတော့သည်။

လူသေအလောင်း ဆယ့်လေးလောင်းခန့် အကျည်းတန်စွာ လဲကျနေသည်။

ကျင်းကျားလင်သည် အလောင်းများကို စစ်ဆေး ကြည့်ရှုသည်။

ထိုအခန်းထဲသို့ ချင်ကုလျှံလည်း လိုက်လာသည်။

ချင်ကုလျှံလည်း အကဲခတ်ကြည့်သည်။



အလောင်းများမှာ မျက်လုံးများ ပြူးကျယ်ပြီး ထိတ်လန့်တုန်လှုပ်ဖွယ်ရာ တစ်စုံတစ်ခုကို မသေဆုံးမီက တွေ့လိုက်ကြပုံရသည်။

သူတို့၏ ဟန်အမူအရာများမှာ ထိတ်လန့်ချောက်ချားပြီး သေနေကြသည်။

ထိုအလောင်းများထဲတွင် ကျင်းကျားလင်၏ အဘိုးဖြစ်သူ စိန်ဖုလျှံ၏ အလောင်းလည်း ပါသည်။

ကျင်းကျားလင်သည် အလောင်းရှေ့တွင် ဒူးထောက်ထိုင်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေတော့သည်။

ထို့နောက်...

သည်းထန်စွာ ငိုကြွေးလေတော့၏။

သူသည် အားရအောင် ငိုပြီးမှ အဘိုး၏ အလောင်းကို ခုတင်ပေါ် ပွေ့တင်လေသည်။

သူသည် ရုတ်တရက် ခေါင်းမော့လိုက်သည့် နံရံပေါ်တွင် သွေးလက်[illegible]ပါး ရုပ်ကြီးတစ်ခုကို မြင်တွေ့ လိုက်ရလေတော့သည်။

သူသည် ဘိုင်းသခင်မိ[illegible]ဖွား ခဲ့သော်လည်း သိုင်းလောကနှင့် အလှမ်းစိမ်းသူ ဖြစ်သည်။

တင်းအိ ဆရာတော်က နံရံပေါ်မှာ ဟန်စန်းဂိုဏ်း၏ အမှတ်အသားကို တွေ့ရတယ်ဟုသော ပြောစကားကြောင့် သူသည် နီရဲသော သွေးလက်ဝါးကို ဟန်စန်းဂိုဏ်း၏ အမှတ်အသားဟု မှတ်ယူလိုက်ရသည်။

သူ၏ တစ်ကိုယ်လုံးရှိ သွေးများ ပွက်ပွက် ဆူလာလေသည်။

သူသည် သူ့အဘိုး၏အလောင်းရှေ့၌ဒူးထောက်ထိုင်လိုက်သည်။

'အဘိုး အနားယူပါတော့၊ ဘိုးဘိုးရဲ့ သွေးကြွေးကို ကျွန်တော် လက်စားချေပေးဆပ်ပါမယ်၊ ဒီလူတွေဟာ ဒီသိုင်းလောကထဲမှာပဲ ရှိမှာပါ၊ ဒီအသိုင်းအဝန်းထဲက ဘယ်မှ မပြေးနိုင်ပါဘူး'

သူသည် သစ္စာဆိုပြီး ထရပ်လိုက်သောအခါ သူ့နောက်နား၌ ချင်ကုလျံ ရပ်နေသည်ကို တွေ့ရလေသည်။

ဆရာတော်ကို ကြည့်သောအခါ မမြင်ရတော့ချေ။

ကျင်းကျားလင်က....

'ဆရာတော်ကော'

ချင်ကုလျံက....



'ဆရာတော် ပြန်ကြွသွားပြီ၊ မပြန်ခင် ရှင့်ကို အမှာစကား ပါးသွားသေးတယ်'

'ဘာများ ပါးသွားသလဲ'

'သိုင်းလောက တစ်ခုလုံးဟာ ရှင်တို့ရဲ့ ကျင်းကျားဂေဟာကို မဟာမိတ်ရန်သူလို့ သတ်မှတ်ထားသတဲ့၊ ဒါကြောင့် ရှင် အပြင် ထွက်တဲ့အခါမှာ သတိထားပါလို့ မှာကြားသွားပါတယ်'

ကျင်းကျားလင်သည် ဆရာတော်ရှိရာ အရပ်ကို ရည်မှန်းပြီး ရှိခိုးလိုက်၏။

'ဆရာတော်ဟာ အားလုံးကို ဒီပုတ်ထဲက ဒီပဲလို့ မမှတ်ဘူး၊ ခွဲခြား မှတ်သားတယ်၊ ဆရာတော်ရဲ့ ကျေးဇူးတွေဟာ ကြီးမားလှပါတယ်'

သူသည် ဆရာတော်အား ဦးခိုက်ပြီး ချင်ကုလျံအား ကြည့်လိုက်လေသည်။

'ချင်ကုလျံ ...ကျွန်တော် ခင်ဗျားကို ပြောပြပါမယ်'

'ဘာများ ပြောမလို့လဲ'

'ကျွန်တော့်ဘဝဟာ သိုင်းလောကကြီး တစ်ခုလုံးရဲ့ ရန်သူ ဖြစ်ခဲ့ပါပြီဗျာ၊ ဆရာတော်လို နားလည်တဲ့သူဟာ တစ်ယောက်

နှစ်ပေါက်ပဲ ရှိတယ်၊ ဒီတော့ ကျွန်တော့်ဘဝဟာလဲ မလှုပ်ရှားတော့ပါဘူး၊ အခု သိုင်းလောကသားတွေ ကျွန်တော့်ကိုတွေ့ရင် မျက်မိတ်ခေါင်းဆောင်ကြီး ကျင်းဝေရင်ရဲ့ သားမှန်းသိသွားရင် သူတို့ဟာ ကျွန်တော့်ကို တွေ့ရာသင်္ချိုင်း ခါးမဆိုင်းဘဲ သတ်မှာ၊ အဲဒီတော့ ခင်ဗျားဟာ ကျွန်တော်နဲ့ လမ်းခွဲတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်ဗျာ'

ချင်ကုလျှံက ပြုံးလိုက်သည်။

'ရှင်က ကျွန်မကို ပစ်သွားချင်လို့လား'

ကျင်းကျားလင်က....

'ကျွန်တော်ပြောတာ ဒီသဘော မဟုတ်ဘူးဆိုတာကို ခင်ဗျား သိပါတယ်ဗျာ၊ သိုင်းလောက တစ်ခုလုံးဟာ သွေးပဲ့လယ်လိုင်း ထနေပါပြီ၊ ခင်ဗျားမှာ အပြစ်ဆိုလို့ ဘာမှ မလုပ်ရဘဲနဲ့ ကျွန်တော့်ကြောင့် ဒုက္ခရောက်သွားမှာ စိုးလို့ ခင်ဗျားကို ပြောတာပါ'

ချင်ကုလျှံက ခေါင်းယမ်းလိုက်သည်။

'ရှင် ကျွန်မကို ပစ်မသွားဘူးဆိုရင် ဘာမှ ထပ်ပြော မနေနဲ့တော့၊ ကျွန်မ ရှင်နဲ့လိုက်မယ်၊ သေအတူ ရှင်အတူပဲ'

ကျင်းကျားလင် သက်ပြင်းချလိုက်သည်။

ချောမော လှပလွန်းသော မျက်နှာကလေးကို ကြည့်ပြီး...



'ခင်ဗျား မသိမသိုင်း ဒုက္ခရောက်တော့မယ်'

ချင်ကုလျှံ ဘာမှမပြောချေ။

ပြုံး၍သာ နေသည်။

ကျင်းကျားလင်သည် ချင်ကုလျှံကိုကြည့်ပြီး ရင်ထဲ လှိုက်လှိုက်လှဲလှဲ ခံစားရလေသည်။

ကျင်းကျားလင်နှင့် ချင်ကုလျှံတို့သည် သူ့အဘိုး နှင့်တကွ ကျန်အလောင်းများကိုပါ မြေမြှုပ်ပေးလိုက်သည်။

ကျင်းကျားလင်သည် အဘိုးဖြစ်သူ၏ မြေပုံကိုတော့ အသေအချာလုပ်သည်။

ကျောက်ပြားတစ်ခု စိုက်ထူသွားလိုက်သည်။

သူတို့သည် သင်္ဂြိုဟ်ခြင်း အမှုကိစ္စများ ဆောင်ရွက်ပြီး စိန်ကျားရဲတိုက်၌ တစ်ညတာမျှ နားခိုကြသည်။

သူတို့သည် နောက်တစ်နေ့၌ စိန်ကျားရဲတိုက်မှ ထွက်ခွာလာကြလေတော့၏။

စိန်ကျားရဲတိုက်မှ ထွက်ခွာလာသောအခါ ကျင်းကျားလင်က ချင်ကုလျှံကို လှမ်းမေးလိုက်သည်။

'ကျွန်တော် အခု ဘယ်သွားမယ်ဆိုတာ ခင်ဗျား ခန့်မှန်းလို့ ရသလား'

ချင်ကုလျှံက စဉ်းပင် မစဉ်းစားဘဲ ဖြေလိုက်သည်။

'မန်စန်းတောင်'
'ချိုများ သိပ်တော်တာပဲ'

ကျောင်းကျားလင်က ချီးကျူးလိုက်၏။

ချင်ကုလျှ'က ပြုံးနေသည်။

သူတို့သည် ကျန်မင်းမြို့မှ ထွက်ခွာလာပြီးနောက် မန်စန်းသို့ ဦးတည်၍ ခရီးထွက်လေတော့သည်။

...o...

## အခန်း (၄၀)

### အတိုက်အခံဂိုဏ်း ဖွဲ့စည်းခြင်း

ကျောင်းကျားလင်သည် ခရီးစဉ်တစ်လျှောက်၌ ငြီးငွေ့ခြင်းလုံးဝမရှိခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် ချင်ကုလျှ' ပါရှိနေသောကြောင့်တည်း။

ချင်ကုလျှ'သည် လမ်းလျှောက်ရင်း သိုင်းပညာ သဘောတရားများကို ရှင်းလင်း ပြောပြသွားသည်။

သူတို့သည် ရက်အနည်းငယ်အတွင်း ဝမ်ခွမ်း နယ်စပ်သို့ ရောက်ရှိလာကြလေသည်။

လမ်းဘေးရှိ သစ်လျှောက်လုံး၌ ကျောင်းကျားလင်သည် အဖမ်းခံ ထားရသော ယိုမိန်းအကြောင်း မေးမြန်းချင်မိသည်။

ခရီးစဉ်တစ်လျှောက်လုံး ပါစပ် ယားနေသည်။

သို့သော် မေးမထွက်ဘဲ ဖြစ်နေသည်။

လှေထူးဆန်းကြီးပေါ်၌ ဥပဒေမှာ တစ်မျိုးတည်းသာ ရှိပုံ ရသည်။

ဖမ်းမိသူများကို သတ်ပစ်ခြင်းတည်း။

သခေါင်မှ ကံသီ၍ လွတ်လာခြင်းဖြစ်သည်။

ဤအချက်ကို ချင်ကုလျှ သိရှိလေ၏။

လှေထူးဆန်းကြီး၏ သခင်မကြီးကား အဘယ်မှာနည်း။

သူသည် သခင်မကြီးကို မမြင်လိုက်ချေ။

တီးစွာန် သရေခွေ့နှင့် ကုလားထိုင်ပေါ်၌ ထိုင်နေသူကား သခင်မကြီးပင် ဖြစ်လေသလား။

ကျောင်းကျားလင် မသိချေ။

သူတို့သည် နယ်ခြားကို ဖြတ်ကျော်ပြီးသောအခါ ကျောင်းကျားလင်သည် သိချင်စိတ်ကို မျိုသိပ်မထားနိုင်တော့ချေ။

သူသည် ချင်ကုလျှအား မေးမြန်းမိတော့သည်။



'ချင်ကုလျှ'...တစ်နေ့က ရေထဲကဖမ်းလာတဲ့ မိန်းကလေး ကို အဘွားကြီးတွေက ဘယ်လိုများ လုပ်ကြသလဲ မသိဘူး၊ ခင်ဗျားကတော့ သိမှာပေါ့'

ချင်ကုလျှသည် လှေထူးဆန်းကြီးအကြောင်း ခေါင်းထဲ လုံးဝမထည့်သဖြင့် ကျောင်းကျားလင် မေးလိုက်သောအခါ အံ့ဩသွားသည်။

သူမ ဘာမျှ မသိချေ။

ချင်ကုလျှက တအံ့တဩ မေးလေ၏။

'ဘယ် မိန်းကလေးလဲရှင့်'

ကျောင်းကျားလင်က ရှင်းပြရ၏။

'ကျွန်တော်တို့ကို ခင်ဗျားတို့လှေကြီးပေါ် ဖမ်းသွားတဲ့ နေ့ကပျာ၊ ကျွန်တော် တစ်ယောက်ကိုပဲ ခင်ဗျားတို့ ချမ်းသာပေး တယ် မဟုတ်လား၊ ခင်ဗျားတို့ ကျွန်တော့်ကို ဆွဲခေါ်သွား တုန်း ယောကျ်ားကလေး ဟန်ဆောင်ထားတဲ့ မိန်းကလေး တစ်ယောက်ကို တွေ့လိုက်ရတယ်၊ ခင်ဗျားတို့ ဖမ်းမိလာပုံရ တယ်၊ အဲဒီမိန်းကလေးကို ပြောတာ'

ချင်ကုလျှ မျက်ခုံးကလေးများ မြင့်တက်သွားသည်။

'အဲဒီ မိန်းကလေးက ရှင်နဲ့ ဘာဆိုင်လို့လဲ'

ချင်ကုလျှ၏ မေးခွန်းသည် ကျောင်းကျားလင်၏ ရင်ကို လာထိ၏။

သူသည် ဟန်ဆောင်ပြုံး ပြုံးလိုက်ပြီး...

'အာ...ဘာမှ မဆိုင်ပါဘူးဗျာ၊ ဒါပေမယ့် ကျွန်တော်လဲ အဖမ်းခံတဲ့သူလဲ အဖမ်းခံရတဲ့ ဘဝကူတွေ မဟုတ်လား၊ဟို... အဖမ်းခံလိုက်ရတဲ့ ယောကျ်ားတွေအားလုံးကတော့ အကြောပိတ်ပြီး ရေထဲပစ်ချ ခံလိုက်ရသလား'လို့ မေးမိတာပါ'

ကျောင်းကျားလင် အလျောက်ကောင်းသွားသည်။

ချင်ကုလျှ'က မည်သို့မျှ သံသယမရှိချေ။

သူမသည် ကျောင်းကျားလင်နှင့် ထိုမိန်းကလေး အဆက်အစပ်ရှိမည်မှန်း လုံးဝ မရိပ်မိလိုက်ချေ။

'ရှင် အမှတ်မှားနေပြီ'

'ဘာမှားတာလဲ'

'ရေထဲပစ်ချခံရတာ ဘယ်သူတွေလဲ၊ ယောကျ်ားတွေလား၊ မိန်းမတွေလား'

'ယောကျ်ားတွေ'

'အင်း....ယောကျ်ားတွေပါ၊ မိန်းမတွေ တစ်ယောက်မျှ မပါပါဘူး'

'ဒါဖြင့်ရင်... သူ မသေဘူးပေါ့'

ချင်ကုလျှ'က ခေါင်းညိတ်လေ၏။

'ကျွန်မတို့ သခင်မကြီးက တစ်မျိုးရှင့်'

'ဘာတစ်မျိုးလဲ'



'သူက ယောကျ်ားတွေကိုသာ မုန်းတာပါ၊ မိန်းကလေးတွေကို မမုန်းပါဘူး၊ သူက သိုင်းပညာတော်ရင် ပို့တောင် ချစ်တတ်သေးတယ်၊ အဲဒီ မိန်းကလေးက ကောင်းမှာပါ'

'ဩြော်....ဩြော်....ဩြော်...သိုင်းပညာ တော်ရင် ခင်ဗျားတို့ သခင်မကြီးက ပိုတောင် ချစ်တတ်သေးသကိုး'

'သေချာတာပေါ့'

ကျောင်းကျားလင် ဆက်မေးရန်ဟန်ပြင်စဉ် မြင်းခွာသံများ ကြားလိုက်ရသည်။

ကျောင်းကျားသင်နှင့် ချင်ကုလျှ'တို့သည် နောက်သို့လှမ်းကြည့်မိကြ၏။

မြင်းခလေးကောင်၏ ခွာသံများ ပေတည်း။

မကြာမီ မြင်းလေးကောင်သည် ကျောင်းကျားလင်တို့ကို မီလာ၏။

အသက်ဘန်းကျကျ ပိုးပဲအင်္ကျီအား ဝတ်ဆင်ထားသူများ ပေတည်း။

သူတို့ ခါးချား၌ ဓားရှည်တစ်လက်စီ ချိတ်ဆွဲထားကြရာ သိုင်းသမားများ ဖြစ်ကြောင်း မပြောဘဲနှင့် သိနိုင်ကြပေသည်။

ယောကျ်ားလေး လေးယောက်စလုံး လူငယ်များ ဖြစ်ကြသည်။

အားလုံး ချောမောကြသည်။

သူတို့သည် ခြေလျင်ခရီးသွားနှစ်ယောက်ကို တွေ့သဖြင့် ထူးဆန်းဟန်ဖြင့် လှမ်းကြည့်ကြသည်။

ကျောင်းကျားလင်နှင့် ချင်ကုလျ ့တို့ကို လှမ်း၍ အကဲခတ်ကြသည်။

သူတို့သည် ချင်ကုလျ ့၏အလှကို မကြည့်ဘဲ မနေနိုင်ကြချေ။

ကျောင်းကျားလင်ကို တစ်ချက်မျှသာ ကြည့်ကြပြီး ချင်ကုလျ ့ကိုသာ သဲသဲမဲမဲကြည့်နေကြသည်။

အတန်ငယ်ဝေးဝေးရောက်မှ မြင်းများကို အရှိန်တင်ပြီး စီးနင်းသွားကြလေ၏။

ကျောင်းကျားလင်မှာ ချင်ကုလျ ့အား လူငယ်များက စားမလို ဝါးမလို ကြည့်သွားသဖြင့် ဒေါပွနေ၏။

'အမြင်ကပ်ဖို့ကောင်းတယ်'

ချင်ကုလျ ့က ပြုံးလိုက်သည်။

'ဘာဖြစ်သလဲ၊ သူတို့ကြည့်တာ လေ့လာသလို ကြည့်တာပါ'

'စားမလို ဝါးမလို ကြည့်တာဟာ လေ့လာသလို ကြည့်တာလား'

'ဘာလဲ....ရှင်က မနာလို ဝန်တိုဖြစ်နေသလား'

ကျောင်းကျားလင်၏ မျက်နှာတစ်ခုလုံး နီရဲသွား၏။

သူသည် ခေါင်းငုံ့သွားသည်။



ချင်ကုလျ ့၏စကားကို မည်သို့ချေပရမည်မှန်း လုံးဝမသိဘဲ ဖြစ်နေသည်။

ချင်ကုလျ ့က တခစ်ခစ်ရယ်မောလေ၏။

ထိုစဉ်....

မြင်းခွာသံများ ကြားရပြန်တော့သည်။

'ကြည့်ရတာ ဒီနယ်ဟာ ခရီးကြမ်းတယ်နဲ့ တူတယ်၊ မြင်းစီးသမားတွေချည်းပဲ၊ နောက်ပြီး တစ်မြို့နဲ့တစ်မြို့ဟာလဲ အောင်တော် ဝေးပုံရတယ်'

ချင်ကုလျ ့က ခန့်မှန်းပြောလိုက်သည်။

မကြာမီ မြင်းများကို တွေ့ကြရသည်။

မျိုးကောင်းမျိုးသန့် မြင်းများဖြစ်ကြသည်။

မြင်းများသည် ကြီးထွားကြံ့ခိုင်ပြီး သန်မာပုံရသည်။

သို့သော်....

မြင်းများပေါ် ပါလာသူတို့ကား လုပန့်နယ်လှသော မိန်းကလေးလေးယောက်ပေတည်း။

လေးယောက်စလုံး အနီရောင်အင်္ကျီများ ဆင်တူဝတ်ဆင်ထားကြသည်။

အဖြူရောင်ဝတ်ရုံတစ်ထည်စကို လွှမ်းခြုံထားပြီး ခါးတစ်လက်စီကို ခါး၌ချိတ်ဆွဲထားကြရသည်။

သူမတို့သည် ကျောင်းကျားလင်နှင့် ချင်ကုလျ ့တို့အနီးသို့ ရောက်ရှိလာ၏။

ဆန့်ကျင်ဘက် လိုင်သတ္တဝါတို့၏ အကျင့်အတိုင်း သူတို့သည် ချေစမောသော ကျင်းကျားလင်ကိုသာ သူတို့ကြည့်သွားကြ၏။

ချင်ကုလျှကို နှုတ်ခမ်းမဲ့လိုက်၏။

'တော်တော် အရှက်မရှိတဲ့ ဟာမတွေ'

ကျင်းကျားလင်က ပြုံးလိုက်၏။

'ခင်ဗျား မနာလိုဝန်တို ဖြစ်နေသလား'

ချင်ကုလျှသည် ရုတ်တရက် သူ့ကိုမျက်လုံးပြူး ကြည့်လေ၏။

ထို့နောက်....

ပြေးလွှား ထွက်ခွာသွားတော့သည်။

ကျင်းကျားလင်သည် ချင်ကုလျှ စိတ်ကောက်သွားပြီဟု ထင်လေ၏။

ထို့ကြောင့်....

ကမန်းကတန်း အော်ခေါ်လေ၏။

'ချင်ကုလျှ ....ခင်ဗျားကို ကျွန်တော်က နောက်တာပါ၊ ပြန်လာခဲ့ပါ'

ချင်ကုလျှမှာ သူ့အား လှည့်၍မျှပင် မကြည့်ဘဲ ဆက်လက် ပြေးလွှားသွားလေတော့၏။

ကျင်းကျားလင်မှာ နောက်မှ ပြေးလွှား လိုက်ရလေတော့သည်။



ဤသို့ဖြင့်....

တစ်ယောက်က ပြေးသွားပြီး တစ်ယောက်က နောက်မှ လိုက်သွားရာ ခရီးအတော်ဝေးဝေး ရောက်ရှိသွားလေတော့သည်။

သူတို့သည် တောင်ကုန်းနှစ်ခုကြား လျှိုကလေးထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေသည်။

ချင်ကုလျှသည် ထိုတောင်ကုန်းကြားထဲသို့ပြေးဝင်ပျောက်ကွယ်သွားလေ၏။

ကျင်းကျားလင်မှာ အမှန်းကုန် ပြေးလိုက်သွားသော်လည်း သူ့ကိုယ်ဖော့ပညာမှာ ချင်ကု နှင့် အလွန်ကွာဟနေသောကြောင့် ချင်ကုလျှနှင့် မျက်ခြည်ပြတ်သွားလေတော့၏။

ကျင်းကျားလင် စိုးရိမ်သွား၏။

သူသည် ခြေကုန်သုတ် ပြေးနှင့်တော့၏။

အတန်ကြာသောအခါ...

သူသည် တောင်ကြားလမ်းမှ ထွက်သွားနိုင်တော့သည်။

သူသည် ပြေးနေသောအရှိန်ကို လျှော့ချလိုက်၏။

တောင်ကြားထဲမှ ထွက်လာသောအခါ ပြန့်ပြူးသော မြေပြန့်ကြီးကို တွေ့လိုက်ရသည်။

သူသည် အတော်လှမ်းလှမ်းနေရာ၌ တဖျပ်ဖျပ်အလံများ တလူလူလွင့်နေသည်ကို တွေ့လိုက်ရ၏။

ထိုကွက်လပ်ကြီးတွင် အစောင့်များ ရှိကြရာ ကျင်းကျားလင် ရောက်သွားသောဘက်တွင် အစောင့်လေးယောက် ရှိသည်ကို တွေ့ရလေ၏။

ထိုအခါ အစောင့်များသည် ဓားကိုယ်စီနှင့် ဖြစ်သည်။

ကျင်းကျားလင်သည် ထိုအစောင့်များဆီသို့ ခပ်တည်တည် လျှောက်သွားသည်။

ကျင်းကျားလင်ကို တွေ့သောအခါ သူတို့သည် ဦးညွှတ်ဂါရဝ ပြုကြသည်။

ကျင်းကျားလင်ကလည်း ပြန်လည်ဦးညွှတ်ပြီး အထဲသို့ဝင်လိုက်လာသည်။

ကွင်းပြင်ထဲ၌ လူအများ ရောက်ရှိနေကြပေသည်။

လူများသည် ကိုယ့်အစုနှင့်ကိုယ် တီးတိုး ပြောနေကြလေသည်။

ယခုအချိန်အထိ ကျင်းကျားလင်၏ အသိအကျွမ်း သိုင်းသမား တစ်ဦးတစ်ယောက်မျှ မတွေ့ချေ။

မတွေ့ရသည်က ကောင်းပါသေးသည်။

တိကျန်လုံလို လူမျိုးနှင့်တွေ့ပါက မခက်ပါသလော။

ကျင်းကျားလင်သည် ကွင်းအခြေအနေကို ကြည့်လိုက်လေသည်။

ကွင်းအလယ်တွင် စင်မြင့်တစ်ခုထိုးထားသည်ကို တွေ့ရှိရလေသည်။



စင်မြင့်ပတ်လည်၌ သိုင်းသမားများ ထိုင်နေကြလေ၏။

ကျင်းကျားလင်သည် လူအုပ်ထဲသို့ တိုးခွေ့ဝင်ရောက်ပြီး စင်မြင့်အနီးသို့ ရောက်အောင်သွား၏။

ယခုအချိန်အထိ ချင်ကုလျံကို ရှာပါသော်လည်း လုံးဝမတွေ့ရသေးချေ။

သူသည် စင်မြင့်အနီးသို့ ရောက်ရှိသွား၏။

စင်မြင့်သည် ရင်ခေါင်းခန့် အမြင့်ရှိသည်။

ထိုစင်ပေါ်၌ အလံကလေး စိုက်ထူထား၏။

အပြာရောင်အလံ၊ အဝါရောင်အလံ၊ အဖြူရောင်အလံနှင့်အနက်ရောင်အလံတို့ ဖြစ်ကြသည်။

အလံများမှာ အားလုံး ပြောင်မဟုတ်ကြချေ။

အပြာရောင်အလံပေါ်တွင် ငွေရောင်ကြာပန်း သုံးပွင့်ပါရှိသည်။

အဝါရောင် အလံပေါ်တွင် ရဲဒင်းနှစ်လက် ကြက်ခြေခတ်တည်ရှိနေသည်။

အဖြူရောင် အလံပေါ်တွင် မာန်ဖီနေသော ကျားခေါင်းရုပ် တစ်ခုပါရှိသည်။

အနက်ရောင်အလံပေါ်တွင် အဖြူရောင်အရိုးခေါင်းတစ်ခုရှိနေသည်။

အလံများသည် စင်မြင့်ပေါ်၌ တလူလူလွင့်လျက် ရှိလေသည်။

စင်မြင့်ပေါ်၌ လူတစ်ယောက်မျှ မရောက်သေးဘဲ ငြိမ်နေလေသည်။

ကျောင်းကျားလင်သည် သိုင်းပညာတတ်သည်မှာ မကြာသေးချေ။

ထို့ပြင် ဤလိုပွဲမျိုးလည်း တစ်ခါမျှ မမြင်ဖူးချေ။

သူ့အဖေ မွေးနေ့ညစာစားပွဲ၌သာ သိုင်းသမားများများ စားစား မြင်ဖူးခြင်း ရှိခဲ့ခြင်းဖြစ်သည်။

သူသည် ကွင်းအခြေအနေကို လိုက်လံကြည့်ရှုသော်လည်း စိတ်ဝင်စားလွန်း၍ ကြည့်ရှုနေခြင်း မဟုတ်ချေ။

သူ လိုက်ရှာနေသည်မှာ ချင်ကုလျှံသာ ဖြစ်သည်။

ချင်ကုလျှံကိုသာ လိုက်ကြည့်နေခြင်းဖြစ်သည်။

ကျောင်းကျားလင် တွေ့သည်မှာ ချင်ကုလျှံ မဟုတ်ချေ။

သူတို့ လမ်းခရီး၌ သွားလာနေစဉ် သူ့ကို ဖြတ်ကျော်သွားခဲ့ကြသည့် လူငယ်လေးဦးနှင့် မိန်းကလေး တစ်ဦးတို့သာဖြစ်ပါသည်။

လူငယ်လေးဦးသည် လည်းကောင်း၊ မိန်းကလေးလေးဦးသည် လည်းကောင်း သူ့အား မမြင်ကြချေ။

သူတို့အချင်းချင်း တီးတိုးပြောဆိုနေကြသည်။

သူတို့သည် ပတ်ဝန်းကျင်ကိုသည်း လှည့်ပတ်အကဲခတ်နေကြသည်။

သို့သော်....



ကျောင်းကျားလင်ကိုတော့ သူတို့ မမှတ်မိသည်လား မပြောတတ်ပါပေ။

ကွင်းပြင်ထဲသို့ ဝင်ရောက်လာသည့်လူများကတော့ တဖြည်းဖြည်း များပြားလာသည်။

အသံဗလံများလည်း စောစောကလို တိုးတိုးတိတ်တိတ် မဟုတ်တော့ပေ။

ဆူညံလာသည်။

မွန်းတည့်ချိန် သူရောက်လာသောအခါ ပရိသတ်များ လှုပ်လှုပ်ရွရွဖြစ်လာသည်။

မကြာမီ....

လူတစ်ယောက် စင်မြင့်ပေါ်သို့ တက်လာလေ၏၊

ထိုလူသည် အသက်ငါးဆယ်ခန့်ရှိလေပြီ။

အသက်အရွယ်ရသည်နှင့်အမျှ ရုပ်ရည်ကလည်း တည်ကြည်ခန့်ညားသည်။

သူ စင်မြင့်ပေါ်တက်ပြီး မတ်တတ်ရပ်လိုက်သည်နှင့် ဆူညံနေသည့် အသံဗလံများသည် မီးကိုရေနှင့်သတ်သည့်ပမာ ငြိမ်သက်သွားကြလေ၏။

ထိုလူသည် အရပ်ရှစ်မျက်နှာသို့ ဦးညွှတ် ဂါရ ပြုလိုက်သည်။

ညွှန့်ပရိသတ်သည် စင်မြင့်ပတ်လည်၌ ရှိနေသည် မဟုတ်ပါလား။

ထိုလူက ကြေညာသည်။

'ဒီကိုရောက်လာပြီးတဲ့မျှား သိပြီးဖြစ်တဲ့အတိုင်း ဒီကနေ့ဟာ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မဟာမိတ်အဖွဲ့ စတင်ဖွဲ့စည်းမယ့်နေ့ ဖြစ်လို့ပါပဲ၊ ဒီလို မဟာမိတ်အဖွဲ့ ဖွဲ့စည်းတာဟာ သိုင်းလောကသားတိုင်းနဲ့ သက်ဆိုင်ပါတယ်၊ ရဲဘော်ရောင်းရင်းတို့ ကြွရောက်ချီးမြှင့်တဲ့အတွက်လဲ ကျေးဇူးတင် ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်'

ထိုလူက ဆက်ပြောသည်။

'ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီး နှစ်ယောက်ဟာ တောင်ပေါ်မှာ နေရာကျဉ်းတဲ့အတွက် ဒီမြေပြန့်နေရာကို ရွေးချယ်ခဲ့တယ်၊ မိတ်ဆွေရောင်းရင်းတို့အတွက် ဒီနေရာဟာ ခြေခင်းလက်ခင်းသာတဲ့နေရာဖြစ်ရင် ခေါင်းဆောင်ကြီး နှစ်ယောက်ဟာ အတော်ကျေနပ်ကြမှာပါ၊ အခု အားလုံးလဲ ကျေနပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်'

သူသည် ဆက်ရောက်လာသည့် သိုင်းသမားများကို ကြည့်လိုက်သည်။

သိုင်းသမားများမှာ ငါးရာကျော် ခြောက်ရာခန့် ရှိသည်။

သူသည် သိုင်းသမားများကို ကြည့်၍ အားရနေသည်။

သူက ဆက်ပြောသည်။

'ဒီနေ့ဟာ လေးဦးမဟာမိတ်ဖွဲ့တဲ့နေ့ ဖြစ်ပါတယ်၊ ဒီအဖွဲ့ ဖွဲ့စည်းတဲ့ ရည်ရွယ်ချက်ကတော့ ဘွမ်းဆေးနယ် ကျင်းကျား



ဂေဟာရဲ့ မတရားဖိစီးနှိပ်စက်တဲ့ရန်ကို ခုခံကာကွယ်ဖို့ပဲ ဖြစ်ပါတယ်'

အောက်မှ ပရိသတ်များက ထောက်ခံလိုက်၏။

'ဟုတ်တယ်၊ မှန်တယ်၊ မတရားဖိစီးနှိပ်စက်မှုကို ခုခံကာကွယ်ဖို့ပဲဖြစ်တယ်'

အော်သံများသည် ဘဝက်လျှံသွား၏။

ထိုလူက အားရကျေနပ်သွားသည်။

'ကျုပ်တို့ရဲ့ ရည်ရွယ်ချက်ဟာ တရားမျှတပြီး မှန်ကန်တဲ့အတွက် သိုင်းလောကက ပုဂ္ဂိုလ်များ ထောက်ခံအားပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်'

သူ၏စကားအဆုံးတွင် လက်ခုပ်သံများ ဆူညံစွာထွက်ပေါ်လာ၏။

ကျင်းကျားလင်သည် ယခုမှ သဘောပေါက်သွားလေတော့သည်။

ယခု...

သိုင်းလောကသားများသည် မိမိ၏ ဖခင်ကြီးအား တွန်းလှန်ခုခံရန် စတင်၍ အဖွဲ့အစည်းများ ဖွဲ့စည်းကြလေပြီ။

စင်မြင့်ပေါ်မှ လူသည် လက်မြှောက်၍ အချက်ပြလိုက်သောအခါမှ ဩဘာသံများ ငြိမ်သွားသည်။

ထိုလူက စကားဆက်ပြောလေ၏။

'အခု... မဟာမိတ်စတင် ဖွဲ့စည်းမယ့် အဖွဲ့ကတော့ ကြာသံပွင့်ဂိုဏ်း၊ ကျားခေါင်းဂိုဏ်း၊ အရိုးခေါင်းဂိုဏ်းနဲ့ ကျုပ်တို့ရဲ့ ဓါးနှစ်လက်အဖွဲ့တို့ ဖြစ်ကြပါတယ်၊ သိုင်းလောကသားတွေ

သည်းလုံးညီညွတ်မှသာလျှင် ကျင်းကျားဂေဟာကို အနိုင်ရ နိုင်ပါတယ်၊ နောက်ပြီးတော့ ခေါင်းဆောင်ကောင်း တစ်ဦးလဲ လိုအပ်နေပါတယ်၊ ဒါကြောင့် ဒီဂိုဏ်းလေးဂိုဏ်း ပေါင်းပြီး လေးဦးအဖွဲ့လို့ ခေါ်ပါတယ်၊ ဒီခေါင်းဆောင် တွေထဲက တစ်ဦးတစ်ယောက်ကို ခေါင်းဆောင်အဖြစ်နဲ့ ရွေး ချယ်ပါမယ်'

အသံဗလံများ ဆူဆူညံညံ ထွက်ပေါ် လာလေတော့ သည်။

ထိုအသံများကြားထဲမှ ဖောက်ထွက်လာသော အသံတစ် သံကို ကြားလိုက်ရသည်။

'ကျုပ်မေးပါရစေ၊ ဒီအဖွဲ့လေးဖွဲ့ထဲကို မဝင်ရသေးတဲ့ ပုဂ္ဂိုလ်ဟာ ခေါင်းဆောင်ရွေးပွဲမှာမဲပေးခွင့်ရှိပါသလား'

စင်မြင့်ပေါ်မှ လူက....

'တစ်နေ့....ဒီအစည်းအဝေးပွဲကို တက်ရောက်လာတဲ့ လူတွေ ဟာ လေးဂိုဏ်းထဲက အဖွဲ့ဝင်တွေ မဟုတ်ကြပေမယ့်.... ဒီအဖွဲ့ လေးဖွဲ့ရဲ့ မိတ်ဆွေတွေ ဖြစ်ကုန်ပါပြီ၊ ဒါကြောင့် ဒီအဖွဲ့လေးဖွဲ့ ရဲ့ခေါင်းဆောင်တွေ မဲပေးမယ်ဆိုရင် မဲပေးနိုင်ခွင့် ရှိပါ တယ်'

ထိုအခါ....

ထမေးသော လူက....

'ဒါဖြင့် ကျုပ်က ရဲဒင်းနှစ်လက်ဂိုဏ်းရဲ့ ခေါင်းဆောင်ကို မဟာမိတ်အဖွဲ့ရဲ့ ခေါင်းဆောင်အဖြစ် တင်မြှောက်ပါတယ်'

လူအုပ်ထဲမှ အသံတစ်သံ ထွက်လာသည်။



'မဟုတ်သေးဘူး...မဟုတ်သေးဘူး၊ ကျုပ်က အရိုးခေါင်း အဖွဲ့ခေါင်းဆောင်ကို ခေါင်းဆောင်ကြီးအဖြစ် တင်မြှောက် ပါတယ်'

ထိုအခါ....

ကျင်းကျားလင်နှင့် လမ်း၌ တွေ့ခဲ့သော လူငယ်လေး ယောက်တည်းမှ တစ်ယောက်က ဝင်ရောက် အဆိုပြု ပြန် သည်။

'မဟာမိတ်ခေါင်းဆောင်အဖြစ် ကြာသုံးပွင့် ခေါင်းဆောင် ကို ကျုပ်က အဆိုပြုပါတယ်၊ အဲဒီ ခေါင်းဆောင်ကြီးဟာ မြော်မြင်တွေးခေါ် တတ်ပါတယ်၊ ခေါင်းဆောင်လုပ်မယ့်သူ ဟာ ဆင်ခြင်တွေးတောတတ်ဖို့ အရေးကြီးပါတယ်'

အခြားတစ်ယောက်က အော်သည်။

'ကျားခေါင်းဂိုဏ်းဟာ လူအင်အား အတော်များပါတယ်၊ ဂိုဏ်းကြီးလေးဂိုဏ်း ပူးပေါင်းလိုက်ရင် ကျားခေါင်းဂိုဏ်းဟာ လူအင်အား အများဆုံး ဖြစ်မှာပါ၊ ကျားခေါင်းဂိုဏ်းရဲ့ခေါင်း ဆောင်ဟာ မဟာမိတ်အဖွဲ့ရဲ့ ခေါင်းဆောင် ဖြစ်ထိုက်ပါ တယ်'

စကားတည်းက ယဉ်သကိုဟု ဆိုရမလို ဖြစ်နေသည်။ စချင်း ဆောက်နှင့် ထွင်းကိုသလို အဖွဲ့ ၁းလေးယောက်ကို သူတို့ ဂိုဏ်းသားများက ခေါင်းဆောင်အဖြစ် တင်နေကြပေပြီ။ စင် ပေါ်မှလူလည်း မထိန်းနိုင်တော့ပေ။

သူ့ခေါင်းဆောင်တင် ကိုယ့်ခေါင်းဘောင်တစ်ဖြင့် အခြေ အနေ ...း ရှုတ်ရှက်သဲသဲ ဖြစ်လာတော့သည်။

ထိုအချိန်မှာပင်....

အလံတိုင်တစ်ခုသည် စင်မြင့်ပေါ်သို့ ထိုးစိုက်လာလေ သည်။

ထိုအလံ့ဖွဲ့ ရွှေရောင်ကွင်းကိုးကွင်းကို ပုံဖော်ထားသော အလံဖြစ်ပေတော့သည်။

စာစဉ်(၂)ပြီး၏။

စာစဉ်(၃)ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်

ခင်မိုးဝင်း စာပေ
ထ.ည.ရ (၁)-မိတ္ထီလာ